www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၃၊ ဖေဖော်ဝါရီလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Maw Maw*
အတွင်းဖလင် ။ *Quality*

■

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန် (မြိုးဝေလျှံပုံနှိပ်တိုက်) (၀၀၆၅၉)
ဆန်စက်အပိုပစ္စည်းစက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

■

ထုတ်ဝေသူ

ဦးတင်ထွန်း (မြဲ)(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး - ၁၅၀၀ ကျပ်

၈၉၅ . ၈၃

သိန်းဝင်း၊ ထောင်မှူးကြီး
နတ်ဆိုးကျိန်စာကျွန်း / ထောင်မှူးကြီးသိန်းဝင်း။ -ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၃။
၂၁၄-စာ ၊ ၁၂ စင်တီ × ၁၈ စင်တီ။
(၁) နတ်ဆိုးကျိန်စာကျွန်း

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ အမှာစာ

❑

ကျွန်ုပ်သည် ပဋ္ဌမတန်းကတည်းက နေ့စဉ် မှတ်တမ်းရေးသည်။ တောတောင်သဘာဝနှင့် ပန်းအမျိုးမျိုး၊ တောတိရစ္ဆာန်များအား လေ့လာခြင်းကို ဝါသနာပါသည်။ အကျဉ်းဦးစီးဌာနသို့ဝင်တော့ မြို့ပေါ် ထောင်တွင်သာမက တောတွင်းရဲဘက်စခန်းများသို့ သွားရောက်တာဝန်ထမ်းဆောင်ရခြင်း၊ ဌာနဆိုင်ရာ (Departmental enquiry) စုံစမ်းစစ်ဆေးရင်း နယ်လှည့်သွားလာရခြင်းတို့ကြောင့် မြန်မာပြည်အလယ်ပိုင်း၊ သထုံ၊ မော်လမြိုင်နှင့် တနင်္သာရီကမ်းမျောင်ဒေသ၊ မြိတ်မြို့နှင့် မြိတ်ဝန်ဆောင် ....၊ မြစ်ဝကျွန်းပေါ် ဒေသအနှံ့အပြင် ရခိုင်ကမ်းမြောင်ဒေသ၊ ရှမ်းပြည် တောင်ပိုင်း၊ မြောက်ပိုင်း၊ ပုသိမ်ပတ်ဝန်းကျင်မြို့ရွာများ၊ စစ်ကိုင်းတိုင်းအတွင်း မြို့ရွာများ၊ ရေဦး၊ ကလေးဝ၊ ကလေးမြို့၊ မုံရွာနှင့် မြို့နယ်များအပြင် နောက်ဆုံးကျန်ရှိနေသော ကချင်ပြည်နယ်သို့ပင် နှံ့စပ်အောင် ခြေချလေ့လာခွင့်ရခဲ့သဖြင့် မြန်မာတစ်ပြည်လုံး နှံ့ချပြီဟု ပြောလို့ရပါသည်။

www.burmeseclassic.com

သို့သော် မြိတ်ထောင်တွင် တစ်ခေါက်၊ မြိတ်ဝန်ထောက်တွင် တစ်ခေါက်ဖြစ်၍ မြိတ်ကျွန်းစုတွင်ပါဝင်သော ကျွန်းပေါင်း (၈၈) ကျော်ကို တော့ နှံ့စပ်အောင် မလေ့လာနိုင်ခဲ့ပါ။ ကျွန်တော်တို့ တာဝန်ကျစဉ် ၁၉၈၀ ခုနှစ် ပတ်ဝန်းကျင်ကလည်း မြိတ်ကျွန်းစုဆိုသည်မှာ တောကြီး မျက်မည်း အလွန်ခေါင်သော၊ ချောင်ကျသော ဒေသဖြစ်ချေသည်။ လူ အများစု မရောက်ဖူးသေးသော ကျွန်းများပင် များစွာရှိပါသည်။ လူနေ သည့်ကျွန်းမှာ အလွန်နည်းသည်။

ထို့ကြောင့် ထိုခေတ် ထိုအခါက မှောင်မိုသမားနှင့် ပင်လယ် ဓားပြများ၊ မှဆိုးများ၊ နိုင်ငံခြား ငါးခိုးဖမ်းသောစက်လှေများသာ၊ လက် နက်ရှိ၍ မင်းမူနေကြပါသည်။ သို့သော် ယခုခေတ်အခါတွင် ထားဝယ် ရေနက်ဆိပ်ကမ်းကြောင့်လည်းကောင်း၊ မြို့ကြီးစည်ကားလာ၍ ကျွန်းများ အပေါ်တွင် ဟိုတယ်ကြီး၊ မိုတယ်ကြီးများဖြင့် အထူးစည်ကားနေချေပြီ။ တိုင်းပြည်ကြီး ခေတ်မီတိုးတက်လာသည်နှင့်အမျှ မြိတ်ကျွန်းစုမှာ ယခင် လိုမခေါင်တော့ဘဲ IT ခေတ်တွင် အလွန်တစ်ရာ စည်ကားသာယာလာ ပေလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်ပါသည်။

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးတင်ရှိခြင်း

❑

ကျွန်ုပ်၏ 'နတ်ဆိုးကျိန်စာကျွန်း'၊ လုံးချင်းဝတ္ထုရှည် ရေးသားရာတွင် လိုအပ်သော အထောက်အထားများအတွက် မှတ်တမ်း၊ မှတ်ရာစာအုပ်စာတမ်းများ၊ ကူညီရှာဖွေပေးသော စာရေးဆရာ ဇေယျမင်းသျှင်အား ဤနေရာမှ ကျေးဇူးဥပကာယ တင်ရှိပါကြောင်း မှတ်တမ်းတင်ပါသည်။

မောင်မြူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁]

❑

ကျွန်တော့်ငယ်နာမည်က ဘိုနီ။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး နောက်တစ်နှစ်၊ သီတင်းကျွတ်လဆန်းတွင် သမိုင်းရှိ ပုလဲမြိုင်အိမ်ကြီး၌ မွေးဖွားသည်။ ငယ်စဉ်ကပင် အသားနီစပ်စပ်၊ မျက်လုံးပြာပြာ၊ ဆံပင်ရွှေရောင်နှင့် နှာခေါင်းချွန်ချွန်၊ အနောက်တိုင်းသားဝင်စားသည့် - မှန်းသိသဖြင့် မိဘများက ဘိုနီဟု မှည့်ခေါ်ခဲ့ကြသည်။

ကျွန်တော်တို့တွင် မောင်နှမသားချင်း လေးဦးရှိသည်။ အကြီးဆုံးက အစ်ကိုကြီးဦးသန်း၊ အစ်မကြီးက ဒေါ်လှိုင်၊ ကျွန်တော်က ဒုတိယအလတ်သားဖြစ်သည်။ အငယ်ဆုံးက နီတာ။ ကျွန်တော့်ထက် အသက် (၂) နှစ်ငယ်သည်။

အစ်ကိုအကြီးဆုံး ဦးသန်းက ကျွန်တော့်ထက် (၁၀) နှစ်ကြီးပြီး အစ်မကြီးဒေါ်လှိုင်က ကျွန်တော့်ထက် (၅) နှစ်ကြီးသည်။ အစ်မကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကြားတွင် အစ်မလေးတစ်ဦးရှိဖူးသည်ဟု သိရသည်။ ကျောက်ကြီးရောဂါဖြင့် ဆုံးပါးသွားသဖြင့် ကျွန်တော်နှင့် မမြင်တွေ့ခဲ့ရဖူးပါ။ အသက်က (၃) နှစ်ခန့် ကွာပေမည်။

ကျွန်တော်သည် လူမှန်းသိတတ်စကပင် 'ဇာတိဿရဉာဏ်' ဟုခေါ်ဆိုရမည်ဖြစ်သော ယခင်အတိတ်ဘဝက အကြောင်းများကို ရေးရေးမှတ်မိနေသည်။ အရွယ်ရောက်လာသည်နှင့်အမျှ ရှေးအတိတ်ဘဝက ပုံရိပ်များကို ရေးရေးမှတ်မိနေသည်မှတစ်ဆင့် ဘဝဟောင်းက ပဋ္ဌာန်းဆက် အိပ်မက်အကူအညီဖြင့် လုံးစေ့ပတ်စေ့ ရှင်းလင်းစွာ မြင်လာခဲ့ရလေတော့သည်။

လူဝင်စားတိုင်း ထူးခြားဆန်းကြယ်သည်ကတော့ အမှန်ပင်ဖြစ်သည်။ သို့သော် ကျွန်တော်နှင့် ကျွန်တော့်ညီ နီတွတ်တို့က အခြားလူဝင်စားများနှင့်မတူ။ အတိတ်က ဘဝဟောင်းကို ပီပီပြင်ပြင် မှတ်မိနေသည်က လွန်စွာ ထူးခြားလှပါသည်။

ကျွန်တော် (၂) နှစ်သားကျော်ကတည်းက မိဘများ သင်ပေးထားသဖြင့် မြန်မာစကားပြောသော်လည်း ငိုလျှင်၊ စိတ်ဆိုးလျှင်၊ ဝမ်းသာလျှင် မိဘများနားမလည်သော ဘာသာစကားများဖြင့် အော်ဟစ်တတ်ကြောင်း မိဘများပြောပြမှ သိရသည်။ ကျွန်တော် (၅) နှစ်သားအရွယ်တွင် မြန်မာစကားအပြင် အင်္ဂလိပ်စကားပြောနှင့်၊ ဇပိန်စကားပြောကို နားလည်တတ်ကျွမ်းနေပြီဖြစ်သည်။

အင်္ဂလိပ်စကားပြောကို ကျွန်တော့်ထက် (၁၀) နှစ်ပိုကြီးပြီး (၇) တန်းရောက်နေသော အစ်ကိုအကြီးဆုံးဦးသန်းနှင့် ပြောနိုင်နေပြီဖြစ်သည်။ ထိုခေတ် (၇)တန်းက 'ဟယ်ရီတန်' ခေါ် ပညာရေးစနစ်အရ



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်ဘာသာကျွမ်းကျင်ကြပြီး (၇) တန်းအောင်၍ အလုပ်ဝင်လုပ်ပါကလည်း အငယ်တန်းစာရေး ရာထူးခန့်ထားနိုင်လေသည်။

အစိုးရရုံးများကလည်း အင်္ဂလိပ်ခေတ်မူအတိုင်း ရုံးလုပ်ငန်းများတွင် အင်္ဂလိပ်ဘာသာကိုသာ အလေးပေးပါသည်။ မြန်မာနိုင်ငံအား (၁၂၃) နှစ်တိုင်တိုင် အုပ်စိုးခဲ့သဖြင့်လည်း မြန်မာပြည်သားတိုင်း အင်္ဂလိပ်ဘာသာ အခေါ်အပြောများဖြင့် အကျွမ်းတဝင် ရင်းနှီးနေကြပြီလည်းဖြစ်သည်။

ရုံးကိစ္စအခေါ်အပြောများကို ရန်ကုန်တွင်နေကြသည့် ယောကျ်ားတိုင်းတတ်ကြသလို မိန်းမများလည်း အတော်အသင့် နားလည်ကြသည်။ မြန်မာပြည် မြို့ကြီးများတွင်နေသူတိုင်း ထိုခေတ်အခါက အင်္ဂလိပ်စကားပြောအပြင် တရုတ်စကားနှင့် ကုလားစကားကို ပြောဆိုတတ်လျှင် လူတွင်ကျယ်လုပ်နိုင်သော ခေတ်ကြီးဖြစ်သည်။ လန်ချား၊ ဓာတ်ရထားနှင့် လော်ကာယ်ရထားများစီးလျှင် အင်္ဂလိပ်လို၊ ကုလားလို ပြောတတ်ရသည်။ စားသောက်ဆိုင်နှင့် မြို့တွင်းအရက်ဆိုင်ထိုင်လျှင် တရုတ်လို ပြောတတ်ဆိုတတ်ပါက လွန်စွာအဆင်ပြေသည်။

အောက်ခြေဝန်ထမ်းနှင့် အလုပ်သမားအများစုက ကုလားများဖြစ်ကြပြီး လက်ဖက်ရည်ဆိုင်၊ အထွေထွေကုန်ပစ္စည်းဆိုင်၊ အပေါင်ဆိုင်၊ စားသောက်ဆိုင်များက တရုတ်ပိုင်၊ ကျူလယာဆိုင်၊ ကွမ်းယာဆိုင်၊ ကုန်မာဆိုင်များက ကုလားပိုင်၊ ကားစပါယ်ယာ၊ ဓာတ်ရထားစပါယ်ယာ၊ မီးရထားမောင်း၊ မီးရထားလက်မှတ်စစ်၊ လန်ချားနှင့် အမှိုက်သိမ်း၊ မိလ္လာသိမ်း၊ ဆိပ်ကမ်းကုန်တင်ကုန်ချ၊ ကူလီခေါ် အထမ်းသမားများကလည်း ကုလားများသာဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



❁ထိုခေတ်ထိုအခါက အင်္ဂလိပ်စကားပြော ကျွမ်းကျင်သဖြင့် တရုတ်များထက် ကုလားများက နေရာရနေသည်။ ဥပမာ Row Co: ရောလေး စက်ဘီးကုမ္ပဏီ (RALEIGH COMPANY) 'အီးအမ်ဒီဖူဇာ' ဟူသော ဆေးပစ္စည်းနှင့် အထွေထွေရောင်းဝယ်ရေးကုမ္ပဏီ၊ ရှာမီးကိတ် မုန့်တိုက်၊ RIZ CINEMA PLADIUM ရုပ်ရှင်ရုံစသည်တို့မှာ ကုလား ပိုင်များဖြစ်ကြသည်။

မဂိုလမ်း ခေါ် ယခု ရွှေဘုံသာလမ်းမှာလည်း ကုလားသူဌေးကြီး များပိုင်သော ရွှေဆိုင်နှင့်ရတနာပစ္စည်းဆိုင်များက အပြည့်ပင်။ ထိုခေတ် မြန်မာများက မင်းဧ၊ အမှုက်သိမ်း၊ မိလ္လာသိမ်း စသော အောက်ကျ နောက်ကျအလုပ်များကို မလုပ်ကြ။ ကူလီဟုခေါ်သော ဆိပ်ကမ်းလုပ် သားလည်း မလုပ်ကြ။ 'သခင်မျိုးဟေ့ တို့ဗမာ' ဟု အာပေါင်အာရင်း သန်သန်၊ လက်သီးလက်မောင်းတန်း၍ အော်ဟစ်ရင်း ဆင်းရဲနေသော အချိန်အခါလည်းဖြစ်သည်။

ကျွန်တော့်ဖခင်ကတော့ အင်္ဂလိပ်စကား၊ ဂျပန်စကားနှင့် ကုလားစကား၊ တရုတ်စကား အနည်းငယ်စီတတ်သဖြင့် လူတွင်ကျယ် ကုန်သည် လုပ်နေသည်။ အဖေက တောသားဖြစ်သော်လည်း အပေါင်း အသင်းဆန့်သည်။ သံဖြူဇရပ် ယိုးဒယား၊ မြန်မာသေမင်းတမန် လမ်းမ ကြီးမှ ပြန်လာသူဖြစ်၍လည်း ဂျပန်စကားအနည်းငယ် ထပ်ကျွမ်းသည်။ ထို့ကြောင့်လည်း ကုန်သည်ဖြစ်ခြင်းဖြစ်လေသည်။

အဖေဦးကြိုင်က မင်္ဂလာဒုံမြို့နယ်၊ သဃန်းကျွန်းကြီးရွာသား။ ယင်းရွာအုပ်စုတွင် ဓပါင်းငှ၊ စစ်ပင်၊ ပေါက်တလောက်၊ ငါးဝယ် ချောင်း၊ ဆင်ဖုံ၊ မဒ စသော လယ်ယာလုပ်ကိုင်သည့် ကျေးရွာကြီးများက



www.burmeseclassic.com

www.burmeseclassic.com



ငမိုးရိပ်ချောင်း တစ်ဖက်တစ်ချက်တွင် တစ်ပြန့်တစ်ပြောလယ်ကွင်းများဖြင့် လွှန်စွာသာယာလှသည်။ သယံန်းကျွန်းကြီးရွာက အတော်ကြီးသည်။

ယခင် ကန်တွင်းတောခေါ် ယခု သာစုကန်တော၊ လော့ကားတောမှာ ပဲခူးရိုးမနှင့် ဆက်နေသဖြင့် ရေဝေသစ်တောအပြင် သစ်မာနှင့်တောသစ်အမျိုးမျိုး၊ တောသီးတောနှံပေါသဖြင့် ချေငယ်၊ စိုင်၊ ဆတ်အပြင် တောကြက်၊ တောဝက်၊ ငှက်အမျိုးမျိုးနှင့် မြောက်၊ ကျားကျားသစ်၊ ဆင်အထိရှိပြီး ပတ်ဝန်းကျင်ရွာများက အားကိုးရသောအိမ်ဆောက်ပစ္စည်းများအပြင် ထရံယက်ရန် ဝါးအမျိုးမျိုး၊ အမိုးမိုးရန်စလူ၊ ဓနိ၊ ဓနိ၊ အင်ဖက်များ ထွက်သည်။

တောစာတောင်စာအနေဖြင့်လည်း မျှစ်အမျိုးမျိုး၊ ဖလံတောင်ပေ၊ ဖရစ်ရိုး၊ မှိုအမျိုးမျိုး၊ ဆီးဖြူ၊ ဖန်ခါးစသဖြင့် စုံလင်အောင်ထွက်သည်။ ထိုခေတ်ထိုအခါက အိမ်ဆောက်အိမ်မိုးရန် သစ်ဝါး၊ ကြိမ်၊ ဓနိတို့အား ဝယ်ရသည်မဟုတ်။ တစ်နည်း သည့်ရွာက အိမ်တစ်အိမ်ပြင်ရန်၊ ဆောက်ရန်အတွက် တောကျွမ်းသောသူကဦးဆောင်ပြီး ကာလသားအဖွဲ့က လှည်းတစ်ကြီးဖြင့် အုပ်လိုက်သွား၍ ခုတ်ပေး၊ တိုက်ပေး၊ ဝိုင်းဝန်းလုပ်ဆောင်ပေးကြသည်။

အိမ်ရှင်က အကျွေးအမွေးဖြင့် ဧည့်ခံရုံသာ။ ကန်တွင်းတောဆိုသည်မှာ ထိုအချိန်က ပတ်ဝန်းကျင်ရွာများ အားလုံး မှီခိုသဟဲပြုရသော ဖအေသာပင်သစ်တောကြီးသာဖြစ်သည်။ အိမ်ဆောက်ရုံတွင်သာမက အိမ်တိုင်းအတွက် ထင်းကိုလည်း ကန်တွင်းတောမှရသည်။ အမဲလိုက်လိုလျှင်လည်း ထိုတောသို့ပင် ဝင်ကြသည်။

ကျွန်တော်တို့အဖေ ဦးကြိုင်က သယံန်းကျွန်းရွာသူကြီး ဦးမိုး



www.burmeseclassic.com

www.burmeseclassic.com

၆ ❀ ထောင်မှူးကြီးသိန်းဝင်း

နှင့် ဒေါ်လှတို့၏ သားအငယ်ဖြစ်သည်။ အဖေဦးကြိုင်တွင် အစ်ကိုကြီး ဦးမိုင်နှင့် ဒေါ်မယ်နီဟူသော အစ်မကြီးလည်း ရှိသေးသည်။ အစ်ကိုကြီး နှင့်အစ်မကြီးက အလွန်ရိုးပြီး အနေအေးသည်။ အဖေဦးကြိုင်က စာတတ် ပေတတ်ဖြစ်သဖြင့် သူကြီးသားပီပီ၊ လွန်စွာတက်ကြွပြီး ရပ်ရွာအကျိုး သယ်ပိုးသည့် ကျေးရွာဂါမလသား၊ ခေါင်းဆောင်လည်း ဖြစ်ပါသည်။

အဖေ့တွင် အပေါင်းအသင်းနှင့် တပည့်များစွာရှိသည်။ ဒုတိယ ကမ္ဘာစစ်လက်ကျန် လက်နက်မျိုးစုံလည်း ရှိသဖြင့် ကန်တွင်းတော အတွင်းဝင်၍ အမဲလိုက်ကြသည်။ အဖေကတော့ သူ့ဖခင်အား တရားဝင် ပေးထားသည့် ပွိုင့် ၅၀၀၊ ဝင်ချက်စတာ ခါးချိုးနှစ်လုံးပြူးသေနတ်ကြီး ကိုင်သည်။

ဘယ်ပြောင်းတွင် ကိုးလုံးကျည်၊ ညာပြောင်းတွင် စရိုတ်ကျည် များထည့်ထားသဖြင့် တောကောင်ကြီးမှ တောကြက်၊ ရေဝမ်းဘဲများ ကို သေနတ်တစ်လက်တည်းဖြင့် ပစ်နိုင်၍ သဘောကျသည်ဟုဆိုသည်။ နှစ်လုံးပြူးကျည်ကလည်း ကျည်ဆန်အခွံရှိလျှင် ပြန်ဖြင့်ထည့်နိုင်သော လက်လုပ်ကျည်များဖြစ်ကြသည်။

အခြားရိုင်ဖယ်အမျိုးမျိုး၊ ကျည်မျိုးစုံကလည်း အလွန်ပေါ သည်။ အဖေတို့ ကန်တွင်းတောစပ်၊ ငွေယားတောင်၌ အင်္ဂလိပ်အပြေး ဝှက်ထားခဲ့သော လက်နက်တိုက်ကြီးကို တွေ့ထားသဖြင့် ကျေးရွာကာ ကွယ်ရေးကို ဖမ်းပြကာ အားချိန်ရသည်နှင့် ကန်တွင်းတောပြောင်တွင် သေနတ်အမျိုးမျိုးအား စမ်းသပ်ပစ်ခတ် ကစားလေ့ရှိကြသည်။

ငွေယားတောင်ဆိုသည်မှာလည်း ယခု ပြည်လမ်းမကြီးနံဘေး ရှိ လှော်ကားကန်မကြီးအား အဝင်လမ်းဘေး ဂိတ်အနီးတွင် တည်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ငွေယားဆိုသည်မှာ ယခုခေတ်သုံး ငွေအကြွေစေ့များလိုမဟုတ်။ နို့ဆီခွက်ဖင်ပိုင်းလို ပြားခွက်ခွက်များဖြစ်ကြသည်။ ဖြူလွလွဖြင့် ချေးမတက်။ သဘာဝအတိုင်းပင်။

ငွေယားဆိုသော်လည်း ကိုင်ရုံ ကစားရုံ တစ်နေရာမှ တစ်နေရာသို့ ပစ်ကစားရုံဖြင့် မယားပါ။ ထူးဆန်းသည်ကတော့ ယခု ငွေယားတောင်မှတ်တိုင်အနီးရှိ ငွေယားပုံကြီးမှ အဖေတို့ ငွေယားပြားများယူပြီး ကန်တွင်းတောဘက်အနှံ့ ပစ်လွှတ်ကစားကြသော်လည်း ငွေယားပုံကြီးမှာ ကုန်မသွား။ နောက်နေ့တွင် ယခင်နေ့များအတိုင်း ငွေယားပုံကြီး ပြန်ဖြစ်နေတတ်သည်။

တောတွင်းဝင်တိုင်း ပစ်လွှတ်ကစားနေကျဖြစ်သော်လည်း တောတွင်းအနှံ့ သွားလာနေကြရာ ငွေယားကိုတစ်ပြားမှ မတွေ့ရဟုဆိုသည်။ ငွေယားဟုခေါ်ရခြင်းက လောဘစိတ်ဖြင့် အိမ်သို့ ယူဆောင်သွားပါက ယူဆောင်သွားသူနှင့် တစ်အိမ်သားလုံး၊ တစ်ညလုံး မအိပ်ရတော့ဘဲ ယားယံလှသဖြင့် တစ်ကိုယ်လုံး ကုတ်ဖဲ့ကြရသည်။

ထို့ကြောင့် နောက်တစ်နေ့ မနက်စောစောတွင် မူလနေရာသို့ ယူဆောင်သွားသည့် ငွေပြားအရေအတွက်အတိုင်း ပြန်ပို့ပါမှ အယားအယံနှင့် ဒဏ်ရာများ အလိုလိုပျောက်ကင်းသည်ဟု အဆိုရှိလေသည်။ ဘုရားသိုက်ဟု အဆိုရှိသဖြင့် မပြစ်မှားရဲကြပါ။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်းတော့ အလိုလို ပျောက်ကွယ်သွားသည်။

ကန်တွင်းတောက အလွန်သာယာပြီး လော်ကားကန်ဖြင့် စပ်နေသဖြင့် လွန်စွာ စိမ်းလန်းစိုပြေသည်။ ပဒေသာပင်သစ်တောကြီးလည်းဖြစ်သည်။ ယခင်လူဟောင်းများက လောဘမရှိကြ။ မိမိအိမ်သုံး



www.burmeseclassic.com

www.burmeseclassic.com



ရိုးသာ ခုတ်ထုအသုံးပြုကြသည်။ ရောင်းစားခြင်းမပြု။ သဘာဝတောထွက် ပစ္စည်းကား လူတိုင်းအတွက်ဖြစ်သည်။

အဖေတို့ အမဲလိုက်၍ ရလျှင်လည်း တောကောင်သားအား အကောင်ကြီးလျှင် တစ်ရွာလုံး ဝေသည်။ အကောင်ငယ်လျှင်သာ အမဲလိုက်သူများ ဝေခြမ်းစားကြသည်။ တကယ့်သဘာဝ ရိုးရာပဒေသာပင် ဆောင်တူဆိုလျှင် မှားမည်မထင်။ လောဘ၊ ဒေါသ၊ မောဟ နည်းကြသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

မြန်မာ့တော်လှန်ရေးသမားများနှင့် ဂျပန်များဝင်လာတော့ အဖေတို့အဖွဲ့ ကန်တွင်းတောတစ်နေရာ၊ လုံခြုံရာ၌ လက်နက်တိုက်ကို ပြောင်းရွှေ့ပြီး ဖွက်ကြသည်။ အင်္ဂလိပ်ခေတ်က တရားဝင်ကိုင်ဆောင်ခွင့်ရသော သူကြီးသေနတ်ခေါ် နှစ်လုံးပြူးသေနတ်ကြီးကိုပင် သိမ်းသွားပြီး ချေးတပ်အစုဆောင်းခိုင်းတော့သည်။ အဘိုးသူကြီးမှာ အသက်ကြီးပြီဖြစ်သဖြင့် အဖေက သူကြီးကိုယ်စား စုဆောင်းပေးရသည်။ ဂျပန်များက အဖေ့အား အလွန်သဘောကျသည်ဟု သိရသည်။

အဖေ စည်းရုံးပုံကလည်း မော်လမြိုင်ဘက်သွား၍ အလုပ်လုပ်ရသည်။ အတွေ့အကြုံ ဗဟုသုတရမည်။ သူကိုယ်တိုင်လည်း လိုက်မည်ဟုဆိုသဖြင့် ကျန်းမာငယ်ရွယ်သူ ယောက်ျားတိုင်း စာရင်းပေးကြသည်။ အချို့ ကြောက်ရွံ့၍ ပုန်းအောင်းနေသူများပင် အဖေ့ကို ခင်မင်လေးစားသဖြင့် လိုက်ကြသည်ဟုဆိုသည်။

ထိုအချိန်က အဖေဦးကြိုင်မှာ ကျွန်တော့်မိခင်၊ ဆင်ဖုံရွာသူ ဒေါ်ပြုံနှင့် အိမ်ထောင်ကျနေကြပြီး အစ်ကိုကြီးဦးသန်းနှင့် အစ်မကြီး



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လိုက်တို့ပင် လေးငါးခြောက်နှစ်အရွယ် ရှိနေကြပါပြီ။ အမေနှင့် အဘိုးသူကြီးတို့ကတော့ မလိုက်စေချင်ကြ၍ ဖျက်ကြသော်လည်း အဖေက ခေါင်းဆောင်၍ လိုက်သွားသည်။ ရွှေးတပ်ဆွဲသည့်ဆိုသော စကားမှာ အဖေအတွက်တော့ မမှန်။ သူ့သဘောဆန္ဒအတိုင်း လိုက်သွားခြင်းဖြစ်သည်။

ကျွန်တော် သိတတ်စရောက်တော့ သံဖြူဇရပ်ရှိ မြနှမာ–ယိုးဒယား သေမင်းတမန်လမ်းကြီး ဖောက်လုပ်စဉ်က အတွေ့အကြုံများကို အမှတ်တရ အိပ်ရာဝင်ပုံပြင်အဖြစ် ပြောပြတတ်သည်။ ထိုအချိန်သည် ကျွန်တော် ဆိုင်းမွန်ဒီဗရစ်တို့အိမ်နှင့် ပုလဲမြိုင်အိမ်ကြီး၏ မြေအောက်ခန်းမှာ ကိုယ်ရောင်ဖျောက်၍ ပုန်းအောင်နေရသောအချိန်ဖြစ်သည်။

အဖေတို့အဖွဲ့ ရန်ကုန်ဘူတာကြီးမှ မီးရထားနှင့် သွားကြရသည်။ ထိုအချိန် ရန်ကုန်ဘူတာကြီးမှာ ဗုံးကြဲခံရသော်လည်း အနည်းငယ်သာ ပျက်စီးကြောင်းသိရသည်။ ရထားမှာ ကျောက်မီးသွေးလောင်စာသုံး ရထားဖြစ်သည်။ လမ်းခရီး၌ ဂျပန်များက ထမင်းအဖြစ် ပဲဟင်းရေကျဲနှင့် ဆားအနည်းငယ်သာ ပေးသတဲ့။

ညနေစောင်း ဝေါမြို့အလွန် စစ်တောင်းတံတားကြီးထိပ်ရောက်တော့ တံတားကြီးမှာ ဗုံးအကြဲခံရပြီး ကျိုးနေသဖြင့် တံတား၏မှာဘက်ထိပ်တွင် ညအိပ်ကြရသည်။ ဂျပန်စစ်သားများ ဗိုင်းရံထားသော်လည်း အချို့ရွှေးတပ်သားများက ထွက်ပြေးကြသည်။ ညစာမှာ အရေးပေါ်ကိစ္စဖြစ်သဖြင့် မကျွေးပါ။

နီးစပ်ရာ ဝေါနှင့် သိပ်ဇရပ်တို့က စေတနာရှင်များက ကျွေးသဖြင့် မဝရေစာ စားကြရသည်။ အိပ်တော့လည်း ရစ်တောင်မြစ်ကမ်းပါး၊ လေတဟူးဟူးတိုက်နေ၍ ခြင်မကိုက်သော်လည်း အေးစွန်းလှ၍



www.burmeseclassic.com

www.burmeseclassic.com



အိပ်မပျော်ကြ။ တော်သေးသည်က မိုးရာသီ ဝါခေါင်လဖြစ်သော်လည်း ထိုညက မိုးမရွာ။

မနက်စောစောပိုင်းကျတော့ ငှက်လှေကလေးများဖြင့် တစ်သုတ်ပြီးတစ်သုတ် ဝေါဘက်ကမ်းမှ သိပ်ဇရပ်ဘက်ကမ်းသို့ ကူးကြရသဖြင့် ချွေးတပ်သား (၅၀၀) ကျော် မနက် (၉)နာရီခန့်မှ တစ်ဖက်ကမ်းတွင် ဆိုက်ထားသော မီးရထားကြီးပေါ်သို့ရောက်ပြီး နေရာချထားခြင်း ခံရသည်။

စစ်သုံးရထားဖြစ်သဖြင့် ကျောက်မီးသွေးသုံး၊ ရေနွေးငွေ့စက်ခေါင်းဖြစ်သည်။ ရထားပေါ်၌ ထိုင်ခုံမရှိ။ ပူးကပ်ထိုင်ကြရသည်။ ရထားမထွက်မီ ဆားနှင့်ထမင်း နယ်၍ဆုပ်ထားသော ထမင်းဆုပ်တစ်ခုစီနှင့် ရေတစ်ငုံစီ သောက်ကြရသည်။ လမ်း၌လည်း ရထားက ရပ်မည်မဟုတ်သလို အစာရေစာလည်း ပေးမည်မဟုတ်တော့ပါ။ ထို့ကြောင့် မသေထမင်း၊ မသေဟင်း၊ ဆားထမင်းဆုပ်ကိုပင် အလုအယက် စားကြရသည်။

ခရီးသွားနေရစဉ် ဖြစ်၍လည်း ဖွယ်ဖွယ်ရာရာ မကျွေးခြင်းဖြစ်သည်ဟု ထင်ပါသည်။ ကျောက်မီးသွေးမီးရထားကြီးမှာ လေပေါင်ကျ၍ ရပ်နားထားရခြင်း၊ ကျွဲညီနောင်ခေါ်၊ အင်္ဂလိပ်၊ ဗုံးကြဲလေယာဉ်မဲကြီး (၂) စင်းကြောင့် ရပ်နားထားရခြင်းများကြောင့် အဖေတို့ရထားကြီးမှာ မှုတ္တမဘူတာ၊ မီးရထားလမ်းဆုံးသို့ရောက်တော့ ရပ်သွားပြန်သည်။ ဤတစ်ညလည်း မီးရထားလမ်းဘေး၌ စီ၍ အိပ်ရဦးမည်ဖြစ်သည်။

တော်ပါသေးသည်။ ထိုညက ကုလားပဲဟင်းနှင့် ထမင်းတစ်ပန်းကန်စီ ကျွေးသည်။ ရေတစ်ခွက်စီ တိုက်သည်။ ပဲဟင်းမှာ သီးသန့်ပန်းကန်ဖြင့် ပေးခြင်းမဟုတ်။ ထမင်းပန်းကန်ပေါ်၌ ဆမ်းပေးပြီ ဆား



www.burmeseclassic.com

www.burmeseclassic.com

[illegible]ပိန်းဝင်း

[illegible] ငှက်ပျောသီးအခြောက် ၁ ခု၊ အကြော်အလှော်မဟုတ်၊ (အမှည့် [illegible]သည်)။ သာသာနှင့် အလွန်စား၍ ကောင်းသည်တဲ့။

ရှစ္စမဘူတာရုံမှာ သံလွင်မြစ်ကမ်းပါးတွင် ဖြိုကျပျက်စီးနေပြီ [illegible]သည်။ အဆောက်အဦမရှိတော့။ လက်မှတ်ရောင်းသော အုတ်တိုက် [illegible]သော ကျန်ရှိတော့သည်။ မီးရထားမသွားတော့၍ ခရီးသည်များ [illegible] မရှိတော့။ ထိုညက မီးရထားလမ်းဘေး၌ အိပ်ကြရပြန်သည်။ [illegible]အိပ်ကြွက်နိုးဖြင့် မိုးလင်းသည်။

သံလွင်မြစ် တစ်ဖက်ကမ်းသို့ကူးရန် သင်္ဘောစောင့်နေကြစဉ် မော်လမြိုင်မြို့သူမြို့သားများ လှူဒါန်းသော ကောက်ညှင်းပေါင်းတစ်ထုပ် စီနှင့် ရေတစ်ခွက်စီ သောက်ရသည်။ ကောက်ညှင်းပေါင်းမှာ ပဲစေ့ကလေး များ၊ အုန်းသီးနှင့် နှမ်းထောင်းလည်း ပါသဖြင့် နတ်သုဒ္ဓါတစ်မျှ အရသာ ရှိလှသည်။ ထိုနေ့မနက်က ဂျပန်တပ်ကျွေးသော ဆားထမင်းတစ်ထုပ် ပင် မစားရတော့။ ဘေးဒလက်ပါရေယာဉ်ကြီးဖြင့် မော်လမြိုင်တစ်ဖက် ကမ်းသို့ ကူးရသည်။ လူမဆန့်သဖြင့် နှစ်ခေါက်ခွဲ၍ ကူးရသည်။

မော်လမြိုင်ဘက်ကမ်းရောက်တော့ စစ်ကားနှင့်အရပ်ကားများ ချောခွဲ၍ တန်းစီထားသည်မှာ လွန်စွာများပြားသည်။ အဖေတို့အရင် ရောက်နေကြသော ချွေးတပ်သားများကလည်း တန်းစီပြီး ထိုင်နေကြ သည်။ စုပေါင်းလျှင် လူအယောက်ပေါင်း (၁၀၀၀) ကျော်ပေလိမ့်မည်။ မော်လမြိုင်မြို့သူမြို့သားများက ထမင်းထုပ်၊ ဆားထုပ်နှင့် ငှက်ပျောသီး များပေးသည့်အပြင် ရေပါအဝတိုက်သည်။

မနက် (၉) နာရီခန့်ယာဉ်တန်းကြီး စထွက်လာတော့ အလွန် ညှော်လှသည်။ ဓာတ်ဆီမရတော့သဖြင့် ကားများကို ရာဘာစေးများ ဖြင့် ချက်လုပ်သော ဆီကို သုံးရသောကြောင့် ညှော်ကြောင်း သိရပြန်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ယာဉ်တန်းကြီး တရွေ့ရွေ့ထွက်ခွာလာရာ သံဖြူဇရပ်သို့ မွန်းလွဲ တစ်နာရီခန့်တွင် ရောက်သည်။ ဂျပန်တပ်က ထမင်းမကျွေးတော့။

တော်ပါသေးသည်။ အဖေတို့အား သံဖြူဇရပ် မြို့သူမြို့သား များက ထမင်းထုပ်များဝေပေးသဖြင့် ထမင်းတော့ မငတ်ပါ။ ရေတော့ မပေးသဖြင့် ရေမငတ်စေရန် ဆားထုပ်များအား လိုရမည်ရ သိမ်းဆည်း ထားရသည်။ ရေအစား ငှက်ပျောသီးစားရ၍ ရေငတ်ပြေသည်။

ထိုညက သံဖြူဇရပ်ရှိ ပဲကိုဒေါင်ကြီး (၂) လုံးတွင် နေရာချ ထားလေသည်။ သံဖြူဇရပ်၌ မြန်မာတစ်ပြည်လုံးမှ ချွေးတပ်သားများ တဖွဲဖွဲ ရောက်ရှိလာကြသည်မှာ နောက်ဆုံး အမိုးအကာအောက် နေစရာ ပင်မရှိတော့၍ ကားလမ်းဘေး ကုက္ကိုပင်ကြီးများအောက်၌ နေရာချထား ပေးသည်။ မိုးနတ်မင်းကကူညီ၍ ထိုညကလည်း မိုးမရွာပါ။ မိုးရွာလျှင် တော့ အများစုမှာ လဲဝတ်စရာအဝတ်အထည်၊ အပိုမပါ၊ အဝတ်တစ် ထည် ကိုယ်တစ်ခုဖြင့် အဆွဲခံလာကြရခြင်းဖြစ်သည်။

ထိုညက မော်လမြိုင်မြို့ဘက်မှ ဗုံးကြဲသံများ ကြားရသည်။ ခရီးပန်းပြီး အိပ်ရေးပျက်သဖြင့် အဖေတို့ တစ်ယောက်ကိုတစ်ယောက် မှီ၍ ငုတ်တုတ်အိပ်ရကြောင်း သိရသည်။

နောက်တစ်နေ့မနက်တွင် ဂျပန်စကားပြန်ဖြင့် အစုအဖွဲ့များ ခွဲရသည်။ (၁၀) ဦးတစ်စိပ်တစ်စိပ်၊ အယောက် (၁၀၀) တပ်ခွဲ၊ တပ်စိပ် တစ်စိပ်တွင် အိုးနှစ်လုံးနှင့် ဆန်၊ ပဲ၊ ဆား ထုတ်ပေးသည်။ တပ်စိပ် တစ်စိပ်လျှင် တစ်ပတ်စာ ကိုယ်တိုင်ချက်ပြုတ်စားရန်တဲ့။ ထမင်း၊ ဟင်း ထည့်ရန် ပန်းကန်မပါ။ ဟင်းတစ်လုံး၊ ထမင်းတစ်လုံး ချက်ရန်တဲ့။ ပေးထားသောရိက္ခာအရ တစ်ယောက်ကို ထမင်းနို့ဆီဘူး တစ်လုံးခန့်ကို ညမနက် ခွဲစားရန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အစေအား ဘွန်ချိုခေါ် တပ်စိပ်မှူးခန့်သည်။ တပ်ခွဲမှူးက ကရင်လူမျိုး စောဝီလျံ။ သူက ဂျပန်အခေါ် ဘွန်ဟိုက်ချိုး။ တပ်စိပ်တစ်စိပ်တွင် (၁၀) ယောက်ရှိရာ (၁) ဦးက ထမင်းချက်။ တပ်စိပ်မှူးက ခေါင်းဆောင်ဖြစ်သဖြင့် တကယ်တမ်း အလုပ်လုပ်ရသူမှာ (၈) ဦးသာဖြစ်သည်။ နာမကျန်းဖြစ်ပါက အင်အားလျော့ပေဦးမည်။ ယိုးဒယားဘက်မှ သယ်ဆောင်လာသော ရထားသံလမ်းများကို မြန်မာပြည်ဘက်မှ ပျဉ်းတာတိုးဇလီဖားတုံးများဖြင့် သံလမ်းခင်းရန်ဖြစ်သည်။ ထိုအလုပ်က ပြဿနာမရှိ။

ချောင်းကူး၊ မြောင်းကူး တံတားဆောက်ခြင်းနှင့် ရထားလမ်းအတွက် တာဖို့ရခြင်းက ပြဿနာဖြစ်သည်။ စက်ယန္တရားမရှိ။ လူအားဖြင့် လုပ်ရခြင်းဖြစ်သည်။ တောစပ်နှင့် အလှမ်းဝေးသဖြင့် ကွင်းပြောင်ပြောင် နေပူထဲတွင် အလုပ်လုပ်ရခြင်းဖြစ်၍ အလွန်ပင်ပန်းကြသည်။ ချွေးထွက်လွန်၍ ရေဓာတ်ခန်းခြောက်ပြီး တစ်လခန့်အကြာတွင် ဝမ်းလျှော၊ ဝမ်းပျက်ရောဂါများ ဝင်လာသည်။ ဆေးကမရှိ၊ အငန်ဓာတ်လိုနေရာ ဆားက ပြတ်သွားသဖြင့် အငံဓာတ်ရသော မီးဖိုပြာကို လျက်ကြရသည်။

ရွာများနှင့်ဝေးသဖြင့် ဟင်းချက်စရာ မရနိုင်။ အပြင်ထွက်ခွင့်လည်း မပေး။ ဟင်းက မလောက်သဖြင့် တွေ့ရာ၊ ကြုံရာ နီးစပ်ရာ သစ်ရွက်များဖြင့် ပဲအနည်းငယ်ရောကာ ဟင်းဖြစ်ရုံ ချက်စားကြသည်။ ဆီမပါ၊ ဆားမပါ မည်ကာမတ္တ၊ ရေလုံပြုတ်ဟင်းပင်။ ဂျပန်များဖမ်းထားသော အင်္ဂလိပ်၊ အမေရိကန်များမှာလည်း စစ်သုံ့ပန်းများဖြစ်ကြ၍ အာဟာရပြတ်ပြီး ဒေသခံမြန်မာလူမျိုးများလို တွေ့ရာမစားသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပိန်ပိန်ရှည်ရှည်၊ နှံရိုးအပြိုင်းပြိုင်းဖြင့် အရိုးပေါ်အရေတင် ဖြစ်နေကြသည်။

အဖေတို့က တောသားများပီပီ တဲဆောက်၊ ယာယီအိမ်ဆောက်၊ တံတားဆောက် ကျွမ်းကျင်ကြသဖြင့် ဆောက်လုပ်ရေးအဖွဲ့တွင် အလုပ်ရပြီး ဂျပန်စစ်သားများဖြင့် ပူးတွဲလုပ်ရသဖြင့် ရင်းနှီးသည်။ တစ်ခါတစ်ရံ ဂျပန်စစ်ဗိုလ်များ လာစစ်ဆေးလျှင် အဖေ့အား သဘောကျသဖြင့် ဆေးပြီပြာ၊ စီးကရက်ဘူး၊ အသားဘူးများ ဆုချတတ်သည်။

အဖေကလည်း အင်္ဂလိပ်ကြီးများအား သနား၍ ပြန်စွန့်သည်။ ထို့ကြောင့် အဖေ၊ အင်္ဂလိပ်စကားပြောနှင့် ဂျပန်စကားပြော တတ်ကျွမ်းလာသည်။ အဖေ့အား စကားပြန်အဖြစ် ဂျပန်များက တစ်ခါတစ်ရံအသုံးပြုတတ်သလို ယုံကြည်စိတ်ချသဖြင့် ဆူးရိုးဝင်းအတွင်းအပြင် သွားခွင့်ပြုထားသည်။

အဖေ့ဦးတည်ချက်က ဆူးရိုးဝင်းအပြင်ရှိ လေယာဉ်ပျက်များမှ သတ္တုပြားအစများဖြင့် ဒန်ပန်းကန်၊ ဖွန်းလုပ်ခြင်း၊ ဒန်အိုး လုပ်ခြင်းအတွက် ဂျပန်များထံမှ ခွင့်ပြုချက်တောင်းခြင်းဖြစ်သည်။ ခွင့်ပြုချက်ရတော့ အားချိန်ရသည်ဖြင့် လုပ်ငန်းသုံးတူဖြင့် ရထားသံလမ်းပေါ်တွင် ပုံဖော်သည်။ ဒန်ဖွန်းနှင့် ဒန်ပန်းကန်များ ရလာသည်။ ဟင်းချက်စားစရာ အသား၊ ငါးကတော့ မရှိ။

သို့သော် ချောင်းမြောင်းကူး တံတားကြီးများ လုပ်ရလျှင် လနှင့်ချီကြာတတ်သဖြင့် ချောင်းမြောင်းထဲတွင် တောသားများပီပီ ခရု၊ ကမာကောင်၊ ဂုံးကောင်၊ ငါးပေါက်စကလေးများကို ရှာတတ်သည်။ တွင်အောင်းဖား၊ ငါးရှဉ့် စသည်တို့ကို ရှာ၍ သူ့ဆီနှင့်သူ ဟင်းချက်သည်။



www.burmeseclassic.com

www.burmeseclassic.com

၁၆ ❀ ထောင်မှူးကြီးသိန်းဝင်း

တစ်ခါတွင် ချောင်းထဲမှ ငါးလင်ဗန်းကြီးတစ်ကောင်ရရာ ဂျပန်အင်ဂျင်နီယာစစ်ဗိုလ်အား မျက်နှာလုပ်၍ ပေးလိုက်သည်။ ဂျပန်စစ်ဗိုလ်က ခြေမွှတ်၍ အနားမကပ်ရဲ။ တုတ်နှင့်ထိုးကြည့်တော့ ငါးရှည့်နှင့်တူသော်လည်း အကောင်တုတ်ပြီး နားရွက်ပါသော ငါးလင်ဗန်းက ကလေးပေါက်စလို 'အူဝဲ … အူဝဲ …' ဖြင့် ငိုတော့သည်။

ထိုအခါ ဂျပန်စစ်ဗိုလ်က 'ခိုဒိုးမိုးစနိပ်'ဟု ဂျပန်အင်္ဂလိပ်စကားဖြင့် ကင်ပွန်းတပ်သည်။ အဖေက ဂျပန်စစ်ဗိုလ်၏ မီးဖိုဆောင်သို့ဝင်ပြီး ဟင်းချက်ပေးတော့ လွန်စွာသဘောကျပြီး ဟင်းချက်ဆီတစ်ပုလင်းနှင့်ဆားများ လက်ဆောင်ပြန်ပေးသည်ဟု သိရသည်။ ထိုကတည်းက ဂျပန်စစ်ဗိုလ်က အဖေ့အား သဘောကျပြီး ခိုဒိုးမိုးစနိပ်ခေါ် ငါးလင်ဗန်းကို ရှာခိုင်းတော့သည်။

အဖေတို့ တံတားဆောက်လုပ်ရေးအဖွဲ့က ဂျပန်အင်ဂျင်နီယာစစ်ဗိုလ်များဖြင့် တွဲလုပ်ရသဖြင့် ပင်ပန်းသော်လည်း အူစိုသည်ဟု ဆိုရပေသည်။ ဝမ်းရောဂါများဖြစ်လာတော့ အစားအသောက်အတွက် ဂျပန်များက တင်းကျပ်လာသည်။ သုံ့ပန်းတိုင်းစအိုအတွင်း ကာကွယ်ဆေးထိုးရသည်။ ရေကို ကျိုချက်သောက်စေသည်။ သုံ့ပန်းလေးပုံတစ်ပုံက အစာအာဟာရပြတ်ပြီး ဝမ်းရောဂါဖြစ်နေကြသည်။ ရောဂါများကြောင့် သေဆုံးသူအရေအတွက်က နေ့စဉ်ဖြစ်လာသည်။

အဖေ့တပ်စိပ်၌ပင် (၂) ယောက်လျော့သွားသည်။ ကိုယ့်အလှည့် ဘယ်နေ့လဲဟု တွက်ဆရမည့် အခြေအနေရောက်လာသဖြင့် အဖေတာ တပ်စိပ်ခေါင်းဆောင်ပီပီ ဖာစ်နေ့တွင် တောထဲဝင်၍ ထင်းရှာရင်းအဖေနှင့် ဂျပန်အားသုတ်သင်၍ လက်နက်လုပြီး ထွက်ပြေးခဲ့ကြသည်။ တောတွင်း



www.burmeseclassic.com

www.burmeseclassic.com



ကုန်းကြောင်းခရီးဖြင့် ကြုံရာရွာတွင် အဝတ်အစားနှင့် အစားအသောက် တောင်းစားရင်းနောက် (၇) ဦးကို ဦးဆောင်ကာ ပြေးခဲ့ခြင်းဖြစ်သည်။

ထိုအချိန်က ဂျပန်များ စစ်ရှုံးစပြုနေပြီး ဝင်ရိုးတန်းခေါင်းဆောင်နိုင်ငံ၊ ဂျာမနီဟစ်တလာက ပြင်သစ်ကိုသိမ်းယူပြီး ဂျူးလူမျိုးများကို အစုလိုက်အပုံလိုက် ဖမ်းဆီးသတ်ဖြတ်ပြီးနေချိန်၊ အင်္ဂလိပ်၊ အမေရိကန်ကို စစ်ကြေညာပြီး ရုရှားအား ဝင်ရောက်ကျူးကျော်၍ စစ်ရှုံးနေချိန်ဖြစ်သည်။ မြန်မာတော်လှန်ရေးသမားများကလည်း ဂျပန်အား တော်လှန်ရန် အင်အားစု၍ သခင်အဖွဲ့များ စုစည်းနေချိန်ဖြစ်သည်။

ထို့ကြောင့် အဖေတို့အဖွဲ့ မော်လမြိုင်ရောက်တော့ တော်လှန်ရေးသမားများအား ဂျပန်သေနတ်နှင့် ကျည်များကို အပ်ပြီး အကူအညီတောင်းရာ တော်လှန်ရေးအဖွဲ့က အဖေတို့အား လူခွဲစေပြီး (၂) ယောက်တစ်တွဲ၊ မြို့ရွာများအဆင့်ဆင့်သို့ ဆက်သားတာဝန်ဖြင့် ပြန်ပို့သည်။ ကုန်းကြောင်းတစ်လှည့်၊ ကြုံရာယာဉ်တစ်လှည့်ဖြင့် အဖေတို့ တစ်လခန့်ကြာမှ ရန်ကုန်ပြန်ရောက်သည်။

အဖေတို့ ရွာမပြန်တော့။ ရန်ကုန်မြို့၊ ဆင်ခြေဖုံး ကြုံရာနေရာတွင် စတည်းချတော့သည်။ အဖေက အမြော်အမြင်ရှိသူဖြစ်၍ သခိုင်းရပ်ကွက်လမ်းဆုံတွင် မိသားစုအား ခေါ်ပြီး စတည်းချသည်။ လက်ဖက်ရည်ဆိုင်ကလေးထောင်၍ တဖြည်းဖြည်း တိုးချဲ့သည်။ မိတ်ဆွေကုလားများဖြင့် ပေါင်း၍ အိမ်ဆောက်ပစ္စည်း ကုန်မာဆိုင်ကလေးထောင်သည်။ ကန်ထရိုက်လုပ်ငန်းတွင် ရှယ်ယာထည့်၍ လုပ်ကိုင်သည်။

ထိုနေရာတွင် အစ်မလတ်အား မွေးပြီး အဖေတို့ စီးပွားရေးကောင်းမွန်လာသည်။ ဂျပန်ဆုတ်ခွာနေချိန်ဖြစ်သဖြင့် အုပ်ချုပ်ရေးက ဖရိုဖရဲအချိန်၊ တောကြောင်များက မင်းမူလာပြန်သည်။ ထိုအချိန်



www.burmeseclassic.com

www.burmeseclassic.com

[illegible] ဧ[illegible]

[illegible] ဘေးဥပဒ်ကြီးရောဂါများ ပြန့်ပွားလာသဖြင့် သမိုင်းလမ်း[illegible] အဖေတို့မိသားစုတွင် အစ်မကြီးနှင့် အစ်မလတ် ကျောက်[illegible]ပွားသည်။ အစ်မလတ်ဆုံးပြီး အစ်မကြီးသာ မသေဘဲ [illegible]သည်။

အင်္ဂလိပ်ပြန်အဝင် ဆောက်လုပ်ရေးလုပ်ငန်းများ ပြန်စတင်နေ[illegible]သဖြင့် အဖေ့ အလွှန်လုပ်များသလို ဝင်ငွေကောင်းသည်။ အဖေ[illegible] ခြောက်မိုင်ခွဲတွင်နေသော ကုလားသူဌေး 'ကောဘကြီး' ဆိုသူက [illegible]ခေါင်းဆောင်ဖြစ်သည်။

ရန်ကုန်တစ်မြို့လုံး ဗုံးဒဏ်ကြောင့် ပျက်စီးနေရာ အိမ်များ၊ တိုက်များအား ပြန်လည်ပြင်ဆင်ရန် ငှားရမ်းသူများက လက်မလည် အောင် ငှားရမ်းကြသဖြင့် လုပ်ငန်းအဖွဲ့များ တိုးချဲ့ရပြန်သည်။ အဖေမှာ လက်မလည်အောင် အလုပ်များသဖြင့် ကောဘကြီးသူဌေးက နေ့စဉ်သွား လိုရာသို့ အမြန်သွားပြီး ကြီးကြပ်နိုင်ရန် AUSTIN ကားအနက်ကလေး တစ်စီးဝယ်ပေးသည်။ အမေက အဖေ့ကို ခေတ်ပျက်သူဌေးဟုခေါ်သည်။

ပစ္စည်းဥစ္စာ တောင့်တင်းလာပြီး အစ်မလတ်ဆုံးပါးသွားသော နေရာတွင် မနေလိုတော့ဟုဆိုကာ အမေက လုံခြုံသောအိမ်ရှာရန် အဖေ့ အား အမြဲတမ်း ပူဆာသည်။ ထို့ကြောင့် အဖေက အလုပ်မအားသည့် ကြားမှ အဆက်အသွယ်များဖြင့် ရှာသော်တွေ့သည်။ ထိုအချိန်က မြေ ဈေး၊ အိမ်ဈေး အလွန်ပေါသည်။ သို့သော် အမေ့စိတ်ကြိုက် မတွေ့၍ မဝယ်ဖြစ်။ အဖေက အမေ့စိတ်ကြိုက် ရှာရပြန်သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

ကုလားသူဌေးကြီးတွင် ရန်ကုန်မြို့အတွင်း၌ တိုက်ခန်းများရှိ၍ ပေးသော်လည်း အမေက 'ကုလားကပြား၊ အိမ်တန်းလျား' ဟု ဆိုကာ ငြင်းပယ်ပြန်သည်။ အမေတို့မှာ တောသူပီပီ၊ အိမ်ကောင်းကောင်းနှင့် ခြံကျယ်ကျယ်ဝန်းဝန်းကို ကြိုက်လေသည်။

အဖေ အလုပ်လုပ်ရင်း တစ်ဖက်ကလည်း အိမ်သတင်းကို စုံစမ်းရှာဖွေလာရာ တွေ့မဲ့တွေ့တော့လည်း အဖေတို့နေထိုင်သည့် သမိုင်းလမ်းဆုံနှင့် မနီးမဝေး၊ သမိုင်းဘူတာရုံရပ်ကွက်ထဲမှ အနောက်တိုင်းပုံစံဆောက်လုပ်ထားသည့် အိမ်နီကြီးဖြစ်သည်။

ပိုင်ရှင်က စိတ်တိုင်းကျဆောက်လုပ်ထားပြီး တစ်ကောခန့် ကျယ်သည်။ ခြံကြီးအတွင်းမှာ နှစ်ထပ်အိမ်ကြီးဖြစ်သည်။ လွန်စွာ ကျယ်ဝန်းခမ်းနားသည်။ ခြံစည်းရိုး၌ ထီးရိုးဝါးပင်များက အခိုင်အမာပေါက်နေပြီး အတွင်း၌ ပုဏ္ဏားရိပ်ပင်စည်းရိုးက တစ်ထပ်ကာရံထားသဖြင့် ခွေးပင်မဝင်နိုင်ပါ။

အဖေ သဘောကျသလို အမေ့အားခေါ်ပြတော့ အမေကလည်း သဘောကျသဖြင့် အဖေတို့အိမ်ကြီးကို ဈေးချောင်ချောင်ဖြင့် ရလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် ထိုအချိန်က လွတ်လပ်ရေးရခါစ လူမျိုးစုချင်းကွဲပြီး တောကြောင်များ မင်းမူလာပြန်သဖြင့် မပြောင်းဖြစ်သေးပါ။ အဖေကတော့ အလုပ်သမားများငှားပြီး ခြံကြီးအားရှင်းလင်း၍ တိုက်ကြီးအား ဆေးသုတ်နေပြီဖြစ်သည်။

လွတ်လပ်ရေးရကာစဖြစ်၍ တစ်နိုင်ငံလုံး တစ်ဗိုလ်တစ်မင်း၊ တိုင်းရင်းသားအချင်းချင်း စစ်ခင်းနေကြရာ တစ်တိုင်းပြည်လုံး မငြိမ်မသက်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရပြီးကတည်းက မြန်မာပြည်ကြီးမှာ ဝါးအစည်းပြေသလို ရန်ကုန်မြို့ ကွက်ကွက်ကလေးသာ အုပ်ချုပ်ရေးက ကောင်းမွန်စွာရှိတော့သည်။

ကရင်များကလည်း သမိုင်းအနီး ခဝဲခြံနှင့် အင်းစိန်ကို သိမ်းယူထားပြန်သဖြင့် အစိုးရနှင့် တိုက်ပွဲများ ဖြစ်နေကြသည်။

ဇသမင်းတမန်လမ်း ရှေ့တန်းကအပြန် အဖေမှာ စစ်သွေးကြွနေသဖြင့် ခဝဲခြံတိုက်ပွဲ ဆင်နွှဲပြန်သည်။ အစိုးရတပ်အင်အားကောင်းသဖြင့် ကရင်များဆုတ်ခွာရာမှ အင်းစိန်ထောင်ကြီးကိုသိမ်းပိုက်၍ အခိုင်အမာ တပ်စွဲထားပြန်သည်။ အင်းစိန်ထောင်ကြီးမှာ ဂျပန်ခေတ်ကလည်း လက်နက်တိုက်အဖြစ် သိမ်းပိုက်ခြင်းခံခဲ့ရဖူးသည်။

အင်းစိန်တိုက်ပွဲမှာလည်း အစိုးရတပ်က အတော်တိုက်ယူရပြီး ကရင်များဆုတ်ခွာသွားတော့မှ အဖေတို့ အိမ်ပြန်လာကြသည်။ လက်နက်များအား အစိုးရတပ်ပြန်အပ်ပြီး အမှတ်တရ အနီးကပ်တိုက်ပွဲများတွင် အသုံးပြုခဲ့သော သွေးသောက်၊ ငှက်ကြီးတောင်ဓားကြီးတစ်လက်ကိုတော့ ပြန်ယူခဲ့သည်။ အဖေက ယင်းဓားကြီးအား အစောင့်ရှိသည်။ 'စီး'သည်ဟုဆိုပြီး ကလေးများ၊ လက်လှမ်းမမီသောနေရာ၌ သိမ်းဆည်းထားသည်။



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေ အေးချမ်းတော့မှ အဖေတို့ဝယ်ယူထားသော သမိုင်းမှ ပုလဲမြိုင်အိမ်ကြီးကို ထပ်မံပြုပြင်ပြီး ပြောင်းရွှေ့ကြသည်။ ပုလဲမြိုင်အိမ်ကြီးတွင် အခြေကျတော့ အစ်ကိုကြီးနှင့်အစ်မကြီးက အနီးရှိ သမိုင်းမြို့မကျောင်းတွင် ကျောင်းတက်ကြသည်။

ထိုအချိန်၌ အဖေ၏အလုပ်အကိုင်များ ပြန်လည်ကောင်းလာသဖြင့် အမေက သမီးလတ်ဆုံးပါးခဲ့သော သမိုင်းလမ်းဆုံရှိ လက်ဖက်ရည်ဆိုင်နှင့် ကုန်မာဆိုင်အား စိတ်နာသဖြင့် ဒေါ်စောတင်ဟူသော အမေ၏မိတ်ဆွေအား ရသည့်ဈေးဖြင့် ရောင်းပစ်လိုက်သည်။ အဖေ၏သဘောကတော့ တစ်ဖက်တစ်လမ်းက ဝင်ငွေရစေရန်၊ ခရီးလည်း မဝေးသဖြင့် မရောင်းလိုပါ။ တစ်ချိန်တွင် စည်ကားပြီး ဈေးကောင်းရမည့်နေရာမှန်း အဖေက ကန်ထရိုက်ပီပီ သိနေသည်။ သို့သော် အမေ့ဆန္ဒကို အလိုလိုက်ခဲ့ပါသည်။

၁၉၄၉ ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် ကျွန်တော့်အား ပုလဲမြိုင်အိမ်ကြီး၌ မွေးသည်။ မွေးကတည်းက အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အသားနီစပ်၊ နှာခေါင်းချွန်ချွန်၊ ဆံပင်ရွှေရောင်ဖြစ်သဖြင့် အင်္ဂလိပ်ဗိုလ်ဝင်စားသည်ဆိုပြီး ဗိုလ်နီဟု မှည့်ခေါ်ရာမှ မြန်မာပီပီ မြန်မာ့နာမည်ဖြစ်သော 'ဘိုနီ'ဟု ခေါ်ကြသည်။

ကျွန်တော် (၂) နှစ်သားရောက်မှ အငယ်ကောင်နီတာကို ပုလဲမြိုင်အိမ်ကြီး၌ အမေက မွေးပြန်သည်။ နီတာမှာ မွေးကတည်းက ကျွန်တော့်လို အသားနီစပ်စပ်ဖြစ်သော်လည်း မျက်နှာဖုံးနှင့်။ ကျွန်တော့်လို ခြေတံ၊ လက်တံ မရှည်။ ငိုလျှင်တော့ မပြီးတော့။ ငိုကြောအသွန်ရှည်သည်။ စိတ်ကလည်း အလွန်ကြီးသည်။ ကျွန်တော့်ညီဖြစ်သော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ကျွန်တော်က မချစ်ပါ။ သံယောဇဉ်လည်း မရှိ။ အလိုလို မုန်းနေမိသည်။

ကျွန်တော် (၂) နှစ်သားတွင် စကားစ၍ ပြောတတ်သော်လည်း နီတာက စကားမပြောတတ်။ ကျွန်တော့်ကစားစရာများကိုတော့ သူက အကုန်အပိုင်သိမ်းတတ်သည်။ ကျွန်တော် (၅) နှစ်သားရောက်တော့ အငယ်ကောင် နီတာက (၃) နှစ်သား ကျွန်တော်မကြာခဏ မြင်မက်သော အိပ်မက်များနှင့် ကျွန်တော်၏ရှေးဘဝကို အလိုလိုသိသော 'ဇာတိဿရ' ဉာဏ်ကြောင့် ဆက်စပ်ပြီး တဖြည်းဖြည်း သိလာသည်။

ကျွန်တော့်လိုပင် အငယ်ကောင်နီတာကလည်း သိနေဟန်တူသည်။ ကျွန်တော့်ကိုကြည့်လျှင် မျက်ထောက်နီကြီးဖြင့် မလိုမုန်းထားကြည့်တတ်သည်။ သို့သော် ကျွန်တော်က ဟိုဘဝကတည်းက ငယ်နိုင်ပိပိ တစ်ချက်ငေါက်လိုက်သည်နှင့် ငြိမ်ကုပ်သွားတတ်သည်။ နီတာတွင် ဘယ်ရင်အုံ၌ မွေးရာပါ အနာရွတ်တစ်ခုနှင့် ဘယ်ပခုံး၌လည်း အနာရွတ်တစ်ခုပါသည်။

အမေ့ရင်ခွင်ထဲ၌ နေရလျှင်တော့ ကျွန်တော့်ကို မကြောက်ဘဲ အမေ့အားကိုးဖြင့် ဆဲတတ်သည်။ အမေကတော့ နားမလည်သဖြင့် သဘောကျနေသော်လည်း အင်္ဂလိပ်လိုဆဲခြင်းဖြစ်၍ ကျွန်တော်က နားလည်သည်။ အဖေကလည်း နားလည်သဖြင့် အံ့ဩမင်တက်နေတတ်သည်။

"အမေကြီးရေ . . . ငါ့သားနှစ်ကောင်ကတော့ မလွယ်ဘူးဗျ။ လူဝင်စားတွေပိပိ ရန်ငြိုးရှိလိမ့်မယ်။ ဒီအိမ်ကြီးနဲ့လည်း ပတ်သက်နေလိမ့်မယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့တော် ...။ ကျွန်မတို့သားတွေက ဒီအိမ်ကြီးရှောက်မှ မွေးတာဆိုတော့ အရင်အိမ်ရှင် အင်္ဂလိပ်တွေနဲ့ ပတ်သက်နေမှာပေါ့။ လူဝင်စားသားထူးတွေပဲ အကျိုးပေးမယ်ထင်ပါရဲ့"

"အဖေနဲ့အမေ ကျွန်တော်ကတော့ မိဘတွေကို အကျိုးပေးမှာပါ။ အဲဒီအငယ်ကောင်ကတော့ လူရှုပ်၊ ဂျပိုး၊ သူခိုး၊ အမေတို့ကို အကျိုးပေးမဲ့ကောင်မဟုတ်ဘူး"

"သား ... ညီလေးကို အဲလိုမပြောရဘူးလေကွယ်။ သားက လိမ္မာရက်သားနဲ့"

ထိုစဉ် အမေ့ရင်ခွင်ထဲဝင်နေသော နီတာက ကျွန်တော့်အား–

"ဖပ်ကာဖူးလ်" ဟုအော်ပြီး မျက်နှာဝှက်ထားသည်။

ကျွန်တော်က ...

"ဟေ့ကောင် ... ယောက်ဖ၊ မင်း သေချင်လို့လား။ ငါသတ်လို့ နှစ်ခါပြန်သေသွားမယ်နော်။ ဟင်း ... ဘာမှတ်သလဲ"

ဟု ပြောတော့ ငြိမ်ကုပ်သွားပြန်သည်။

အဖေက ...

"တယ် ... ဒီညီအစ်ကိုနဲ့တော့ ခက်တော့တာပဲ။ သားလတ်က ညီလေးကို ဘာကြောင့် ယောက်ဖလို့ခေါ်ရတာလဲ။ မခေါ်ကောင်းဘူးကွယ့်၊ ရဲကြီးတတ်တယ်"

"ဝှတ် ... သဟဲလ်"

ကျွန်တော်က ပြန်အော်တော့ ...

အမေက ...

"သား ... ဘာပြောလိုက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အာငရဲလဲလို့ ပြန်ပြောတာ ... မိန်းမရေ သားနှစ်ကောင်က ဗိုလ်ဝင်စားတာဆိုတော့ ခရစ်ယာန်တွေ။ ငရဲကြီးတာကို မသိကြဘူးထင်တယ်"

"သား အရင်ဘဝကအကြောင်း အမေတို့ကို ပြန်ပြောပြပါလား"

"စောပါသေးတယ် ... အဖေရာ၊ ပြောချိန်တန်တော့ ပြောပြမှာပါ။ အဖေ ... လာဗျာ ... ခြံထဲဆင်း လမ်းလျှောက်ရအောင်"

ကျွန်တော့် အဖေ့ကိုလက်ဆွဲပြီး ထွက်လာတော့ အငယ်ကောင်နီတာ အမေ့ရင်ခွင်ထဲ၌ အသက် (၃) နှစ်ထဲ ဝင်လာပြီဖြစ်သော်လည်း အမေ့နို့ပိန်ကို ဆွဲ၍ ကျန်ခဲ့သည်။ မကြာမီအိပ်ပျော်တော့မည်ဖြစ်သည်။ ခြံထဲရောက်တော့ ကျွန်တော်က အဖေ့အား ...

"အဖေ ... ကျွန်တော့်ကို လေသေနတ်တစ်လက်လောက် ဝယ်ပေးဗျာ"

"ဟ ... သားရဲ့ မင်းက ဟိုပစ်သည်ပစ်နဲ့။ တော်ကြာ တခြားသူတွေ မှန်ကုန်ဦးမယ်။ နောက်ပြီး မင်း သေနတ်ပစ်တတ်လို့လား"

ကျွန်တော့် ခေါင်းထဲ ဖျတ်ခနဲ အလင်းရောင်တစ်ခုဝင်လာပြီး ယခင်ဘဝ၏ အပိုင်းအစတစ်ခုကို မှတ်မိသွားပြန်သည်။

"အဖေ ... သား သေနတ်ပစ်တတ်တယ်။ တခြားသူကိုလည်း မထိခိုက်စေရပါဘူး။ ကျွန်တော့်ကို လေသေနတ်ဝယ်ပေးရင် အဖေတို့ကို ဥစ္စာပစ္စည်းတွေ ပေးမယ်"

"ဩော် ... သားက ဥစ္စာစောင့်ဝင်စားတာလား။ လာစမ်းကွာ။ အဖေ လုပ်ငန်းတိုးချဲ့ဖို့ ငွေအရင်းအနှီး နည်းနည်းလိုနေတယ်"

"အဲဖေ ... ကတိပေးလေဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ . . . သားရဲ့"

"လေသေနတ် ဝယ်ပေးမယ်လို့လေ"

"အေးပါကွာ . . . အေးပါ . . . အဖေ ကတိပေးပါတယ်"

"ဟေး . . . ဒါမှ တို့အဖေကွ"

"အဖေ ဒီအိမ်ကြီးကို ဘယ်လိုရတာလဲ"

"ဒီလို . . . သားရဲ့။ အဖေလည်း မင်းအမေစိတ်ကြိုက် တစ်မြို့လုံးလိုက်ရှာတာ အဖေ့စိတ်ကြိုက်တွေ့ပေမဲ့ မင်းအမေစိတ်ကြိုက် မတွေ့လို့ နှစ်အတော်ကြာတယ်။ အဖေ့လုပ်ငန်းတွေက များလာလို့ ကားမောင်းတတ်တဲ့ ဒရိုင်ဘာရှာတော့မှ ဒီသမိုင်းမှာနေတဲ့ ကောင်လေးတစ်ကောင်နဲ့တွေ့တယ်။ သူက ဒီအိမ်ကြီးကိုညွှန်ပြတာ။ ခြံစောင့်ကြီးက ဦးစောရော်လီတဲ့။ အဖေ့ထက် ငယ်တာပေါ့။

ခြံစောင့်ဆိုပေမဲ့ သူက ဒီအိမ်ကြီးကို အမွေရတဲ့ ပိုင်ရှင်ပေါ့။ အရင်ပိုင်ရှင်လက်ထက်ကတည်းက ကိုစောရော်လီက ခြံစောင့်၊ မာလီ။ အရင်အိမ်ပိုင်ရှင် အင်္ဂလိပ်တွေသေသွားတော့ သူတို့ အမွေရလိုက်တယ်။ အရင်အိမ်ပိုင်ရှင်တွေ ဘယ်လိုသေသွားသလဲဆိုတာတော့ သူက မပြောဘူး။ ကိုစောရော်လီမှာ မိန်းမရှိတယ်။ ကလေးတော့ မရှိဘူး။

အဲ . . . အဲဒါနဲ့ ဒီအိမ်ကြီးနဲ့ အတွင်းပစ္စည်းတွေ အမွေရတော့ သူတို့လင်မယား ဒီအိမ်ကြီးပေါ်မှာ နေကြတယ်။ အဲ . . . ဒါပေမဲ့ သရဲအလွန်ခြောက်လို့ သူတို့ မနေရဲကြဘဲ အိမ်ကြီးကိုပိတ်ပြီး ခြံအနောက်ဘက်မှာ ပျဉ်ထောင်အိမ်ကလေး ဆောက်နေကြတယ်တဲ့။

လွတ်လပ်ရေးရပြီး ခေတ်ပျက်ပြန်တော့ တစ်ည ကိုစောရော်လီအပြင်သွားနေတုန်း ဓားပြတွေက ကိုစောမိန်းမကိုသတ်၊ အတွင်းပစ္စည်းတွေ ယူသွားပြန်တယ်။ ဒါကြောင့် ကိုစောရော်လီဟာ ဒီအိမ်ရဲ့ ခြံစောင့်



www.burmeseclassic.com

www.burmeseclassic.com



ကြီးဖြစ်ပြီး အိမ်ကိုရောင်းပေမဲ့ သရဲခြောက်တာ နာမည်ကြီးလို့ ရောင်းမထွက်ဘူးတဲ့။ ဒါကြောင့်အဖေက ဈေးချောင်ချောင်နဲ့ ဝယ်ရခဲ့တာ။

ကိုစောကျော်လီလည်း ဒီအိမ်ကြီးကို ရောင်းလိုက်ပေမဲ့ တခြားသွားတော့ဘဲ အဖေတို့ခြံထဲမှာပဲ ခြံစောင့် ပြန်လုပ်နေတာ။ ခြံရောင်းရတဲ့ငွေတွေကိုတော့ အိုစာမင်းစာအဖြစ် အဖေ့ကုမ္ပဏီမှာ ရှယ်ယာထည့်ဝင်ထားတယ်လေ သားရဲ့"

"အဖေ ... ဒီအိမ်ကြီးမှာ ခြောက်တဲ့သရဲက အထီးလားအမလား"

"သရဲမလို့ ပြောကြတယ်။ သရဲမမှ နှစ်ကောင်တောင်တဲ့။ တစ်ယောက်က ဘိုမသရဲ၊ နောက်တစ်ယောက်က မြန်မာမသရဲတဲ့။ သူတို့နှစ်ကောင်လည်း မတည့်ကြဘူးတဲ့"

"အဖေ ... တွေ့ဖူးသလား"

'အကောင်အထည်တော့ မတွေ့ဖူးပါဘူး ... သားရယ်။ ခြေသံလိုလို၊ ရှိုးတိုးရိပ်တိပ်တော့ မြင်ဖူးပါတယ်။ မင်းအမေ ကြောက်မှာစိုးလို့ မပြောတာ။ အိမ်မှာက မင်းအဖေနဲ့ အမေအပြင် သားကြီးနဲ့ သမီးကြီးပါရှိတော့ လူအုပ်ကောင်းတယ်လေ။ အဲ ... ထူးဆန်းတာကတော့မင်းကိုလည်းမွေးရော၊ အဲဒီသရဲတွေ မခြောက်ကြတော့ဘူး"

"အဖေ ... ကျွန်တော် အရင်ဘဝဟောင်းကို ပြန်သတိရတော့ပျောက်လိုက်ပေါ်လိုက်နဲ့။ အတိအကျ ကွင်းဆက်မမိသေးဘူး။ အိပ်မက်ကိုတစ်ဆင့် အာရုံခံကြည့်ရဦးမယ်။ ကျွန်တော် ဘယ်သူလဲ၊ နီတာဘယ်သူလဲဆိုတာတော့ သိပါပြီ။

ကဲ ... အဖေ ... လောလောဆယ်တော့ အဖေ့ပိုင်နိုင်ဆုံးပစ္စည်းတွေပေးမယ်။ အငယ်ကောင် မသိစေနဲ့ အဖေ။ အရင်ဘဝ

www.burmeseclassic.com



ကျွန်တော့်ဆီက ခိုးပြီး အငယ်ကောင်ဖွက်ထားတဲ့ ပစ္စည်းတွေ။ နေရာအတိအကျမသိပေမဲ့ ခြံနောက်မြက်ခင်းစပ်က စိုင်သရက်ပင်ကြီးအောက်မှာ ရှိပါတယ်။ အဖေနဲ့ကျွန်တော် တူးကြရအောင်"

"နေရာအတိအကျမှ မသိဘဲနဲ့ သားရယ်"

"အဖေ ... အငယ်ကောင် ခြံထဲဆင်းရင် သရက်ပင်ကြီးအောက်ပြေးပြီး အကြာကြီးရပ်နေတဲ့နေရာ သိလား"

"အေး ... ဟုတ်တယ် ... သားရဲ့။ သရက်ပင်ကြီးအနောက်ဘက်ပဲ။ အဖေတို့က အငယ်ကောင် တူတူပုန်းတမ်း ဆော့တယ်မှတ်လို့"

"မဟုတ်ဘူး ... အဖေ။ သား ချောင်းကြည့်ပြီးပြီ။ သရက်ပင်ကြီးအနောက်ဘက် တစ်ပေအကွာမှာ သူရပ်ရပ်ပြီး မြေကြီးကို ငုံ့ကြည့်တယ်၊ ငိုတယ်။ အဖေ သရက်ပင့်အောက်မှာ စောင့်နေပါ။ သား ခြံနောက်ဘက်စတိုခန်းထဲက ပေါက်ပြားနဲ့ တူးရွင်းယူလိုက်ဦးမယ်။ အငယ်ကောင် အိပ်လောက်ရောပေါ့နော်"

"အေး ... ဒီကောင့်အိပ်ချိန်ပဲ"

ကျွန်တော် အိမ်အနောက်ဘက် စတိုခန်းထဲက ပေါက်ပြားနဲ့ တူးရွင်းကို ယူလာခဲ့တယ်။ အဖေ့ကိုပေးပြီး ခန့်မှန်းနေရာကိုပြတယ်။

"အဖေ ... မြေဇာမြက်ဖုတ်ကို ပေါက်ပြားနှင့် ရုပ်ခုတ်ပေးပါ။ ပြီးမှ ပုံစံမပျက်၊ ကျင်းတူးရမယ်၊ တစ်ပေပတ်လည်၊ နှစ်ပေအနက်လောက်ပေါ့"

"အေး ... အေး ..."

မြက်ဖုတ်ကို ဖယ်ရှားပြီး ပုံစံမပျက်ထား၍ တွင်းနက်တူးသည်။ နှစ်ဖေခန့်အနက်၌ တစ်စုံတစ်ရာနှင့် ထိမိသဖြင့် ရပ်လိုက်ပြီး လက်ဖြင့်

www.burmeseclassic.com



နှိုက်ကြည့်တော့ အဝကျယ်ပုလင်းတစ်လုံးကို စမ်းမိသည်။ ချော့၍တူးပြီး အပေါက ဆွဲနှုတ်လိုက်တော့ ဟောလစ်ပုလင်းတစ်လုံး ထွက်လာသည်။ အတွင်း၌ လက်သုတ်ပဝါဖြင့် ပတ်ထားသော ပစ္စည်းများ ဖြေကြည့်တော့ မှ စိန်ရွှေရတနာ၊ လက်ဝတ်အထည်များဖြစ်သည်။ အလေးချိန်က (၅၀) ကျပ်သားခန့်ရှိသည်။

"အဖေ ... ဒါ ဟိုဘဝတုန်းက ကျွန်တော့်ပစ္စည်းတွေ၊ အငယ်ကောင် သူ့အစ်မနဲ့ပေါင်းခိုးပြီး မြှုပ်ထားတာ။ အဖေ့လုပ်ငန်းမှာ မြှုပ်နှံဖို့ ယူထားပေတော့။ အငယ်ကောင်မသိအောင် ခြေရာလက်ရာမပျက် ပုလင်းထဲမှာ မြေကြီးခဲကို လက်သုပ်ပဝါနဲ့ထုပ်ပြီး ပြန်ဖုံးထားပါ"

"သား ... ဒါနဲ့ သားက ဟိုဘဝတုန်းက ဘယ်သူလဲ"

"သားက ဒီအိမ်ကြီးကို စနစ်တကျဆောက်လုပ်ခဲ့တဲ့ အိမ်ကြီးပိုင်ရှင် 'ဆိုင်းမွန်းဒီဖရစ်တို'လို့ခေါ်တယ်။ နီတာက သားယောက်[illegible]နာမည်က 'ဖရန်စစ်'တဲ့။ ပြင်သစ်လူမျိုး။ သူ့အစ်မဆိုတဲ့ ကျွန်တော့်မိန်း[illegible]က မေရီပါးလ်။

တကယ်တော့ မေရီနဲ့ သူက လင်မယား။ ကျွန်တော့်မှာ ပစ္စည်းရှိမှန်းသိလို့ ပေါင်းပြီးကြံကြတာ။ အဖေ ... ဒီအကြောင်းတွေ နောက်[illegible]ပြောပြပါရစေ။ ကျွန်တော် စဉ်းစားပြီးပြောရတာ ခေါင်းမူးလို့ပါ။ ကွင်းဆက်တွေက ပြတ်နေတယ်။ ကျွန်တော် အိပ်မက်နဲ့ ဆက်ပြီးမှ ရှင်းပြ[illegible]ရစေ ... အဖေ"

"အေးပါ ... သားရယ်။ ကဲ ... ရေမိုးချိုး ညစာ[illegible]နားလိုက်တော့။ အဖေလည်း ဒီပစ္စည်းတွေကို မင်းအမေနဲ့တိုင်ပင်[illegible]လိုအပ်မှ သုံးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ကျင်းတူးသည့်နေရာအား ခြေရာလက်ရာမပျက် မြတ်ဖုတ်နှင့် ပြန်ဖုံးခဲ့ပြီး ထိုနေရာအား သစ်ရွက်ကြွေများ၊ ပြန်ကျဲချထားခဲ့ပါသည်။ ကျွန်တော်တို့အိမ်ပေါ်ရောက်တော့ အငယ်ကောင်မှာ အောက်ထပ်က မီးလင်းဖိုအပေါက်ကြီးရှေ့၌ အမေက ဆောင်ပန်းပုခက်ကြီးကို လွဲ၍ သိပ်နေသည်။ ဆောင်ပန်းပုခက်ဆိုသည်မှာ လေးထောင့်စပ်စပ်၊ သစ်သားဖြင့် လုပ်ထားသော ကလေးခုတင်လေးသဖွယ် လွှဲ၍ရသော ပုခက်ကြီးဖြစ်သည်။ ကျွန်တော် မွေးစဉ်ကမှ အဖေဝယ်ပေးခြင်းဖြစ်သည်။

ကျွန်တော်တို့နေသော အိမ်ကြီးမှာ နှစ်ထပ်ဆင်ဝင်နှင့် အပေါ်က လသာဆောင် အပေါ်ထပ်တက်သည့် ကျွန်းလှေကားကြီး၊ ကြောင်လိမ်လှေတံခါးကြီးရှိသည်။ အပေါ်ထပ်၌ ဧည့်ခန်းကျယ်ကြီးနှင့် စကြံလမ်းတစ်ဖက်တစ်ချက်တွင် အိပ်ခန်းကျယ်ကြီး (၂) ခန်းစီရှိပြီး နောက်အစွန်၌ ထမင်းစားခန်း၊ မီးဖိုခန်း၊ အိမ်သာနှင့် ရေချိုးခန်းပါရှိသည်။ ခေါင်းရင်းဘက်၌ စတိုခန်းရှိပြီး အနောက်ဖက် ထွက်ပေါက်လည်းရှိသည်။

အနောက်ဖက်အပြင်၌ ရေစင်ကြီးရှိပြီး ရေစင်အနောက်ဘက်၌ သစ်သားအိမ်တစ်လုံးရှိသည်။ ခြံစောင့်ကြီး ဦးစောဂျော်လီ တစ်ယောက်တည်းနေသည်။ အိမ်ကြီးခြေရင်း၌ မော်တော်ကားရုံရှိသော်လည်း အဖေ့ကားက အိမ်ရှေ့ဆင်ဝင်အောက်၌ပင် အလွယ်ထားတတ်သည်။ မော်တော်ကားရုံက အားနေသဖြင့် ခြံစောင့်မာလီ ဦးစောဂျော်လီ၏ ပန်းအိုးများ၊ လက်နက်ပစ္စည်းအသုံးအဆောင်များ၊ ကားအပိုပစ္စည်းများထားရာ အခန်းဖြစ်သည်။

အိမ်ရှေ့ခြံအဝင်၌ သံတံခါးကြီးတပ်ဆင်ထားသည့် အုတ်တိုင်ကြီး (၂) လုံးတွင် တစ်တိုင်၌ ခြံအမှတ် ရေးထိုးထားပြီးတစ်တိုင်၌ မြကြီး



www.burmeseclassic.com

နှင်းညီ (GOLDEN PEARLS HOUSE) ဟု ရေးထိုးထားသော်လည်း ချိတ်ဆွဲထားသဖြင့် အင်္ဂလိပ်စာလုံးများ မပီပြင်တော့။ ရပ်ရွာကတော့ မြန်မာတို့ 'ပုလဲမြိုင်အိမ်ကြီး' ဟူ၍သာ ခေါ်ဆိုနေကြသည်။ ဤအိမ်ကြီးကို တစ်ချိန်က ကျွန်တော့်စိတ်တိုင်းကျ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ကျွန်တော်တို့မိသားစု ညစာကို ည (၇)နာရီ၌ စားသောက်ကြပြီးနောက် ကျွန်တော်က ...

"အဖေနဲ့အမေ ... သား စောစော အိပ်ရာဝင်တော့မယ်။ အရေးမကြီးဘဲ သားကိုမနှိုးပါနဲ့။ သားကိစ္စရှိလို့ပါ"

အဖေက သဘောပေါက်သည်။

"အေး ... အေး ... သားအိပ်တော့။ စိတ်ချလက်ချအိပ်။ အဖေတို့ ရှိပါတယ်"

အမေက သဘောမပေါက်။

"သားက ဘာလို့ စောစောအိပ်မှာလဲ။ စကားကြီးစကားကျယ်တွေ မပြောတော့ဘူးလား။ မင်းအဖေ အတွေ့အကြုံ ပုံပြင်တွေကိုရော နားမထောင်ဘူးလားကွယ့်"

"သူကိစ္စရှိတယ်လို့ ပြောတယ်လေ ... အမေကြီးရဲ့"

အလွန်ရိုး၍ သားများကိုချစ်သော အမေက သဘောမပေါက်။

"အိပ်တာများ ကိစ္စရှိလို့တဲ့။ အတော်ကြီးကျယ်တဲ့သား။ ကြီးလာရင်တော့ ဘာဖြစ်မယ်မသိဘူး"

ထိုစဉ် အမေ့ရင်ခွင်ထဲ၌ ထိုင်နေသော အငယ်ကောင်နီနီဘာက 'ဖူးလ်' အရူးဟု ထအော်သဖြင့် ကျွန်တော်က လက်သီးဆုပ်ပြရာ ငြိမ်သွားသည်။ အစ်ကိုကြီးနှင့် အစ်မကြီးက စာကျက်နေကြသည်။ ကျွန်တော်

www.burmeseclassic.com



က အပေါ်ထပ် မိဘများအခန်းအနောက်ဖက်၌ တစ်ယောက်တည်း တစ်ခန်း သီးသန့်အိပ်သည်။

အစ်ကိုကြီးနှင့် အစ်မကြီးက အောက်ထပ်၌ တစ်ခန်းစီအိပ်ကြသည်။ ကလေးများကိစ္စနှင့် ချက်ရေးပြုတ်ရေးကိစ္စများရှိသဖြင့် အဖေက အမေသက်သာစေရန် အိမ်ဖော်ငှားလိုသော်လည်း အမေက လက်မခံ။ တောသူပီပီ တစ်ယောက်တည်း ချက်ပြုတ်သည်။ အဝတ်လျှော်၊ မီးပူတိုက်ခြင်းကိုတော့ ကုလားမကလေးတစ်ဦးအား ငှားထားပါသည်။ ဈေးကလည်း ဘူတာရုံအနီးဈေးရှိ၍ မဝေးလှပါ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

ကျွန်တော်တစ်ယောက်တည်း အိမ်ရာဝင်ရင်း ကျွန်တော်၏ ယခင်ဘဝဟောင်းအကြောင်းကို မှတ်မိသိရှိသလောက် တွေးတောနေမိသည်။ ကျွန်တော့်အမည်က ဆိုင်းမွန်ဒီဗရစ်တို။ ပင်လယ်ဓားပြခေါင်းဆောင်ကြီးဖြစ်သည်။ ကျွန်းတစ်ကျွန်းတွင် ဒုတိယကမ္ဘာစစ်ဖြစ်ခါနီး ကျွန်တော်ရောက်နေသည်။

ပြီးနောက် ရန်ကုန်သို့ လှို့ဝှက်ဝင်လာပြီး ယခုဘဝတွင် တော်စပ်သည့်ညီ နီတာ၏ အစ်မနှင့်နီးစပ်ပြီး အိမ်ထောင်ကျသည်။ သမိုင်းတွင် အိမ်ကြီးကို ဆောက်သည်။ ရတနာပစ္စည်းများခိုးသဖြင့် နီတာတို့မောင်နှမအား ကျွန်တော် ခြောက်လုံးပြူးသေနတ်ဖြင့် ပစ်သတ်လိုက်သည်။ ကျွန်တော်လည်း အစာထဲ၌ အဆိပ်ခတ်ခံရ၍ သေဆုံးခဲ့ရသည်။ ကွင်းဆက်အစိတ်အပိုင်းများက ပြတ်တောက်နေသည်။ ကျွန်တော် အတင်းပင် ဖျစ်ညှစ်၍ ပုံဖော်ကြည့်သည် မရပါ။ . . . တွေးမိလေပြီ။ ယခင်ဘဝ နီနာ၏အစ်မက ဖမရီပါးလ်။ နီတာက ဖရန်စစ်။ ဟုတ်ပြီ။ ကျွန်တော် အတွေးပုံရိပ်များကို အပ်မက်ကမ္ဘာထဲအထိ သယ်ဆောင်သွားတော့သည်။

www.burmeseclassic.com



ကျွန်တော်က ငယ်စဉ်ကပင် ဂရိသင်္ဘောကုမ္ပဏီတွင် သင်္ဘောသားအဖြစ် အလုပ်လုပ်ခဲ့သဖြင့် ကမ္ဘာ့ပတ်ပြီး ကြီးပြင်းလာသူဖြစ်သည်။ မိဘများက ကျွန်တော့်အား စပိန်နိုင်ငံ၊ မဒရစ်မြို့ ဆင်ခြေဖုံး၌ မွေးဖွားခဲ့သည်။ ပထမကမ္ဘာစစ်ကြီးပြီးစ၌ မွေးဖွားခဲ့ခြင်းဖြစ်သည်။ ကျွန်တော့်အား ဂရိသင်္ဘောသူဌေးက အလွန်ချစ်သည်။

ကျွန်တော် အရွယ်ရောက်သည်မှစ၍ သင်္ဘောသားပေါက်စဖြစ်ခဲ့၍ ရေကူးနှင့်ရေကြောင်းပညာကို အလွန်ကျွမ်းကျင်ပါသည်။ ဘာသာအနေဖြင့်လည်း စပိန်၊ ပေါ်တူဂီ၊ ဒတ်ချ်၊ ဂရိ၊ အမေရိကန်စကားတို့ကို အင်္ဂလိပ်ဘာသာကို အခြေခံပြီး တတ်ကျွမ်းပါသည်။ ဂရိသင်္ဘောသူဌေးကြီးဆုံးခါနီး ဒုတိယကမ္ဘာစစ် စတင်ရန်အချိန်တွင် ကျွန်တော့်မိဘများ ကွယ်လွန်ကုန်သလို၊ ဂရိသင်္ဘောသူဌေးကြီးလည်း ကွယ်လွန်ရှာသည်။

သူ မကွယ်လွန်မီ ကျွန်တော့်အား မွေးစားသားအနေဖြင့် ကမ်းရိုးတန်းသွား၊ ငါးဖမ်းစက် (၂) လုံးတပ် သင်္ဘောလေးတစ်စီးကို အမွေပေးခဲ့ပါသည်။ သင်္ဘောလေးမှာ အင်္ဂလန်နိုင်ငံလုပ် ဂျွန်ဆင်စက် (၂) လုံးတပ် အရှည်ပေ (၁၅၀)၊ ဗျပ် (၅၀) ခန့်ရှိသော သံကိုယ်ထည်ဖြစ်သည်။ ထိုခေတ်က အတော်ခေတ်မီသည်။ စက်အင်္ဂါအားကောင်းသဖြင့် အလွန်လည်း" လျင်မြန်ပါသည်။ ရေငုပ်ပစ္စည်းမှစ၍ သင်္ဘောအသုံးအဆောင်ပစ္စည်း အတော်စုံလင်ပါသည်။

အစပိုင်းတွင်တော့ ကျွန်တော် ငါးဖမ်းသင်္ဘော ဦးစီးလုပ်သည်။ ဒုတိယကမ္ဘာစစ်ဖြစ်ရန် ဂျာမနီအာဏာရှင်ဟစ်တလာက ခေါင်းထောင်လာချိန်တွင်တော့ ပင်လယ်ရေပိုင်နက်များက မလုံခြုံတော့။ ကျွန်တော်တို့ငါးဖမ်းသင်္ဘောများအတွက် အန္တရာယ်ရှိလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘူလူ့ဒီသင်္ဘောများကို ငါးဖမ်းသင်္ဘောအယောင်ဆောင်၍ (၂) ဓာတ်တောက်လှမ်းရေး လုပ်ကြသောကြောင့် အန္တရာယ်ရှိလာခြင်းဖြစ်သည်။ အင်္ဂလန်ရေတပ်က အင်အားကောင်းသလို ဂျာမန်ဖျက်သင်္ဘောနှင့် တော်ပီဒိုတင် တိုက်ခိုက်ရေးသင်္ဘောရေငုပ်သင်္ဘောများ အလွန်စွမ်းအားကောင်းလှသည်။

မကြာမီ ဂျာမနီနှင့် အီတလီခေါင်းဆောင်မှုဆိုလိုနီတို့ ဖက်ဆစ်နိုင်ငံများအချင်းချင်း မဟာမိတ်ဖွဲ့သည်။ ကမ္ဘာစစ်ကြီးက ဖြစ်တော့မည်သေချာသဖြင့် ကျွန်တော် ပင်လယ်ပျော်တစ်ယောက် စစ်ကြီးကိုရှောင်ရှားရန် ကမ္ဘာအရှေ့ခြမ်းသို့ ထွက်ခဲ့ပါသည်။ ကျွန်တော်၏ သင်္ဘောလေးကိုလည်း ယခင်အမည် မဒရစ်မှ SPIDER ဟု အမည်ပြောင်းခဲ့သည်။ သင်္ဘောကိုတော့ ယခင် ငါးဖမ်းသင်္ဘောအတိုင်းပင် တန်ဆာဆင်ထားသည်။

ကျွန်တော့်အတွေ့အကြုံအရ ကျွန်တော့်လိုပင် ဒုတိယကမ္ဘာစစ်ကြီးရန်ကို ရှောင်ရှားကြသော သူဌေးသင်္ဘောများကို ဓားပြတိုက်အနှောက်ယှက်စီးရန်ဖြစ်သည်။ ကျွန်တော်တို့ ငါးဖမ်းသင်္ဘောတွင် တရားဝင်ကိုင်ဆောင်သော လက်နက်များအပြင် လက်နက်ပုန်းများလည်း ပါရှိသည်။

အကြံတူ ဓားပြများရန်မှ ကာကွယ်ရန်အတွက်လည်း ဂျာမန်ရန်ကြောင့် ဖျက်ဆီးသွားသော ကမ်းလှည့်စစ်ရေယာဉ်တစ်စီးမှ အော်လီဂန်းနှင့် စက်သေနတ်ကြီးများ၊ စိန်ပြောင်းနှင့် လက်နက်ငယ်အမြောက်ကျည်ဆန်များလည်း ရရှိထားသဖြင့် တော်ရုံဓားပြသင်္ဘောလေးတွေတော့ ကျွန်တော်တို့သင်္ဘောက မဖြုံပါ။ သင်္ဘောတွင် ပါဝင်သူများကလည်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် နှစ်ပေါင်းအတော်ကြာ လက်တွဲလုပ်လာခဲ့သော ပင်လယ်သားစစ်စစ် လူကြမ်းကြီးများဖြစ်ကြသည်။

ကျွန်တော်၏ တစ်သွေး၊ တစ်သံ၊ တစ်မိန့်ကို မြေဝယ်မကျ နားထောင်ကြသော ပင်လယ်မုဆိုးများဖြစ်ကြသည်။ ကျွန်တော်၏လက်ထောက် မာလိန်မှူးက ဂျိုနသန်၊ အင်္ဂလိပ်စစ်စစ်တပ်ထွက်ဖြစ်သည်။ ဗလကြီးသော်လည်း လွန်စွာ သဘောကောင်းသည်။ ရေတပ်ထွက်ပီပီ၊ လက်နက်မျိုးစုံကို ကျွမ်းကျင်သလို၊ ကမ္ဘာပတ်လာသူပီပီ၊ ရေလမ်းကြောင်း ကျွမ်းကျင်သည်။

အင်္ဂလိပ်စစ်သင်္ဘောနှင့် ဂျာမန်ရေတပ်အထာကို ကျွမ်းကျင်သဖြင့် ရှောင်တိမ်းတတ်သူဖြစ်သည်။ သူက ကျွန်တော့်ညာလက်ရုံး။ တစ်ယောက်ကတော့ ဂရိလူမျိုး။ ဂရိသင်္ဘောသူဌေးကြီး လက်ထောက်ကတည်းက ကျွန်တော်၏လက်အောက်ခံ တပည့်လူယုံ ဖြစ်သည်။ ထမင်းချက်၊ သေနတ်ပစ်၊ ငါးဖမ်း၊ သင်္ဘောစက်ပြင် အစစအားကိုးရသည်။

ယခင်က ကျွန်တော်၏ SPIDER သင်္ဘောတွင် လေးလိုက်သော SKODA အင်ဂျင်ကြီးနှစ်လုံး တပ်ဆင်ထားရာ ဆွဲအားကောင်းသော်လည်း စက်နှစ်လုံး၏အလေးချိန်က များလွန်းလှသဖြင့် သင်္ဘောရေစူးများသည်။ ကုန်တန်ချိန်များများ မသယ်ဆောင်နိုင်။

ထို့ကြောင့် ယခင် ကျွန်တော့်သင်္ဘောအမည် မဒရစ်မှ SPIDER သို့ ပြောင်းခဲ့သလို SKODA အင်ဂျင်ကြီးနှစ်လုံးအားလည်း ဖြုတ်ပြီး အင်္ဂလန်နိုင်ငံလုပ် နောက်ဆုံးပေါ် JOHNSON အင်ဂျင်နှစ်လုံးသို့ ပြောင်းလဲတပ်ဆင်ခဲ့ပါသည်။ ထို့ကြောင့် ယခု SPIDER သင်္ဘောကလေးမှာ ပင့်ကူကဲ့သို့ ရေပေါ်ရှပ်ပြီး လျင်မြန်စွာ ပြေးလွှားနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောတွင် အရိုးခေါင်းပုံအလံနက်ကြီး တင်မထားပါ။ အလံဖြူတစ်ခုကိုသာ တင်ထားသည်။ အားလုံးကို အရှုံးပေးသည့်သဘော။

သို့သော် ပိုင်ပြီဆိုလျှင်တော့ သောက်ရေပြတ်၍ ရေတောင်းသည့်သဘောနှင့် ခရီးသည်တင်သင်္ဘောကြီးအနီး အချက်ပြ၍ကပ်သည်။ ပြီးနောက် ဓားပြတိုက်သော်လည်း လူမသတ်ပါ။ ပြန်လှန်ခုခံလျှင်တော့ မထောက်သာဘဲ သူပစ်ကိုယ်ပစ် ခုခံရသည်။ အနောက်မှ အရှေ့သို့လာရာ ထမ်းခရီးတစ်လျှောက်လုံး သင်္ဘောလေးငါးစီးအား ဓားပြတိုက်လာခဲ့သည်။ ရတနာပစ္စည်းများ အတော်ရသည်။

အာဖရိက ဂွတ်ဟုတ်ငူအနီးတွင် ဆိုမာလီပင်လယ် ဓားပြလှေများနှင့်တွေ့၍ အပြင်းအထန် တိုက်ပွဲဝင်ခဲ့ရသည်။ လက်နက်ကြီးများအပြင် အော်လီဂန်းပါအသုံးပြု၍ ဓားပြလှေ (၂) စီး (၃) စီးအား ပစ်ခတ်၊ နှစ်မြုပ်ပစ်လိုက်တော့မှ အဝေးရှောင်သွားကြသည်။ ထိုတိုက်ပွဲ၌ ကျွန်တော်တို့ဖက်က တစ်ယောက်ကျသည်။ နှစ်ယောက် ဒဏ်ရာရသည်။

ဒဏ်ရာရသူများက မပြောပလောက်သဖြင့် သင်္ဘောဆေးမှူးက ဆေးထည့်ဆေးထိုး၊ ပတ်တီးစည်းပေးသည်။ သေဆုံးသူကိုတော့ ရေတပ်ထုံးစံအတိုင်း အလေးပြု၍ ပင်လယ်ထဲချ မြုပ်နှံသင်္ဂြိုဟ်လိုက်သည့်အပြင် ငွေရင်းရသင့်ရထိုက်သည့် ရှယ်ယာများအား တိုင်းပြည်ပြန်ရောက်လျှင် ငွေမိသားစုအား ခွဲဝေပေးရန်ဒုတိယ မာလိန်မှူးကျိန်သန်ခေါ် ဗလကြီးအား အပ်နှံထားပြီး အားလုံးအားလည်း ဝေစုများ ခွဲဝေပေးလိုက်သည်။

ကျွန်တော်တို့လုပ်ငန်းမှာ မကောင်းမှုလုပ်ငန်းဖြစ်၍ ကတိသစ္စာရှိရန်တော့ အလွန်အရေးကြီးပါသည်။ သင်္ဘောသားများက ကျွန်တော်နှင့် ဗလကြီးကျိန်သန်၏ အမိန့်ကိုတော့ စစ်တပ်ကအမိန့်လို လွန်စွာလေးစားကြ၍ တော်ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ အာဖရိကတိုက်ကိုကျော်တော့ ဂျာမနီ၊ အီတလီနှင့် ဂျပန်တို့ ဝင်ရိုးတန်းနိုင်ငံအဖြစ် မဟာမိတ်ဖွဲ့ကြကြောင်း ရေဒီယိုမှ သတင်းကြားရပြီး ဂျာမနီက ပြင်သစ်နှင့်စပိန်ကိုသိမ်းကြောင်း၊ အီတလီက အိမ်နီးချင်းနိုင်ငံများအား ကျူးကျော်ဝင်ရောက်ကြောင်း သတင်းကြားရသည်။ ဂျာမနီနှင့် အင်္ဂလန် တရားဝင်စစ်ကြေငြာ၍စစ် ဖြစ်ကြပါပြီ။ ကျွန်တော့်တွက်ကိန်းမှန်သည်ဟု ဆိုရပါမည်။ အနောက်တိုင်းတွင် နေပါက စစ်အတွင်း ပါရမည်ဖြစ်လေသည်။

သို့သော် နောက်တစ်နေ့တွင် ဂျပန်က စစ်မကြေငြာဘဲ စစ်ထဲဝင်ရောက်၍ အမေရိကန်ပိုင်ပုလဲဆိပ်ကမ်းအား ဗုံးကြဲတိုက်သဖြင့် အမေရိကန်အထိနာသွားပြီး စစ်ထဲသို့ ဝင်ရောက်လာသည်။ ထိုစဉ်က ဂျပန်များအသုံးပြုသော တိုက်လေယာဉ်ကလေးများမှာ လွန်စွာ ပေါ့ပါးပြီး ပတ္တူစဖြင့် လုပ်ထားသဖြင့် လျင်မြန်သည်။ ZERO FIGHTER ဟု ခေါ်သည်။

ကိုယ်ထည်၌ နေဝန်းဆိပ်၊ အင်္ဂလိပ်လေယာဉ်ကတော့ SPIT FIRE ဟုခေါ်သည့် ယူနီယံဂျက်အလံတံဆိပ်၊ စက်အင်အားကောင်းသည်။ ဗုံးကြဲလေယာဉ်ကြီးများကတော့ DAGOTA ခေါ် အမည်းရောင် လေယာဉ်ကြီးများဖြစ်သည်။ ဂျာမနီကတော့ မစ်ဆာရှမစ်ခေါ် ဗုံးကြဲ တိုက်လေယာဉ်အဖြစ် နှစ်မျိုးသုံးနိုင်သော လေယာဉ်အလတ်စားများဖြစ်ကြပြီး လွန်စွာလျင်မြန်ပြီး စက်အင်အားကောင်းသည်။

စစ်ကြီးအစပိုင်း၌ အင်္ဂလိပ်များ အရှုံးပေါ်နေသည်။ ဂျာမနီက အင်္ဂလန်ကျွန်းအထိပင် ဗုံးသွားကြဲပြီး ဂျပန်က အရှေ့ဖျားရှိ အင်္ဂလိပ် ကိုလိုနီနယ်များအား သိမ်းယူနေသည်။ ဂျပန်က အမေရိကန်ပိုင်၊ ပုလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိပ်ကမ်းအား ဝင်ရောက်တိုက်ခိုက်တော့မှ အမေရိကန်၊ ကမ္ဘာစစ်ထဲ ဝင်လာသဖြင့် အင်္ဂလိပ်များ၊ အသက်ရှူချောင်တော့သည်။ ရုရှားက လည်း မဟာမိတ်အဖွဲ့ထဲဝင်သည်။

ဂျာမနီက အင်္ဂလိပ်၊ ပြင်သစ်၊ အမေရိကန်အပြင် ရုရှားကိုပါ စစ်ကြေငြာပြီး တိုက်သည်။ ရုရှားတပ်နီတော်များက မှုုးခေါ်သဖြင့် ရေခဲပြင်ခေသည၌ ဂျာမနီတပ်များ ရိုက္ခာပြတ်ပြီး အအေးဒဏ် မခံနိုင်၍ စစ်ပြည်စေပြုသည်။ ထိုအချိန်တွင် မဟာမိတ်၊အင်္ဂလိပ်၊ အမေရိကန်တပ် များမှ ပြင်သစ်နိုင်ငံ၊ နော်မန်ဒီ ကမ်းတက်တိုက်ပွဲ၌ အနိုင်ရသည်။ ဂျာမနီဟစ်တလာက နောက်ဆုံးပေါ် တဝ့်ကားလက်နက်ဆန်းများ (U-2)ခေါ် မောင်းသူမဲ့လေယာဉ်များ၊ ဖျက်သင်္ဘောကြီးများ၊ ရေငုပ်သင်္ဘော များ၊ ထုတ်သုံးလာသဖြင့် စစ်ကြီးမှာ တန့်သွားသည်။

ထိုအချိန် ဂျာမနီခေါင်းဆောင်က ဟစ်တလာ၊ အီတလီခေါင်း ဆောင်က မုဆိုလိုနီ၊ အင်္ဂလန်က ဆာဝင်စတန်ချာချီ၊ အမေရိကန်သမ္မတ က ရုစဘဲ့။ ရုရှားက ကမ္ဘူးရှက်၊ ဂျပန်ဘုရင်က ဟီရိုဟီတိုတို့ ဖြစ်ကြ သည်။

ကျွန်တော်တို့သင်္ဘော သီဟိုဠ်ကျွန်းကို ကျော်တော့ ကောင်း ကင်ယံ၌ အင်္ဂလိပ်နှင့် ဂျပန် စစ်လေယာဉ်များ စီးချင်းထိုးနေကြသည်။ ဂျပန်လေယာဉ်ကလေးများက မဲမဲမြင်ရာ လိုက်ပစ်တတ်သဖြင့် ကျွန်တော် တို့သင်္ဘောလည်း စက်ကုန်ဖွင့်၍ နီးစပ်ရာကျွန်းတွင် ခိုလှုံရန် ပြေးရ တော့သည်။

ကံကောင်းထောက်မစွာဖြင့် မြန်မာပိုင် မြိတ်ကျွန်းစုအတွင်း ရောက်ရှိသွားပြီး နီးစပ်ရာကျွန်းကြီး၌ ဝင်ခိုနားပြီး ပုန်းအောင်းရတော့ မည်။ ထိုကျွန်းကြီးမှာ ပုလဲကျွန်းခေါ် ကြီးမားသော ကျွန်းကြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရေလုပ်သားတံငါသည်များ ငှက်သိုက်ရှာသူများ၊ ပုလဲငုပ်သူများ နေထိုင်ကြသည်။ ပုလဲကျွန်းရှာရှိသော်လည်း လူနေနည်းသည်။ မုလဲကျွန်းကြီးကို ယခင်အမည်မှာ ဆာမယ်ကွန်မက္ကာဒေါ်နယ်ကျွန်းဟု ခေါ်ဆိုခဲ့သည်။

မြိတ်ကျွန်းစုမှာ ကျွန်းပေါင်း (၈၀၀) ကျော်ရှိသည်။ ကတန်ကျွန်းခေါ် (KING ISLAND) မှာ မြိတ်မြို့၏ အနောက်မြောက်ထွင်ရှိသော အကြီးမားဆုံးကျွန်းကြီးဖြစ်သည်။ ဟောင်ကောင်ကျွန်းထက် များစွာ ပိုကြီးသည်။ ကျွန်းကြီးမှာ မြိတ်ဆိပ်ကမ်းဖြင့် မျက်နှာချင်းဆိုင်နေပြီး အရှေ့ဘက်၌ ပင်လယ်ကွေ့ရှိသဖြင့် မြို့တစ်မြို့တည်ပြီး ဆိပ်ကမ်းကောင်းတစ်ခု လုပ်နိုင်သည်။

ကျွန်းများဖြင့် နီးလာသည်နှင့်အမျှ သင်္ဘောသားငှက်ခေါ် စင်ရော်ငှက်များက ကျွန်တော်တို့သင်္ဘောအား အုပ်လိုက်ကြိုသည်။ ကျွန်တော်တို့သင်္ဘောသားများကလည်း မိတ်ဆက်သည့်အနေဖြင့် ပေါင်မုန့်ဘီစကစ်မုန့်များ ချကျွေးကြသဖြင့် တစ်လမ်းလုံး လိုက်ပါလာကြသည်။

ကျွန်တော်က ဤခရီးစဉ်အား ပင်လယ်ကမ္ဘာရေပုံ (မြေပုံ) ပေါ်၌ အထပ်ထပ်အခါခါ လေ့လာသုံးသပ်ပြီးဖြစ်သည်။

တစ်ခါ အနောက်ဘက်မှ လှုပ်ရှားမှုကို မြင်ရသဖြင့်ကြည့်တော့ ငမန်းအုပ်ကြီးဖြစ်သည်။ တစ်ကောင်လျှင် လူတစ်ကိုယ်စာ နှစ်ကိုယ်စာရှိသည်။ မြူးတူးရွှင်ပျစွာ လိုက်လာကြခြင်းဖြစ်သည်။ ရန်လိုဟန်တော့ မပြပါ။ ကစားနေကြဟန်တူသည်။

မှိုင်းညို့နေသော တောတန်းစိမ်းစိမ်းများမှာ မိုးကုပ်စက်ဝိုင်းအတွင်း သင်္ဘောဖြင့် တဖြည်းဖြည်း နီးကပ်လာသည်။ ရေအရောင်ကလည်း ပြောင်းလာသည်။ ကျွန်တော်တို့ သင်္ဘောသားများအဖြင့် ပင်လယ်အတိမ်အနက်ကို မှန်းဆနိုင်ရန် ရေအရောင် (၅) မျိုး ခွဲခြား



www.burmeseclassic.com

www.burmeseclassic.com



ထားသည်။ ပင်လယ်အနက်ရှိုင်းဆုံးနေရာတွင် ရေရောင်မှာ နက်မှောင်နေပြီး အလွန်ငြိမ်နေသည်။ နောက် နက်ပြာ၊ ပင်လယ်ရေတိမ်ပိုင်းတွင် အပြာရောင် ရောက ကြည်သည်။ ကမ်းနှင့်နီးလာသည်နှင့်အမျှ ရေမှာ နောက်ကျိလာသည်။ စိမ်းပြာရောင်မှ အစိမ်းရောင်၊ ရွှံ့ရောင် ပြောင်းလာသည်။

ထားဝယ်ခရိုင်အဆုံး၊ မြိတ်ခရိုင်အစမှသည် မြန်မာ–ယိုးဒယား နယ်စပ်၊ ကော့သောင်းအထိ ပင်လယ်ကမ်းရိုးတန်းမှာ မိုင်ပေါင်း ၂၄၀ ရှည်လျားပေသည်။ မြိတ်ကျွန်းစုမှာ အထက်ကဖော်ပြခဲ့သလို ကျွန်းကလေးနှင့် ကျွန်းကြီးပေါင်း (၈၀၀) ကျော်မျှရှိသော်လည်း အများအားဖြင့် ထိုခေတ်၊ ထိုအချိန်က လူမနေသောကျွန်းများက အများစုဖြစ်သည်။

ထိုခေတ်ထိုအချိန်က မြိတ်ကျွန်းစုမှာ ဆလုံနှင့် ပသျှူးလူမျိုးများသာနေကြ၍ ငှက်သိုက်ရှာခြင်း၊ ပုလဲငုပ်ခြင်း၊ ငါးဖမ်းခြင်းလုပ်ငန်းသာရှိသည်။ ဆလုံလူမျိုးများမှာ ပင်လယ်ပျော်များဖြစ်ကြ၍ လှေထဲတွင် အိမ်ဆောက်ပြီး ကျွန်းပေါ်မှာ မနေ၊ လှည့်လည်သွားလာကျက်စားသော လူမျိုးများဖြစ်ကြသည်။

ကျွန်းများမှာ ကတန်ကျွန်းလိုအကြီးစားမှ ထားဝယ်ကျွန်း၊ ဆယ်လာကျွန်း၊ ကင်းကျွန်း၊ စိန်းလုတ်ကျွန်း၊ လာဘရိုကျွန်း၊ ကင်းတင်း၊ ကာယ်ဆယ်ရင်း၊ ဒိုမေ၊ မက္ကနော်နယ် စသည့် အင်္ဂလိပ်အမည်များရှိသလို မြန်မာအမည် ရေပြည့်အော်ကျွန်း၊ တော်ပြားကြီး၊ တော်ပြားငယ်၊ ဖိနပ်ကျွန်း၊ လင်မလိုကျွန်း၊ ပန်းဖင်ကျွန်း၊ ခုံးကျွန်း၊ မြွေကျွန်း၊ ပုလဲကျွန်း၊ ငှက်သိုက်ကျွန်းများလည်း ရှိသည်။ အများစုမှာ အင်္ဂလိပ်အမည်နှင့် ဆလုံ၊ ပသျှူး၊ ရှမ်း (ထိုင်း) အမည်၊ တရုတ်အမည်များဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဥပမာအားဖြင့် ဖလောက်ကာကျွန်းမှာ ပသျှူးအမည်ဖြစ်ပြီး လမ်းပိကျွန်းမှာ တရုတ်အမည်၊ မကြူကာလက်ကျွန်းမှာ ဆလုံအမည်ဖြစ်သည်။ လူမနေသော ကျွန်းရိုင်းများစွာရှိရာ တောဆင်ရိုင်း၊ ကျွန်းမတ်ကျားကြီးများနှင့် တောဝက်၊ ချေငှယ်၊ စိုင်ဆတ်ကာအစ တောမျောက်နှင့် ပြောင်အထိ ရှိကြသဖြင့် ပင်လယ်ဖျော်မှုဆိုးကြီးများ၊ ပင်လယ်ဓားပြများ စခန်းချ၍ အမဲလိုက်သော ကျွန်းများဖြစ်ကြသည်။

ကျွန်တော် စတည်းချမည့်ကျွန်းမှာ မြိတ်မြို့နှင့်လည်းမနီးမဝေး၊ ဘုတ်ပြင်းမြို့နယ်အတွင်း ပုလဲကျွန်းရွာရှိသဖြင့် ရေချိုရနိုင်သော ကျွန်းကြီးဖြစ်လေသည်။ သင်္ဘောသားများအတွက် အရေးကြီးဆုံးမှာ ရေချိုရနိုင်ရန် အဓိကဖြစ်လေသည်။

ကျွန်တော်တို့ ပုလဲကျွန်းကြီးအနားရောက်တော့ နေဝင်ချိန်တိမ်တောက်နေသော အချိန်ဖြစ်သည်။ ပင်လယ်ပြင် ရွှေအိုရောင်လင်းလက်တောက်ပနေသည်။ နေလုံးနီကြီးက အနောက်ဘက် မိုးကုပ်စက်ဝိုင်းပင်လယ်ပြင်ပေါ်တွင် မေးတင်နေသည်။ မကြာမီ နေဝင်၍ မှောင်တော့မည်။

ကျွန်းကြီး၏ တစ်ဖက်စွန်း၌ မီးရောင်တလက်လက်ဖြင့် ပုလဲကျွန်းရွာကြီးကို လှမ်းမြင်နေရသည်။ ကျွန်းကြီးမှာ အလွန်ကြီးသည်။ ကျွန်တော်တို့ သင်္ဘောကျောက်ချရန် လှိုင်းကွယ်၊ လေကွယ်နေရာကို ရှာရသည်။ အနောက်တောင် မုတ်သုန်ရာသီလေတိုက်ခတ်သော အချိန်ဖြစ်၍ အရှေ့ဘက်၌ နေရာယူရန် ကျွန်းကို ပတ်၍ရှာရပေမည်။ တောင်ဘက်၌ ရွာကြီးရှိသဖြင့် မြောက်ဘက်က ပတ်ရသည်။ လူသိမခံလို၍ဖြစ်ပေသည်။

အရှေ့မြောက်ဘက်၌ 'အော်'ဖြစ်နေသော အကွေ့တစ်ကွေ့ကို

www.burmeseclassic.com



တွေ့ရသည်။ 'အော်ဝ' မလှမ်းမကမ်း၌လည်း အရုံကျွန်းငယ်တစ်ခု ရှိသည်။ 'အော်' သည် ရေလည်း နက်သည်။ ထို့ကြောင့် SPIDER သင်္ဘောသည် အော်ထဲဝင်၍ ကျောက်ဆောင်အကွယ်၊ အကောင်းဆုံးနေရာ၌ တိုင်းတာတွက်ချက်ပြီး ကျောက်ချလိုက်ပါသည်။ ကျောက်ချပြီးသော အချိန်၌ နေဝင်လေပြီ။ သို့သော် ပင်လယ်ရေရောင်ပြန်ကြောင့် အလင်းရောင်ဖြူဖြူတော့ ကျန်ရှိနေသေးသည်။

ကျွန်တော်တို့ ကျွန်းကပ်လက်လှော် ရော်ဘာလှေကလေးဖြင့် ကျွန်းပေါ်သို့ ဆင်းကြသည်။ ညချမ်းချိန် မှတ်သုန်လေမှာ တဖြည်းဖြည်း အေးလာသည်။ ကျွန်းကြီးပေါ်၌ မည်းမှောင်နေသော သစ်တောကြီးနှင့် ကုန်းတန်းများခံနေ၍ လေပြင်းတိုက်ခြင်းတော့မရှိပါ။ တော်ပါသေးသည်။ ထိုညက မိုးမရွာ။

သင်္ဘောပေါ်မှ အားလုံးဆင်းကြခြင်းဖြစ်၍ လှေကလေးများဖြင့် အခေါက်ခေါက်အခါခါ ပစ္စည်းများနှင့်လူများကို ကူးယူရသည်။ ထိုညက မှောင်ပြီဖြစ်၍ ကျွန်းပေါ်၌ ရေချိုမရှာနိုင်တော့။ သင်္ဘောကျောက်ချရာနှင့် မလှမ်းမကမ်း ပြန့်တစ်ခု၌ စတည်းချရန် စီစဉ်ကြရတော့သည်။ ရွက်ဖျင်တဲဆောက်သည်။

အရေးကြီးသည်က ခြင်အန္တရာယ်နှင့် အလင်းရောင်ရစေရန် ချက်ပြုတ်စားသောက်နိုင်ရန်အတွက် ထင်းလိုပေသည်။ သစ်တောရှိလျှင် ထင်းရှိပေရာ အနီးအနား၌ပင် ထင်းများက အလွယ်တကူရလေသည်။ ထင်းတုံးကြီးများအောက်ခံနှင့် ကျောက်ဆောင်အကွယ်တွင် မီးပုံးသည်။ ကျွန်းစုခြင်ရိုင်းကြီးများမှာ တောခြင်ရိုင်းကြီးများဖြစ်ကြ၍ ကောင်မည်းမည်းနှင့် အတော်ကြီးမားပြီး ကိုက်အားသန်ကြသည်။ မီးလင်းဖိုမှ မီးခိုးငွေ့ရတော့မှ ပြေးကြသဖြင့် အတော်အကိုက်သက်သာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းကြီးတော်ကြီးဖြစ်၍ တောကောင်များလာမည်မှာ အမှန်ဖြစ်သော်လည်း အချိန်မရှိတော့၍ မရှာနိုင်တော့။ စည်သွတ်ဘူးကိုဖောက်ပြီး ချက်၍ ပေါင်မုန့်ဖြင့် ညစာစားကြရန် စီစဉ်ကြရသည်။ ဒုတိယမာလိန်မှူး ဂျိုနသန်က ကျွန်တော်နေခဲ့တော့မည်ဖြစ်သဖြင့် နှုတ်ဆက်ပွဲလုပ်လိုကြောင်း ခွင့်တောင်းသဖြင့် ရှိတာလေးများနှင့် မီးပုံပွဲလုပ်ရသည်။

တပည့်များက ကျွန်တော်နှင့် မခွဲလိုသလို ကျွန်တော်ကလည်း မခွဲချင်ပါ။ သို့သော် ကျွန်တော် ဆုံးဖြတ်ပြီး အခြေချရန် ရွေးချယ်ထားခြင်းဖြစ်သဖြင့် ပြင်ဆင်ခွင့် မပေးနိုင်တော့ပါ။ တကယ်တမ်းကလည်း ကျွန်တော်က တစ်ကောက်ကြွက်၊ မိဘများ မရှိတော့။ မိန်း၊ သားသမီးလည်း မရှိပါ။

နယ်မြေသစ်တွင် အခြေချပြီး အေးချမ်းစွာနေလိုသော ဆန္ဒကကျွန်တော်၏ ဘဝတစ်လျှောက်လုံး ဆုတောင်းခဲ့သော ဆန္ဒဖြစ်သည်။ မီးပုံပွဲလုပ်ပြီး သောက်စားကြသော်လည်း ကျွန်တော်၏ အကျင့်အတိုင်း ရန်သူများ၏ အငိုက်အမိ၊ အတိုက်မခံရစေရန် လက်နက်ခဲယမ်းများအား အနီးတွင် အသင့်ထားပြီး SPIDER သင်္ဘောပေါ်တွင် ကင်းစောင့် (၂) ဦးနှင့် ကျွန်းပေါ်တွင် လက်နက်ကိုင်အစောင့် (၂) ဦး ကင်းပုန်းချထားပါသည်။

ထိုညက ညဉ့်နက်မှ မီးပုံပွဲပြီးသည်။ ဒုတိယမာလိန်မှူး ဂျိုနသန်နှင့်အဖွဲ့က ကမ်းပေါ်တွင် မီးပုံပြီးအိပ်သော်လည်း ကျွန်တော့်အား ခြင်မကိုက်စေရန် သင်္ဘောပေါ်အခန်းတွင်း ပြန်အိပ်ခိုင်းသဖြင့် ကျွန်တော်၏ လူယုံတော် တပည့်ကျွန်စမစ်နှင့်အတူ နောက်ဆုံးအကြိမ်အဖြစ် တက်အိပ်ရသည်။ လှိုင်းသံ၊ လေသံကြားမှ အစာရှာထွက်ကြသော တောကောင်ကြီးများ၏အသံကို အတိုင်းသား ကြားနေရသည်။

www.burmeseclassic.com



ပုလဲကျွန်းတစ်ဖက်၊ ပုလဲကျွန်းရွာကြီးဘက်မှ ညဥ့်နက်သန်းခေါင်ပြန်လာကြသော ငါးဖမ်းလှေများအသံကိုလည်း အနောက်တောင်လေသင့်သည်နှင့် တစ်ချက်တစ်ချက် ကြားနေရသည်။ တကယ်တော့ ပုလဲကျွန်းရွာကြီးမှာ မြန်မာပြည်မနှင့် အလှမ်းဝေးသဖြင့် မြန်မာ့ရေထွက်ကုန်ပစ္စည်းများ၊ ပုလဲများ၊ ငှက်သိုက်များနှင့် အဘိုးတန်သစ်များအား နိုင်ငံခြားနှင့် အကောက်ခွန်မဲ့ ရောင်းဝယ်ဖောက်ကားနေသော မှောင်ခိုရွာကြီးသာ ဖြစ်ပေသည်။

ပြည်မသို့ ကူးသန်းသွားလာရန် မော်တော်၊ စက်လှေများရှိသဖြင့် ကျွန်တော်က လှေလာစုံစမ်းပြီး ပြည်မသို့ကူးရန် ယာယီစတည်းချခြင်းသာဖြစ်ပါသည်။ ကျွန်တော်နှင့် တပည့်လူယုံ ဂျွန်စမစ်တို့နေခဲ့ပြီး ပင်လယ်ပျော် ဒုတိယမာလိန်မှူး ဂျိုနသန်နှင့်အဖွဲ့ကတော့ SPIDER သင်္ဘောဖြင့် ပင်လယ်ပျော်များ ဆက်လုပ်ကြမည်သာဖြစ်သည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

❑

နောက်တစ်နေ့ မနက် (၆) နာရီခန့်တွင် ကျွန်တော်တို့ BREAKFAST စားနေကြစဉ် ဂျိုနသန် သင်္ဘောပေါ်သို့ တက်လာသည်။

"ကပ္ပတိန် . . . ကျွန်တော်တို့ ရေချိုရှာတွေ့တယ်။ စခန်းချရာနဲ့ မနီးမဝေးတောင်စောင်းမှာ တောင်ပေါ်ကစီးကျနေတာ ရေချိုအိုင်ကြီးဖြစ်နေတယ်။ ဒီကျွန်းပေါ်မှာ တောကောင်အတော်စုံတယ်။ ကျွန်တော်တို့မှာလည်း အသားစိုရိကွာပြတ်နေတော့ အမဲလိုက်ချင်တယ်။ ကပ္ပတိန်ထံက ခွင့်ပြုချက်တောင်းတာပါ"

"ပစ်ပါ။ ယမ်းအားပြင်းပြီး အသံကျယ်တဲ့ သေနတ်ကြီးတွေမသုံးနဲ့။ တောကောင်ကြီးကြီးလည်း မပစ်ပါနဲ့။ ချေတို့၊ ဝက်တို့လောက်ပဲ ပစ်ပါ။ လူအများကြီးလည်း မသုံးနဲ့။ နှစ်ယောက်၊ သုံးယောက်ပဲသွားပါ။ စခန်းကင်းကိုလည်း နေ့ညမလစ်ဟင်းစေနဲ့။ ဟုတ်ပြီလား"

"စိတ်ချပါ . . . ကပ္ပတိန်၊ ကျွန်တော်ကိုယ်တိုင် လိုက်သွားမှာပါ။ အသံမကျယ်အောင် ကာဘိုင်သေနတ်နဲ့ အီတလီရိုင်ဖယ်လေးတော့ပဲ



www.burmeseclassic.com

www.burmeseclassic.com



သုံးမှာပါ။ သင်္ဘောပေါ်မှာရော ကုန်းပေါ်မှာပါ အမြဲတမ်း ကင်းချထားပါတယ်''

''အိုကေ . . . ဆက်လုပ်ပါ။ ကိုယ်တော့ ဂျိုနသန်တို့တွေ့ထားတဲ့ ရေအိုင်မှာ ရေတစ်ဝသွားချိုးလိုက်ဦးမယ်''

''ရက်ဆား . . . အဖွဲ့အချို့က ကပ္ပတိန်တို့နေထိုင်ဖို့ ယာယီ တဲဆောက်ဖို့ နေရာရွေးပြီး သစ်ဝါးခုတ်နေကြပါတယ်''

''ကျေးဇူးပဲ . . . ဂျိုနသန်၊ ဆက်လုပ်ပါ''

စားသောက်ပြီးသည်နှင့် ကျွန်တော်နှင့်တပည့်ကျော် ဂျွန်စမစ်တို့ ရော်ဘာလေ့နှင့်ကမ်းသို့ ကူးလာကြသည်။ ကျွန်တော့်အဖွဲ့မှာ သင်္ဘောသားများပီပီ၊ လူစုံတက်စုံ အလုပ်လုပ်နေကြသည်။ ကမ်းစပ်မှ ပင်လယ်ကျောက်စာအနမ်းများနှင့် ငါးများကို ဖမ်းသူကဖမ်းပြီး ကုန်းပေါ်ကျောက်ဆောင်အောက်မြေ၊ လေကွယ်ရာ၌ ရှင်းလင်း၍ တဲဆောက်သူက ဆောက်နေကြသည်။ ကျွန်တော် ရေချိုကန်ကိုမေးတော့ တပည့်တစ်ဦးက လိုက်ပို့သည်။

ရေချိုကန်မှာ ဆောက်လုပ်နေသော တဲအိမ်ကျောတစ်ဖက် ကျောက်ဆောင်အခြေ၌ ဖြစ်သည်။ ပေ (၅၀)ပတ်လည်ခန့် ကျယ်ဝန်းသော ကျောက်ရေကန်ဖြစ်ပြီး ရေအနက်က (၅) ပေခန့် နက်သည်။ ကျောက်တောင်ကြားမှ စိမ့်ထွက်နေသော ရေချိုကန်ဖြစ်သည်။ ကျွန်တော် မဆင်းမီ တပည့်လုပ်သူ ဂျွန်စမစ်က အန္တရာယ်ရှိမရှိ အရင်ဆင်းကြည့်သည်။ ကန်ထဲ၌ အောက်ခြေတွင် ငါးပေါက်ကလေးများ ကူးခတ်နေပြီး အောက်ခြေ၌ ကျောက်တုံး၊ ကျောက်ခဲကလေးများနှင့် သဲပြင်သာရှိ ကြောင်း ကြည်လင်သောရေထဲ၌ ဖောက်ထွင်းပြီး မြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောပေါ်၌ ရေချိုကို ဝဝလင်လင်မချိုးရသဖြင့် ကျွန်တော်တန်အတွင်းဆင်း၍ ရေကူးပြီး တစ်ဝချိုးနေမိသည်။ ထိုစဉ် တောင်ပေါ်တောထဲမှ ဂျိုနသန်တို့ပစ်ခတ်သော သေနတ်သံကို ကြားလိုက်ရသည်။

"ဖောက် ... ဖောက် .... ဖောက် ... ဖောင်း ..."

ဂါဘိုင်သေနတ်ဖြင့် အတွဲလိုက်ပစ်သံဖြစ်သည်။ တောဝက်အုပ်နှင့် တိုးပြီထင်ပါသည်။ ကျွန်တော်တို့ဆရာတပည့် ရေတစ်ဝချိုးပြီးသည်နှင့် ကိုယ်လက်သုတ်သင်ပြီး အဝတ်အစားလဲနေကြစဉ် ဂျိုနသန်တို့အဖွဲ့၊ တောဝက်သိုးကြီးတစ်ကောင်နှင့် ဝက်ပျိုမနှစ်ကောင်ကို ထမ်းလာကြသည်။ လူတွေမှာလည်း မြူးတူးပျော်ရွှင်နေကြသည်။

"ကပ္ပတိန် ... တောကောင်က အရမ်းပေါတယ်ဗျာ။ ကတ္တီတိန်က လက်နက်ကြီးမသုံးရဆိုလို့ ဆတ်ဖားကြီးနဲ့ တောကျွဲတွေကို လက်လွှတ်လိုက်ရတယ်။ ဝက်အုပ်က (၁၀) ကောင်ကျော်တယ်။ ကျွန်တော်တစ်ယောက်တည်း ပစ်တာ (၃) ကောင်ပဲရတယ်။ ကျန်တဲ့အကောင်တွေက တောထဲဝင်ပြေးတာနဲ့ ပင်လယ်ထဲရေကူးပြေးတာနဲ့ ချက်ချင်းပျောက်သွားတယ်။

တစ်ဖက်ကျွန်းကလေး ရေစပ်မှာလည်း ပြောင်လို၊ ကျွဲလိုအကောင်နဲ့။ ဆတ်ဖားကြီးတွေ၊ ချေတွေ၊ တောဝက်တွေ အများကြီးတွေ့ရတယ်။ ကပ္ပတိန်တို့ အသားစိုရိက္ခာအတွက်တော့ ပူစရာမလိုတော့ဘူး။ ကျွန်တော်တို့လည်း သင်္ဘောပေါ် ရိက္ခာအတွက် တစ်ဖက်ကျွန်းကလေးကူးပြီး ပစ်ဦးမယ်"

"သတိတော့ မလွတ်စေနဲ့ ... ဂျိုနသန်၊ ရန်သူနဲ့ တိုးနေမိမယ်"

www.burmeseclassic.com



"စိတ်ချပါ . . . ကပ္ပတိန်၊ ဟိုတစ်ဖက်ကျွန်းကလေးမှာ တော ကောင်တွေ ခိုအောင်းတယ်ဆိုတော့ လူမရှိလို့ အန္တရာယ်ကင်းလို့ဖြစ် မှာ သေချာပါတယ်။ ကျွန်တော် သတိလည်းထားပါ့မယ်"

"အိုကေ"

ကျွန်တော်တို့ နေ့လယ်စာစားချိန်ရောက်တော့ ဝက်သားကင် များ၊ ငါးကင်များ၊ ကဏန်းနှင့် ခရုတ်ပြုတ်များကို တစ်ဝကြီးစားရ သည်။ ဂျိုနသန်တို့အဖွဲ့ ပြန်မလာကြသေးပါ။ သို့သော် ကာဘိုင်သေနတ် သံ တဖောင်းဖောင်းကို မကြာခဏ ကြားနေရသည်။ မကြာပါ။ အီတလီ ရိုင်ဖယ်သံ တဒိုင်းဒိုင်းကို ကြားရပြန်သည်။ သဘော်ပေါ်မှ ကင်းစောင့် များက လက်နက်ကိုယ်စီဖြင့် အသင့်ရှိနေကြသည်။

ကျွန်တော်တို့ စားသောက်ပြီးတော့မှ ဂျိုနသန်နှင့်အဖွဲ့ တော ကောင်သေများကို ရာဘာလှေဖြင့် အခေါက်ခေါက်အခါခါ သယ်ယူလာ ကြသည်။ တောဝက်များက အများဆုံးဖြစ်သည်။ ဆတ်ဖားကြီးနှင့် တော ကျွဲတစ်ကောင်လည်း ပါသည်။ ထိုနေ့က အသားများဖျက်၍ အခြောက် လှမ်း၊ မီးကင်၊ ချက်ရင်းပြုတ်ရင်း စားကြသည်မှာ ညစာပိုင်းနှင့် ဆက် သွားတော့သည်။

"ကပ္ပတိန် . . . တောကောင်ပစ်ပြီး ရောင်းစားရင်တောင် စီးပွား ဖြစ်နိုင်တယ်ဗျ"

"အင်း . . . နောက်ပိုင်း ကြည့်လုပ်ရမှာပေါ့။ ဒီကျွန်းတွေက သယံဇာတပေါတော့ အသက်မွေးမှုလုပ်ငန်းအတွက်တော့ မခက်ခဲပါ ဘူး။ အဲ . . . ဒါပေမဲ့ ကိုယ်တို့လိုလူတွေ ရောက်လာရင်တော့ ပြဿနာ ဖြစ်နိုင်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကပ္ပတိန်ရယ် . . . မြိတ်ကျွန်းစုက ကျွန်းပေါင်း (၈၀၀)ကျော် ရှိတာ။ အေးချမ်းတဲ့ကျွန်း ရှာနေလို့လည်း ဖြစ်ပါတယ်"

"အေးချမ်းတဲ့ကျွန်းဆိုတာက သူ့လူနဲ့အလှမ်းဝေးပြီး လူမနေတဲ့ ကျွန်းပေါ့။ လူမနေတော့ တောရိုင်းတိရစ္ဆာန်အန္တရာယ်နဲ့ သဘာဝဘေးအန္တရာယ် ပင်လယ်ဓားပြတွေရဲ့အန္တရာယ် ပိုကြီးတာပေါ့။ ဒီပုလဲကျွန်းလို လူသူနဲ့မဝေးတာဘဲ ကောင်းပါတယ်"

"ကပ္ပတိန် . . . ကျွန်တော်တစ်ခုလောက် ခွင့်တောင်းချင်တယ်။ ကပ္ပတိန်တပည့်ဂျွန်စမစ်က တရုတ်စကားတတ်တော့ အသားတွေလည်း ဖိုနေတာပဲ။ တောကောင်သားသွားရောင်းရင်း ကျွန်တော် ပုလဲကျွန်းရွာကို လေ့လာချင်တယ်။ ဒါမှ ပိုအဆင်ပြေမှာပေါ့"

"ဒီလိုလုပ်ချင်တယ် . . . ဂျိုနသန်ရေ။ မင်းက တစ်နေ့ကုန်အမဲလိုက်ထားတော့ ပင်ပန်းနေပြီ။ ဒီစခန်းမှာပဲ စားသောက်ရင်း အနားယူပါ။ ငါနဲ့ ဂျွန်စမစ်ရယ်၊ နောက်တစ်ယောက်ရယ်ပဲ သွားရောင်းကြမယ်။ ဒီကျွန်းမှာနေခဲ့မှာက ငါတို့လေကွာ"

"ကောင်းပါတယ် . . . ကပ္ပတိန်၊ ကျွန်တော်က ကပ္ပတိန်တို့အတွက် ပြောတာပါ"

"အေးပါ . . . စိတ်ချပါ။ ငါတို့ အတိုတွေလည်း ဂုက်ယူသွားမှာပါ။ တိုက်ပွဲဖြစ်သံကြားရင်တော့ ပြေးလာကြပေါ့။ ဒါပေမဲ့ အရှေ့တိုင်းသားတွေက ငါတို့အနောက်တိုင်းသားတွေလို မရမ်းကားတတ်ကြပါဘူး။ ဂျွန်စမစ်က တရုတ်စကားတတ်တော့ အဆင်ပြေမှာပါ"

အသားတွဲများအား ပြင်ဆင်ပြီး ဝါးလုံးလျှိုထမ်း၍ ကျွန်တော် ဦးဆောင်ပြီး ဓာတ်မီးများယူ၍ ထွက်ခဲ့ကြသည်။ ညနေစောင်းချိန်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ညနေချမ်းလေပြည် လေညင်းကလေးများ တိုက်လာသည်။ ပုလဲကျွန်းသို့ ကျွန်တော်တို့အဖွဲ့ မရောက်မီ ညနေချမ်းရောက်ကတည်းက မိုးမရွာသေးပါ။ ရာသီဥတုက သာယာနေသည်။ ပင်လယ်ပြင်အနောက်တောင်ဘက်၌ တိမ်တောက်နေသည်။

ကျွန်တော်တို့ ပင်လယ်ကမ်းစပ် လက်ျာဘက်မှပတ်၍ ပင်လယ်ကမ်းခြေ သဲဖြူဖြူကလေးများအားနင်းရင်း ပုလဲကျွန်း ရွာကြီးဘက်သို့ ရှေ့ရှုပြီး လှမ်းခဲ့ကြပါသည်။ ကျွန်တော်တို့စခန်းချရာနှင့် ပုလဲကျွန်းရွာကြီးမှ ဖြတ်လမ်းမဟုတ်ဘဲ ပင်လယ်ကမ်းစပ်အတိုင်း ကွေ့ပတ်လာရသဖြင့် (၂) မိုင်ခန့် ဝေးပေလိမ့်မည်။

ရွာကြီးနှင့် နီးလာသည်နှင့်အမျှ မော်တော်စက်သံ၊ မီးစက်သံ၊ လူသံသူသံများကို ကြားလာရသည်။ ရွာနားရောက်တော့ လမ်းသွားလမ်းလာများက အသားရောင်းမလားဟု သူတို့ဘာသာစကားဖြင့် မေးကြသည်။ လက်ဟန်ခြေဟန်ဖြင့် ဖြစ်သည်။ တပည့်ကျော် ဂျွန်စမစ်က သဘောပေါက်သဖြင့် လက်ဟန်ခြေဟန်ဖြင့် တရုတ်လိုပြောရာ နားလည်ကြ၍ အဆင်ပြေသည်။

ဈေးနှုန်းမသိတော့ သူတို့ပြောသမျှဈေးနှင့် ရောင်းလိုက်ရာ အသားတွဲ နှစ်တွဲ သုံးတွဲ ကုန်သွားသည်။ ဈေးဝယ်သူများညွှန်သဖြင့် ရွာတွင်းရှိ ထမင်းဆိုင်ကြီးတစ်ဆိုင်သို့ သွားကြရာ ဆိုင်ပိုင်ရှင်ဖြစ်ဟန်တူသော တရုတ်ကြီးက ဖော်ရွေစွာ ဆီးကြိုပြီး တောဝက်သားဆတ်သားများအား ဈေးကောင်းပေး၍ ဝယ်သည့်အပြင် ...

"ငါ့ညီတို့ ... ထိုင်ကြပါ။ စားလိုရာသောက်လိုရာ မှာစားပါ။ အစ်ကိုက ညှော်ခံတာပါ။ နောင်လည်း အမြဲတမ်းလာခဲ့ပါ။ ဒီဆိုင်က



www.burmeseclassic.com

www.burmeseclassic.com



မြန်မာစာ၊ တရုတ်စာ၊ အကောင်းဆုံးရနိုင်ပါတယ်။ ထမင်းဆိုင်တင်မက ပါဘူး။ ရေထွက်ပစ္စည်း ငါးအမျိုးမျိုးကအစ တောကောင်သား၊ သစ်မွေး ပုလဲ၊ ငှက်သိုက်၊ အကုန်ဝယ်ပါတယ်။ စားသောက်ကုန်လည်း အရက်က အစ အကုန်အစုံရောင်းပါတယ်''

"ကျေးဇူးတင်ပါတယ်''

ကျွန်တော်တို့ဆိုင်ရှင်တရုတ်ကြီး ညစာကျွေးမွေးသည်ကို စား သောက်ကြပြီး သိလိုရာ မေးကြသည်။ တရုတ်ကြီးမှာ မြိတ်မြို့နှင့်ကူး သည့် ကူးတို့မော်တော်ကလေးများ ပိုင်သည့်အပြင် ကော့သောင်း၊ ရနောင်းမြို့များဖြင့် ကုန်ကူးသော ကမ်းရိုးတန်းသွား စက်လှေများလည်း ရှိသေးသည်။ ထို့ကြောင့် သူ့ဆိုင်တွင် မြိတ်မြို့မှထွက်သည့် စားသောက် ကုန်များအပြင် ယိုးဒယားထွက်စားသောက်ကုန်များ၊ အသုံးအဆောင် များ ရနိုင်သည်၊ ဈေးတော့ကြီးသည်။

ကျွန်တော်တို့ ပြန်ခါနီးတွင် အသားဖိုးများအား မြန်မာကျပ်ငွေ ဖြင့် ရှင်းပေး၍ တောကောင်သားရေနှင့် ဦးချိုများကိုလည်း မှာလိုက်သေး သည်။

"ညီလေးတို့ . . . ခဏခဏလာပါ။ စစ်ကြီးဖြစ်တော့မှာ သေ ချာတော့ လိုအပ်တဲ့ စားသောက်ကုန်၊ အသုံးအဆောင်တွေ ကြိုတင် ဝယ်ထားပါ။ စစ်ကြီးဖြစ်လာရင် ဘာမှ ဝယ်လို့ရတော့မှာ မဟုတ်တော့ ဘူး''

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်''

စစ်ကြီးဖြစ်တော့မည်ဆိုသော်လည်း ပုလဲကျွန်းရွာကြီးကလေး နယ်စပ်မြို့လေးတစ်ခုပမာ စည်ကားနေပါသည်။ တပည့်ကျော် ဂုဏ်မင်း



www.burmeseclassic.com

www.burmeseclassic.com



ကဆီး ဆန်း ဆားနှင့် ဂျုံမှုန့်များ ဝယ်ခဲ့သေးသည်။ အပြန်တွင် လရောင်၊ ကြယ်ရောင်၊ ပင်လယ်ရေ ရောင်ပြန်နှင့် အေးချမ်းသာယာနေပါသည်။ ပင်လယ်ဒီရေကျချိန်၊ သဲသောင်ပေါ် လမ်းလျှောက်ရသည်မှာ အလွန်အဆင်ပြေသည်။ အနောက်တောင်မုတ်သုန်ရာသီလေက အေးလာပြီး တိမ်များတက်လာသဖြင့် ညတွင် မိုးရွာနိုင်ခြေရှိလေသည်။

စခွန်းပြန်ရောက်တော့ ဂျိုနသန်တို့ ချက်ပြုတ်ရင်း စားသောက်နေကြတုန်းပင်။

"ဂျိုနသန်ရေ ... အဆင်ပြေတယ်ဟေ့။ တောကောင်သားတွေ ထပ်မှာတဲ့အပြင် ဦးချိုနဲ့သားရေတွေပါ လိုချင်သတဲ့။ မနက်ဖြန်မနက်တော့ ပုလဲကျွန်းရွာကြီးကို မင်းတစ်လှည့်သွားလေ့လာရင်း ရောင်းပေါ့။ ဝွန်စမစ်ကိုခေါ်သွား၊ အဆင်ပြေတယ်။ ဝယ်လက်ကုန်သည်ကြီးနာမည်က မစ္စတာဝိန်စတဲ့၊ သဘောအရမ်းကောင်းတယ်။ တောဝက်စွယ်တွေနဲ့ ဆတ်ဖားကြီးချိုနဲ့ သားရေ၊ တောကျွဲချိုနဲ့သားရေပါ ရောင်းလိုက်ပေါ့။ မင်းဆင်သလို မဟုတ်ပါဘူး။ ပုလဲကျွန်းရွာကြီးက စည်ကားပြီး အေးချမ်းပါတယ်"

"ရက်စ် ... ကပ္ပတိန်"

"ဪ ... ဒါနဲ့ မုတ်သုန်မိုး ဒီနေ့ရွာလိမ့်မယ်။ အသင့်ပြင်ဆင်ထားကြဦး"

"ဟုတ်တယ် ... လေအေးတိုက်လာတယ်။ ကဲဟေ့ ... ဝွန်စမစ်နဲ့အဖွဲ့တွေ အသားကျပ်စာင်တွေကို လုံလုံခြုံခြုံသိမ်းတော့။ ပြီးရင် သင်္ဘောပေါ် ပြန်အိပ်ကြမယ်။ အသင့်ပြင်ကြ"

"ဟုတ် ..."



www.burmeseclassic.com

www.burmeseclassic.com



စားသောက်သိမ်းဆည်းပြီး ကျွန်တော်တို့အားလုံး သင်္ဘောပေါ် ပြန်ရောက်သည်နှင့် လေပြင်းများ တိုက်လာသည်။ မကြာပါ မိုးသက်လေပြင်းပါ ပါလာသည်။ SPIDER သင်္ဘောနေရာမှာ 'အော်' အကွေ့ဖြစ်၍ လှိုင်းလေလုံခြုံပါသည်။ ညစာတစ်ဝစားကြပြီး မီးမှိတ်၍ အိပ်ကြရာ သင်္ဘောက တညိမ့်ညိမ့်ကြောင့် အလွန်အိပ်ကောင်းသောညဖြစ်သည်။ မုတ်သုန်မိုးမှာ သည်းမည်းစွာ ရွာသွန်းပြီး တစ်ညလုံးရွာလိုက်၊ တိတ်လိုက်ဖြင့် မနက်မိုးလင်းမှ စဲသွားတော့သည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

❑

နောက်တစ်နေ့ မိုးလင်း၍ BREAKFAST စားနေကြစဉ် ဂျိုနသန်က …

"ကပ္ပတိန် … ညက မိုးကြောင့် တောကောင်တွေ မြူးလိမ့်မယ်။ ကျွန်တော်တို့တောလည်ပြီး ကပ္ပတိန်တို့အတွက် ငွေရှာပေးခဲ့မယ်။ မိုးရေကြောင့် ခြေရာ၊ ခြေကြောင်း ကောက်ရလွယ်တယ်။ ဦးချိုနဲ့ သားရေတွေရောင်းဖို့ ကပ္ပတိန်တို့ သွားကြပါ။ စခန်းစောင့်ကာယသီနဲ့ ကင်းအဖွဲ့ကို ထားပါ့မယ်။ စိတ်ချလက်ချ သွားကြပါ။ နေ့လယ်စာစားချိန် ပြန်ဆုံကြတာပေါ့"

"အိုကေ … ဂျိုနသန်"

နေပွင့်လာသည်နှင့် ကျွန်တော်တို့ အသီးသီးလမ်းခွဲ၍ ထွက်ခဲ့ကြသည်။ တစ်ညလုံး မိုးရွာထားသဖြင့် တစ်ကျွန်းလုံး စိုစွတ်နေသည်။ ပင်လယ်ပြင်ပေါ်၌ မိုးသားများ ကင်းစင်နေသဖြင့် ဟိုအဝေး ခိုးကုပ်စက်ဝိုင်းအထိ လှမ်းမြင်နေရသည်။ ပင်လယ်ပြောပြော မိုးကောင်းကင်ပြာပြာနှင့် အလွန်သာယာသော နေ့တစ်နေ့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ထဲ၌ လှိုင်းကြက်ခွပ်ကလေးများနှင့်အတူ ပြည်ကြီးငါးခေါ် မှိုပွင့်သဏ္ဌာန် ကင်းမွန်များ၊ အုပ်စုလိုက် မျောနေကြသည်၊ အဝေးတွင် တရှူးရှူးနှာမှုတ်၍ မြုပ်ချည်၊ ပေါ်ချည် လင်းပိုင်ငါးတစ်အုပ်ကို မြင်ရပြီး ကောင်းကင်ယံ၌ ပင်လယ်စင်ရော်ငှက်များ အုပ်စုလိုက်ဝဲပျံနေကြသည်၊ ဒီရေကျပြီးစ သဲသောင်ပေါ်တွင် ပင်လယ်ကဏန်းကျင်းများနှင့် ခရုရောင်စုံက ပြန့်ကျဲနေသည်၊ ထိုအထဲ၌ ကျောက်ကျောလို အမြူရောင် ပျော့စိစိ၊ အပုံကြီးများကိုတွေ့ရတော့ ဇွန်စမစ်က ...

"ကပ္ပတိန် ... အဲဒါတွေဟာ ပြည်ကြီးမျှော့လို့ခေါ်တဲ့ ရေရှူတွေပဲ၊ တရုတ်ပြည်မှာ အလွန်အဖိုးတန်တယ်၊ ယိုးဒယားမှာလည်း အတော်ဈေးကြီးပေးပြီး စားကြတယ်၊ အလွန်အရသာရှိတယ်"

"ဘယ်လိုစားရတာလဲ ... ဇွန်စမစ်"

"ဒီလို အစိုအတိုင်းတော့ မဟုတ်ဘူး၊ ဆားစိမ်၊ အခြောက်လှမ်းပြီး ရေနွေးဖျော၊ သုပ်စားရတာ၊ သူ့ကို ကိုင်နည်းရှိတယ်၊ အဲဒီအပုံထဲမှာ ဝှက်ထားတဲ့ ခြေလေးချောင်းကို ထုတ်ပစ်ရတယ်၊ မထုတ်ပစ်ဘဲစားရင် အလွန်ယားတယ်၊ ဒါကြောင့် ယားတတ်လို့ ရေရှူလို့ခေါ်တာ၊ လူတိုင်း မစားရဲကြဘူး၊ ဒါကြောင့် မြန်မာပြည်မှာ ပေါနေတာ၊ အဖိုးတန်အစာပဲ ကပ္ပတိန်"

"အေး ... အေး ... မင်းလုပ်တတ်ရင် တစ်နေ့လောက်လုပ်ပေးစမ်းကွာ"

"ဟုတ် ... ကပ္ပတိန်၊ မိုးရွာမှ သူတို့ ပင်လယ်ထဲကတက်လာတာ၊ အမြန်ကျမှ ကောက်ပြီးလုပ်ပေးမယ်၊ ဒီနေ့ နေ့ချင်းတော့ စားလို့ရမှာမဟုတ်ဘူး၊ အခြောက်လှမ်းရမှာဆိုတော့ သုံးလေးရက်ကြာဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ကျုပ်တို့အဖွဲ့မပြန်ခင် နှုတ်ဆက်ပွဲလုပ်ရအောင် စီစဉ်စမ်းကွာ။ ကင်းမွန်ငါးလည်း စားချင်တယ်။ ပင်လယ်ခရုနီသုပ်နဲ့ ကဏန်းကောင်ပါ စုံအောင်လုပ်စမ်းကွာ။ လုပ်နည်းကိုင်နည်းကို မင်းမတတ်ရင်လည်း ကုန်သည်တရုတ်ကြီးကို မေးစမ်းကြည့်ပေါ့"

"ကျွန်တော် ပိုင်ပါတယ် ကပ္ပတိန် ... ကျွန်တော့် အဖေက အင်္ဂလိပ်လူမျိုး။ အမေက တရုတ်လူမျိုးအစစ်ပါ။ ဒါကြောင့် ကျွန်တော် တရုတ်စကားနဲ့ တရုတ်အစားအစာချက်ပြုတ်နည်းတတ်ပါတယ်"

"ဪော် ... ဒါကြောင့်ကိုး"

ကျွန်တော်တို့အဖွဲ့ ပုလဲကျွန်းရွာ၊ မစ္စတာအဝိန်ဆိုင်ရောက်တော့ နိုင်ငံခြားသားဧည့်သည်များကိုလည်း တွေ့ရသည်။ ကျွန်တော်တို့ သယ်ဆောင်လာသော ဦးချိုနှင့် သားရေများကို တွေ့ရတော့ အင်္ဂလိပ်စကားဖြင့် ရောင်းမည်လားဟု မေးကြသည်။

ကျွန်တော်က မစ္စတာဝိန်ထံသွင်းရန်ဖြစ်ကြောင်း၊ မစ္စတာဝိန်ထံမှ တစ်ဆင့်ဝယ်ရန် ပြန်ပြောတော့ ဦးအဝိန်မှာ လွန်စွာသဘောကျပြီး ကျွန်တော်တို့အား ကောင်းစွာ ဧည့်ခံကျွေးမွေးပါသည်။ ပြီးတော့မှ ကျွန်တော်တို့ပစ္စည်းများအား လက်လွှဲရောင်းချလိုက်တော့သည်။

ဧည့်သည်များက ကျွန်တော်တို့အား မှာသည်မှာ မျောက်နှင့်တောဆိတ်၊ ချေ၊ ဆတ်တို့ကို အကောင်လိုက် လိုချင်ကြောင်းဖြစ်သည်။ ကျွန်တော်က ညနေ သို့မဟုတ် မနက်ဖြန်မနက် လာပို့မည်ဖြစ်ကြောင်း ပြန်ပြောရာ ဧည့်သည်များက ကျွန်တော်တို့အား သူတို့ဝိုင်းထဲ ဖိတ်ခေါ်မိတ်ဆက်ကြပြီး နိုင်ငံခြားအရက်များဖြင့် ဧည့်ခံပြန်ပါသည်။

ဧည့်သည်များမှာ စင်ကာပူ (သို့မဟုတ်) ဟောင်ကောင်တရုတ်များ ဖြစ်ပုံရသည်။ တရုတ်စကားနှင့် အင်္ဂလိပ်စကားကို ကောင်းစွာ



www.burmeseclassic.com

www.burmeseclassic.com



ပြောနိုင်ကြပါသည်။ ထိုနေ့က မိတ်ဆွေသစ်တို့၏ တပည့်ကျော် ဂျွန်စမစ်က အလွန်ပျော်နေသော်လည်း ကျွန်တော်ကတော့ သတိထား၍ ဆက်ဆံစကားပြောပါသည်။

ဤကဲ့သို့သော အချိန်ကာလမှာ ထောက်လှမ်းသောစပိုင်များလည်း ဖြစ်နိုင်ပါသည်။ ယနေ့ မြန်မာငွေအတော်များများရသည်။ ဂျွန်စမစ်ကတော့ မီးဖိုချောင်သုံးပစ္စည်းနှင့် အရက်များ ဝယ်ပြန်သည်။ ကျွန်တော်တို့ ပြန်ရန်နှုတ်ဆက်တော့ ဧည့်သည်များက ညနေလာရန် စောင့်ကြိုနေမည်ဖြစ်ကြောင်း ဖိတ်ပါသည်။

စခန်းပြန်ရောက်တော့ ဂျိုနသန်တို့ အမဲလိုက်အဖွဲ့အချို့ ပြန်ရောက်နေကြပြီး အချို့က တောကောင်အသေများအား ထမ်းသယ်နေကြတုန်းပင်။

ဂျိုနသန်က ...

"ကပ္ပတိန် ... ဒီနေ့ တောကောင်တွေ အများကြီးရတယ်။ ချေ ဆတ်၊ တောဝက်အပြင် မျောက်နဲ့ ကျားတစ်ကောင် အဆစ်ရခဲ့သေးတယ်။ ကျားက ကံဆိုးတာ။ တောဝက်အုပ်နောက် မဲပြီးလိုက်လာရင်း ကျွန်တော်တို့အဖွဲ့နဲ့ တိုးတာ။ အတွဲလိုက် ပစ်လိုက်ရတယ်"

"မျောက်ဘယ်နှကောင်ရသလဲ"

"မျောက်က (၅) ကောင်၊ ချေတစ်ကောင်၊ ဆတ်တစ်ကောင်၊ တောဝက်က (၃) ကောင်"

"အဲဒါဆို အတော်ပဲ။ ဂျိုနသန် ... အကောင်လိုက်မှာထားခဲ့ ကုန်သည်တွေ၊ ပုလဲကျွန်းရွာက မစ္စတာအဝိန့်ဆိုင်မှာ စောင့်နေကြတယ်။ ဈေးကောင်းပေးမှာ။ မင်းလည်းရောက်ဖူးအောင် အခုပဲ သွားပို့ကြကွာ။ ဂျွန်စမစ် ... မိတ်ဆက်ပေးလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကပ္ပတိန် ... တောကောင်ကများတော့ အထမ်းသမားအများ ကြီးလိုမယ်"

"ရပါတယ်၊ ကိုယ်နဲ့သုံးလေးယောက် စခန်းစောင့်မယ်။ မင်းတို့ သွားကြပါ။ ဟိုမှာ အစားကောင်းကောင်းစားရတာပေါ့"

"ဟုတ် ... ကပ္ပတိန်"

ဂျိုနသန်နှင့်အဖွဲ့ တောကောင်သေများအား မနိုင်မနင်း ထမ်း သွားကြသည်။ လူအင်အားတောင့်၍ တော်ပါသေးသည်။ ကျွန်တော်နှင့် တပည့်သုံးလေးဦး စခန်းနှင့်သင်္ဘောကို ခွဲစောင့်ကြသည်။ ထိုစဉ် ကျွန် တော် ကမ်းစပ်ဆင်း၍ မှန်ပြောင်းတစ်လက်ဖြင့် ပတ်ဝန်းကျင်ရှိ ကျွန်း များအား လေ့လာသည်။

ပတ်ဝန်းကျင်ကျွန်းများတွင် လူရိပ်လူခြေမရှိပါ။ တောကောင် များကိုတော့ အုပ်လိုက်တွေ့နေရသည်။ ကျောက်အုပ်များကိုလည်း တွေ့ရ သည်။ ကျွန်တော်တို့ရောက်ရှိနေသော ကျွန်းကြီးနှင့် တစ်မိုင်ခန့်အကွာ ပင်လယ်ထဲ၌ သစ်ပင်မရှိသော ကျောက်ဆောင်ကျွန်းတစ်ခုကို တွေ့ရ သည်။ ကျောက်ဆောင်ကြီးများမှာ ချွန်ချွန်မဟုတ်၊ ခုံးခုံးကြီးဖြစ်သည်။ ပင်လယ်ငှက်ကလေးများ၊ အုပ်စုလိုက် ဝဲပျံနေကြသည်။

ကျွန်းမှာ မကြီး။ ကိုက် (၅၀၀) ပတ်လည်ခန့်သာ ကျယ်ဝန်းပေ လိမ့်မည်။ သက်ရှိတောကောင်များ အရိပ်အယောင်ကိုပင် မမြင်ရပါ။ လူမနေသော ကျွန်းဖြစ်ပေလိမ့်မည်။ ကျွန်တော် အလွန်စိတ်ဝင်စား သွားမိသည်။ အကယ်၍ စစ်ဖြစ်လျှင် ပုန်းခိုရန်နေရာကောင်းတစ်ခု ဖြစ်နိုင်ပေသည်။ ဤကျွန်းလေးကို ဂျိုနသန်တို့ပြန်သွားမှ သွားရောက် လေ့လာရန် တေးထားလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်၌ စိမ်ပြေနပြေရေချိုးပြီး စခန်းစောင့်ရင်း လှေလာသည်။ ညနေစောင်းတော့ ဂျိုနသန်နှင့်အဖွဲ့ ငွေထုပ်ပိုက်၍ ပြန်လာကြသည်။

"ကပ္ပတိန် ... မြန်မာငွေ သိန်းကျော်ရတယ်။ ဝယ်လက်ကတိုက်ရိုက်ဝယ်တာ။ ကျွန်တော်တို့ မစ္စတာဝိန်ကို တောဝက်တစ်ကောင်ထက် ဆောင်ပေးလိုက်တယ်။ အဲဒါနဲ့ ဗိုက်ကားအောင် ညှော်ခံတော့တာပဲ။ သူတို့က ဒီကျွန်းတွေမှာ အရမ်းပေါတဲ့ မျောက်နဲ့တောဝက်တို့ အလွန်ထိုချင်ကြတယ်။ ကျားလည်း မှာပါတယ်။ ကျားကတော့ ရှားတော့တာဝန်မယူခဲ့ဘူး။ မျောက်နဲ့တောဝက်တော့ ရသလောက်ယူမယ်တဲ့။

ကဲ ... ရော့ ... ကပ္ပတိန်၊ မြန်မာငွေတွေဆိုတော့ ကပ္ပတိန်တို့ မြန်မာပြည်ထဲမှာပဲ သုံးလို့ရမယ် ယူထားပါ။ ဂျပန်တွေက စင်ကာပူခံတပ်ကြီးကို သိမ်းလိုက်ပြီတဲ့။ မကြာခင် မြန်မာပြည်ရောက်လာတော့မယ်။ ကျွန်တော်တို့ ညနေ အမဲတစ်ခေါက်လိုက်ပြီး မနက်ဖြန်မနက်စောစော ဒီကခွာတော့မယ်"

"အေး ... အေး ... ကောင်းပါပြီ။ ငါတို့ မြန်မာပြည်ထဲဝင်ဖို့ငွေကြေးလည်း ပြည့်စုံပါပြီ။ ညနေရမဲ့ တောကောင်တွေတော့ မင်းတို့အသားရိက္ခာအတွက် သဘောနဲ့ သယ်သွားကြပေါ့"

"မလိုဘူး ... ကပ္ပတိန်၊ ကျွန်တော်တို့မှာ အသားခြောက်တွေအများကြီး စုဆောင်းထားတယ်။ ညနေရလာတာ ကပ္ပတိန်တို့ပဲ ရောင်းပေါ့"

ဂျိုနသန်တို့စခန်းတွင် ခေတ္တနားပြီး ယနေ့ လူအင်အားများများ လက်နက်ကိုယ်စီဖြင့် အမဲပစ်ထွက်သွားကြပြန်သည်။ ယနေ့တော့



www.burmeseclassic.com

www.burmeseclassic.com



ယင်းအားပြင်းသော သေနတ်ကြီးများလည်း ယူသွားကြသည်။ နောက်ဆုံး ပိတ်၊ အိတ်နှင့်လွယ်ကြတော့မည် ထင်ပါသည်။

တပည့်ကျော် ဂျွန်စမစ်ကလည်း ညနေ နှုတ်ဆက်ညစာအတွက် တပည့်သုံးလေးဦးနှင့်အတူ စီစဉ်ချက်ပြုတ်နေသည်။ ကျွန်တော် တွေး နေမိသည်။ လွန်စွာ တက်ညီလက်ညီပြီး ကျွန်တော့်အပေါ်တွင် လွန်စွာ လေးစားရှိသေကြသော တပည့်များဖြင့် ခွဲရတော့မည်ဖြစ်သည်။ တစ် ကိုယ်ကောင်းဆန်ရာများကျနေမလား။ ဤတစ်အုပ်တစ်မကြီးဖြင့် မြန်မာ ပြည်အတွင်းဝင်ရန်လည်း မလွယ်ကူပါ။ ပင်လယ်ဓားပြပြန်လုပ်ရန်လည်း ကျွန်တော် စိတ်မဝင်စားတော့။ ဤကျွန်းများ၌ ခိုနေရန်လည်း မဖြစ် နိုင်။

ရန်သူဂျပန်များက မြန်မာမျိုးချစ်တပ်မတော်နှင့်ပေါင်း၍ တက် လာနေပေပြီ။ ပြေးစရာလည်း မြေမရှိတော့ပါ။ ကျွန်တော့်အတွေ့အကြုံ အရ ရန်သူများအလယ် မြို့ကြီးတွင် ပုန်းအောင်းနေသည်က မျက်စိမှောက် ပြီး ကျွန်နေတတ်သည်။ သွားလိုရာသွား၊ လုပ်လိုရာလုပ်ပြီးမှ အဖမ်းခံရ လျှင်လည်း ရှိစေတော့။ ကံစီမံရာအတိုင်း ဘုရားသခင်၏ အလိုတော် အရဟု မှတ်ရပေတော့မည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# အခန်း [၂]

❑

ညနေစောင်း ဂျိုနသန်တို့အဖွဲ့ ပြန်လာကြတော့ မျောက်ညို (၁၀) ကောင်၊ တောဝက်က (၅) ကောင်၊ ဆတ်ဖားကြီးတစ်ကောင်၊ (ခြောက်စထောင်ချိုကားကြီး) ချေ(၃)ကောင် ရလာကြပြန်သည်။ ကျွန်တော်တို့ ချက်ချင်းပင် တရုတ်ကြီး ဦးအဝိန်ထံသွားသွင်းရာ မြန်မာငွေ သိန်းဂဏန်း ရလာပြန်သည်။ ယနေ့ညတော့ နှုတ်ဆက်ပွဲရှိသဖြင့် တရုတ်ကြီးဆိုင်တွင် မစားတော့ဘဲ သင်္ဘောအတွက်လိုအပ်သော စက်ဆီ၊ ချောဆီ၊ စားသောက်ကုန်များ အပြည့်အစုံ ဝယ်လာခဲ့သည်။

ညစာကို တပည့်ကျော်ဂျွန်စမစ်က ချေနှင့် တောဝက်သား၊ မျောက်သားအပြင် သူရှာကြံထားသော ပင်လယ်စာများအား အမျိုးမျိုး လုပ်ကျွေးပါသည်။

ညစာစားပွဲတွင် ကျွန်တော်က တပည့်များအား ကျေးဇူးတင်စကားဆိုတော့ အားလုံး မျက်ရည်လည်ကြသည်။ မပြန်ချင်ကြလည်း



www.burmeseclassic.com

www.burmeseclassic.com



မြိတ်ကျွန်းစု၊ ကျွန်းပေါင်း (၈၀၀)ကျော်တွင် ပြောင်းရွှေ့နေထိုင်၍ ငှက် သိုက်ရှာ၊ ငါးရှာ၊ ပုလဲရှာလုပ်ငန်းများ လုပ်ကိုင်စားသောက်ကြရန် ပြော ပြန်တော့လည်း အများစုက မိသားစုအား စိတ်မချသဖြင့် ပြန်လိုကြ သည်။ အများဆန္ဒကို လိုက်လျော၍ ဂျိုနသန်ကလည်း ခွင့်ပြုရန် တောင်း ပန်သည်။

ထိုညက အစားကောင်း၊ အသောက်ကောင်းသော်လည်း အများစုမှာ ဟုတ်တိပတ်တိ မစားနိုင်ကြပါ။ စိတ်မကောင်းစွာဖြင့် စောစီး စွာပွဲသိမ်းပြီး အိပ်ရာဝင်ခဲ့ကြတော့သည်။ ထိုညက သန်းခေါင်လောက် တွင် မုတ်သုန်မိုးက စွေရွာနေပြန်သည်။ မိုးအေးအေးနှင့် ပူပင်သောက အတွေးစတို့ဖြတ်ပြီး အိပ်ပျော်ခဲ့ရာ မိုးလင်း၍ တပည့်ကျော် ဂွန်စမစ်က BREAKFAST စားရန် နှိုးတော့မှ အိပ်ရာက ထဖြစ်တော့သည်။ မုတ် သုန်မိုးက စဲသွားပြီး ရာသီဥတုက သာယာနေသည်။

ကျွန်တော်တို့ မနက်စာစားပြီး ကျွန်တော် ကပ္ပတိန်အခန်းထဲမှ ကျွန်တော်ပိုင်ပစ္စည်းများကို ထုတ်၍ တပည့်ကျော် ဂွန်စမစ်ကအိတ်များ အတွင်းသို့ စနစ်တကျထည့်သည်။ ကျွန်တော့်ရှယ်ယာ ရတနာထုပ်နှင့် ငွေများကိုတော့ ကျွန်တော့်ခါးလွယ်အိတ်အတွင်း ထည့်ထားလိုက်သည်။ သင်္ဘောနှင့်ပတ်သက်သော စာရွက်စာတမ်းများနှင့် ကျွန်တော့်အခန်း သော့ကို ဒုတိယကပ္ပတိန် ဂျိုနသန်အားအပ်ပြီး ...

"ကဲ ...ရော့ ...ဟော့ ...ကပ္ပတိန်ဂျိုနသန်၊ မင်းကို ရာထူးတိုးပေးလိုက်ပြီ။ ငါတပည့် သင်္ဘောသားအားလုံးကို ညီအစ်ကို အရင်းအချာလို ဆက်ဆံပါ။ မျှမျှတတအလုပ်လုပ်ပါ။ ကြီးနိုင်ငယ်ညှဉ်း မလုပ်မိစေနဲ့။ ကတိသစ္စာဆိုပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရက်(စ်) ... ကပ္ပတိန်၊ ကျွန်တော် ကတိသစ္စာဆိုပါတယ်။ သေစရာရှိရင်လည်း ကျွန်တော်တပည့်တွေကိုယ်စား ရှေ့ဆုံးက အသေခံပါ့မယ်။ မှုမှုတတ ဝေစားပါ့မယ်။ စိတ်ချပါ ... ကပ္ပတိန်"

"ကံကောင်းပါစေ ... ဂျီနသန်"

"ကံကောင်းပါစေ ... ကပ္ပတိန်ဆိုင်းမွန်"

ကျွန်တော်တို့နှစ်ဦး လက်ဆွဲနှုတ်ဆက်ကြပြီးတော့မှ သင်္ဘောသား တပည့်များအား တစ်ဦးချင်း နှုတ်ဆက်ရသည်။ 'အော်' ထဲမှ သင်္ဘောစက်နှိုးပြီး စထွက်တော့ မနက် (၉) နာရီတိတိ။ အော်ဖာစ်ပြီး နှုတ်ဆက်ကြသည်က သင်္ဘောလေး မိုးကုပ်စက်ဝိုင်းမှ ပျောက်ကွယ်သွားသည်အထိပင်။ ကျွန်တော်နှင့် တပည့်ကျော်လွှန်စမစ်သာ ငူငူငေါင်ငေါင်ဖြင့် ကမ်းပေါ်၌ ကျန်ခဲ့သည်။

"ကဲ ... ဂျွန်စမစ်ရေ၊ မြန်မာငွေတွေကိုတော့ ငါယူထားမယ်။ ငါတို့ရထားတဲ့ ရတနာပစ္စည်းတွေကိုတော့ မင်းဖေစုနဲ့အတူ စိတ်ချရတဲ့ တစ်နေရာရာမှာ မြှုပ်နှံထားပါ။ လက်နက်တွေကိုလည်း လုံခြုံရာမှာ စိတ်ချရအောင် သိမ်းဆည်းထားမယ်။ ငါ့အပေါ်မှာ မင်းသစ္စာရှိသလို ငါလည်း မင်းအပေါ်မှာ သစ္စာရှိပါ့မယ်။ သေအတူ ရှင်အမျှပေါ့ကွာ"

"ကျွန်တော့်ကိုစိတ်ချပါ ... ကပ္ပတိန်၊ ကျွန်တော် ကတိပေးပါတယ်"

"အာမေ ... အာမေ ... အာမေ ..."

ကျွန်တော်တို့ လောလောဆယ် လုပ်စရာမရှိ။ ယနေ့တော့ အေးချမ်းစွာ အနားယူကြမည်။ စားသောက်စရာများကလည်း ညစာ လက်ကျန်အသားဟင်းများက အလျှံပယ်ကျန်ရှိနေသည်။ အမဲလိုက်ရန်



www.burmeseclassic.com

www.burmeseclassic.com



လည်း ဆန္ဒမရှိတော့။ မြန်မာငွေများလည်း ပြည့်စုံစွာ စုဆောင်းမိနေပြီ ဖြစ်သည်။

"ဂွန်စမစ်ရေ ... ငါတို့ကမ်းခြေဘက် လမ်းလျှောက်ရအောင်။ ပြီးရင် နေ့လယ်စာစားရင်း ပုလဲကျွန်းရွာကြီးဘက် စနည်းနာထွက်ရင်း စစ်ကြီးအခြေအနေလေ့လာရအောင်။ အခြေအနေမကောင်းလို့ ဂျပန် စစ်ဦးဘိလူးတွေ တက်လာပြီဆိုရင်တော့ ကြုံရာစက်လှေနဲ့ ရန်ကုန်ကို ပြေးကြမယ်"

"ရန်ကုန်မှာ ဘာလုပ်မလဲဆရာ"

"အခြေမကျခင် မြို့ထဲမှာ ငှားနေမယ်။ သင့်တော်ရာစီးပွားရေး လုပ်ငန်းတစ်ခုခု လုပ်ကြရင်း ဆင်ခြေဖုံးဘက်မှာ အိမ်ရှာမယ်။ အခြေချ နေထိုင်ကြတာပေါ့ကွာ"

"ကောင်းပါတယ် ဆရာ။ အခြေချနေထိုင်ပြီး ကိုယ်ယောင် ဖျောက်ကြတာပေါ့။ ကျွန်တော်နဲ့ဆရာက တစ်ကောင်ကြွက်တွေပဲ။ အရှေ့ တိုင်းသား မြန်မာပြည်သားလုပ်ကြတာပေါ့"

ကျွန်တော်တို့ကျွန်း၏ အနောက်တောင်ဘက်လမ်းလျှောက်ရင်း ကျွန်တော်စိတ်ဝင်စားနေသော ရှေ့တစ်မိုင်လောက်မှ ကျောက်ဆောင် ကျွန်းတစ်ကျွန်းကို ဂွန်စမစ်အား လက်ညှိုးညွှန်ပြရင်း ...

"ဂွန်စမစ်ရေ ... အဲဒီကျွန်းလေးကို ငါ စိတ်ဝင်စားတယ်။ မှန်ပြောင်းနဲ့လည်း လေ့လာပြီးပြီ။ တောကောင်တွေလည်း မတွေ့ရဘူး။ သစ်ပင်လည်း မရှိဘူး။ အတော်ထူးခြားနေတယ်။ တစ်နေ့လောက်သွား လေ့လာရအောင်"

"ရက်စ် ... ကပ္ပတိန်"

www.burmeseclassic.com



"ကပ္ပတိန် ... မလုပ်နဲ့တော့။ ငါတို့ဘာသာငါတို့ မြန်မာပြည်သား ခံယူလိုက်ကြပြီ။ ငါ့ကို အစောပိုင်းကခေါ်သလို ဆရာပဲခေါ်၊ ဒါမှ မဟုတ် အစ်ကိုလို့ခေါ်"

"ဟုတ်ကဲ့ ဆရာ"

"ကဲ ... ဒါဆို ဒီနေ့တော့ အနားယူတဲ့သဘောနဲ့ ပုလဲကျွန်းရွာ၊ ဦးအဝိနိဆိုင်သွားမယ်။ အဲဒီမှာ နေ့လယ်စာစားပြီး စနည်းနာမယ်။ လော့ဆိပ်ဆင်းပြီး အခြေအနေစုံစမ်းမယ်။ ညနေမှ ပြန်လာပြီး စခန်းမှာ ညစာစားဖို့ ဦးအဝိနိဆိုင်က ဝယ်လာမယ်။ မင်း ညက အသားဟင်းတွေကိုတော့ ရေသတ္တဝါတွေအတွက် အစာကျွေးလိုက်ပေရော့။ လာ ... ပိုက်ဆံအိတ်ပြန်ယူပြီး သွားကြမယ်"

"ဟုတ် ... ဆရာ"

ကျွန်တော်တို့ စခန်းကထွက်လာတော့ ရာသီဥတုမှာ သာယာနေသည်။ အရှေ့တိုင်းရာသီဥတုမှာ သာယာနေသည်က များသည်။ ကျွန်တော်တို့ အနောက်တိုင်းလို မှုန်မှိုင်းမနေ။ ပင်လယ်ပြင်ပြာပြာကြီးနှင့် မိုးကောင်းကင်ပြာပြာကြီးမှာ အလွန်လိုက်ဖက်တင့်တယ်သည်။

ကောင်းကင်ပြာကြီးပေါ်၌ ပင်လယ်စင်ရော်ငှက်များနှင့် ငှက်သိုက်လုပ်သော ဇီဝဖိုးငှက်ကလေးများ အုပ်လိုက် ပျံဝဲနေကြသည်။ ပင်လယ်ပြင်ကျယ် အဝေး၌ ရေမိုးရေငွေ့များမှုတ်ထုတ်၍ ပျော်မြူးနေကြသော လင်းပိုင်အုပ်ကြီးကို တွေ့ရသည်။ ပတ်ဝန်းကျင်မှာ ပကတိသာယာအေးချမ်းနေသည်။

ကမ်းစပ်သဲပြင် ဖြူလွှလွှပေါ်တွင် စိတ်ချမ်းသာစွာ လျှောက်လှမ်းကြရင်း ပုလဲကျွန်းရွာကြီးဘက်သို့ လျှောက်လှမ်းခဲ့ကြရာ ဦးအဝိနိ



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်၌ ညည်သည်အသစ် တရုတ်လူမျိုးများကို တွေ့ရသည်။ ဦးအဝိန် မိတ်ဆက်ပေးသဖြင့် စင်ကာပူတရုတ်များဖြစ်ကြောင်း သိရသည်။

စစ်ကိုရှောင်ရင်း ယိုးဒယားမှ မြန်မာပြည်အတွင်း ရောက်လာကြကြောင်း၊ တရုတ်စာနှင့်စကား၊ အင်္ဂလိပ်စကားပါ တတ်ကျွမ်းကြ၍ စကားပြောရသည်မှာ အဆင်ပြေသည်။ သူတို့လက်ထဲ၌ နိုင်ငံခြားငွေများ ပါလာသည်။ ငွေမထားလိုဘဲ ငှက်သိုက်နှင့်ရွှေ ပုလဲများဝယ်လိုကြောင်း ကမ်းလှမ်းသည်။

ကျွန်တော်တို့တွင် တိုက်ရာပါ ရတနာများရှိသော်လည်း ရောင်း၍ မဖြစ်ပါ။ ပုလဲငုပ်ရန် အစီအစဉ်ရှိသဖြင့် ပုလဲတော့ရနိုင်မည်ထင်ကြောင်း မတင်မကျပြောထားရာ သူတို့က စောင့်ဝယ်မည်ဖြစ်ကြောင်း ပြော၍ ကျွန်တော်တို့အား နေ့လယ်စာဖြင့်ညည့်ခံသည်။ ပွဲစားကြီး ဦးအဝိန်ကလည်း တိုက်တိုက်တွန်းတွန်း လုပ်ပါသည်။

ထိုနေ့က ကျွန်တော်တို့ဆရာတပည့် စောစီးစွာ ပြန်ခဲ့ကြပြီး စခန်းတွင် ခေတ္တနား၍ ပုလဲစမ်းငုပ်ရန် ပြင်ဆင်ကြသည်။ ကျွန်တော်တို့တွင် ရေငုပ်ကိရိယာများ အပြည့်အစုံပါပြီး သဘောသားများဖြစ်ကြ၍ အတွေ့အကြုံလည်းရှိပါသည်။ ရာဘာလှေကလေးဖြင့် ကျွန်တော်စိတ်ဝင်စားသော ရေလယ်ကျောက်ဆောင်ကျွန်းသို့ လှော်ခတ်ပြီး ကူးခဲ့ကြသည်။ မိုးကောင်းကင်ကြီးက ပြာလွင်ပြီး ရာသီဥတုက သာယာနေသည်။

ပင်လယ်ပြင်၌ မုန်တိုင်းမရှိကြောင်း ပင်လယ်စင်ရော်ငှက်များက ဝဲပျံ၍ ပြနေသလို၊ ဗိဝိုးငှက်ကလေးများကလည်း အုပ်စုလိုက် ပျံသန်းနေကြသည့်အပြင် ကင်းမွန်ငါးကလေးများက မှိုပွင့်သဏ္ဌာန် ပင်လယ်ပြင်ထဲ၌ ငုပ်ချည်ပေါ်ချည် ပျော်မြူးနေကြသည်။ လင်းပိုင်ငါး



www.burmeseclassic.com

www.burmeseclassic.com



ကြီးများက တအုအုအော်၍ ကျွန်တော်တို့လှေနောက် လိုက်လာပြီး နှုတ်ဆက်ကြသည်။

ပင်လယ်ရေမှာ ပြာရာမှ တဖြည်းဖြည်း ညိုမောင်းသောအရောင်သို့ ပြောင်းလဲလာသည်။ ရေနက်ရှိုင်းကြောင်း ပြခြင်းဖြစ်သည်။ တဖြည်းဖြည်း ရေလယ်ကျွန်းသို့ နီးကပ်လာသည်။ ကျောက်ဆောင်ကျွန်းမှာ အဝေးက မြင်ရသကဲ့သို့ပင် အနီးကပ်ရောက်ရှိတော့လည်း သစ်ပင်ဟူ၍ ဘာပင်မျှ မတွေ့ရ။ မြက်ပင်နှင့် ချုံပုပ်တောပင်မရှိ။

ကမ်းခြေ၌ ကျောက်ဆောင်များဝိုင်းနေသဖြင့် ရော်ဘာလှေတလေးကို ကွေ့ပတ်ဝင်ရသည်။ ကျွန်းကမ်းခြေရောက်တော့ သန့်ရှင်းသော သဲပြင်ဖြူလွလွအပေါ်၌ ခရုခွံရောင်စုံကို တွေ့ရသည်။ သစ်ပင်များမပေါက်သည်က ထူးဆန်းနေသလို လူနေရွာ(ပုလဲကျွန်းရွာ)နှင့် မဝေးလှသော်လည်း လူအရောက်အပေါက် ရှိဟန်မတူပါ။

ကျွန်းမှာ ပေ ၂၀၀ ပတ်လည်ခန့်သာ ကျယ်ဝန်းမည်ဖြစ်သည်။ ကျွန်းအလယ်ခေါင်၌ ပေ (၁၀၀)ကျော်ခန့် မြင့်မားသည့် ကျောက်ဆောင်ကြီးမှာ အောက်ခြေကား၍ ထိပ်ချွန်နေသဖြင့် မြန်မာဘုရားစေတီပုံပေါက်နေသည်။ ကျောက်ဆောင်ထိပ်၌ ဖိုဝိုးငှက်ကလေးများ အုပ်စုလိုက် ဝဲပျံနေကြသည်။

ကမ်းစပ်နှင့် အလယ်ကျောက်ဆောင်ကြီးကြား ကမ်းခြေမှာ မကျယ်ဝန်းလှ (၁၀)ပေ (၁၅)ပေထက် ပိုမည်မထင်ပါ။ ကျွန်းအစ အနားသပ်မှာလည်း ကျောက်သားဖြစ်၍ ရေညှိရေမှော်ပင် စိမ်းစိမ်းကလေးများ တွယ်ကပ်ပြီး ပေါက်ရောက်နေသည်။ ကျွန်းအောက်ခြေကို ကျွန်တော်က အသေအချာငုံကြည့်တော့ ပုလဲထွက်သော ကမာကောင်စိမ်းပုပ်ရောင်အခွံကြီးများဖြင့် တွယ်ကပ်နေကြကြောင်း သတိပြုမိသည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့စောင်းပြီဖြစ်သဖြင့် ကျွန်တော်တို့ဆရာတပည့် ပစ္စည်းများအား လှေပေါ်မှချ၍ ရော်ဘာလှေကလေးကို ကမ်းပေါ်သို့ဆွဲတင်ပြီး ကျောက်ဆောင်စွန်းတွင် ချည်နှောင်ထားလိုက်သည်။ ယာယီစတည်းချရန် နေရာကိုတော့ ကျောက်ဆောင်အောက်ခြေ အရိပ်တစ်ခုတွင် နေရာယူပြီး ခေတ္တနားကြသည်။ ကျောက်ဆောင်ကျွန်း၏အရှေ့ဘက်တွင် ဖြစ်ပေလိမ့်မည်။

ဆားငွေ့ပါသော ပင်လယ်လေမှာ နွေးနွေးကလေး တိုက်ခတ်နေသည်။ မြိတ်ကျွန်းစုမှာ ကျွန်းပေါင်း ၈၀၀ ကျော်ရှိသော်လည်း တစ်ကျွန်းနှင့်တစ်ကျွန်းမှာ ဝေးကွာလှသည်။ သို့သော် ကျွန်းကြီးများအကြား၌ အမည်မရှိသော ကျွန်းကလေးပေါင်း မြောက်မြားစွာက ပါဝင်ဖွဲ့စည်းထားသေးသည်။

ကျွန်တော်တို့ဆရာတပည့် ခေတ္တနားပြီးသည်နှင့် ရေငုပ်ဝတ်စုံများ လဲလှယ်ဝတ်ဆင်ပြီး လက်နက်ကိရိယာအပြည့်အစုံဖြင့် ရေအောက်သို့ ဆင်းကြသည်။ ပင်လယ်ရေမှာ နေအပူရှိန်နှင့် ဆားဓာတ်ကြောင့် နွေးနေပါသည်။ ရေ (၂၀)အနက်ခန့်ထိ ထောက်လှမ်းပြီး ငုပ်ကြည့်ရာ ရေလယ်ကျောက်ဆောင်ကျွန်းနံရံ၌ နှစ်ချို့ကမာကောင်ကြီးများ အများအပြား ကပ်တွယ်နေသည်ကိုမြင်ရသဖြင့် အကောင်ကြီးအားရွေး၍ ခွာယူကြသည်။

ကျောက်ဆောင်ကျွန်း အနောက်ဘက်၌ ရေအောက်မြုပ်နေသော သန္တာကျွန်းကြီးတစ်ခုကိုလည်း တွေ့ရသည်။ ကျောက်ဆောင်ကျောက်ခက်များ၊ ရေမှော်ပင်များ၊ ငါးရောင်စုံများဖြင့် အလွန်လှပသည်။ ငါးစာ အစားအသောက်ကြွယ်ဝသော ရေအောက်သန္တာကျွန်းဖြစ်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ရေအောက်ငါးရိုင်းကြီးများ၏ အန္တရာယ်ကို သတိထားရပေမည်။

(၃၀) မိနစ်ခန့် ရေငုပ်၊ ကမာကောင်ခွာပြီး ရေပေါ်ပြန်တက်ကြသည်။ ကမ်းပေါ်တွင်နားကြရင်း ကမာကောင်များအား ခွဲကြည့်တော့ ဖြူဖွေးဝင်းလက်နေသော ငွေရောင်ပုလဲများကို ရကြသည်။ အလုံးကြီးပြီး တန်းဝင်ရတနာများဖြစ်ကြသည်။ ကျွန်တော်တို့ ရွေးချယ်ဖဲ့ယူလာသော ကမာကောင်တိုင်းတွင် ပုလဲများပါသည်။ ကျွန်တော်တို့ ဆရာတပည့် ပုလဲရတနာသိုက်ကြီးကို တွေ့ရှိခြင်းဖြစ်လေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

ဒုတိယအကြိမ် ဆင်းငုပ်တော့ ကျွန်း၏အလယ်ဖက်သို့ ရွှေ့ငုပ်ကြသည်။ ရေအောက်(၂၀)ပေခန့်အနက်ရောက်တော့ ကျောက်ဆောင်ကျွန်း၏ အလယ်ဗဟို၌ ကျွန်းအတွင်းသို့ဝင်သည့် ဂလိုဏ်ပေါက်ကြီးကို တွေ့ရသဖြင့် ကျွန်တော့်တပည့်ကျော် ဂျွန်စမစ်အား အချက်ပြ၍ ခေါ်ယူရသည်။ ဂျွန်စမစ်က ဝင်ရန်ဟန်ပြင်၍ ကျွန်တော်ဆွဲခေါ်ပြီး ရေပေါ်ပြန်တက်ကြသည်။

"ဆရာ ... ဘာဖြစ်လို့လဲ"

"ဟ ... ဂျွန်ရ၊ ရေအောက်လိုဏ်ခေါင်းက လူနှစ်ယောက်ချောင်ချောင်ချိချိ ဝင်လို့ရတယ်။ အန္တရာယ်ပေးနိုင်တဲ့ ငါးမန်းတွေနဲ့ အန္တရာယ်ပေးနိုင်တဲ့ ရေအောက်သတ္တဝါတွေ ပုန်းအောင်းနေတတ်တယ်။ ငါတို့မှာ ရေအောက်သုံးဓာတ်မီးနဲ့ မြားသေနတ်က ရေပေါ်မှာ ကျန်ခဲ့တာလေ။ ဒါကြောင့် ရေပေါ်ပြန်တက်ရတာ"

"ဪ ... ဟုတ်ပါရဲ့ ဆရာရယ်။ ကျွန်တော်က ဗြောင်ဝင်တော့မလို့။ ပေါ့ပေါ့ဆဆ လုပ်လို့မရဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . အဲဒါပဲ။ ရေအောက်မှာ အမြဲတမ်းသတိထား။ ပတ်ဝန်းကျင်ကို အမြဲတမ်းလေ့လာ။ ရေသတ္တဝါဆိုတာက ရေထဲမှာ ဘုရင်ပဲ။ အလွန်လျင်မြန်တယ်။ ငါတို့က သူတို့လောက်မမြန်ဘူး။ လက်နက်အကူအညီပါမှ ရင်ဆိုင်နိုင်တယ်။ လျှော့မတွက်နဲ့။ အနီးကပ်တိုက်ခိုက်ဖို့ ခါးက ဓားမြှောင်ကိုလည်း သတိထား"

"ဟုတ်ကဲ့ပါ ဆရာ"

ကျွန်တော်တို့ တစ်ယောက်ကြိမ် လက်နက်ကရိယာ အပြည့်အစုံဖြင့် ရေအောက်ငုပ်ကြပြန်သည်။ ကျွန်တော်က ရေအောက်ဓာတ်မီးထိုး၍ ရှေ့ကဝင်သည်။ ဂျွန်စမစ်က မြားသေနတ်ကိုချိန်၍ နောက်ကလိုက်လာသည်။ ရေနက်ပိုင်းရောက်တော့ ရေမှာ အလွန်အေးမြလာသည်။ နှစ်ဦး ရင်ဘောင်တန်းတက်ခဲ့ရာ ရေအောက်ဥမင်အတွင်း၌ ငါးကလေးများကလွဲ၍ အန္တရာယ်ပေးနိုင်သည့် ရေသတ္တဝါကြီးများမရှိပါ။

ရေအောက်ဥမင် လိုဏ်ခေါင်းအလယ်လောက်ရောက်တော့ အလင်းရောင်ရလာသည်။ ကျွန်တော်တို့ တဖြည်းဖြည်း တိုး၍ဝင်လာရာ ပထမဆင့်ရေပေါ် ဥမင်လိုဏ်ခေါင်းအဝသို့ရောက်သည်။ လေဟာနယ် ကျောက်ဂူကြီးဖြစ်သည်။ ကျွန်တော်တို့ ရေပေါ်တက်ခဲ့ကြသည်။ မျက်နှာဖုံးကို ဖြုတ်၍ ကမ်းပေါ်တက်ပြီး လေရှူကြည့်တော့ ကန့်နှင့် ယမ်းစိမ်းနံ့ရသည်။

ကျောက်ဂူကြီးမှာ အလွန်ကျယ်ဝန်းသည်။ အလင်းရောင်ဝင်နေသည်က ခေါင်မိုးပေါက်မှ ဖြစ်မည်။ အတော်ဝေးကွာသော ခေါင်မိုးကျောက်ကြိုကျောက်ကြားမှ အလင်းရောင်နှင့် လေဝင်နေသည်။ ခေါင်မိုးပေါက်မှာ ကြီးသဖြင့် ဖီဝိုးငှက်ကလေးများ အုပ်လိုက် ဝင်ထွက်ပျံသန်းနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ချက်စီကျွန်းသားရလာမှ ခေါင်မိုးဂူတွင် လင်းနို့ငှက်များ တွဲယောင်းခိုချိတ်ဆွဲနေကြသည်။ အောက်၌ လင်းနို့ချေးများ အပုံလိုက်ဖြစ်နေသည်။ ထိုချေးများအား မိုးရေဝင်သဖြင့် အစိုပုံပြီး ကန့်နှင့် ယမ်းစိမ်းနံ့ ထွက်နေခြင်းဖြစ်သည်။ နံရံများပေါ်၌လည်း ဇီဝဖိုးငှက်ကလေးများ၏အသိုက် (ဆေးဘက်ဝင်ငှက်သိုက်)များက တန်းစီနေသည်။ ငှက်သိုက်များလွတ်ရာ ဂူနံရံက ရွှေရောင်၊ ရောင်ပြန်ဟပ်နေသည်။ ကျွန်တော်တို့ အနှာယူကြပြီး အသက်ကို မြှင်း၍ရှူရသည်။ ငှက်ချေးနံ့များကြောင့် အသက်ရှူ၍ မဝပါ။

"ကဲ ... ဌွန်စမစ်ရေ၊ ဒီဂူထဲ ကြာကြာနေလို့ မကောင်းဘူး ကွ။ အသက်ရှူလို့ မကောင်းဘူး။ မင်းက ငှက်သိုက်အသစ်တွေ နံရံက ခွာယူကွာ။ ငါ ဂူနံရံကို စိတ်ဝင်စားလို့ လေ့လာလိုက်ဦးမယ်။ ငှက်သိုက် အဟောင်းတွေက အာနိသင်မရှိတော့ဘူးနော် ... သတိထား"

"ဟုတ် ... ဆရာ"

ကျွန်တော် ကမာကောင်ခွာ တူကလေးနှင့် ဆောက်ကလေးကိုသုံးပြီး ဂူနံရံမှ ရွှေရောင်တလက်လက်ထနေသော အစများအား ခွာထုတ်နေရာ ကျောက်စများအောက်တွင် ဂူနံရံမှာ ရွှေတုံးရွှေစများ ဖြစ်နေသည်။

"ဌွန်စမစ်ရေ ... ခဏလာစမ်းကွာ၊ ဒီမှာဘာတွေလည်း လာကြည့်ဦးကွ"

"ဟုတ် ..."

"ဟာ ... ဆရာ ... ရွှေတုံးတွေထင်တယ်"

"ထင်တယ်မလုပ်နဲ့ အဲဒါ ရွှေတုံးအစစ်တွေ။ ငါ့အတွေ့အကြုံနဲ့ စမ်းပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဆရာရေ ... ကျွန်တော်တို့ ရတနာ့ဂူကြီးထဲရောက်နေတာပေါ့နော်"

"အမှန်ပဲ။ ကဲ ... မင်းလည်း ငှက်သိုက်အမြန်ခွာ။ ငါလည်း ရွှေတုံး ရသလောက်ခွာမယ်"

ကျွန်တော် နံရံအားခွာနေစဉ် ရွှေတုံးတစ်တုံး ပဲ့ကျသွားသဖြင့် ရေထဲစမ်းနေစဉ် ဂူဝနံရံတွင် တွယ်ကပ်နေသည့် ကမာကောင်တစ်ကောင်အား စမ်းမိသည်။ ရေထဲ၌ ကမာကောင်အခွံမှာ ရွှေအိုရောင်ပေါက်နေသဖြင့် ခွာယူပြီး ဓားကလေးဖြင့် ခွဲကြည့်ရာ နူးညံ့သည့်ကမာကောင်အတွင်းသားဖြူဖြူအလယ်၌ ရွှေရောင်ပုလဲလုံးကြီးကို တွေ့ရသည်။

"ဂျွန်စမစ်ရေ ... လာဦးဟ။ ဒီမှာ တွေ့ပြန်ပြီ"

ဂျွန်စမစ် အပြေးလာကြည့်ရာ ရွှေရောင်ပုလဲကို မြင်သည်နှင့် ဝမ်းသာအားရ ထခုန်ပြီး ...

"ဟန်ကျပြီ ... ဆရာရေ၊ ငှက်သိုက်တွေကို အလေးခံပြီး သယ်ချင်တော့ဘူး။ ရွှေရောင်ပုလဲပဲ ငုပ်တော့မယ်"

ဂျွန်စမစ် အသက်ရှူကိရိယာမျက်နှာဖုံးတပ်၍ ကမာကောင် ရှာတော့သည်။

ကျွန်တော်လည်း အသက်ရှူမဝ၍ မျက်နှာဖုံးတပ်ပြီး ငှက်သိုက်များနှင့် ရွှေတုံးများအား သိမ်းရသည်။ ရွှေတုံးများက ရေစိုခံသော်လည်း ငှက်သိုက်များက ဆားငံရည်ထိလျှင် တာရှည်ခံမည်မထင်။ ကျွန်တော်တို့တွင် ရေလုံအိတ် မပါပါ။ ကမာကောင်ထည့်ရန် နိုင်လွန်ဆန်ကာအိတ်များသာ ပါသည်။ စခန်းပြန်ရောက်မှ ငှက်သိုက်များအား ရေချိုနှင့်ဆေးပြီး နေလှန်းရပေမည်။ ငှက်သိုက်ဆိုသည်က ရေထိလျှင် မွတတ်သော အရွက်မျိုးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နာရီဝက်ခန့် ငုပ်ပြီး ဂွန်စမစ်ရေထဲက ပြန်တက်လာတော့ ရွှေအိုရောင်ကမာကောင်ကြီး အလုံး (၅၀) ခန့်ရလာသည်။

"အဲ . . . ပြန်ကြမယ်ဟေ့၊ နောက်တစ်နေ့မှ ပြန်လာပြီး ဆက်ငုပ်မယ်"

ကျွန်တော် ငှက်သိုက်အိတ်နှင့် ခေတ်မီးအား ညာဘက်လက်နှင့်ကိုင်ပြီး ဂွန်စမစ်က လက်ဝဲလက်နှင့် ကမာကောင်အိတ်၊ မြားသေနတ်တို့ကို ဆွဲပြီး ရွှေတုံးအိတ်မှာ (၅) ပိဿာခန့် လေးသဖြင့် နှစ်ယောက်ဆွဲကာ ရင်ဘောင်တန်းပြီး ကူးခတ်လာခဲ့ကြသည်။ တော်ပါသေးသည်၊ ရေအောက်အန္တရာယ်နှင့် မဆုံခဲ့ရပါ။

ရေလယ်ကျွန်းရောက်တော့ ဂွန်စမစ်အနားယူနေစဉ် ကျွန်တော် ကမာကောင်များအား ခွဲကြည့်ရာ ကမာကောင်ရွှေအိုရောင် (၅၀) ခန့်၊ အကုန်လုံး ရွှေဝါရောင်ပုလဲပါသဖြင့် အလုံး (၅၀) ခန့်ရသည်။ သာသာနှင့်စားကြည့်ရာ ငွေရောင်ကမာကောင်အသားထက် ရွှေရောင်ကမာကောင်အသားက ပို၍ စားကောင်းပါသည်။

ကျွန်တော့်နံဘေးတွင် လဲလျောင်းနေသော ဂွန်စမစ် ပင်ပန်းလွန်းသဖြင့် အိပ်ပျော်သွားဟန်တူပါသည်။ မနီးရက်၍ စောင့်ကြည့်ပြီး သူနိုးလာမှ ပြန်ရန်ပစ္စည်းများသိမ်းဆည်းပြီး ကမာကောင်အခွံများအား ပင်လယ်အတွင်း စွန့်ပစ်ရသည်။ ခြေရာလက်ရာ ဖျောက်ရသည်။

"ဆရာ . . . ကျွန်တော်တော့ ပင်လယ်ငှက်ဖျားမိပြီ ထင်တယ်၊ တစ်ကိုယ်လုံး ပူနေပြီး ချမ်းစိမ့်စိမ့်ဖြစ်လာတယ်"

ကျွန်တော် သူ့တစ်ကိုယ်လုံးအား စမ်းကြည့်ပြီး . . .

"အေး . . . ဟုတ်တယ်။ စခန်းပြန်ရောက်ရင် အစာနည်းနည်းစားပြီး ရမ်အရက် နည်းနည်းသောက်လိုက်။ စခန်းမှာတော့ ငှက်ဖျားဆေး



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး။ ငါ ပုလဲကျွန်းရွာသွားပြီး ဝယ်ပေးမယ်။ သခော်ာသားနဲ့ ပင်လယ်ငှက်ဖျား မိတ်ဆွေတွေပါကွာ။ ဘာမှမဖြစ်ဘူး။ တောင့်ထား။ ငါတွဲခေါ်မယ်''

ကျွန်တော် တစ်ယောက်တည်း ရာဘာလှေကို ဆွဲချရသည်။ ရေတက်လာ၍ တော်ပါသေးသည်။ ပြီးနောက် ပစ္စည်းများ လှေပေါ်တင်၊ ဂျွန်စမစ်အား ဆွဲတင်၍ ကြိုးဖြုတ်ပြီး လှေကို ကမ်းကခွာရသည်။ သတိထားမိ၍ကြည့်တော့ ကျွန်းသဲပြင်မှာ ရေထဲသို့ တဖြည်းဖြည်းမြုပ်နေသည်။ ကျွန်တော်တို့ ကံကောင်းလေစွ။ ရေမြုပ်သော ကျွန်းဖြစ်သဖြင့် လူသူမလာရောက်ကြခြင်းသည်း ဖြစ်ပါလိမ့်မည်။

အပြန်တွင် အနောက်တောင်မုတ်သုန်ရာသီလေးက တိုက်ခတ်လာသည်။ တိမ်မည်းညိုများလည်း အုပ်ဆိုင်းလာသည်။ မိုးရွာတော့မည်ဖြစ်သည်။ ကျွန်တော်တစ်ဦးတည်း ပေါ့ပါးသော ရော်ဘာလှေကို လှော်ရခြင်းဖြစ်ရာ (၁) မိုင်ခန့်ခရီးကို အတော်နှင့် မရောက်နိုင်။ လေဆန်၊ ရေဆန်ဖြစ်သည်။ မိုးချုပ်ခါနီးမှ စတည်းချရာကင်းသို့ ရောက်သည်။ လှေအား ကြိုးချည်၊ ဂျွန်စမစ်အားတွဲ၍ ရွက်ထည်တဲအတွင်း ထည့်သွင်း။ ပစ္စည်းများသိမ်း၊ ရာဘာလှေအား လုံခြုံရာသို့ဆွဲတင်ပြီး တဲအတွင်း၌ မီးဖိုနေစဉ် မုတ်သုန်မိုးက အငြိုးကြီးစွာ ရွာသွန်းတော့သည်။

တပည့်ကျော် ဂျွန်စမစ်အား အစာအနည်းငယ်ကျွေး၍ ရမ်အရက်တိုက်ပြီး ရှိသမျှစောင်များအား ခြုံပေးရာ တဟင်းဟင်းညည်းပြီး အိပ်ပျော်သွားသည်။ မိုးက မစဲတော့။ ကျွန်တော်လည်း ပုလဲကျွန်းရွာကြီးသို့ ဆေးဝယ်ရန် မသွားနိုင်တော့။ ကိုယ်တိုင်လည်း ချမ်းစိမ့်စိမ့်ဖြစ်လာ၍ အရက်သောက်ပြီး အစာစား၍ အိပ်ရာဝင်ခဲ့တော့သည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အနွေးဓာတ်ရစေရန် ခြုံစောင်မှာ မလုံလောက်သဖြင့် ဂျွန်စမစ်အားကပ်၍ ထွေးရသည်။ ဂျွန်စမစ်ကိုယ်မှာ ခြစ်ခြစ်တောက်ပူနေသဖြင့်လည်းကောင်း၊ ခြုံစောင်နှင့် မီးလင်းဖို အနွေးဓာတ်ကြောင့် ကျွန်တော်နှစ်မြိုက်စွာ အိပ်ပျော်သွားသည်။ ရေငုပ်ရသည်မှာ ပင်ပန်းသဖြင့် မနက်မိုးလင်းတော့မှ တစ်ရေးနိုးသည်။ အိပ်ရာမှ နိုးရခြင်းမှာလည်း အေးစက်နေသော အထိအတွေ့ကြောင့်ဖြစ်သည်။ ဂျွန်စမစ်ခန္ဓာကိုယ်က အေးစက်နေသည်။

ဂျွန်စမစ် အဖျားကျသွားဟန်ရှိသည်။ ကျွန်တော်ဖုံးလွှမ်းထားသော စောင်များအားဖယ်ရှားပြီး ဂျွန်စမစ်အား နှိုးတော့ မနိုးတော့ပါ။ ဂျွန်စမစ် ဆုံးပါးသွားရှာပြီဖြစ်သည်။ ဩော် ... တပည့်ရယ် ... ချမ်းသာတော့မယ်ကြံခါမှ အသေစောလေခြင်း။

အုပ်ချုပ်ရေးကွာလှမ်းသော ကျွန်းပေါ်တွင် ဘယ်သူ့ကိုမှ အကြောင်းကြားရန်မရှိ။ ကိုယ်တိုင်ကျင်းတူး၍ တပည့်အလောင်းအား ကိုယ်တိုင်ထမ်းပြီး မြှုပ်ရသည်။ ကျွန်တော်တို့နှစ်ဦးသာသိသော တိုက်ရာပါရတနာများ မြှုပ်နှံထားရာမှ ဖော်ပြီး သူ့ဝေစုအားထည့်သွင်း၍ သင်္ဂြိုဟ်လိုက်ရပါသည်။ ကျွန်တော် ရတနာကျွန်းမြေပုံအား အကြမ်းဆွဲပြီး ရွက်ဖျင်တဲကိုဖျက်၊ ရော်ဘာလေ့ပါ လုံခြုံမည်ထင်သည့်နေရာတွင် ဝှက်ပြီး အဖိုးတန်ပစ္စည်းလောက်သာသယ်ပြီး စခန်းကို စွန့်ခွာခဲ့ပါတော့သည်။

ပုလဲကျွန်းရွာကြီးရောက်တော့လည်း ရွာအတွင်း လှုပ်လှုပ်ရှားရှားဖြစ်နေသည်။ ဦးအဝိန်ဆိုင်တွင်းမှာလည်း လူစုံနေသည်။ အထုပ်အပိုးများဖြင့် ကျွန်တော့်ကိုမြင်တော့ ဦးအဝိန်ဆိုင်တွင်းက ထွက်လာပြီး ...

"မိတ်ဆွေကြီး ... ခရီးထွက်တော့မလို့လား၊ တပည့်ရော ပါလာဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ဖွဲ့က သားကောင်တွေရလို့ ပြန်သွားကြပြီ။ တပည့်က တစ်ယောက်တည်းကျန်တော့ စခန်းစောင့်ကျန်ခဲ့တယ်"

"ဘယ်ထိသွားမလဲ ... မိတ်ဆွေကြီး"

"မြိတ်မြို့တင်ပါ ...။ ရောင်းစရာလေးတွေ သွားရောင်းမလို့။ ဩော် ... ဒါနဲ့ ခင်ဗျားတို့မှာထားတဲ့ ငှက်သိုက်တွေ ပါလာတယ်"

"ဟုတ်လား ... ပြပါဦး"

"အကောင်းစား အဖြူမျိုးတွေပဲ။ ဈေးကောင်းပေးမယ်"

"ကောင်းတာပေါ့ဗျာ"

"ဒါနဲ့ မိတ်ဆွေကြီး ဘယ်ကျွန်းကရတာလဲ"

"သစ်ပင်မပေါက်တဲ့ ကျောက်ဆောင်ကျွန်းကရတာပါ"

"မိုးပုလဲကျွန်းကြီးမြောက်ဘက် တစ်မိုင်လောက်က ကျောက်ဆောင်ကျွန်းလား ... မိတ်ဆွေကြီး"

"ဟုတ်ပါတယ်။ ဘာဖြစ်လို့မေးတာလဲ ... ဦးအံဝိန်"

"အဲဒီကျွန်းက နတ်ကြီးတယ်။ ဒီဒေသက ဒေသခံလူတွေ ဝေးဝေးက ရှောင်ကြတယ်။ မိတ်ဆွေကြီးတို့ ဘာဖြစ်ကြသေးသလဲ"

"ကျွန်တော်တို့ ဘာမှမဖြစ်ပါဘူး"

"ဟုတ်ရဲ့လားဗျာ ...။ အဲဒီကျွန်းပေါ်တက်တာနဲ့ လူတစ်ဦးမဟုတ်တစ်ဦး သေတတ်တယ်။ 'နတ်ဆိုးကျိန်စာကျွန်း' လို့ ခေါ်တယ်"

"ဩော် ... ဒါကြောင့် ငှက်သိုက်တွေ အလွန်ပေါတာကိုး"

"နောက်မသွားနဲ့ မိတ်ဆွေကြီး။ လူတကယ်သေတတ်တယ်။ ကျွန်တော်လည်း ကိုယ်တွေ့ကြုံဘူးတာ"

ကျွန်တော် ဦးအံဝိန်စကားကြောင့် တပည့်ကျော် ကျော်စမင်း၏ မျက်နှာကို ဖျတ်ခနဲ မီးမောင်းထိုးပြလိုက်သလို မြင်လိုက်သည်။ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



စမစ်မှာ ယခင်က ကျွန်းမာရေးအလွန်ကောင်းပြီး သွက်လက်ဖျက်လတ် သူဖြစ်သည်။ ကျွန်တော်နှင့်အတူနေစဉ် တစ်ကြိမ်တစ်ခါမျှ ဖျားနာခြင်း မဖြစ်စဖူး။ သူတစ်ပါးဖျားနာသည်ကိုသာ ကိုယ်ဖိရင်ဖိ၊ အောက်ခြေ သိမ်းပြုစုသူတစ်ယောက်ဖြစ်သည်။

ယခုတော့ တစ်ခါဖျားသည်နှင့် အသက်ပါ ပါသွားတော့မည်။ ဦးအစိန်ပြောသလို နတ်ဆိုးကျွန်းမှ ကျိန်စာကြောင့်လော မသိပါ။ ကျွန်တော်တပည့် ဆုံးရှုံးရသည်ကိုတော့ ကျွန်တော် လွန်စွာ နမြောမိပါ သည်။ ကျွန်တော် အတွေးလွန်နေစဉ် ဦးအစိန်က ငှက်သိုက်များအား သန့်စင်ချိန်တွယ်နေသည်။ တော်ပါသေးသည်၊ ရေငန်ထိထားသော်လည်း မပျက်စီး။

"မိတ်ဆွေကြီး . . . စားချင်ရာ၊ သောက်ချင်ရာ မှာစား။ အား မနာနဲ့။ စစ်မီးကြီးကလည်း မြန်မာပြည်ကို ကူးလာပြီ။ ဂျပန်ဒီဝီဇံတစ်မ ကြီး မြန်မာမြေပေါ် မရောက်သေးပေမဲ့ ဂျပန်လေယာဉ်တွေက မြို့ကြီး တွေအပေါ်ကို ဗုံးသွားကြဲနေကြပြီ။ အင်္ဂလိပ်တွေလည်း ရှုတ်ရှုတ်သဲသဲ နဲ့ အိန္ဒိယနိုင်ငံဘက် ဆုတ်ခွာဖို့ စီစဉ်နေကြပြီ"

"ရှေ့ဗျာ . . ငှက်သိုက်ဖိုးငွေတွေ။ စစ်ကြီးကြောင့် နောင်လည်း အတော်နဲ့ရမှာ မဟုတ်တော့လို့ ကျွန်တော် စျေးပိုပေးထားပါတယ်"

"ကျေးဇူးပဲ . . . မစ္စတာဝိန်။ ကျွန်တော် မြိတ်မြို့ဘက်ကမ်းကူး ဖို့ စီစဉ်ပေးပါဦး"

"လုပ်ပေးမယ် . . . မိတ်ဆွေကြီး။ ကျွန်တော့်သူငယ်ချင်း မော် တော်ရှိတယ်။ ကျွန်တော် စုံစမ်းခိုင်းပေးမယ်။ ခဏကလေးစောင့်ပါ"

မကြာပါ၊ နာရီဝက်ခန့်သာ ကြာမည်။ မော်တော်ထွက်တော့ မည်ဟု ကလေးတစ်ယောက်လာပြောသဖြင့် ဦးအစိန်အား နှုတ်ဆက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဆိပ်ကမ်းဆင်းရာ ဦးအဝိန်ဏာ ထိုကာလေးဖြင့်ပင် ကျွန်တော် ပစ္စည်းများအား ပိုင်းသယ်နိုင်းသဖြင့် ကျွန်တော် အလွန်သက်သာသွား သည်။

ဆိပ်ကမ်းရောက်တော့လည်း မော်တော်ဆလင်ကြီးက ကျွန် တော့်အား ဦးအဝိန်မျက်နှာဖြင့် မော်တော်ဦးတွင် နေရာပေးသည်။ ကျွန် တော်က ရန်ကုန်သွားမည်ဖြစ်၍ စက်လှေမရှိတော့ကြောင်း၊ ငါးဖမ်းစက် လှေ၊ ကုန်တင်စက်လှေများပင် ဂျပန်လေယာဉ်ပျံများရန်ကြောင့် မသွား ရဲတော့ကြောင်း၊ မော်လမြိုင်အထိတော့ ကမ်းရိုးတန်းသွား၊ စက်လှေရှိ သေးကြောင်း၊ ထိုစက်လှေများပင် တစ်ခါတစ်ရံ မော်လမြိုင်အထိမရောက် တော့ဘဲ လမ်းခုလပ်မှ ပြန်လှည့်တတ်ကြောင်း ပြောပြပါသည်။ မတတ် နိုင်တော့ပါ။ ဖြစ်လိုရာ ဖြစ်စေတော့ ကျွန်တော့်အခြေအနေမှာ နောက် ပြန်လှည့်၍ မရတော့ပါ။

ကံကောင်းထောက်မစွာ မြိတ်ဆိပ်ကမ်းရောက်တော့ ရန်ကုန် ထွက်မည့် စက်လှေတစ်စီးရှိသည်။ ကုန်များက အပြည့်၊ လိုက်ပါကြမည့် ခရီးသည်များက အပြည့်။ တော်ပါသေးသည်။ မော်တော်ဆလင်ကြီး၏ မိတ်ဆက်ပေးမှုကြောင့် ကျွန်တော့်အား စက်လှေပဲ့နင်းကြီးက သူ့အခန်း ကျဉ်းကျဉ်းကလေး၌ နေရာပေးသည်။ လုံခြုံမှုရ၍ စိတ်ချမ်းသာရပါသည်။ သို့သော် စက်လှေကြီးက နေ့ဘက်ထွက်သည်မဟုတ်။ ညနေစောင်း မှောင်စပြုမှ စက်လှေအားမီးအမှောင်ချပြီး ထွက်ခြင်းဖြစ်သည်။ ဂျပန် လေယာဉ်ပျံရန် ကြောက်၍ဟု သိရပါသည်။

ကမ်းနားကပ်၍ ခုတ်မောင်းခြင်းလည်းဖြစ်သဖြင့် မိုးရာသီဖြစ် သော်လည်း လှိုင်းဒဏ်၊ လေဒဏ် သိပ်မခံစားရပါ။ ကုန်ပစ္စည်းနှင့် လူ များအပြည့်ဖြစ်၍ အပေါ့အပါးသွားလိုလျှင် စက်လှေကြီးအနောက်ဘက်



www.burmeseclassic.com

www.burmeseclassic.com



သို့ ကုန်ပစ္စည်းအိတ်များအပေါ်မှ လေးဘက်ထောက်၍ ခက်ခဲစွာ သွား
လာရသည်။

အစားအသောက်မှာလည်း စက်လှေပေါ်က ကျွေးပါသည်
ထမင်းနှင့် နန္ဒင်းအလွှန်များသော ငါးဟင်းဖြစ်သည်။ ကုလားစာဖြ
အလွန်တူသည်။ ကျွန်တော် မစားနိုင်ပါ။ ထို့ကြောင့် အဆာပြေရုံတေ
စားရသည်။ လောလောဖြင့် ခရီးထွက်လာသဖြင့် စည်သွတ်ဘူးနှင့် မေ
မုန့်အချို့တော့ ပါလာသည်။ သို့သော် ကရိကထများလွန်းမှာစိုး၍ ဖြ
သလိုသာ စားလိုက်ရပါသည်။

စက်လှေကြီးက တစ်ညလုံး ခုတ်မောင်းသည်။ အနော
တောင်ရာသီလေ တိုက်နေသောကြောင့် ရေစုန်လေစုန် အလွန်မြန်သည်
သင်္ဘောသားများကလည်း မောင်းကြီးမည်းမည်း ပင်လယ်ရေရောင်ဖြ
ဖြင့် ခုတ်မောင်းရခြင်းဖြစ်သော်လည်း သွားနေကျခရီးလမ်းဖြစ်၍ ကျွ
ကျင်ကြပါသည်။

နောက်တစ်နေ့မနက်၌ မော်လမြိုင်မြို့သို့ ရောက်လာသည်
ရန်ကုန်သို့ အခြေအနေအရ မသွားနိုင်တော့ကြောင်း စက်လှေဆလ
ကြီးက ပြောသဖြင့် ကျွန်တော်တို့ မော်လမြိုင်တွင် ဆင်းတင်တေ
သည်။ မုတ္တမဘက်ကမ်းကူး၍ မီးရထားစီးရမည်ဖြစ်သည်။ မီးရထ
ကလည်း ဂျပန်လေယာဉ်ဗုံးဒဏ်ကြောင့် ညဘက်မှထွက်ကြောင်း၊ ထွ
ချင်မှလည်းထွက်ကြောင်း၊ ရထားဖြင့် ခရီးသွားကြမည့် ခရီးသည်မျ
က အစုအဝေးကြီးဖြင့် သက်သေခံနေသည်။

ကျွန်တော် မော်လမြိုင်ဆိပ်ကမ်း စားသောက်ဆိုင်တစ်ဆို
တွင် ဝင်ရောက်စားသောက်ရင်း စနည်းနာရာ ရထားဖြ ခရီးသွား
တွင် အနောက်တိုင်းသားများအား ဦးစားပေးကြောင်းလည်း သိရှ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် မျှော်လင့်ချက်ထားမိပြန်ပါသည်။ ထို့ကြောင့် စားသောက်ပြီးသည်နှင့် မြင်းလှည်းငှားပြီး မုတ္တမဆိပ်ကမ်းဘက် ထွက်ခဲ့ပါသည်။

ထိုအချိန်က ခရီးသည်အသွားအလာများသဖြင့် ဆိပ်ကမ်းတွင် ကုလားကူလီများ အလွန်များသောကြောင့် ကျွန်တော့်ပစ္စည်းများ သယ်ဆောင်ရန် အလွန်အဆင်ပြေသည်။ သံလွင်မြစ်ကြီးကို ခရီးသည်တင်သင်္ဘောဖြင့် ဖြတ်ကူးပြီး မုတ္တမဘူတာရုံတွင် ရုံပိုင်ကြီးဖြင့် ဝင်တွေ့ရာ ကျွန်တော်က အင်္ဂလိပ်အစိုးရဝန်ထမ်း၊ သတ္တုတူးဖော်ရေး အရာရှိအဖြစ် သရုပ်ဆောင်ပြီး မီးရထားလက်မှတ်ဝယ်ရသည်။

အထက်တန်းတွဲမှာ နေရာလွတ်မရှိတော့ဘဲ ထိုင်ခုံများပြည့်နေကြောင်း၊ အိပ်စင်ပါ လေးယောက်ခန်းတစ်ခန်းသာ ကျန်တော့ကြောင်း ပြောသဖြင့် တပည့်ပါသည်ဟု လိမ်ညာကာ နှစ်ယောက်အတွက် ဝယ်ခဲ့ရပါသည်။ ဘူမိဗေဒအရာရှိတစ်ဦးက တပည့်လက်သားမပါဘဲ ခရီးသွားသည်ဆိုလျှင် ယုံနိုင်စရာမရှိ ဖြစ်ပေလိမ့်မည်။

ကျွန်တော် လက်မှတ် (၂) စောင်ဝယ်ပြီး ကုလားကူလီငှား၍ တွဲပေါ်တက်ခဲ့ပါသည်။ ပစ္စည်းများအား အောက်အိပ်စင်များအောက်၌ စနစ်တကျ သိုသိုသိပ်သိပ် နေရာချထားပြီး အိပ်စင်ပေါ်၌ အနားယူနေစဉ် အခန်းတံခါးခေါက်သံ ကြားရသည်။

"ဒေါက် ... ဒေါက် ... ဒေါက် ..."

လက်မှတ်စစ် ဖြစ်ဟန်တူသည်။ ရထားက မထွက်သေးသော်လည်း ခရီးသည်များက အပြည့်အကျပ် နေရာယူထားကြပြီးဖြစ်သည်။

ထိုအချိန်က မီးရထားရုံပိုင်က အင်္ဂလိပ်။ လက်မှတ်ရောင်းနှင့် လက်မှတ်စစ်များက အိန္ဒိယလူမျိုး ကုလားများဖြစ်ကြသည်။ မီးရထားမောင်းသူမှာလည်း ကုလားပင်ဖြစ်သည်။ မီးရထားငှားအား အိန္ဒိယ



www.burmeseclassic.com

www.burmeseclassic.com



သား ကုလားများက အပိုင်စီးထားဟန်တူသည်။ ကျွန်တော် အိပ်ခန်းတံခါးဖွင့်ပေးတော့ လက်မှတ်စစ်များမဟုတ်။ အထုပ်အပိုးကိုယ်စီဖြင့် ခရီးသွား အနောက်တိုင်းသား မိန်းမတစ်ဦးနှင့် ယောက်ျားတစ်ဦးတို့ ဖြစ်ကြသည်။

"ဟဲလို ..."

"ဟဲလို ..."

"ကျွန်မတို့က ရှင့်ရဲ့ ဒီအခန်းဖော်ပါ။ ကျွန်မနာမည်က မစ္စစ်မေရီပါးလ်။ သူကတော့ ကျွန်မမောင် ဖရန့်စစ်ပါ"

"တွေ့ရတာ ဝမ်းသာပါတယ်။ ကျွန်တော့်နာမည် ဆိုင်းမွန်။ အစိုးရသတ္တုတွင်း အင်ဂျင်နီယာပါ"

"ဟုတ်ကဲ့ ... အနောက်တိုင်းသားချင်း အခန်းဖော်ဖြစ်ရတာ ဝမ်းသာပါတယ်။ ကျွန်မတို့ကတော့ ရွှေဆိုင်ဖွင့်ပြီး အရောင်းအဝယ်လုပ်ပါတယ်။ ရန်ကုန်၊ မဂိုလမ်းမှာနေပါတယ်"

သို့နှင့် ကျွန်တော်တို့ ခရီးသွားချင်းဖြစ်၍ မကြာမီပင် မိတ်ဆွေများ ဖြစ်သွားကြပါသည်။ သို့သော် ကျွန်တော်၏မသိစိတ်က သူတို့နှစ်ဦး မောင်နှမအရင်းမဟုတ်ကြောင်း သိနေပါသည်။ အမျိုးသမီးက အင်္ဂလိပ်လူမျိုး၊ အမျိုးသားက ပြင်သစ်လူမျိုးဖြစ်၍ အနောက်တိုင်းသားချင်း မောင်နှမ မဟုတ်နိုင်ကြောင်း သိနေပါသည်။ နှစ်ဦးစလုံး ကျွန်တော့်ထက်တော့ ငယ်ကြပါသည်။

နေ့လယ်စာထမင်းစားချိန်၌ ကျွန်တော်နှင့်ဖရန့်စစ်၊ မုတ္တမဘူတာရုံအနီး ဖွင့်လှစ်ထားသော ထမင်းဆိုင်များမှ စားလို့အဆင်ပြေရာဆင်း၍ ဝယ်ကြပြီး ရထားပေါ်ပြန်တက်တော့ အခန်းစောင့်နေသော မေရီပါးက သူတို့မော်လမြိုင်မှယူလာသော ဟင်းများကို ထုတ်၍ အဆင်



www.burmeseclassic.com

www.burmeseclassic.com



သင့်ပြင်ဆင်ထားသဖြင့် ရထားပေါ် အိပ်ခန်းထဲ၌ပင် လက်ဆုံစားကြသည်။ ကျွန်တော်က ကျွန်တော်သယ်လာသော ပစ္စည်းထုပ်များကို ဓသိမသာ စစ်ဆေးကြည့်သည်။ အခြေအနေ အထားအသို မပျက်ယွင်းပါ။ ကျွန်တော်တို့ စားသောက်ရင်း စစ်ကြီးအကြောင်း စီးပွားရေးအကြောင်း ပြောကြသည်။

ရန်ကုန်မြို့ကြီး ဗုံးကြဲခံရသော်လည်း မပျက်စီးသေးပါကြောင်း၊ အင်္ဂလိပ်အစိုးရ၏ အုပ်ချုပ်ရေးယန္တရားလည်း လည်ပတ်မြဲဖြစ်ပါကြောင်း၊ သို့သော် မကြာမီပင် မြန်မာ့တပ်မတော်နှင့် ဂျပန်များရောက်လာတော့မည်ဖြစ်သဖြင့် အင်္ဂလိပ်များ၊ အိန္ဒိယသို့ဆုတ်ခွာရန် စနစ်တကျ ပြင်ဆင်နေကြကြောင်း၊ အရောင်းအဝယ်များ ရပ်တန့်ကုန်ပြီး မရှိမဖြစ်သည့် စားသောက်ကုန်လောက်သာ အရောင်းအဝယ်ဖြစ်ကြောင်း၊ သူတို့မောင်နှမလည်း ရွှေဆိုင်ပိတ်ပြီး မော်လမြိုင်မြို့သို့ လာလည်စဉ် သောင်တင်နေခြင်းဖြစ်ကြောင်း၊ မုတ္တမဘူတာမှာ ဗုံးဒဏ်ကြောင့် မီးလောင်ပျက်စီးသွားပြီး နေ့ဖက်သွား မီးရထားလမ်းပါပိတ်ထားသဖြင့် ယံနေ့မှ ကံအားလျော်စွာ ပြန်ဖွင့်ပြီး နေရာရသဖြင့် လွန်စွာကံကောင်းကြောင်း၊ မေရီပါးယ်က မိန်းမပီပီ ရေပက်မဝင်အောင် စကားပြောပါသည်။ မောင်ဖြစ်သူဟုဆိုသော ဇရန်စစ်ကတော့ စကားအလွန်နည်းပါသည်။ ကျွန်တော်ကလည်း အစိုးရဝန်ထမ်းဟန်ဆောင်ထားသဖြင့် အလိုက်အထိုက် ပြန်ပြောရပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

စားသောက်ပြီး မေရီပါးက နှပ်ထားသော လက်ဖက်ရည်ချိုဖြင့် ဧည့်ခံရင်း ...

"မစ္စတာဆိုင်းမွန် ... တစ်ယောက်တည်းခရီးသွားတာ အထုပ်အပိုးတွေက များလှချည်လား၊ တပည့်မပါဘူးလား"

"ကျွန်းကပြန်လာတုန်းကတော့ တပည့်တွေနဲ့ပဲ။ လက်ထောက်ဘူမိဗေဒအရာရှိနဲ့ ကျွန်တော်လက်စွဲတပည့်ကျော်က ငှက်ဖျားရောဂါဖြစ်တာနဲ့ မြိတ်ဆေးရုံမှာ ကျန်ခဲ့ကြတယ်။ ကျွန်တော့်ကိုတော့ ရန်ကုန်သွားမဲ့စက်လှေပေါ်မှာ အခန်းငှားပြီး တင်ပေးလိုက်တာ။

ရေကြောင်းမှာ ဂျပန်လေယာဉ်တွေက ဗုံးလိုက်ကြဲနေတော့ စီးလာတဲ့စက်လှေလည်း ရန်ကုန်မသွားရဲတော့ဘဲ မော်လမြိုင်ဝင်ကပ်တာ။ အဲဒါကြောင့်လည်း အထုပ်အပိုးတွေနဲ့ ဒုက္ခရောက်ရတာ။ အိမ်ဖြန်းနဲ့ အခုလို အနောက်တိုင်းသား ခရီးဖော်ချင်းဆုံရလို့ အလွန်ဝမ်းသာရပါတယ်။ အထုပ်အပိုးတွေက အဝတ်အစား၊ အသုံးအဆောင်တွေရဲ့ သတ္တုရိုင်း နမူနာတွေပါ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မလိမ်သာ၊ လိမ်သာ မစွလ်ပါးအား လိုမ့်ရတော့သည်။ သူကလည်း ယုံဟန်တူပါသည်။ ဖော်ရွေစွာ ပြုံးပြီး ခေါင်းငြိမ့်နားထောင်သည်။ ဖရန့်စစ်ကတော့ ထိုစဉ်ကတည်းက အင်းမလှုပ် အဲမလှုပ် ဘာသာနေသည်။

ညအမှောင်ကို အကာအကွယ်ယူ၍ ရထားကြီးထွက်လာသည်။ တွဲများအား မီးမထွန်း။ ခေါင်းတွဲ၌လည်း ဆလိုက်မီးမောင်းကြီး မထွန်းထား။ ဟာရီကိန်းမီးအိမ်(၂)လုံးကိုသာ ခေါင်းတွဲတစ်ဖက်တစ်ချက်၌ ချိတ်ဆွဲထားသည်။ ဂျပန်လေယာဉ်များကလည်း ညဘက်၌ ဗုံးကြဲတိုက်ခိုက်ခဲ့ပါသည်။ စင်ကာပူမှ လာရောက်ရသော ဗုံးကြဲလေယာဉ်များမှာ မြန်မာမြေပေါ်၌ အခြေစိုက်နေရာမရှိသေးသဖြင့် မြင်မြင်ထင်ထင် နေ့ဘက်၌သာ ဗုံးကြဲတိုက်ခိုက်လေ့ရှိပါသည်။ အိပ်ချိန်ရောက်တော့ မေရီပါးလ်နှင့်ကျွန်တော်က အောက်ထပ်အိပ်စင်တစ်ခုစီတွင် အိပ်ကြပြီး ဖရန့်စစ်က အပေါ်အိပ်စင်တွင် တက်အိပ်ပါသည်။

စစ်တောင်းတံတားကြီးအနီးရောက်တော့ ရထားကြီးရပ်သည်။ မနက် (၅) နာရီခန့်လည်း ဖြစ်ပါသည်။ စစ်တောင်းတံတားကြီးအား အင်္ဂလိပ်က ချိုးထားသဖြင့် တစ်ဖက်ကမ်းသို့ မော်တော်ဖြင့် ကူးရမည်ဖြစ်သည်။ ကျွန်တော်တို့ ကုလားကူလီများအားငှားပြီး ဆိပ်ခံမှတစ်ဆင့် မော်တော်ပေါ်သို့ တင်ရသည်။

အင်္ဂလိပ်များအား ဦးစားပေးသဖြင့် ကျွန်တော်တို့အုပ်စု ပထမအခေါက် မော်တော်၌ပင် ပါသွားသည်။ စစ်တောင်းမြစ်ရေမှာ လွန်စွာချောင်းသန်သည်။ စက်အားကောင်းသော မော်တော်ဖြစ်၍ တော်ပါသေးသည်။ စစ်တောင်းတံတားကုန်းဘောင်ဆက်များမှာ အပိုင်းပိုင်းပြတ်၍ မြစ်တွင်း ပြုတ်ကျနေသည်။ တစ်ဖက်ကမ်း၌ ရှည်လျားသော မီးရထားတွဲကြီး ထိုးဆိုက်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



မီးရထားဝန်ထမ်းများက မှတ္တမမှစီးလာသည့်အတိုင်း မီးရထားတွဲများ‌ပေါ်၌ နေရာပြန်ပေးသဖြင့် ကျွန်တော်တို့ အဆင်ပြေကြပါသည်။ ကုန်တင်ကားနှင့် ခရီးသည်တင်ကား အချို့ကိုလည်း တစ်ဖက်ကမ်း၌ တွေ့ရပါသည်။ ရန်ကုန်မြို့နှင့် မဝေးတော့သည့် ဝေါမြို့ဆိပ်ကမ်းဖြစ်ပါသည်။

ခရီးက လမ်းပန်းအခြေအနေမကောင်း၍ အဆင့်ဆင့် ခက်ခဲသော်လည်း ကျွန်တော်အခြေချလိုရာ ရန်ကုန်မြို့ဘက်ကမ်းရောက်လာသဖြင့် ကျွန်တော် ကျေနပ်မိပါသည်။ ခရီးသည်စုံ၍ မီးရထားကြီးစထွက်လာတော့ မအိပ်ကြတော့ဘဲ မစ္စမေရီပါးလ်ကျွေးမွေးသော လက်ဖက်ရည်အချိုနှင့် ဘီစကစ်မုန့်ကို Breakfast အဖြစ် စားသုံးကြရင်း စကားပြောဖြစ်ကြပြန်ပါသည်။ မစ္စမေရီပါးလ်မှာ အတော်မွှန်ရည်သလို စကားပြောလည်း ကောင်းသည်။ ဆွဲဆောင်မှုလည်း ရှိပါသည်။

မြန်မာပြည်တွင် အနေကြာလို့ ထင်ရဲ့၊ အနောက်တိုင်းမဆန်ဘဲ အရှေ့တိုင်းဟန်ပေါ်နေသည်။ ကျွန်တော် သတိထားမိသလောက် အင်္ဂလိပ်စကားပြောသော်လည်း မြန်မာမုန့်များ၊ အစာအစားများကို နှစ်သက်စွာ စားတတ်သည်။ စစ်အတွင်း ရှားပါး၍လည်း ဖြစ်နိုင်ပါသည်။

"မစ္စတာဆိုင်းမွန် . . . ရန်ကုန်ရောက်ရင် ဘယ်မှာတည်းမှာပါသလဲ"

"ကျွန်တော်တို့ဌာန သတ္တုရှာဖွေရေးမှာ တည်းရမှာပေါ့ဗျာ"

"ကံဘဲ့မှာလား"

တကယ်တော့ ကျွန်တော်မသိပါ။ ရန်ကုန်မြို့ကြီးကို မရောက်ဖူးသဖြင့် မနှံ့စပ်ပါ။ ထို့ကြောင့် ရောယောင်ပြီး . . .

"ဟုတ်ပါတယ် . . . မစ္စစ်မေရီ"



www.burmeseclassic.com

www.burmeseclassic.com



"ကံဘဲ့က မြို့လယ်ခေါင်နဲ့ အဝေးကြီး။ ဒီစစ်ကြီးအတွင်းမှာ အသွားအလာ ခက်လိမ့်မယ်ထင်တယ်။ လောလောဆယ်တော့ ကျွန်မတို့အိမ် မဂိုလမ်းမှာ လာတည်းပါ။ နောက်နေ့မှ စုံစမ်းပြီး ကံဘဲ့ကိုသွားပေါ့။ မဂိုလမ်းအိမ်က ကားမရှိရင်တောင် ရန်ကုန်ဘူတာကြီးကနေ ကုန်းကြောင်းလျှောက်သွားလို့ရပါတယ်။ အနီးကလေးပါ"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်။ အဲဒီအတိုင်း လုပ်ကြတာပေါ့နော်"

ဝေါမြို့နှင့် ရန်ကုန်ဘူတာကြီးခရီးစဉ်မှာ အနှောင့်အယှက်မရှိပါ။ နံနက် (၉) နာရီခန့်တွင် ကျွန်တော်တို့ မီးရထားကြီး ဘူတာကြီးသို့ ဝင်လာသည်။ ကွင်းခြံဘူတာကြီးဟုခေါ်ကြောင်း မေရီပါးလ်က ပြောပြသည်။ ဗုံးမှန်ထားသော်လည်း အင်္ဂလိပ်လက်ရာ၊ ရန်ကုန်ဘူတာကြီးမှာ အပျက်အစီးသိပ်မရှိပါ။ စကြိုလမ်းအမိုးအချို့သာ ပျက်စီးနေသည်။ မြို့တွင်းသွား လော်ကယ်ရထားများ အသွားအလာမပျက်ပါ။ ခရီးသည်များဖြင့်လည်း စည်ကားနေသည်။

ကျွန်တော်တို့ ဘူတာကြီးအတွင်း လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်ကြသည်။ FORD အမျိုးအစား TAXI ကားတစ်စီး ဝင်လာသဖြင့် ငှားလိုက်သည်။ ကားပေါ်ပစ္စည်းထုပ်များတင်ပြီး ကားစီးတော့လည်း ဖရန့်စစ်က ရှေ့ခန်း ဒရိုင်ဘာဘေးခုံတွင် စီးသဖြင့် ကျွန်တော်နှင့် မေရီပါးလ်က နောက်ခုံတွင် စီးကြသည်။ ရန်ကုန်မြို့ကြီးမှာ စည်ကားဆဲ၊ အသွားအလာလည်း မပြတ်သေးပါ။ ဘူတာကြီးမှ ပန်းဆိုးတန်းလမ်းအတိုင်း ကားကမောင်းလာပြီး ညာကွေ့၍ မဂိုလမ်း။ (ယခု ရွှေဘုံသာလမ်း) သို့ ဆက်မောင်းလာရာ အောက်ဘလောက် မဂိုလမ်း ဗလီကြီးတစ်ခုရှေ့တွင် ကားကရပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မစ္စတာဆိုင်းမွန် ဟိုဗလီကြီးဘေးက GOLDEN PEARLS ရွှေဆိုင်က ကျွန်မတို့ဆိုင်ပဲ။ အောက်ထပ်က ရွှေဆိုင်၊ အပေါ်ထပ်က ကျွန်မတို့အိမ်ပဲ။ ကြွပါရှင့်"

ဆိုင်နှင့်အိမ်မှာ တံခါးပိတ်ထားသဖြင့် သော့ဖွင့်ဝင်ရသည်။ အောက်ထပ်ရွှေဆိုင်မှာ အတော်ကျယ်ဝန်းသလို အပေါ်ထပ်တက်ခဲ့ကြတော့လည်း အပေါ်ထပ်မှာ ကျယ်ဝန်းပါသည်။ ဧည့်ခန်းတွင် အီတလီလုပ် ဆိုဖာဆက်တီနှင့် အီတလီဖြစ် ကော်ဇောကြီးများ ခင်းထားသည်။ အိပ်ခန်း (၄) ခန်းကိုလည်း မျက်နှာချင်းဆိုင် တွေ့ရသည်။

ကျွန်တော့်အား ဧည့်ခန်းတွင် နေရာချထားပြီး အိပ်ခန်းတစ်ခန်းအား ဖရန်စစ်က ရှင်းလင်းပြင်ဆင်နေသည်။ မေရီပါးလ်ကတော့ အခန်းတစ်ခန်းထဲဝင်၍ အဝတ်အစားလဲပြီး အနောက်ဘက် ဝင်သွားသည်။ နေ့လယ်စာအတွက် ပြင်ဆင်ချက်ပြုတ်ရန် ဖြစ်ပါလိမ့်မည်။ အခန်းပြင်ပြီးတော့မှ ဖရန်စစ်က ကျွန်တော့်ပစ္စည်းများအား လာသယ်ပြီး ...

"မစ္စတာဆိုင်းမွန် ... အိပ်ခန်းထဲမှာ ခဏနားပြီး ရေချိုး အဝတ်အစားလဲပါ။ အနောက်ဘက်မှာ ရေချိုးခန်းရှိပါတယ်။ ပြီးရင် နေ့လယ်စာ အဆင်သင့်ဖြစ်ပါလိမ့်မယ်။ ကြွပါခင်ဗျာ"

ဖရန်စစ်မှာ မှုန့်ခတာတေနေသော်လည်း ယခုတော့ အိမ်ရှင်ပီပီ ဖော်ရွေနေပြန်ပါသည်။

ကျွန်တော် သူပေးသော အိပ်ခန်းထဲဝင်၍ ခေတ္တနားသည်။ အပေါ်ထပ်ဖြစ်၍ ပြတင်းပေါက်ဖွင့်ထားရာ အလင်းရောင်နှင့် လေကောင်းဝင်ပါသည်။ လေမှာ ရေနွေးရသဖြင့် ကမ်းနားဖြင့် နီးပုံရသည်။ ကျွန်တော် ခေတ္တ ခုတင်ပေါ်တွင်နားပြီး အဝတ်အစားလဲ၍ ရေချိုးရန် ပြင်ဆင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အနောက်ဘက်စင်္ကြံလမ်းအတိုင်း ဝင်လာတော့ ထမင်းစားခန်းစားပွဲပေါ်တွင် မေရီပါးလ်, နေ့လယ်စာစားရန် ပြင်ဆင်တည်ခင်းနေပါသည်။ ထမင်းစားခန်းအစွန်တွင် မီးဖိုချောင်ခန်းနှင့် တွဲလျက် ရေချိုးခန်းနှင့် အိမ်သာခန်းရှိသည်။

"မစ္စတာဆိုင်းမွန် ... ရေချိုးတော့မယ်ထင်တယ်။ ဖြည်းဖြည်းချိုးပါ။ ပြီးရင် နေ့လယ်စာ အဆင်သင့်ဖြစ်ပါပြီ။ အလုပ်သမားတွေက ကျွန်မတို့ခရီးသွားနေလို့ ဆိုင်ပိတ်ထားတော့ မရှိကြဘူး။ မနက်ဖြန် သန်ဘက်ခါ အလုပ်ဆင်းကြမှာပါ"

"ဆောရီး ... မစ္စစ်"

ကျွန်တော် အရင် အိမ်သာခန်းဝင်သည်။ အနောက်တိုင်း ဆန်ဆန် သန့်ရှင်းသပ်ရပ်နေသည်။ ပြီးမှ ရေချိုးခန်းဝင်သည်။ ရေချိုးခန်းမှာ ကျယ်ဝန်းသည်။ မျက်နှာသစ်၊ လက်ဆေးရန်ဘေစင်၊ ရေချိုးကြွေကန်ကြီးနှင့် ရေအုတ်ကန်လည်းရှိသည်။ ကြွေပြားများကပ်ပြီး ကြွေပြား ပန်းရောင်ခင်းထားသည်။ ရေမချိုးရသည်မှာ ကြာပြီဖြစ်၍ ကျွန်တော် ခေါင်းပါလျှော်ပြီး ရေတစ်ဝချိုးသည်။

ရှားပါးသော စစ်အတွင်းကာလဖြစ်သော်လည်း ရေချိုးခန်းအတွင်း၌ ဆပ်ပြာနှင့် အမွှေးနံ့သာများ၊ သွားတိုက်ဆေးနှင့် သွားပွတ်တံ၊ မျက်နှာသုတ်ပဝါကအစ၊ အသစ်များ အဆင်သင့်ထားပေးထားသည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော် ကျေးဇူးတင်ရပါသည်။ ကျွန်တော်လို တစ်ကောင်ကြွက်၊ နေစရာမရှိသေးသူအတွက် နေထိုင်ရန် အသင့်၊ စားသောက်ရန် အဆင်သင့်ဖြစ်နေသည် မဟုတ်ပါလား"

နေ့လယ် (၁၂) နာရီတိတိတွင် ကျွန်တော်တို့အားလုံး နေ့လယ်စာ စားကြသည်။ မေရီပါးလ်က ဖွယ်ဖွယ်ရာရာ ပြင်ဆင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



အနောက်တိုင်းအစားအစာနှင့် အရှေ့တိုင်းအစားအစာများကို ရောနှော ပြင်ဆင်ထားခြင်းဖြစ်သည်။ စနစ်တကျ စားသောက်ရသဖြင့် လွန်စွာ စားလို့ကောင်းသည်။ နေ့လယ်စာ စားပြီးတော့လည်း အချိုပွဲအဖြစ် အသီးအနှံများ ကျွေးသေးသည်။ ထိုစဉ် မေရီပါးလ်က ...

"မစ္စတာဆိုင်းမွန် ... နေ့လယ်စာစားပြီး အပြင်သွားဦးမလား။ ဇရုန်စစ်ကို အဖော်ခေါ်သွားလေ"

"ကျေးဇူးပဲ ... မေရီ၊ ကျွန်တော် အဆင်ပြေပါတယ်။ ဘူမိ ဗေဒရုံးကို သတင်းပို့ရမယ်။ နောက်ပြီး မိတ်ဆွေတွေနဲ့တွေ့မယ်။ ပြီးရင် ပစ္စည်းနည်းနည်းပါးပါးဝယ်ပြီး ပြန်လာဖို့မယ်"

"ငွေကောရှိရဲ့လား။ လိုသလောက် ကျွန်မဆီက ယူသွားပါ"

"ကျွန်တော့်မှာရှိပါတယ် ...မေရီ၊ လိုမှပြောပါ့မယ်"

ကျွန်တော် ၎င်းတို့နှစ်ဦးကို နှုတ်ဆက်ပြီး ပေးထားသောအခန်း တံခါးကို သော့ခတ်၍ အပြင်ထွက်ခဲ့သည်။ အိမ်ရှေ့တွင် TAXI အဆင် သင့်ရသဖြင့် ငှားပြီး ရန်ကုန်တစ်မြို့လုံးကို ပတ်မိုင်းသည်။ လေ့လာ သည်။ ပြီးနောက် အင်းစိန်ဘက်သို့ မောင်းနိုင်းသည်။ မြို့ဆင်ခြေဖုံး မြေနီကုန်း၊ လှည်းတန်း၊ ကမာရွတ်၊ ကြည့်မြင်တိုင် စုံအောင်သွားပြီး ကျွန်တော်လိုချင်သော ခြံကျယ်ကျယ်နှင့် အိမ်ကလေးပါအိမ်ဝိုင်းကို ရှာ ခြင်းဖြစ်သည်။ ထိုအခါမှ သဘောပါက်လာဟန်တူသော TAXI ဒရိုင်ဘာ က ကျွန်တော့်အား ...

"မစ္စတာ ... အိမ်ဝိုင်းရှာတာလား"

"ဟုတ်ပါတယ် ... ခင်ဗျားမှာ နီးစပ်ရာ ရှိသလား။ မြို့ထဲနဲ့ဝေးပြီး အသွားအလာအဆင်ပြေနိုင်တဲ့နေရာ။ အိမ်ဝိုင်းကျယ်ပြီး ဆိတ် ငြိမ်ရပ်ကွက်ဖြစ်ရမယ်။ အိမ်ပါရမယ်။ သိပ်ကောင်းစရာမလိုဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို ကျွန်တော့်မှာရှိတယ် ဆရာ၊ သမိုင်းအတွင်းဘက်မှာ။ အိမ်ပိုင်းက တစ်ကေကျယ်တယ်။ တိုက်ကလေးတစ်လုံးပါတယ်။ ခြံစည်းရိုးက ဝါးပင်တွေစိုက်ထားတော့ အလွန်လုံခြုံတယ်။ ကျွန်တော့် အသိ ပင်စင်စားအဘိုးကြီးတစ်ဦးပိုင်တာ။ သူ့ဇနီးသည်က ဆုံးသွားပြီး သားသမီးလည်း မကျန်ရစ်ခဲ့တော့။ သူက ဒီမှာမနေချင်တော့ဘဲ သူ့ရွာပြန်မှာတဲ့။ ဈေးပေါပေါနဲ့ရလိမ့်မယ် ... မစ္စတာ"

"အိုကေ ... သွားကြည့်ရအောင်။ ကားခကို ကျွန်တော် ထိုက်ထိုက်တန်တန် ပေးပါ့မယ်"

"ရပါတယ် ... မစ္စတာ"

ကျွန်တော်က လမ်းများ မကျွမ်း။ ရန်ကုန်ပင် ယခင်ကရောက်ဖူးသူမဟုတ်။ ရန်ကုန်မြို့မှာ ထိုအချိန်က အရှေ့တောင်အာရှ၌ အသန့်ရှင်းဆုံး၊ အလှပဆုံးမြို့တော်အဖြစ် နာမည်ကြီးပါသည်။ မြို့လယ်ခေါင်က စနစ်တကျသန့်ရှင်းသော်လည်း မြို့ပြင်ရောက်သည်နှင့် သစ်ပင်သစ်တောများက ပေါများလှသည်။

လမ်းဘေး၌ ကြီးမားလှသော ကညင်ပင်ကြီးများကိုပင် ကျွန်တော်တွေ့ခဲ့ရသည်။ ကားဆရာပြောသဖြင့် ဗဟန်း၊ ရွှေဂုံတိုင်အနီး အပိုင်းပတ်လမ်းနှင့် ကမာရွတ်တက္ကသိုလ်ကျောင်းဝင်းအတွင်း၌ တွေ့ခဲ့ရသည်။ လုံးပတ်မှာ လူကြီး (၃) ဖက်စာခန့်၊ အမြင့်က ပေ ၂၀၀ ခန့်ဖြစ်သည်။

သစ်တောမြို့တော်ဟု ကျွန်တော် ရန်ကုန်မြို့အား ကင်ပွန်းတပ်လိုပါသည်။ ယခင် မြန်မာပြည်မှလာသော ကျွန်း၊ ပျဉ်းကတိုး သစ်မာများ၊ အနောက်တိုင်း၌ တန်ဖိုးအလွန်ကြီးသည်ကို ကျွန်တော် သိပါသည်။ ယခုမှ လက်တွေ့မြင်ဖူးခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က သမိုင်းရပ်ကွက်မှာ မစည်ကား။ လူနေအလွန်ကျဲပါးသည်။ တစ်ရပ်ကွက်လုံး သစ်တောကြီးက ဖုံးလွှမ်းထားသည်။ ကားဆရာက လမ်းဆုံရောက်တော့ ဘယ်ဘက်လမ်းကလေးထဲသို့ ချိုးဝင်သည်။ လူများ သွားလာနေကြသော်လည်း ကားအသွားအလာမရှိပါ။ သမိုင်းဘူတာရုံလမ်းဟု ကားဆရာက ပြောသဖြင့် သိရသည်။ အတွင်းဝင်ခဲ့ရာ လမ်းအလယ်၊ ဘုန်းကြီးကျောင်းဝင်းကြီးအရှေ့ရောက်တော့ ကားကလေးက ရပ်သည်။

"ဟိုရှေ့ခြံဝင်းပဲ ... မစ္စတာ"

ကျွန်တော်တို့ ကားပေါ်က ဆင်းကြသည်။ ခြံဝင်းကြီးမှာ ဝါးပင်များဖြင့် ပိတ်ဆီးနေပြီး အထဲက အိမ်ကိုပင် မမြင်ရပါ။ ခြံရှေ့ရောက်တော့ ကားဆရာက ခြံဝင်းတံခါးကြီးအား တွန်းဝင်ပြီး ...

"အဘဦးစောကျော်လီ ... အဘရေ ..."

"ဝေး .. ဘယ်သူတုံး"

"ကျွန်တော် စောလေးပါ။ ကားသမားပါ"

"အေး ... လာဟေ့၊ စောလေး။ ငါ ထမင်းစားဖို့ပြင်နေတာ အတော်ပဲ"

ဝါးတောကြီးကို ဖြတ်၍ အတွင်းဝင်သွားမှ ခြံအနောက်ဘက်၌ တိုက်အိမ်ပုကလေးကို တွေ့ရသည်။ တိုက်အိမ်ကလေးမှာ ခပ်ပြားပြားသေးသေးဖြစ်သည်။ ဆောက်ထားသည်မှာ ကြာသေးဟန်မတူ။ အင်္ဂတေအချောပင် မကိုင်ရသေး။ အိမ်ပေါ်ရောက်တော့ ကျွန်တော်တို့အား လက်စမသပ်သေးသည့် ဧည့်ခန်းက ကျွန်းသားကုလားထိုင်များတွင် နေရာပေးသည်။

"ဩော် ... စောလေးက ဧည့်သည်ခေါ်လာတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် . . . အဘ၊ ဒီက မစွတာက အိမ်ဝိုင်းဝယ်ချင်းလို့တဲ့"

"ဩော် . . အတော်ပဲပေါ့။ ကြည့်ပါ၊ ကြိုက်ရင်ယူပေါ့။ ကျုပ်က ဒီခြံဝယ်ပြီး အိမ်ဆောက်နေတုန်း ဇနီးသည်ဆုံးသွားလို့ တစ်ယောက်တည်း ကျန်ခဲ့တာ။ မီးရထားက ပင်စင်စား၊ လက်မှတ်စစ်ပါ။ အေးအေးဆေးဆေးနေဖို့ ဒီခြံကြီးကို ဝယ်ထားတာ။ အခုတော့ ဇနီးသည်က မရှိတော့ တစ်ယောက်တည်း မနေချင်တော့ဘူး။ ဆွေမျိုးတွေရှိတဲ့ ရွာမှာလည်း အိမ်ဝိုင်းကလေးရှိတော့ ပြန်နေတော့မယ်။ အသက်က (၆၀)ကျော်လာပြီလေ"

"အဘက ဘယ်လောက်နဲ့ ရောင်းမှာလဲ"

"ခြံထဲ ဆင်းကြည့်ပါဦးလေ။ သီးပင်စားပင်ကြီးတွေက နဂိုကတည်းကပါတာ။ ရာသီသီးနှံစိုက်ကွင်းကတော့ အဘရောက်မှ စိုက်ပျိုးထားတာပါ။ ခြံအနောက်ဘက်မှာ စမ်းချောင်းနဲ့ ရေကန်ကြီးရှိတော့ အဲဒီက သားငါး လတ်လတ်ဆတ်ဆတ်ရတယ်။ ဗမာစကားပုံလို မြန်မာဆိုတော့ ကျောင်းကြိုကျောင်းကြား၊ ကရင်ဆိုတော့ ချောင်းကြို၊ ချောင်းကြားပေါ့။

ကျုပ်က ကရင်လူမျိုးဆိုတော့ သားငါးရှာတာ ဝါသနာပါတယ်။ အခုလည်း အဲဒီကန်ထဲမှာ မြှုံးထောင်းပြီး ငါးဖမ်းတာ။ ငါးရော၊ ငါးရှဉ့်ရော၊ ဖားရော ရလို့ ကရင်ချက်ငရုတ်သီးစပ်စပ်ကလေး ချက်ထားတယ်။ အသီးအရွက်ကြော်က စိုက်ခင်းက မုန်လာဥကြော်၊ ဟင်းချိုက ကင်းမုံရွက်ဟင်းချို၊ အရောင်းအဝယ် ဖြစ်တာ မဖြစ်တာ အပထား၊ မိတ်ဆွေဖြစ် ထမင်းစားသွားကြပါ။ ကျုပ်က တစ်ယောက်တည်းဆိုတော့ ညနေက်စာ ပေါင်းချက်ထားတော့ ဧည့်သည်အတွက်လည်း လုံလောက်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ တစ်ယောက်တည်း ထမင်းစားရတာထက် ကျုပ်တို့စကားပုံလို စုပေါင်းစားတော့ မြိန်တာပေါ့"

"ဟုတ်ကဲ့ပါ အဘ"

ကျွန်တော်တို့ ခြံထဲဆင်းကြည့်တော့ အိမ်ကလေးအနောက်ဘက်၌ ရာသီသီးနှံစိုက်ခင်းက အစော်ဖြစ်ထွန်းနေသည်။ ခရမ်းသီး၊ ရွှေတော်ခင်း၊ မုန်လာ၊ မုန်ညင်း၊ ဆလပ်၊ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်များက ဖွံ့ ဖြိုးပြီး ခြံစည်းရိုးအနီး၌ ဘူးပင်၊ ဖရုံပင်၊ ကြက်ဟင်းခါးသီး၊ ဗုံလုံပင်များအား စင်တင်ထားရာ တွဲရရွဲ သီးပွင့်နေကြသည်။

ခြံမှာ တစ်ဧကရှိသဖြင့် အလွန်ကျယ်ဝန်းသည်။ ခြံအနောက်ဘက်၌ တညင်းနှင့်ပိန္နဲပင်များအပြင် သရက်ပင်များက တန်းစီပြီး စည်လွှင်နေကြသည်။ ခြံစည်းရိုး၌ ထီးရိုးဝါးပင်များအား တန်းစီစိုက်ထားသဖြင့် ပိန်းပိတ်နေသည်။

ခြံစည်းရိုးအနောက်ဘက် အပြင်၌ စမ်းချောင်းကလေးနှင့် ရေကန်ကြီး။ ရေကန်ကြီးအား သမိုင်းကန်ကြီးဟုခေါ်သတဲ့။ ပိုင်ရှင်မရှိ၍ ခြံများအလယ်၌ ကျယ်ပြန့်စွာနေရာယူပြီး ဗေဒါပင်များ ဖုံးလွှမ်းနေသည်။ နှစ်သက်တမ်းကြာကန်ကြီးဖြစ်၍ သားငါးပေါပေလိမ့်မည်။ ခြံထဲမှ ထွက်ပေါက်အမြစ် ဝါးရုံကြား၌ ဝါးတံခါးလေးတစ်ခု တပ်ထားသည်။ ကျွန်တော် နှစ်သက်ပါသည်။ အိမ်ပြန်ရောက်တော့ ...

"အဘ ... ရောင်းရေးပြောပါဦး"

"အဆင်ပြေအောင် လုပ်ပေးမယ်။ ထမင်းအရင်စားပါ"

ကျွန်တော်မှာ မဆာသေးသော်လည်း ကရင်လက်ရာဆိုသဖြင့် စားချင်စိတ် ပေါ်လာသည်။ ဘယ်လောက်ပင်ညံ့ညံ့ အရသာခုန်းက စက်



www.burmeseclassic.com

www.burmeseclassic.com



လေ့ပေါ်၌ ဖြစ်သလိုစားခဲ့ရသည့် နန္ဒင်းလွန်ကဲသော ငါးဟင်းထက်တော့ ကောင်းပေလိမ့်မည်။

ကျွန်တော်တို့ ညစာကို စောစောစားကြသည်။ ငါးဟင်းက ရေတိသီးစပ်သော်လည်း လတ်ဆတ်၍ အရသာရှိသည်။ စပ်လျှင် ဟင်းချိုသောက်ပြီး ဟင်းသီးဟင်းရွက်ကြော်စားတော့ ထမင်း အလွန်စားကောင်းသည်။ စားပြီးတော့ အဘက ထန်းလျက်ခဲ၊ ရေနွေးကြမ်းဖြင့် ဧည့်ခံရင်း ...

"မစ္စတာ ... ကျုပ်ကို ခြံရောအိမ်ပါ မြန်မာငွေ (၅၀၀) ကျပ်လောက် ပေးနိုင်မလား။ မပေးနိုင်ရင်လည်း ကျုပ်က လျှော့ပြီး မတည့်တည့်အောင် ရောင်းမှာပါ"

"မွှင့်လင်းလှသော အဘကို ကျွန်တော် အလွန်သနားသွားမိသည်။ ကျွန်တော့်၌ ပုလဲကျွန်းပေါ်တွင် သားကောင်ရောင်း၍ရသော မြန်မာငွေများက သိန်းဂဏန်းပါသည်။

"ဟာ ... အဘရာ"

"ဘာလဲ ... မစ္စတာ များလို့လား။ ဒါဟာ ကျုပ်ကုန်ကျစရိတ်အရင်းအတိုင်း ရောင်းတာပါ။ လျှော့ဦးမယ်လေ"

"မဟုတ်ဘူး ... အဘ၊ မလျှော့နဲ့တော့။ အဆိုဈေး (၅၀၀) ကျပ်အတိုင်း ဝယ်မဲ့အပြင် အဘကိုလည်း ၅၀၀ ကျပ် ထပ်ကန်တော့ဦးမယ်"

"ဟာ ... ဘယ်လိုပါလိမ့်။ ကျုပ်မှာ အဲဒီလောက်ငွေတွေ အများကြီးမလိုပါဘူး။ အံ့သြစရာပါပဲ"

"ရော့ ... ဒီမှာယူပါ အဘ"

"ဟော ... ကွယ် ..."

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဆော့ . . . ဒါက ကားဆရာအတွက် ကားခ (၁၀၀) ကျပ်ယူ၊ မနက်ဖြန်လည်း ဒီပြောင်းရမှာဆိုတော့ ကားလာကြိုပေးပါဦး။ ကားခ ထပ်ပေးပါမယ်"

"အေးလကွယ် . . . ဒါဆို ငါကလည်း ကားဆရာစောလေးကို ပွဲခပေးရဦးမှာပေါ့။ ရော့ကွယ် . . . (၅၀) ကျပ်ယူ"

"ကျွန်တော်တော့ ဒီနေ့ ထောပြီအဘရေ့။ ထမင်းကလည်း စားကောင်းတော့ ကျေးဇူးတင်ပါတယ်"

"ဒါဆို ကျုပ်က မနက်ဖြန် ပြောင်းပေးရမှာပေါ့နော်"

"မပြောင်းနဲ့ဦး။ အဘကြိုက်သလောက် နေနိုင်တယ်။ ကျွန်တော်က တစ်ကိုယ်တည်းသမား။ ဒီမှာအခြေချပြီး အိမ်ကြီးဆောက်ရဦးမှာ။ အဘလည်း ကြိုက်သလောက်နေ။ ကားဆရာစောလေးလည်း မကြာခဏ ဒီကိုလာပါ။ ဒါနဲ့ ကိုစောလေးက ဘယ်မှာနေတာလဲ၊ ကားက အပိုင်လား"

"ကျွန်တော်က ခဝဲခြံမှာနေတာ။ ဒီကနဲ့ မဝေးပါဘူး။ လမ်းလျှောက်သွားလို့တောင် ရပါတယ်။ ကားက အပိုင်မဟုတ်ပါဘူး။ ကုမ္ပဏီမှာ စပေါ်ငွေတင်ပြီး ငှားမောင်းရတာပါ"

"အတော်ပါပဲ။ ကျွန်တော် ဒီမှာအခြေကျရင် ကားတစ်စင်း ဝယ်မယ်။ ကိုစောလေးက ဒရိုင်ဘာလုပ်ပေါ့။ အခု TAXI ကားမောင်းတာထက် လခပိုပေးမယ်။ သက်သက်သာသာထားမယ်"

"ကောင်းပါပြီ . . . မစွတာ"

"ဟ . . . ဒါဆို ကျုပ်လည်း ရွာမပြန်တော့ဘူး။ ဒီမှာပဲ နေလို့ရမလား။ ကျုပ် မစွတာကို ထမင်းချက်ကျွေးမယ်။ ဥယျာဉ်မှူးလုပ်မယ်။



www.burmeseclassic.com

www.burmeseclassic.com



လခက ပေးချင်သလောက်ပေး။ ကျုပ်ကလည်း တစ်ကောင်ကြွက်၊ အဖော်ရှာနေတာ"

"အကောင်းဆုံးပဲ ... အဘ။ ကျွန်တော်ကလည်း တစ်ကောင်ကြွက်ပဲ။ အဖော်ရတာပေါ့"

ကျွန်တော်တို့ တစ်ကောင်ကြွက်ချင်း အဖော်ရှာကြရာက တစ်စုတစ်စည်းတည်း ဖြစ်သွားသည်။ ကျွန်တော့်တွင် သစ္စာရှိသော အဖော်လူယုံ မျက်နှာလွှဲလိုပေသည်။ ကျွန်တော် မြန်မာပြည်အကြောင်းလေ့လာထားရာ အင်္ဂလိပ်များ အနောက်တိုင်းသားများက မြန်မာကို မယုံ။ တိုင်းရင်းသားများဖြစ်ကြသော ကရင်နှင့် ချင်းလူမျိုးများကို ယုံကြည်စိတ်ချသည်။ ထို့ကြောင့် ချင်းနှင့်ကရင်လူမျိုးများကို လူယုံခန့်သည်။ အစောင့်၊ ဒရဝမ်၊ တောလိုက်စာရေး ခန့်တတ်သည်။ ထို့ပြင်ကမီးရထားဌာန (BR) နှင့် (BP) မြန်မာပုလိပ်အဖွဲ့များတွင် ကရင်နှင့်ကုလားများကို ဦးစားပေး၍ ဝန်ထမ်းခန့်တတ်ပါသည်။

ကျွန်တော် TAXI ဖြင့် မဂိုလမ်းအိမ်ပြန်ရောက်တော့ မေရီပါးလေ်က မျှော်နေသည်။

"မစ္စတာဆိုင်းမွန် ... နောက်ကျတယ်နော်။ ညစာအဆင်သင့်ဖြစ်နေပါပြီ။ ရေချိုးပြီး စားကြရအောင်နော်"

"ဆောရီး ... မစ္စစ်ပါးလေ်၊ ကျွန်တော့်မိတ်ဆွေတွေက ညစာပါကျွေးလို့ စားခဲ့ပြီးပါပြီ။ မနက်ဖြန် အမြန်ပြန်လာဖို့ ရုံးက ဆင့်ခေါ်နေပါပြီ။ စစ်ကြီးအခြေအနေကြောင့် ရုံးမှာ စာရင်းအင်းတွေ လုပ်ရမယ်လို့ အုပ်ချုပ်ရေးရုံးတစ်ခုလုံး အိန္ဒိယကို ပြောင်းရမယ်ပြောတယ်။ မပြောင်းချင်ရင် အလုပ်က ထွက်ရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"တောထဲတောင်ထဲ သွားနေရတဲ့ အလုပ်ကြီးက ထွက်လိုက်စမ်းပါ ... မစ္စတာဆိုင်းမွန်၊ ကျွန်မတို့နဲ့ အတူနေ။ ရှယ်ယာထည့်ပြီး ထိုင်စားစမ်းပါ။ နေတာလည်း ကျွန်မတို့နဲ့ အတူနေပေါ့ မဟုတ်လား"

"မေရီအဆိုပြုချက် ကောင်းပါတယ်။ ကျွန်တော်က ဘူမိဗေဒဌာနကို သံယောဇဉ်ရှိတယ်။ တောထဲတောင်ထဲမှာ ပျော်ပါတယ်။ မေရီတို့မောင်နှမကိုလည်း ခင်ပါတယ်။ ဒါပေမဲ့ ဌာနကတာဝန်ကို ကျေပွန်အောင်လုပ်ပြီး မကြာမီ ပြန်လာပါ့မယ်။

မေရီတို့ရွှေဆိုင်ဘေးက ဆိုင်ခန်းက လွတ်နေတယ်မဟုတ်လား။ ကျွန်တော် ဝယ်ချင်ပါတယ်။ ဈေးနှုန်းစုံ စမ်းပေးထားပါ။ ကျွန်တော်လာမဲ့ တနင်္ဂနွေ မနက်ပြန်လာပါ့မယ်။ ဈေးနှုန်းသင့်တော်ရင် ဝယ်ပါ့မယ်။ အဆင်ပြေရင် (၂) ဆိုင်ပေါင်းပြီး ဆိုင်ကြီးဖွင့်ကြတာပေါ့"

"အိုကေ ... မစ္စတာဆိုင်းမွန်။ အဲဒီဆိုင်က ကုလားသူဌေးပိုင်တာ။ သူတို့လည်း စစ်ကြီးကြောင့် အိန္ဒိယပြန်ကြမှာ။ အတော်ပါပဲ .. ကျွန်မတို့ဆိုင်ကလည်း သူတို့ဆီက ဝယ်ထားတာ။ ဒီအိမ်၊ ဒီဆိုင်(၂)ခုက တစ်ပုံစံတည်း။ ဈေးချောင်မှာပါ။ ကျွန်မ စုံစမ်းထားမယ်။ လာမဲ့ တနင်္ဂနွေနေ့ အဆင်သင့်လုပ်ထားပေးပါ့မယ်။ မစ္စတာဆိုင်းမွန် ... နေ့လယ်စာအမီ ကြွခဲ့ပါ။ ကျွန်မတို့ အဆင်သင့်စောင့်ကြိုနေပါ့မယ်"

"ကောင်းပါပြီ။ ကျွန်တော် ဆက်ဆက်လာခဲ့ပါ့မယ်"

"ဟုတ်ကဲ့ ... ဝမ်းသာပါတယ်ရှင်"

နောက်တစ်နေ့ နံနက်တွင် ရုံးချိန်အမီဟု အကြောင်းပြပြီး ကျွန်တော် BREAKFAST စားပြီးသည်နှင့် မနေ့ကမှာထားသော စောလေး၏ TAXI ဖြင့် ပစ္စည်းများတင်ကာ သမိုင်းသို့ ပြောင်းရွှေ့ခဲ့ပါတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ စောလေးကလည်း ကရင်လူမျိုးဖြစ်ပါသည်။ သမိုင်းအိမ်ရောက်တော့ အဘဦးစောဂျော်လီက နေ့လယ်စာအတွက် ချက်ပြုတ်နေပါတော့သည်။

"မစွတာနေမဲ့အခန်းကို ရှင်းလင်းထားပါတယ်။ ကျွန်းခုတင်လည်း ရှိပါတယ်။ တစ်ဖက်ခန်းကိုလည်း သန့်ရှင်းရေးလုပ်ပြီး ကျူပ်ပစ္စည်းတွေကိုလည်း ထုပ်ပိုးသိမ်းဆည်း ပြင်ဆင်ပြီးပါပြီ"

"အဘ ... တခြားနေရာ ရွှေ့စရာမလိုပါဘူး။ အဲဒီအခန်းမှာပဲ ဆက်နေပါ။ ကျွန်တော် အိမ်ကြီးဆောက်ပြီးတော့ ဒရိုင်ဘာစောလေးနဲ့ တစ်ခန်းစီ နေကြပေါ့။ ဒီအိမ်ကလေးက ထောင့်ကပ်ဆောက်ထားတော့ ကျွန်တော်ဆောက်မဲ့အိမ်ကြီးနဲ့ လွတ်ကင်းပါတယ်။

ပြောသည်မှာ ... အဘ၊ လက်ဖက်ရည်၊ ကော်ဖီဖျော် ပစ္စည်းတွေနဲ့ မုန့်တွေ။ ကျွန်တော်တို့ နေ့လယ်စာ စားကြသောက်ကြတာပေါ့။ ဒါကတော့ ညနေစာ အရက်တွေ၊ တစ်ခါတလေ သောက်ကြတာပေါ့။ ဒီနေ့တော့ နေ့လယ်စာ စားပြီးတာနဲ့ ကျွန်တော့်မြို့ထဲက ဆောက်လုပ်ရေးကုမ္ပဏီတွေနဲ့ အိမ်ပုံစံဆွဲမယ်။ နောက်ပြီး မော်တော်ကားကလေးတစ်စီး ဝယ်ဖို့ စုံစမ်းမယ်"

"မြန်လှချည်လား ... မစ္စတာ"

"စစ်ကြီးက ကျိန်းသေဖြစ်တော့မှာ။ မမြန်လို့မရဘူး။ အဘ (၆) လလောက်နဲ့ အပြီးဆောက်မှ ဖြစ်မယ်။ အိမ်က ကြီးတယ်လေ အဘရဲ့"

"ကောင်းပါလေ့ဗျာ ... ငွေကော ပြည့်စုံရဲ့လား။ လိုရင် ကျူပ်ကိုပေးထားတာတွေ ပြန်ယူသုံးပါ။ ကျူပ် သုံးစရာ အနည်းအငယ်ပဲ လိုတာပါ။ ငွေတွေပိုနေတော့ အလကားဖြစ်နေမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ထိုတော့လိုမယ် … အဘ။ ဒါပေမဲ့ ကိစ္စမရှိဘူး။ ကျွန်တော့် ပစ္စည်းတွေ ထုပ်ခဲ့ရမှာပေါ့။ မြို့ထဲမှာလည်း ဆိုင်နဲ့တိုက်ခန်းတစ်ခန်း ငှားထားတယ်"

"ကဲ … ဒါဆို နေ့လယ်စာ ထမင်းစောစော စားကြတာပေါ့။ ကျောက်ပါပြီး ကျုပ် ပြင်လိုက်တော့မယ်"

"ဟုတ်ကဲ့ … အဘ"

နေ့လယ်စာစားရန်အတွက် အဘစီစဉ်ရာ ကားဒရိုင်ဘာ စောလေးကလည်း ဝိုင်းဝန်းပြင်ဆင်ပေးပါသည်။ စားသောက်ခါနီးတွင် အဘက အရက်တစ်လုံးဖောက်ပြီး …

"ဒါက ကျုပ်ဝယ်ထားတဲ့ ရမ်အရက်ပါ။ အောင်မြင်ခြင်းအထိမ်းအမှတ် ကျုပ်တို့တူဝရီးတွေ စုပေါင်းနေထိုင်ခြင်း အထိမ်းအမှတ်အဖြစ်ပေါ့။ တစ်ခွက်တစ်ဖလား သောက်ကြရအောင်"

ကျွန်တော်တို့ တစ်ခွက်စီ ချီးယားစ်လုပ်ပြီး သောက်ကြသည်။ ပြီးနောက် နေ့လယ်စာ စားကြသည်။ ကျွန်တော့်မှာ သဘောသားဖြစ်သဖြင့် အနောက်တိုင်းအစာသာ စားသည်မဟုတ်။ ကြုံသလို ဖြစ်သလို စားလို့ရတာ သောက်လို့ရတာ အကုန်စားပါသည်။

နေ့လယ်စာအတွက် အဘက ယနေ့ကြက်သားဟင်းနှင့် ငါးလေးဟင်း၊ အသီးအရွက်ကြော်၊ အသီးအရွက်ဟင်းချို စီစဉ်ထားရာ အဆင်ပြေစွာ စားသောက်နိုင်ပါသည်။ အဘမှာ ကရင်လူမျိုး၊ ခရစ်ယာန်ဘာသာဝင်။ စောလေးကလည်း ကရင်လူမျိုး ခရစ်ယာန်ဘာသာဝင်ဖြစ်၍ ပေါင်းသင်းရသည်မှာ အလွန်အဆင်ပြေသည်။

ပစ္စည်းများအား အခန်းအတွင်းသိမ်းဆည်းပြီး ကျန်ငွေ ထုပ်ယူ၍ စောလေးကားဖြင့် ရန်ကုန်မြို့တွင်းသို့ ပြန်ထွက်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းတွင် ကားအသွားအလာက အလွန်ရှင်းပါသည်။ လူစီးဘတ်စ်ကား များလောက်သာ အများဆုံးတွေ့ရသည်။

ဘတ်စကားကြီးများမှာ နံပါတ် (လိုင်း)မရှိ။ နဂါး၊ ဆင်၊ ငှက်၊ တံဆိပ်များ တပ်ဆင်ထားသည်။ အင်းစိန်ဘက်လိုင်းမှာ နဂါးတံဆိပ် သိမ်ကြီးဈေးမှ စတင်ပြေးဆွဲပြီး ရွှေတိဂုံဘုရားမှ ဆင်းလာခြင်းဖြစ်သည်။ မြို့တွင်းအနီးအပါးသွားရန်တော့ ကုလားများဆွဲသည့် လန်ချားများရှိသည်။

ကျွန်တော်တို့ ကားကလေးကမာရွတ် (လှည်းတန်းအဝိုင်း) ကြီးရောက်တော့ . . .

"စောလေးရေ့ Row ကုမ္ပဏီကို သွားကွာ။ အိမ်ဆောက်တာ လုပ်သလားလို့ စုံစမ်းမယ်။ စစ်အတွင်းဖြစ်လို့ အဆင်မပြေရင်လည်း ကားဖော့ ဝယ်လို့ရမှာပေါ့။ အင်္ဂလန်မှာတော့ အခု နောက်ဆုံးပေါ် မော်ရစ်ကားကလေးတွေ နာမည်ကြီးပြီး လူကြိုက်များတယ်။ ဆီစား သက်သာပြီး ခိုင်ခံ့တယ်လေ"

"ရက်စ် . . . (မစ္စတာ)Row ကုမ္ပဏီက အကုန်ရပါတယ်။ နာရီ အဝတ်အစား၊ စက်ဘီး၊ သေနတ်ကအစ ကားအဆုံးဝယ်လို့ ရပါတယ်။ သူတို့မှာ မရှိရင်လည်း ဆက်သွယ်ပေးပါတယ်။ ဆူးလေဘုရားရှေ့နား တင်ပါ၊ ရန်ကုန်မြို့လယ်ခေါင်ပဲ"

ကျွန်တော်တို့ Row ကုမ္ပဏီရောက်တော့ အိမ်သစ်ဆောက်ရန် အနောက်တိုင်းသားအင်ဂျင်နီယာများ၊ စစ်ကြီးကြောင့် ပြန်ကုန်ကြပြီဖြစ်သဖြင့် ကုလားသူဌေး 'ကေဘာကြီး' ကုမ္ပဏီဖြင့် ဆက်သွယ်ရန် ညွှန်းပါသည်။ 'ကေဘာကြီး' ကုမ္ပဏီကလည်း မဝေးပါ။ ပန်းဆိုးတန်း အလယ်ဘလောက်၌ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လိုချင်သော မော်ရစ်ကားကလေးများလည်း ရှိသည်ဆို၍ စာရေးတစ်ယောက်က ကမ်းနားလမ်းကိုထောင်တွင် လိုက်ပြသည်။ ကားကလေးများမှာ မီးခိုးရောင်၊ အစိမ်းရောင်၊ ကာကီရောင်များသာရှိသည်။ ကျွန်တော်လိုချင်သည်က အနက်ရောင်။ အနက်ရောင်မှာ လူကြိုက်များ၍ နောက်အပတ်မှ ရနိုင်မည်ဆိုသဖြင့် သဘော်ပတ်ကိုစောင့်ရင်း Booking လုပ်၍ စရန်ငွေပေးချေခဲ့ပါသည်။

စစ်ဖြစ်လျှင် လိုရမည်ရ အဆောင်အဖြစ် ပွိုင့် (၅၀၀)ဝင်ချက်ထောအမျိုးအစား နှစ်လုံးပြူးသေနတ်ကြီးတစ်လက်နှင့် LG - SG ကျည်ဆန် (၅၀) စီပါ သေတ္တာ(၂)ဘူးတော့ ဝယ်ခဲ့ပါသည်။

ကျွန်တော်တို့ ပန်းဆိုးတန်းဘက်သွား၍ 'ကောဘကြီး' အိမ်ရာဆောက်လုပ်ရေးကုမ္ပဏီကိုရှာရာ အထက်ဘလောက်တွင် တွေ့သည်။ ကောဘကြီးခေါ် ကုလားသူဌေးဝဝကြီးနှင့် တွေ့သည်။ ပန်ချာပီခေါင်းဆောင်း အနောက်တိုင်းဝတ်စုံဖြင့် လွန်စွာ စမတ်ကျသည်။ အင်္ဂလိပ်စကားပြောကျွမ်းသဖြင့် အဆင်ပြေသည်။

ကုလားကုမ္ပဏီဖြစ်သဖြင့် အင်ဂျင်နီယာများကလည်း အင်္ဂလန်ပြန် ကုလားဘွဲ့ရများဟု သိရပါသည်။ ကျွန်တော်လိုချင်သော အိမ်ပုံစံကိုပြောပြရာ ပုံစံကြမ်း ချက်ချင်းထုတ်ပေး၍ ကျွန်တော် သဘောကျသဖြင့် စရန်ငွေပေးရာ နောက်အပတ်တွင် BLUE PRINT ခေါ် အသေးစိတ် ပုံစံထုတ်ပေးမည်ဟုချိန်းသဖြင့် သမိုင်းသို့ ပြန်ခဲ့ကြပါသည်။ နောက်အပတ်တွင် မော်ရစ်ကားကလေးလည်း ရမည်ဖြစ်၍ အလွန်အဆင်ပြေသွားပါသည်။

ကားပေါ်၌ . . .

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



"ကဲ ... စောလေးရေ နောက်အပတ်မှာတော့ အလုပ်များတော့မယ်။ မင်းအလုပ်ထွက်ပြီး လာကူမှဖြစ်တော့မယ်"

"စိတ်ချ ... မစ္စတာ၊ ကျွန်တော်တို့အလုပ်က ကားကုမ္ပဏီမှာ ကားမောင်းရတော့ စပေါ်ငွေ တင်ထားရတယ်။ နေ့စဉ် ကားထုတ်ပြီး ညနေပြန်အပ်တာနဲ့ အုံနာခပေးရတယ်။ ကားမထုတ်ရင် ပေးစရာမလိုဘူး။ ထွက်ချင်ရင် တစ်ပတ်ကြိုပြောရတယ်။ ကျွန်တော် ဒီနေ့ညနေပဲ ကုမ္ပဏီကို သတင်းပို့ထားပါ့မယ်"

"ကျေးဇူးပဲ ... စောလေး။ မင်း ငါနဲ့နေရင် စိတ်ချမ်းသာမှာပါ။ ချမ်းသာအောင်လည်း ငါလုပ်ပေးနိုင်ပါတယ်။ သစ္စာရှိဖို့တော့ အလွန်အရေးကြီးပါတယ်။ ငါ့မှာ တိုင်းပြည်အေးချမ်းတာနဲ့ ရပေါက်ရလမ်းတွေ အများကြီးရှိပါတယ်"

"စိတ်ချပါ ... မစ္စတာ၊ ကျွန်တော်က ကရင်လူမျိုးပါ။ ကရင်ဆိုတာ ကျေးဇူးရှင်အပေါ်မှာ အသက်နဲ့ရင်းပြီး သစ္စာရှိကြပါတယ်။ ကျွန်တော့်လိုပဲ အဘဦးစောဂျော်လီကိုလည်း စိတ်ချပြီး ယုံကြည်ပါ။ အဘက မြန်မာပြည်အနှံ့ရောက်ဖူးတော့ ကျွန်တော့်ထက်ပိုပြီး ဗဟုသုတ ပြည့်စုံပါတယ်"

"ဝမ်းသာပါတယ် ... စောလေး၊ ကိုယ် ဒီနေ့ သစ္စာရှိလူယုံ (၂) ယောက်ရလိုက်ပြီလို့ မှတ်ထားပါ့မယ်။ ကိုယ်ကလည်း ပွင့်လင်းပါတယ်။ အလိမ်အကောက် မလုပ်တတ်ပါဘူး။ လိမ်တာ၊ ညာတာ၊ ခိုးတာ ကိုယ် အမုန်းဆုံးပဲ"

ကျွန်တော်တို့ သမိုင်းအိမ်ပြန်ရောက်တော့ ညနေ (၅) နာရီခန့်ရှိပါပြီ။ ကားအပ်ရန်အချိန်နီး၍ စောလေးပြန်သွားသည်။ ကျွန်တော်ကလည်း ကျသင့်သော ကားခထက် (၂) ဆပေးလိုက်သဖြင့် စောလေး



www.burmeseclassic.com

www.burmeseclassic.com



နေ့တွက်ကိုက်သွားပါသည်။ မနက်ဖြန်လည်း မေရီတို့အိမ်သို့ သွားရန် စိတ်မပါသဖြင့် ကားမမှာတော့ပါ။

စနေ၊ တနင်္ဂနွေပိတ်ရက်မှ အခန်းဝယ်ရန် ချိန်းထားသဖြင့် ဆောင်လေးအား မှာလိုက်ပါသည်။ ထိုအချိန်က TAXI ကားကို အရာရှိများ၊ အစိုးရဝန်ထမ်းနှင့် လူလတ်တန်းစားများလောက်သာ စီးကြသည်။ စီးသည်ကလည်း မြို့တွင်းသာ၊ ခရီးဝေး မသွားကြပါ။ ထို့ကြောင့် TAXI ကားသမားများ တွက်ချေကိုက်လှသည်တော့ မဟုတ်ပါ။ လုပ်လုပ်စားစား ပင်။ ကျွန်တော်တို့လို အဝေးအသွားအပြန် စီးသူများနှင့် တွေ့မှသာ တွက်ချေကိုက်ကြပေတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

နောက်တစ်နေ့တွင် ကျွန်တော် ဘယ်မှမသွားတော့ဘဲ အဘနှင့်အတူ ခြံရှင်းကြသည်။ ငါးဖမ်းကြသည်။ ကောင်းနိုးရာရာ စီစဉ်ချက်ပြုတ်စားရင်း အနားယူကြသည်။ ညနေဘက်တွင် အဘနှင့်အတူ အရက်သောက်ရင်း အပန်းဖြေကြသည်။ အဘက ကျွန်တော့်အား အလုပ်ကြမ်းလုပ်နိုင်သဖြင့် အလွန်အံ့သြနေသည်။ ကျွန်တော် သဘော်သား လူကြမ်းရုဆိုးကြီးဖြစ်မှန်း အဘ မသိသေးပါ။

တနင်္ဂနွေနေ့ရောက်တော့ နံနက် (၈) နာရီခန့် စောလေးအေး TAXI ကား ရောက်လာသည်။ အဘစီစဉ်ထားသော BREAKFAST ကို စားကြပြီး မြို့ထဲထွက်ခဲ့ကြသည်။ မဂိုလမ်း၊ မေရီပါးလ်တို့အိမ်ရောက်တော့ မနက် (၉) နာရီတိတိ၊ မေရီပါးလ်က အိမ်ပိုင်ရှင် ကုလားကြီးကို အသင့်ခေါ်ထားပြီး လက်ဖက်ရည်ပွဲဖြင့် ဧည့်ခံထားသည်။

အောက်ထပ်ဆိုင်ခန်းနှင့် အပေါ်ထပ်အိမ်ခန်းကို ငွေကျပ် (၅၀၀၀၀) ဖြင့် ဈေးတည်သည်။ မြို့လယ်ခေါင်ဖြစ်သဖြင့် သမိုင်းရပ်ကွက်ထို ဈေးတော့မပေါ။ သို့သော် ပိုင်ရှင်ကုလားကြီးမှာ အိန္ဒိယပြန်မည်ဖြစ်သဖြင့် ကျွန်တော် ဈေးမဆစ်တော့ပါ။ ဆိုင်အခမ်းအနား ပြင်ဆင်ရန်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်အိပ်ခန်း ပြင်ဆင်ရန်ရှိသည် ထင်သော်လည်း ပိုင်ရှင်ကုလားကြီးက အောက်ထပ်၌ ဆိုင်ဖွင့်ရန် အသင့်ပြင်ဆင်ထားသဖြင့်လည်းကောင်း၊ အပေါ်ထပ်၌လည်း ပရိဘောဂ၊ အသုံးအဆောင်ပစ္စည်းများကို ဤအတိုင်း ထားပေးသွားမည်ဆိုသဖြင့် ကျွန်တော်ထပ်မံဝယ်စရာ မလိုတော့ပါ။ ကျပ်ငွေ (၅၀၀၀၀) မှာ ပစ္စလက္ခတန်ပေးတော့သည်။

အရောင်းအဝယ်လုပ်ပြီးတော့လည်း မေရီပါးလ်က အရောင်းအဝယ်အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် အားလုံးကို နေ့လယ်စာဖြင့် ဧည့်ခံသည်။ အနောက်တိုင်း ဥရောပအစားအစာဖြစ်သည်။ မစားရတာကြာသော်လည်း ကျွန်တော် ခံတွင်းမတွေ့တော့ပါ။ တကယ်တမ်းတော့ သဘာဝကျပြီး လတ်ဆတ်သည့် အရှေ့တိုင်းအစားအစာက ပိုကောင်းပါသည်။

ကျွန်တော်တို့ နေ့လယ်စာ စားသောက်ပြီးနောက် အိမ်ရှင်ကုလားကြီးလည်း ပြန်သွားသဖြင့် ကျွန်တော်နှင့် မေရီပါးလ်တို့ နှစ်ဆိုင်တစ်ဆိုင်ပေါင်း၍ ရွှေငွေရတနာဆိုင်ကြီး ဖွင့်လှစ်ရန် တိုင်ပင်ကြပါသည်။ သို့သော် စစ်ကြီးအတွင်းဖြစ်သဖြင့် ချက်ချင်း လုပ်ကိုင်နိုင်မည်တော့ မဟုတ်ပါ။ ကျွန်တော် နောက်တနင်္ဂနွေလာမည်ဟု ထပ်မံချိန်းဆိုပြီး သမိုင်းအိမ်သို့ ပြန်ခဲ့ပါသည်။

နောက်တစ်နေ့ အင်္ဂါနေ့တွင် စောလေးကားဖြင့်ပင် ချိန်းဆိုထားသည့်အတိုင်း Row ကုမ္ပဏီသို့သွားကြရာ ကျွန်တော်မှာယူထားသော မော်ရစ်ကားနက်ကလေး အဆင်သင့်ဖြစ်နေသည်။ ကားလေးကအသစ်စက်စက်၊ သောင်းဂဏန်းကျော်သာ ပေးရသည်။ လိုအပ်သောကားအပိုပစ္စည်းနှင့် အင်ဂျင်ဝိုင်၊ ဂီယာဝိုင်၊ ဘရိတ်ဆီများကိုလည်း လိုရမည်ရ ဝယ်ခဲ့ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . စောလေးရေ၊ ကားလေးရပေမဲ့ ဒီကားလေးကို ဒီနေ့ ငါမောင်းပါ့မယ်။ မင်းကားကိုလည်း ဒီနေ့ ငါဆက်သုံးမှာပါ။ အခုတော့ ပန်းဆိုးတန်းသွားပြီး အိမ်ဆောက်ဖို့ကိစ္စ 'ကောဘကြီး' ကုမ္ပဏီနဲ့ စကားပြောကြစို့"

"ရက်စ် . . . မစ္စတာ"

ကျွန်တော်တို့ ကား (၂) စီး ပန်းဆိုးတန်း 'ကောဘကြီး' ကုမ္ပဏီသို့ သွားကြပါသည်။ ကုလားသူဌေးကြီးက ကြိုဆိုပြီး ကော်ဖီ၊ မုန့်များဖြင့် ဧည့်ခံသည်။ မန်နေဂျာက အိမ်ပုံစံအချော်ကို တင်ပြသည်။ ကျွန်တော့်စိတ်တိုင်းကျ ပုံစံဖြစ်ပါသည်။

ကျွန်တော် လက်ခံသဖြင့် စာချုပ်ချုပ်ကြပြီး အိမ်ဆောက်ရန်နေရာပြကြရန်အတွက် မန်နေဂျာနှင့်အဖွဲ့အား သမိုင်းသို့ ခေါ်ဆောင်ခဲ့ကြပါသည်။ အင်ဂျင်နီယာအဖွဲ့က ကွင်းဆင်း၍ တိုင်းထွာပြီး ပန္နက်ရိုက်သည်။ ကိစ္စများပြီးတော့ ကျွန်တော်တို့က အဘစောဂျောလီခေါ်လက်ရာ၊ ဏရင်ဟင်းဖြင့် ဧည့်ခံပါသည်။

မနက်ဖြန်တွင် ကုန်ကြမ်းပစ္စည်းများ လာချပြီး စဆောင်းမည်။ ပန်းရံအဖွဲ့က ဖောင်ဒေးရှင်းတူးမည်။ အလုပ်သမားများနေရန် ယာယီတဲဆောက်မည်ဟု ချိန်းဆိုပြီး ပြန်ကြရာစောလေးကားက လိုက်ပို့ရမည်ဖြစ်သည်။ ကျွန်တော် အင်ဂျင်နီယာအဖွဲ့အား နှုတ်ဆက်ပြီး စောလေးအား ကားခရှင်းပေးရင်း . . .

"စောလေးရေ . . . ဒီနေ့ညနေ ကားအပ်ပြီးတာနဲ့ မင်းအလုပ်ထွက်ခဲ့တော့။ မနက်ဖြန်မနက်ကစပြီး ငါ့ဆီမှာ အလုပ်ဝင်ပေတော့။ သမိုင်းက မင်းတို့နေတဲ့ ခဝဲခြံနဲ့နီးတော့ လောလောဆယ်တော့ ခဝဲခြံ



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ နေချင်နေ မနေချင်ရင်လည်း ပြောင်းလာခဲ့တော့။ အဘနဲ့ တစ်ခန်းတည်း အတူနေရင်လည်း ရပါတယ်။ ဖြစ်နိုင်ရင်တော့ အပြီးသာ ပြောင်းခဲ့တော့ကွာ"

"ရပါတယ် . . . မစ္စတာ။ ကျွန်တော်က ခဝဲခြံမှာ အဖော်တွေနဲ့ နေတာပါ။ မိဘတွေမရှိကြတော့ တစ်ကောင်ကြွက်ပါပဲ။ မနက်ဖြန်မနက် အပြီးပြောင်းလာခဲ့တော့မယ်။ ဒါမှ မစ္စတာနဲ့အဘကို အချိန်ပြည့် ကူညီနိုင်မှာပေါ့။ ကျွန်တော် ပန်းရန်နဲ့ လက်သမားလည်း နည်းနည်းတတ်ပါတယ်"

"အကောင်းဆုံးပေါ့ကွာ။ တို့ (၃)ယောက် တစ်ကောင်ကြွက် ပေါင်းနေကြတော့ စည်းစည်းလုံးလုံး ပျော်စရာအလွန်ကောင်းမှာ"

"ရက်စ် . . . မစ္စတာ၊ ကျွန်တော်သွားပြီ"

"ဘိုင့်ဘိုင်"

ထိုညနေက ကျွန်တော်နှင့် အဘတို့ မော်တော်ကားကလေး ထားရန် ခနိမိုး၊ ယာယီ ဝါးကိုဒေါင်ကလေး ဆောက်ကြသည်။ ကရင်လူမျိုးဖြစ်သော အဘက အလွန်ကျွမ်းကျင်သည်။ နေစောင်းတော့ အဆင်သင့်ဖြစ်သွားသည်။ ကျွန်တော်တို့ ယခုလည်း မောမောပန်းပန်းဖြင့် အပျော်ပိုင်းကလေး စီစဉ်ကြပြန်သည်။

အဘ အနောက်ဘက်ကန်အတွင်းမှ ရထားသော ငါးရှဉ့်များအား မန်ကျည်းရည်ဖြင့် အချဉ်ချက်ရာ အလွန်စားကောင်းပြန်သည်။ မနက်ဖြန်တွင်တော့ ဤခြံအတွင်း လူစည်ကားပေတော့သည်။ ကုလားပန်းရန်အလုပ်သမားများကလည်း ခြံအတွင်း တဲထိုးနေကြမည်ဖြစ်သည်။ ထိုညက ပင်ပန်း၍ ညစာစားသောက်ပြီးသည်နှင့် စောစော အိပ်ရာဝင်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက်တွင် ဖို့ဒ်ပက်လက်လော်ရီကားကြီးများဖြင့် ကုလားအလုပ်သမားများနှင့် လက်နက်ပစ္စည်းများကို သယ်ဆောင်လာသည်။ ခြံအနောက်ဘက်၌ ယာယီတဲကြီး ထိုးကြသည်။ ကုလားအင်ဂျင်နီယာက အချို့အဖွဲ့ကို ဖောင်အေးရှင်းတူးစေသည်။

ကားပက်လက်ကြီးနှစ်စီး ပြန်ထွက်သွားပြီး သဲနှင့် အုတ်များသယ်ဆောင်ရန်ဖြစ်သည်။ နေ့လယ်ပိုင်းတွင် သစ်နှင့် သံကားတစ်စီး၊ ဘိလပ်မြေကားတစ်စီး ကား(၃)စီးရောက်လာ၍ အလုပ်သမားများ ဝိုင်းချပြီး စနစ်တကျ ပုံထားကြသည်။ အကြမ်းအားဖြင့် ကျွန်တော်အကဲခတ်သမျှ 'ကေဘကြီး' ဆောက်လုပ်ရေးကုမ္ပဏီမှာ အတော်စနစ်ကျပုံရသည်။

နေ့လယ်စာ စားချိန်ရောက်တော့ ကျွန်တော်တို့က ကုလားအင်ဂျင်နီယာနှစ်ဦးအား ထမင်းစားခေါ်သော်လည်း မစားတော့ဘဲ ငြင်းကြသည်။ သူတို့ အလုပ်စဝင်ပြီဖြစ်သဖြင့် သူတို့အစီအစဉ်ဖြင့်သာ စားတော့မည်ဟုဆိုသည်။ အများစု အလုပ်သမား(၂၀)ခန့်ကတော့ အနောက်ဘက် သရက်ပင်တန်းအောက်တွင် ဝိုင်းဖွဲ့၍ စားကြသည်။

အင်ဂျင်နီယာများကတော့ ယာယီတဲနန်းအတွင်း၌ စားပွဲ၊ ကုလားထိုင်ခင်းပြီး စားကြသည်။ အဘက ဟင်းအချို့ သွားပို့ပေးသည်ကိုတော့ လက်ခံသည်။ အများစု ကုလားအလုပ်သမားများ စားကြသည်ကတော့ ကုလားပဲဟင်းပျစ်ပျစ်နှင့် ငရုတ်သီးတောင့်ကြော်၊ သရက်သီးဆားစိမ်နှင့် ဆားသာဖြစ်သည်။

ထိုအခါမှ အလုပ်ကြမ်းသမားများမှာ ချွေးထွက်များပြီး နေပူခံရသူဖြင့် ဆားနှင့်ငရုတ်သီးကို အလေးပေးစားရကြောင်း သိရပါသည်။ တစ်ပျော်တစ်ပါးကြီး စားရသည်မှာ မြိန်စရာ။ ချက်ပြုတ်သော ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



များကလည်း ကုလားများဖြစ်သဖြင့် ကုလားစာချက်ပြုတ်ရာတွင် အလွန်လျှင်မြန်သည်။ စားပြီးတော့လည်း သောက်ရန် ရေနွေးကြမ်းနှင့် ထန်းလျက် (၂) ခဲစီ ပေးသည်။

ကျွန်တော်တို့ကတော့ အဘနှင့် စောလေးကိုပါခေါ်ပြီး အတူစားကြပါသည်။ ကျွန်တော့်အိမ်ကြီးမှာ မြေအောက်ခန်း(ပုံးခိုကျင်း)လည်းပါပြီး အနောက်တိုင်းပုံစံ၊ ဆင်ဝင်နှင့် မီးလင်းဖိုနှင့် နှစ်ထပ်အိမ်ကြီးဖြစ်သည်။

တစ်ပတ်ခန့်ကြာတော့ ပစ္စည်းစုံပြီး ကုလားအလုပ်သမားများ၏ ကြိုးစားမှု၊ အင်ဂျင်နီယာများ၏ ကျွမ်းကျင်လိမ္မာမှုကြောင့် ပုံပေါ်လာပါသည်။ ကုလားအလုပ်သမားများမှာ နေအိမ်မပြန်တော့ဘဲ ကျွန်တော်၏ခြံထဲ၌သာ နေထိုင်လုပ်ကိုင်ကြ၍ အလုပ်အရောင်အမြန် ပြီးစီးခြင်းလည်း ဖြစ်သည်။ တစ်လခန့်ကြာတော့ အိမ်ပုံစံအကြမ်းကြီး ပေါ်လာပါသည်။

ကျွန်တော် ရွှေတုံးများရောင်းချပြီး မေရီပါးတို့ဆိုင်နှင့် တွဲဖက်ပြီး ရွှေဆိုင်ကြီး ဖွင့်လိုက်ပါသည်။ စစ်အတွင်းဖြစ်၍ အရောင်းအဝယ်ထိုင်းမည်ထင်သော်လည်း ရန်ကုန်မြို့သူ မြို့သားများမှာ စစ်ကြီးကြောင့် စစ်ပြေးကြရတော့မည်ဖြစ်သဖြင့် ရွှေဝယ်စုကြသည်က များသည်။ အချို့နယ်ဘက်ကပင် အဝယ်လိုက်လာသဖြင့် အလွန်ရောင်းကောင်းပါသည်။

(၆)လအတွင်း ကျွန်တော် အိမ်ဆောက်ခြင်းပြီးစီးတော့ အင်္ဂလိပ်အမြတ် အတော်ရသလို စစ်ကြီးလည်း ဖြစ်လာသဖြင့် ရန်ကုန်မြို့ကြီး ဗုံးကြဲခံရပြီး ကျွန်တော်တို့ဆိုင်လည်း ပိတ်လိုက်ရသည်။ ထိုအချိန်အတွင်း ကျွန်တော်နှင့်မေရီတို့ နီးစပ်ပြီး အရေးပေါ် လက်ထပ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းတော်၏ ရှေ့ရေးကြိုမြင်တတ်သော အကျင့်အတိုင်း အိမ်သစ်ကြီးတွင် အမှတ်အသားများဖြင့် တိုက်ရာပါ ရတနာပစ္စည်းများ၊ ရွှေရောင်ပုလဲများ၊ ရွှေတုံးများကို လျှို့ဝှက်စွာ မြှုပ်နှံထားလိုက်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဖနီးဖြစ်သူ မေရီနှင့် ဖရန့်စစ်မှာ အနောက်တိုင်းသားချင်းဖြစ်သော်လည်း ကြီးမှပေါင်းရသော ကြီးပေါင်းများဖြစ်သဖြင့် အကြွင်းမဲ့ မယုံရသောကြောင့်ဖြစ်သည်။ လင်မယားဖြစ်သည်ဆိုသည်နှင့် နှစ်ဦးပိုင်ဆိုင်သမျှ ပစ္စည်းဥစ္စာများမှာ ပေါင်းစည်းသွားပြီဖြစ်ချေသည်။

ဖက်ဆစ်ဂျပန်များမှာ မြန်မာပြည် ရောက်လာကြပြီဖြစ်ပြီး ရန်ကုန်နှင့် မန္တလေးကို မြန်မာ့မြေပေါ် ခြေကုပ်ယူနိုင်ပြီဖြစ်သဖြင့် နေ့ရောညပါ ဗုံးကြဲလာတော့သည်။ အင်္ဂလိပ်တပ်လည်း ရန်ကုန်မြို့မှ အိန္ဒိယအက်သို့ ဆုတ်ခွာသွားပြီဖြစ်သဖြင့် အခြေအနေမဆိုးသော်လည်း ညအက်ရောက်သည်နှင့် လူဆိုးအုပ်စုများမှာ ရတနာဆိုင်နှင့် စတိုးဆိုင်တုန်တိုက်များအား ပေါ်ပေါ်တင်တင် ဖောက်တော့သည်။

မြန်မာပုလိပ်အဖွဲ့မှာလည်း ဘယ်ချောင်ပြေးသည်မသိ။ ကြက်ပျောက်ငှက်ပျောက် ပျောက်ချင်းမလှ ပျောက်ကုန်သည်။ ကျွန်းတော်၏ ကြိုတင်မြော်မြင် စေ့စပ်တွေးဆတတ်သည့် ညာဉ်အတိုင်း ဂျပန်များ မြန်မာမြေပေါ် ရောက်ပြီဆိုသည်နှင့် မဂိုလမ်းရွှေဆိုင်နှင့် အတွင်းပစ္စည်း ပရိဘောဂအစ သမိုင်းအိမ်ကြီးသို့ အချိန်မီ ရွှေ့နိုင်သဖြင့် အပျက်အစီးအပျောက်အဆုံးမရှိပါ။

မေရီကတော့ ကျွန်းတော် (GOLDEN PEARLS HOUSE)ဟု အမည်ပေးထားသည့် 'ရွှေပုလဲစံအိမ်ကြီး' ကို အလွန်သဘောကျနေ

www.burmeseclassic.com



သည်။ မြို့လယ်ခေါင်တိုက်ခန်းအစား တစ်ကော ကျယ်ဝန်းသော ကျွ
တော့်ခြံကြီးက သူ့ရင်ကို အေးမြစေဟန်တူပါသည်။

သူ့မောင် ဖရန်စစ်ကတော့ သဘောကျသည်ဖြစ်စေ၊ သဘော
မကျသည်ဖြစ်စေ သူ့ဟန်က ငြငြိမ်ငြိမ်ပင်။ အရက်သောက်တတ်သော
လည်း စွဲစွဲလမ်းလမ်းမဟုတ်။ သူ့အစ်မနိုင်းသမျှသာ လုပ်သည်။ ကျွ
တာ အပိုမလုပ်။ အနီးကပ်ပေါင်းကြည့်မှ ကလေးဆိုးကြီးလို သူနှစ်သ
သော ကစားစရာအရုပ် ပျောက်ဆုံးသွားသဖြင့် စိတ်ကောက်နေဟ
ပုံပေါက်သည်။ သူ့အစ်မကိုတော့ ကြောက်သည်။ ကျွန်တော့်ကိုတော
မခန့်လေးစား လုပ်တတ်သည်။

ကျွန်တော်ကလည်း သူ့အစ်မနှင့်ပတ်သက်သဖြင့်သာ ဖရန်စ
ကို ဆက်ဆံနေရသော်လည်း သူ၏ မထုံတက်ထေး၊ ဖေးလေးပင်ပ
ပျင်းတွဲတွဲဟန်ကို သဘောမကျပါ။ ထို့ကြောင့် သူ့ကိုဘာမျှမနိုင်း။ အဖေ
လုပ်၍ စကားကြာကြာ ပြောလေ့မရှိ။ မပြောမဖြစ်မှသာ တစ်ခွန်းတခေ
ပြောသည်။

ကျွန်တော့်တွင် အားကိုးရသောလူယုံ အဘဦးစော့ဂျော်လီနှ
စောလေးတို့ရှိသဖြင့် ကျွန်တော့်တွင် စကားပြောဖော်နှင့် အလုပ်အကို
ကလေးများက အမြဲတမ်းရှိနေသည်။ သီးပင်စားပင်စိုက်ခင်းကို အေ
ဇေဘင်းပေါင်းသင် ပြုစုသည်။ အတွင်းခြံစည်းရိုး၊ ခွေးမတိုးနိုင်အော
ပုဏ္ဏားရိပ်ပင်များ စိုက်သည်။

မြို့ထဲသွားရန် ကိစ္စအလုပ်က မရှိတော့၍ ခြံထဲ၌ပင် အထွေထွေ
အလုပ်ကလေးများကို လုပ်ကိုင်နေကြသည်။ အလုပ်မရှိလျှင်လည်း မြ
အနောက်ဖက်က ကန်ကြီး၌ ငါးမျှားကြသည်။ အဘအိမ်လေး၌ နေ
လယ်ရေနွေးကြမ်းဝိုင်း၊ ညနေအရက်ဝိုင်းဖွဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



စစ်ကြီးအတွင်း စားသောက်ရန်လည်း ကျွန်တော်အရက်က အစ ရိက္ခာပစ္စည်းများအား မြေတိုက်ခန်းအတွင်း ပြည့်စုံအောင် ဝယ်ယူစုဆောင်းပြီးဖြစ်ပါသည်။ ကျွန်တော်တို့ခြံကြီးမှာ အထက်ကရေးခဲ့သလို အိမ်ရှေ့မျက်နှာစာနှင့် အိမ်ခြံပတ်လည် ဝါးရုံပင်တန်းက ကာကွယ်ထားသဖြင့် ကားလမ်းမပေါ်ကကြည့်လျှင် အိမ်ကြီးအား ရုတ်တရက် မမြင်နိုင်ပါ။ မမြင်နိုင်အောင်လည်း ကျွန်တော်က ကြိုတင်စီစဉ်ထားခြင်းဖြစ်ပါသည်။ တစ်ခုပြဿနာရှိသည်က မောရစ်ကားနက်ကလေးအား လုံခြုံရာတွင် ဝှက်ထားရန်ကိစ္စဖြစ်လေသည်။ သမိုင်းရပ်ကွက်က ခြံကြီးဝင်းကြီးများဖြင့် နေထိုင်ကြခြင်းဖြစ်သဖြင့် တစ်အိမ်နှင့်တစ်အိမ် စပ်စုခြင်းမရှိကြတော်ပါသေးသည်။

အဘဦးစောဂျော်လီက သူစီစဉ်ပေးမည်ဟုဆိုသဖြင့် စိတ်အေးရပါသည်။ မကြာမီ ဂျပန်များ ရန်ကုန်ကိုသိမ်းပိုက်လိုက်ကြသည်။ မြန်မာ့လွတ်လပ်ရေးတပ်မတော်နှင့် ဂျပန်များပူးပေါင်းပြီး ရန်ကုန်မြို့ကို အုပ်ချုပ်သည်။ အင်းစိန်ထောင်နှင့် ရန်ကုန်ထောင်များကို သိမ်းယူပြီး ဂျပန်လက်နက်တိုက်နှင့် ခံတပ်အဖြစ် အသုံးပြုပါသည်။

ယခုအချိန်အထိ ရန်ကုန်မြို့စွန်၊ သမိုင်းရပ်ကွက်မှာ အေးချမ်းငြိမ်သက်နေခဲ့ဖြစ်သည်။ သို့သော် ကျွန်တော်၏ ကြိုတင်စီစဉ်ထားသော ညာဉ်အတိုင်း အဘဦးစောဂျော်လီအား အိမ်ကြီးနှင့်ခြံကြီး၏ ထိန်းသိမ်းသူအဖြစ်ထားပြီး ကျွန်တော်တို့အင်္ဂလိပ်မိသားစု အိန္ဒိယသို့ ပြောင်းရွှေ့ပြေးသွားကြောင်း သတင်းလွှင့်စေသည်။

မောရစ်ကားနက်ကလေးကိုလည်း ခြံအနောက်ထောင့်တွင် အဘ ကြိုတင်မွေးမြူထားသော တောနွယ်ချုံကြီးအတွင်းသို့ မောင်းသွင်း

www.burmeseclassic.com



ပြီး အစဖျောက်ပစ်လိုက်ကြသည်။ ကျွန်တော်တို့မိသားစုကတော့ မြေအောက်ခန်းသို့ဆင်း၍ ပုန်းခိုပြီး လူပျောက်ဖျောက်ရတော့သည်။

မြေအောက်ခန်း၌ လေရရှိစေရန်လည်း ကျွန်တော်က မီးလင်းဖိုခေါင်းတိုင်ကြီးကို ဖန်တီးထားခြင်းဖြစ်သည်။ မြေအောက်ခန်းကိုလည်း သေသေချာချာ အတွင်း၌ စီစဉ်ထားပြီး မြေအောက်ခန်းအဆင်းတံတားကိုလည်း ထမင်းစားခန်းစားပွဲကြီးအောက်၌ အံဖုံးတံခါးဖြင့် လျှို့ဝှက်စွာ စီစဉ်ထားပြီး အိတ်ကလီကော်ဇောကြီး ခင်းထားသည်။ လူယုံများမှလွဲ၍ အခြားသူစိမ်းများ မရိပ်မိ မသိရှိနိုင်ပါ။

ကျွန်တော် ကြိုတင်မှန်းဆထားသည့်အတိုင်းပင်။ မကြာမတင် ဂျပန်များနှင့် အလိုတော်ရိစကားပြန်များ ရောက်လာကြသည်။ အလိုတော်ရိများက ကျွန်တော်၏အိမ်ကြီးအား သဘောကျ၍ ဂျပန်ကင်ပေတိုင်ရုံးဖွင့်ရန် စည်းရုံးသော်လည်း ဂျပန်စစ်ဗိုလ်က ချောင်ကျပြီး လမ်းဆုံလမ်းခွမဟုတ်သဖြင့် ငြင်းပယ်သောကြောင့် ကျွန်တော်တို့ ကံကောင်းပါသည်။

ကျွန်တော့်လူယုံ အဘဦးစောရော်လီမှာ ဤနေရာ၌ လွန်စွာ အားကိုးရပါသည်။ အပြောအဆိုလည်း အလွန်ကောင်းသဖြင့် တော်ပါတော့သည်။ ကျွန်တော်တို့မိသားစု၊ အိန္ဒိယသို့ ပြေးသွားကြပြီး အင်္ဂလိပ်စစ်သားမဟုတ်၊ ဝန်ထမ်းမဟုတ်၊ ကုန်သည်သာဖြစ်ကြောင်း အယုံသွင်းထားသည်။

ထိုညက ကျွန်တော် အပြင်ထွက်၍ အဘတို့နှင့် လွတ်လပ်စွာ စကားပြောလိုသော်လည်း အဘက ဂျပန်အလိုတော်ရိများ၊ မယုံသင်္ကာဖြင့် စောင့်ကြည့်နေနိုင်သဖြင့် ထွက်မလာရန် အကြောင်းကြားထားသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ မြေအောက်ခန်းအတွင်း၌ပင် အောင့်အည်းနေရတော့သည်။

မြေအောက်ခန်းအား အကောင်းဆုံး စီစဉ်ထားသော်လည်း ကြာလာတော့ ထောင်တွင်းတိုက်ပိတ်ခံထားရသလို စိတ်ကျဉ်းကြပ်လာသည်။ လေရှူရသည်မှာ မဝသလို မြေစော်နံလာသည်။ တစ်ပတ်ခန့် ပုန်းအောင်းလိုက်ရာ အသားများပင် ဝါလာသည်။ ထို့ကြောင့် အဘနှင့် တိုင်ပင်ပြီး ညပိုင်း၌ ဒရိုင်ဘာစောလေးအား ခြံဝတွင် အစောင့်ချပြီး ခြံတွင်းထွက်၍ လမ်းလျှောက်လေ့ရှူ လေ့ကျင့်ခန်းလုပ်ရသည်။ အိပ်ချိန်မှ မြေအောက်ခန်းဆင်း၍ အိပ်သည်။ နေ့ပိုင်းတစ်ချိန်လုံး ပုန်းအောင်းနေရသည်။ တကယ်တော့ ညေ့်ခန်းမီးဖိုကြီးမှာ အနောက်တိုင်းဆန်ဆန် ဟန်ပြတည်ဆောက်ထားခြင်းဖြစ်ပြီး မြေအောက်ခန်း အသက်ရှူပေါက်ကြီးသာ ဖြစ်ပါသည်။

တစ်ပတ်ခန့် မြေအောက်ခန်း၌ နေ့ ညအပြင်မထွက်ဘဲ ပုန်းအောင်းနေစဉ် လေကောင်းလေသန့်မရဘဲ အညောင်းမိနေ၍ အစားအသောက်ပျက်သည်။ အဘနှင့် စောလေးတို့က အကောင်းဆုံး ချက်ပြုတ်ပေးသော်လည်း စားသောက်၍ မကောင်းပါ။

တစ်ပတ်ကျော်မှ အလေ့အကျင့်ရလာပြီး ညပိုင်းလည်း အပြင်ထွက်၍ လမ်းလျှောက်နိုင်သဖြင့် အစားအသောက် ကောင်းလာပြန်သည်။ တစ်လခန့်အကြာတွင် မြေတိုက်ခန်းဒဏ်ကြောင့် ဝမ်းချုပ်၊ အညောင်းမိပြီး ပုန်းလျှိုးနေသော ငှက်ဖျားရောဂါဟောင်းက ပြန်ထလာသည်။ မြေအောက်ခန်းမှာ စိမ့်အေးနေသဖြင့် ချွေးက မထွက်နိုင်။ ထို့ကြောင့် ပိုပြီးခံစားရသည်။

www.burmeseclassic.com



[illegible] သက်သာလိုက်၊ ပြန်ဖြစ်လိုက်နှင့် ကျွန်တော် [illegible] ခံစားရသဖြင့် အစားအသောက်ပျက်ပြီး အရိုးပေါ်အရေ [illegible] ကျွန်တော့သည်။ ဂျပန်ခေတ်အတွင်း ဆေးကောင်းဝါးကောင်း [illegible] နှလုံးမထူခြင်းဖြစ်သည်။ ကြိုတင်တွေးခေါ် ဆင်ခြင်တတ် [illegible] ကျွန်တော် ဤတစ်ခါတော့ အလွန်မှားသွားသည်။

တစ်ခါ ကံကောင်းချင်တော့ စောလေးရှာလာသော သမိုင်းမြို့မ ဘုန်းတော်ကြီးကျောင်းမှ ဘုန်းတော်ကြီး ဆေးရလာသည်။ မြန်မာဆေး သာဖြစ်သည်။ ဆန်ပြုတ်ပူပူသောက်ပြီး တစ်နေ့ ဆေး (၃) ကြိမ်သောက် ရသည်။ ပြီးတော့ စောင်ခြုံ၍ ချွေးထုတ်ရသည်။ ချွေးထွက်သွားတော့ အဖျားကျသွားသည်။ သို့သော် စားချင်စိတ်မရှိ။ ခံတွင်းက ပျက်နေ သည်။

ဤတစ်ခါလည်း စောလေးပင် လျှာပွတ်ဆေးယူလာပြီး ငုံ ထားစေသည်။ တစ်ရက်၊ နှစ်ရက်ခန့် ဆေးငုံပြီးတော့ ခံတွင်းက ကောင်း လာသည်။ စောလေးက မြန်မာဝမ်းနှုတ်ဆေး (အာယုဗ္ဗေဒဆေး) တိုက် ပြန်သဖြင့် ဝမ်းမဲမဲများသွားသည်။ ဝမ်းသွားတော့ လူမှာ ပေါ့ပါးပြီး အစားစားချင်စိတ်ဖြစ်လာသည်။

အဘက သမိုင်းကန်ကြီးအတွင်းမှရသော ငါးရံ့ဆန်ပြုတ်နှင့် သုမွှေးမြူထားသော ကြက်ကိုရိုက်ပြီး ကြက်သားဆန်ပြုတ်များ ချက် ပြုတ်ပေးသဖြင့် ခံတွင်းကောင်းပြီး အားရှိလာသည်။ ထို့ကြောင့် ကျွန် တော် ထူထူထောင်ထောင်ဖြစ်လာပြီး အပြင်ထွက်၍ လေကောင်းလေ သန့်ရှူခြင်း၊ နေရောင်ခံခြင်းတို့ကြောင့် ကျန်းမာလာပါသည်။

တကယ်တမ်း တွက်စစ်ကြည့်တော့ ဖနီးသည်နှင့် သောက်စ ဖြစ်သူ ဖရန့်စစ်မှာ လောက်လောက်လားလား အားမရှိုး၊ ဘာသိ



www.burmeseclassic.com

www.burmeseclassic.com



ဘာသာပင်။ ကျွန်တော်၏လူယုံ အဘာနှင့် စောလေးတို့ကြောင့်သာ အသက်နှင့်ခန္ဓာ ကိုယ်စားမကွဲဘဲ တည်မြဲနေခြင်းဖြစ်သည်။ ကျွန်တော် လူရွေးမှန်သော ကျေးဇူးရှင်များဖြစ်ကြပါသည်။

တစ်ခါ ကျွန်တော် မသိမသာ လေ့လာသမျှ မေရီနှင့် ဖရန်စစ် ဆက်ဆံရေးမှာ တစ်မျိုးဖြစ်ပါသည်။ ကျွန်တော် ကနဦးက သတိထားမိ သလို မောင်နှမဟုတ်ကြောင်း ထင်ရှားလာသည်။ တစ်ပူးတွဲတွဲ၊ တိုးတိုး တိုးတိုးနှင့် ကျွန်တော့်လူယုံ့ တပ ခြင်းကြောင့်သာ လုပ်ကြံမခံရခြင်းဖြစ် သည်ဟု ကျွန်တော် ရိပ်မိ လာသည်။ ထို့ကြောင့် စားစားအိပ်အိပ် ကျွန်တော် သတိထားနေရသည်။ လူယုံများကျေးဇူးကြောင့် ကျွန်မော လာခြင်းကိုပင် ကျွန်တော် ကံကောင်းသည်ဟု ဆိုရပေမည်။

မေရီနှင့်ဖရန်စစ်က ကျွန်တော်၄က်ဖျားရောဂါဖြင့် သေဆုံးလျှင် ပင် အမွေပစ္စည်းဥစ္စာများအား ပျော်ပျော်ကြီး သိမ်းယူကြပေတော့မည်။ တစ်နေ့နေ့လယ်တွင် ကျွန်တော်အိပ်ပျော်နေစဉ် ရုတ်တရက် တစ်စုံတစ်ရာ ၏ နှိုးဆော်မှုကြောင့် လန့်နိုးလာတော့ သူတို့နှစ်ဦး၏ အချစ်ပလူးနေ သံကို ကြားရသည်။ မြေတိုက်ခန်းအတွင်း၌ အခန်းကျဉ်းသော်လည်း အနောက်တိုင်းပုံစံ တစ်ခန်းစီ သီးခြားအိပ်ကြသည်။

အခန်း၏ ပုံတင်သံကြောင့် အသံတိုးတိုးပြောသော်လည်း ကြား နေရပါသည်။ ကျွန်တော့်မှာ နလံထခါစ အားမွေးသောအချိန်ဖြစ်သဖြင့် ဒေါသမဲ့မြင်ပြုဟန်လည်း ဖြစ်ချင်ဖြစ်ပေမည်။ အခြေအနေအရပ်ရပ်ကို ရိပ်မိသိရှိနေသဖြင့် ကျွန်တော်ကလည်း နှစ်လုံးပြူးသေနတ်ကြီးကို ခေါင်း ရင်းနံရံ၌ ချိတ်ဆွဲထားသလို လျှို့ဝှက်စွာ ဝယ်ယူပြီး ခေါင်းအုံးအောက်၌ အသင့်ထားရှိသော SMITH AND WATSON ခြောက်လုံးပြူး သေနတ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးကလည်း ရှိနေပါသေးသည်။ ဤလက်နက်ပစ္စည်းများမှာ ရန်ပြု ရန်မဟုတ်။ မိမိကိုယ်ကိုမိမိ ကာကွယ်ရန်သာဖြစ်ပေသည်။

နောက်တစ်လခန့်ကြာတော့ ဂျပန်အုပ်ချုပ်ရေး နိုင်မာသွား တာနှင့် ဂျပန်စစ်ပုလိပ် (ကင်ပေတိုင်) များ ယခင်ကလို ကင်းလှည့်ရင်း ဝင်ရောက်မလာတော့သဖြင့် ကျွန်တော်က လှုယံ့များအား အပေါ်ထပ် ထမင်းစားခန်းအတွင်းရှိ လျှို့ဝှက်တံခါးကို ဖွင့်နိုင်းထားသည်။ လေဝင် စေရန်နှင့် ကျွန်တော်တို့ အတက်အဆင်း မပြုရာတွင် လွယ်ကူစေရန် ဖြစ်သည်။

ထိုစဉ် ကျွန်တော့်ခြေရင်းခန်းတွင်နေသော ဖရန်စစ်က သူ့ အစ်မထံမှ သော့လှမ်းယူ၍ ထမင်းစားစားပွဲဝိုင်းအနီးရှိ ရတနာပစ္စည်း များထားသော ကျွန်းဗီရိုကြီးကို ဖွင့်နေသည်။ ကျွန်းဗီရိုကြီးနှင့်ကပ်လျက်၌ (CHUBB) မီးခံသေတ္တာကြီးရှိနေသည်။ သော့က ကျွန်တော့်ဆီတွင် သိမ်း ဆည်းထားသည်။

ကျွန်းဗီရိုကြီးအတွင်းတွင် ကျွန်တော်နှင့် မေရီတို့နှစ်ဦးပိုင် ရွှေ ငွေရတနာများရှိသည်။ မီးခံသေတ္တာအတွင်း၌ ငွေစက္ကူအနည်းငယ်နှင့် ကျွန်တော်၏ အရေးကြီးသော စာချုပ်စာတမ်းများသာရှိသည်။ ကျွန် တော် အခန်းတံခါးဖွင့်လိုက်သည်နှင့် မြင်လိုက်ရသောကြောင့် ...

"ဟေ့ ... ဘာလုပ်ကြတာလဲ။ သုံးစရာရှိရင်လည်း ငါ့ကို ပြောဦးမှပေါ့"

"ဘာလုပ်လုပ် ခင်ဗျားအပူလား။ အသက်ကလည်း ပြင်းပါ သေကို မသေနိုင်ဘူး။ ဒီတစ်ခါ သေပေရော့"

ဖရန်စစ်က ပြောပြောဆိုဆို ဓားမြှောင်ကိုင်၍ ပြေးဝင်လာသည်။ မေရီပါးလ်ကလည်း ဓားမြှောင်တစ်ချောင်းနှင့် ကျွန်တော့် ရန်ကိုရှောင်



www.burmeseclassic.com

www.burmeseclassic.com



လိုသဖြင့် အခန်းတံခါးကို ပိတ်ထားလိုက်ပါသည်။

"ဟော့ . . . သတ္တိနည်းလှချည်လား . . . ဆိုင်းမွန်။ မင်း ဒီနေ့ သေနေ့စေ့ပြီ။ တံခါးဖွင့်စမ်း။ တံခါးမဖွင့်ရင်တော့ ကားထဲထည့်မဲ့ဓာတ်ဆီလောင်းပြီး အိမ်ကြီးပါ မီးတိုက်ပစ်မယ်"

"အေး . . . ဖွင့်မယ် . . . ဖရန့်စစ်။ ဒါပေမဲ့ မင်းတို့နှစ်ယောက် လင်မယားဖြစ်ကြောင်း ဝန်ခံရမယ်။ ငါ့ကိုလည်း နှစ်ဦးပေါင်းပြီး လုပ်ကြံကြတာ မဟုတ်လား"

"အေး . . . ဟုတ်တယ်၊ ငါတို့က နဂိုကတည်းက လင်မယားပဲ၊ ဘာဖြစ်သလဲ။ မင်းပစ္စည်းတွေကို လိုချင်လို့ ပေါင်းကြံကြတာ"

"အေး . . . အေး . . . ဝန်ခံရင်ပြီးတာပဲ။ ကဲ . . . တံခါးဖွင့်ပြီ"

ကျွန်တော် အခန်းတံခါးကိုတွန်းဖွင့်ပြီး ဓားမြှောင်ကိုင်၍ အပြေးဝင်လာသော ဖရစ်စစ်အား ဘယ်ရင်အုံနှင့် ညာရင်အုံကို နှစ်ချက်ဆင့်၍ အနီးကပ် ပစ်ထည့်လိုက်ပါသည်။

"ဒိုင်း . . . ဒိုင်း . . ."

အနီးကပ်ပစ်ချက်ဖြစ်သောကြောင့် ဖရန့်စစ်မှာ မြင်းအကန်ခံရသလို အနောက်ဘက်သို့ ပက်လက်လန်လဲပြီး ဦးခေါင်းနှင့်ကြမ်းပြင် ရိုက်မိ၍ ချက်ချင်း အသက်ထွက်သည်။ ထိုစဉ် မေရီက ကျွန်တော့်အား ဓားမြှောင်ဖြင့် လှမ်းပေါက်သည်။

ကျွန်တော်တစ်ဖက်ကပ်၍ အလျင်အမြန် ရှောင်လိုက်ပါသဖြင့် အခန်တံခါးအား စိုက်ဝင်သွားသည်။ ထို့ကြောင့် ကျွန်တော်လည်း မိန်းမသားဖြစ်သော မေရီအားလည်း မညှာနိုင်တော့။ သေနတ်ကို ထိုးချိန်၍ နှစ်ချက်ဆင့်၍ ပစ်ခတ်လိုက်ရပါသည်။

---



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း ... ဒိုင်း ..."

ဟူသော သေနတ်သံနှစ်ချက်နှင့်အတူ ကျွန်တော့်ညာရင်အုံမှာသည်း 'ဒုတ်' ဟူသော အသံနှင့် စူးအောင့်သွားပါသည်။ ကျွန်တော်ရန်သူအား မိန်းမသားဖြစ်သောကြောင့် လျှော့တွက်လိုက်မိချေသည်။ မေမိုး၏ ဒုတိယပေါက်မားက ကျွန်တော့်ရင်အုံအား အတော်နက်နက်စိုက်ဝင်သွားခြင်းဖြစ်သည်။

နှလုံးရှိသော ဘယ်ရင်အုံမဟုတ်ဘဲ ညာရင်အုံဖြစ်သဖြင့် သေဆောက်သော်ဒဏ်ရာမဟုတ်ဟု ထင်စရာဖြစ်သော်လည်း ဂျပန်ခေတ်စစ်အတွင်းဖြစ်သဖြင့် ဆေးဝါးကမပြည့်စုံ၊ ရန်ကုန်ဆေးရုံကြီးနှင့်က ဝေးလှသည်။ သွေးထွက်လွန်၍ အဖျားပျောက်ကာစ ကျွန်တော့်အတွက် မျှော်လင့်ချက်က မရှိတော့ပါ။

ထိုစဉ် သေနတ်သံအုပ်အုပ်ကြောင့် အဘနှင့် စောလေးတို့ ပြေးလာကြသည်။

"မစွတာ ... ဘာဖြစ်ကြတာလဲ။ သေနတ်သံလည်း ကြားလိုက်ရတယ်။ ဟင် ... ဒီမှာလည်း (၂) ယောက်သေနေပြီ။ မစွတာ ရင်ဘတ်မှာလည်း ဓားမြှောင်ကြီးတန်းလန်းနဲ့"

"နောက်မှ ပြောပြမယ် ... စောလေးနဲ့အဘ။ အခုလောလောဆယ်တော့ ကျွန်တော့်ကို အပြင်ဆွဲထုတ်ပြီး အပေါ်ထပ်ညေ့ခန်းဆိုဖာပေါ်မှာ တင်ထားပေးပါ။ အဆုတ်ကို ထိသွားတော့ အသက်ရှူရတာ မဝတော့ဘူး။ နှာခေါင်းမှာလည်း သွေးပါလာပြီ။ ကျွန်တော် ကြာကြာမနေရတော့ဘူး"

ကျွန်တော့်အား အဘနှင့်စောလေးတို့က ချိုင်းနှစ်ဖက်မှ ခေါင်းလျှိုပြီး အပေါ်ထပ်ညေ့ခန်း ဆိုဖာပေါ်သို့ တင်ပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"စောလေး ... ရေတာစ်ခွက်ပေးစမ်းကွာ။ အဘက ပြတင်းတံခါးတွေ အကုန်လိုက်ဖွင့်ပါ။ လေကောင်းလေသန့်ရအောင်"

"ရက်စ် ... မစ္စတာ"

ကျွန်တော် ရေသောက်ပြီး ဖြစ်ပျက်ပုံကို ရှင်းပြရသည်။ အဘက ...

"အဘတို့သိနေတာ ကြာပါပြီ ... မစ္စတာ။ မစ္စတာ စိတ်မကောင်းမှာစိုးလို့ ဖွင့်မပြောခဲ့တာပါ။ သူတို့ ကျွန်တော်တို့ကို ဂရုမစိုက်ဘူး။ ညပိုင်း မစ္စတာနဲ့ အတူထွက်လာပြီး လေရှူ၊ ကျွန်းမာရေးလေ့ကျင့်ခန်းလုပ်ကြတယ်။ မစ္စစ်မေရီက မစ္စတာဖရန်စစ်နဲ့အတူ သရက်ပင်ကြီးပင်စည်ကို ဓားမြှောင်ပေါက် လေ့ကျင့်ကြတာ။ မစ္စစ်မေရီက ပေါင်ကောင်အက်ကလာတာတဲ့။ အလွန်ဓားပေါက်တော်တယ်"

ထိုစဉ် စောလေးက ...

"မစ္စတာ ... ကျွန်တော် ကားထုတ်ပြီး ရန်ကုန်ဆေးရုံကြီးကို သွားမယ်။ လမ်းမှာ ဖြစ်ချင်ရာဖြစ် မရပ်ဘူး။ အသက်ခံရရင်လည်း ကျွန်တော် သေပါစေ"

"ကျေးဇူးပဲ ... စောလေးနဲ့အဘ မကြိုးစားနဲ့တော့။ ဂျပန်နဲ့တိုးရင် နှစ်ခါပြန်သေမယ်။ အဘတို့၊ စောလေးတို့ပါ အဖမ်းခံရမယ်။ အသက်ရင်လည်း ပစ်သတ်လိမ့်မယ်။ ရန်ကုန်ဆေးရုံကြီးရောက်ဦးတော့ ဂျပန်စစ်ပုလိပ်တွေ ရှိနေမှာ။ ကျွန်တော့်မှာ အချိန်မရှိတော့ဘူး။ စကားပြောရတာလည်း မောလှပြီ။ ကဲ ... ဂရုစိုက်ပြီးနားထောင်ကြ။

မြေအောက်ခန်း ထမင်းစားပွဲအနီးက ကျွန်းဗီရိုကြီးအထဲမှာ ဆိုလမ်းရွှေဆိုင်က ရွှေတွေ အချို့အဝက်ရှိလိမ့်မယ်။ ဟိုကောင်ဖရန်စစ်ဆိုတာလို့ အပြည့်အဝ ရှိလိမ့်မယ်မဟုတ်တော့ဘူး။ အဲဒီထဲက ရွှေတွေ

www.burmeseclassic.com



ကို တစ်ဝက်စီယူကြ။ မီးခံသေတ္တာအထဲမှာ ငွေအချို့နဲ့ အိမ်၊ ကားအတွက် စာချုပ်စာတမ်း တွေရှိတယ်။ သော့က မြေအောက်ခန်း ကျွန်တော့်အိပ်ရာ ခေါင်းအုံးအောက်မှာရှိတယ်။ ဒီအိမ်နဲ့ ခြံကြီးကို အဘဦးစောဂျော်လီယူ။ ဓာတ်လမ်းရွေ့ဆိုင်ခန်း (၂) ခန်းနဲ့ ကားလေးကိုတော့ စောလေးယူပါ"

"မြေတိုက်ခန်းထဲက အလောင်းနှစ်လောင်းကိုလည်း သချိုင်း မှာသွားပြီး မသင်္ဂြိုဟ်နဲ့တော့။ ခင်ဗျားတို့ အမှုပတ်လိမ့်မယ်။ မြေတိုက် ခန်းထဲမှာဆိုတော့ သေနတ်သံက ခပ်အုပ်အုပ်မို့ ပတ်ဝန်းကျင်က မကြား နိုင်ပါဘူး။ အဲဒီအလောင်းနှစ်လောင်းကို ခြံကြီးအနောက်ဘက်ထောင့် မှာ မြေကျင်းတူးပြီး မြှုပ်ပါ။ ကျွန်တော့်အလောင်းကိုတော့ သူတို့နဲ့ဝေး ရာမှာ မြှုပ်ပါ။

"ကဲ ... စောလေး၊ ငါ့ကို အရက်တစ်ခွက်ပေးစမ်းကွာ။ များ များထည့်။ ရေမရောနဲ့။ ဒဏ်ရာက နာလာပြီ။ သွေးထွက်လွန်လို့ မျက်စိ တွေလည်း ပြာလာပြီ။ ကျွန်တော်မှာတာတွေ မမေ့နဲ့ အဘ။ ကျွန်တော် တို့က အိန္ဒိယဘက်ကို အပြေးပြထားတော့ ပတ်ဝန်းကျင်ကလည်း မသိ နိုင်ပါဘူး။ မရှိတဲ့လူတွေဟာ ဆကယ့်ကို မရှိတာဟာ သဘာဝကျပါ တယ်"

ကျွန်တော် မောလွန်း၍ အရက်တစ်ဖန်ခွက်ကို တစ်ကျိုက်ချင်း မော့သောက်ပြီး ကုန်သည်နှင့် အစာမရှိသောဗိုက်မှာ ချက်ချင်းသတိ ပြလာသည်။ မူးပြီး အိပ်ပျော်သွားရာ ကျွန်တော့်အသက် ပါသွားခြင်းဖြစ် သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၃]

❑

ကျွန်တော့်ခန္ဓာကိုယ်ကြီး ပေါ့ပါးသွားသည်။ မားဒထ်ရာက လည်း မနာကျင်တော့။ ကျွန်တော့်အခြေအနေကို ဆန်းစစ်ကြည့်တော့ ကျွန်တော် အိမ်ကြီးခေါင်မိုးပေါ် ရောက်နေသည်။ မီးဖိုချောင်အပြင်ဘက် အနီး၌ မိန်းမကြီးတစ်ယောက်ကို မြင်နေရသည်။ အအဉီးစောရော့်လီ ၏ မိန်းမကြီး ဖြစ်ပုံရသည်။ ခြံအနောက်ဘက် သရက်ပင်အောက်၌ မေရီနှင့် ဖရန်စစ်တို့ စိတ်ပျက်လက်ပျက် ထိုင်နေကြသည်။ ကျွန်တော့် ကို မြင်သော်လည်း မမြင်ချင်ယောင် ဆောင်နေကြသည်။

ထိုစဉ် ကျွန်တော့်အနီးသို့ ဘိုးသူတော်ကြီးတစ်ပါး လေထဲ၌ မျှဝဲ၍ ရောက်ရှိလာသဖြင့် ကျွန်တော်က နေရာပေးလိုက်သည်။

ဘိုးသူတော်ကြီးက အိမ်ခေါင်ပေါ်၌ အကျအနထိုင်ပြီးမှ ...

"လူကလေး ... ယောဒီ နှံ့သာပု၊ ငှက်ပျောသီးကလေး တစ်လုံး တို့ စားလိုက်။ လူကလေးက ပဋ္ဌာန်းဆက်နီးတော့ လူပြန်ဖြစ်မှာပါ။

www.burmeseclassic.com



မကောင်းတာတွေလုပ်ခဲ့ပေမဲ့ တပည့်နဲ့ ယေ်သားတွေအပေါ်မှာ စိတ်ထား ကောင်းပြီး လျှုဒါန်းစောင့်ရှောက်ခဲ့တော့ ကောင်းတဲ့ဘဝရောက်မယ်။ လူတစ်စားဖြစ်ပြီး ရှေးဘဝ နောက်ဘဝကို ဆင်ခြင်ရုံနဲ့သိမယ်။ တရားထိုင် ပါ။ အဘ သင်ပေးမယ်။ လူကလေးက ဉာဏ်နီးပါတယ်''

ကျွန်တော် ငှက်ပျောသီးကိုစားပြီး အဘတိုက်သော ရေမန်းတစ် ခွက်သောက်၍ အဘပြောသည့်နည်းအတိုင်း မလှုပ်မယှက်ဖင်မကြွအဲ တရားထိုင်ရာ အချိန်ကာလ မည်မျှကြာသွားသည်မသိ။ အဘပေးကျွေး သော ငှက်ပျောသီးတစ်လုံးကြောင့် ဗိုက်လည်း မဆာပါ။ ထွက်လေ ဝင်လေကို ရှုမှတ်ရင်း အသိနဲ့သတိကို ဆင်ခြင်သည်။

ကျွန်တော် တရားအလုပ်ပြီးစီး၍ သတိထားမိတော့ ထိပ်ခေါင်မိုး ပေါ်တွင် မဟုတ်တော့။ အဘဘိုးသူတော်ကြီးလည်း ကျွန်တော့်အနီး၌ မရှိတော့ပါ။ ကျွန်တော် အမှောင်တိုက်တစ်ခုထဲ ရောက်နေသည်။ ကျွန် တော့်အနေအထားက သက်သက်သာသာပါပင်။ လေရှူရတာလည်း ကောင်းသည်။ ပတ်ဝန်းကျင်ကို စမ်းကြည့်တော့ ပျော့စိစိအရာများ။ မျက်စိကမမြင်ရပါ။ လှုပ်ရှား၍တော့ရသည်။ ဆင်ခြင်စမ်းသစ်ကြည့်တော့ မှ ကျွန်တော် အသားအိတ်ကြီးတစ်လုံးထဲ ရောက်နေခြင်းဖြစ်သည်။ တိတိပပ သဘောပေါက်ရသည်ကတော့ ကျွန်တော် မိခင်တစ်ဦး၏ ဝမ်း ကြာတိုက်၌ ပဋိသန္ဓေ နေနေရခြင်းဖြစ်တော့သည်။

ကျွန်တော် မျက်စိမမြင်ရသော်လည်း နားက ကြားရသည်။ ကျွန်တော့်ကို မွေးဖွားခါနီးပြီဖြစ်ကြောင်း သတိထားမိသည်။ ကျွန်တော် သေဆုံးသည်မှာ မကြာသေးဟု ထင်ရသော်လည်း လေထဲပျံဝဲလာပြီး အိမ်ခေါင်မိုးပေါ်၌ ကျွန်တော့်အား နွံ့သာပုငှက်ပျောသီးတစ်လုံး ကျွေးပြီး



www.burmeseclassic.com

www.burmeseclassic.com



ရေမန်းတစ်ခွက်တိုက်၍ တရားထိုင်ခိုင်းသည်မှာ လူ့သက်တမ်းဖြင့် တွက်ဆလျှင် နှစ်ပေါင်းအတော်ကြာသွားခဲ့ပုံရသည်။

ကျွန်တော့်အား ထိုညလွန်မြောက်၍ မိုးသောက်ယံ အရုဏ်ဦး၌ မိခင်က မွေးသည်။ ကျွန်တော် အမိဝမ်းက ကျွတ်သည်နှင့် ငိုယိုခြင်း မရှိပါ။ အလွန်အေးဆေးသည်ဟု ဆိုသည်။ မွေးကင်းစကလေးဖြစ်သော်လည်း ကျွန်တော့်အသိဉာဏ်က လူကြီးအသိဉာဏ်ဖြစ်သည်မှာ လွန်စွာ ထူးခြားလှသည်။

လက်သည် အမျိုးသမီးကြီးက ကျွန်တော့်အား သန့်ရှင်းရေး လုပ်နေစဉ် ...

"ဟယ် ... အသားနီရဲရဲ၊ နှာခေါင်းချွန်ချွန်ကလေးနဲ့ ဗိုလ်ရုပ်ကလေးဟဲ့။ ဗိုလ်နီလို့ နာမည်မှည့်ရရင် ကောင်းမယ်။ ဒီနေ့ စနေနေ့ မနက်ခင်းဆိုတော့ နေ့သင့် နာမ်သင့်ပဲ"

"အေးဟဲ့ ... ဗိုလ်ပေါက်စကလေးဆိုတော့ လူဝင်စားလည်း ဖြစ်နိုင်တယ်။ ငိုလည်း မငိုဘူးနော်"

ကျွန်တော့်မိခင်က ကမန်းကတမ်း ယူကြည့်ပြီး ...

"ဟုတ်ပါရဲ့ ..... ငါ့သားကလေးက အင်္ဂလိပ်ဝင်စားတာ ထင်ပါရဲ့"

ထိုစဉ် အခန်းအပြင်၌ စောင့်နေသော အဖေ့အသံကို ကြားရသည်။

"ယောက်ျားလေးမဟုတ်လား။ ငါ့သားက ဗိုလ်ရုပ်လေးဆိုတော့ အရှင်အိမ်ပိုင်ရှင်ဝင်စားတာ ဖြစ်မယ်"

"ဟုတ်ပါတော် ... ဆံပင်ကလည်း ရွှေရောင်ကလေး။ ငိုလည်း နှစ်ပါးနဲ့လည်း မတူဘူး"



www.burmeseclassic.com

www.burmeseclassic.com



အမေ့အသံ။

"ဟာ . . . ဒါဆို ငါ့သားက လူဝင်စားပေါ့။ ဗိုလ်ဝင်စားတာ။ ငါတို့ ကြည့်လို့ရပြီလားဟေ့"

"မရသေးဘူးရှင့် . . . ။ ဒီမှာ သန့်ရှင်းရေးလုပ်လို့ မပြီးသေးဘူးတော့"

လက်သည် ကာရင်မကြီးအသံ။

"မြန်မြန်လုပ်ဟေ့။ ငါ့သားလေးကို ကြည့်ချင်လှပြီ"

"ကလေးက မငိုဘူးရှင့်။ လန်းတော့ လန်းပါတယ်။ လက်ကို စုပ်နေတယ်။ နို့ဆာပြီ ထင်ပါရဲ့။ နေဦး . . . နို့ကိုလည်း သန့်ရှင်းရေး လုပ်ပြီး ညှစ်ပစ်ရဦးမယ်။ တော်ကြာ . . . မသန့်လို့ ကလေး ဝမ်းသွားနေဦးမယ်"

ဤသို့ဤသို့နှင့် ကျွန်တော့်ဘဝ လူပြန်ဖြစ်ပြီး ဘဝစခဲ့ပါသည်။ ဝတ္ထုအစတွင် ဖော်ပြခဲ့သည့်အတိုင်း အကျိုးပေးသည်လားတော့ မသိပါ။ အဖေ အလုပ်အကိုင်ကောင်းပြီး စီးပွားရေးတိုးတက်လာခဲ့ပါသည်။ ကျွန်တော် လေးငါးနှစ်သားရောက်တော့ အဖေတို့ ချမ်းသာနေကြပါပြီ။

ကျွန်တော် အရင်ဘဝက ခရစ်ယာန်ဘာသာဝင်ဖြစ်သော်လည်း ဆိုင်းမွန်နီဒီဗရစ်တိုဘဝက ကွယ်လွန်ပြီး ဝိညာဉ်ဘဝဖြင့် ပုလဲမြို့ အိမ်ကြီး ခေါင်မိုးအပေါ်၌ ရောက်ရှိနေစဉ် အဘဘိုးသူတော်ကြီးနှင့် တွေ့ပြီး အဘ သင်ကြားပေးသည့်အတိုင်း ကျင့်ကြံရာမှ ပဋ္ဌာန်းဆက်ပါရမီဉာဏ်ကြောင့် ဗုဒ္ဓဘာသာဝင်မိဘနှစ်ပါးမှ မွေးဖွားပြီး ဗုဒ္ဓဘာသာစင်စစ် ဖြစ်လာခဲ့ရ ပါသည်။

ကျွန်တော်၏ ရှေးဘဝက ကုသိုလ်ကံကြောင့်လည်း လက္ခဏာ



www.burmeseclassic.com

www.burmeseclassic.com



ရေးသုံးပါ။ သရဏဂုံသုံးပါ။ အနန္တောအနန္တငါးပါးအပြင် သိမ်မွေ့နက်နဲသော ပဌာန်းတရားတော်များ၊ ဝိပဿနာတရားနှင့် သမထတရားများကိုလည်း နှံ့စပ်သဖြင့် အသက်လေးငါးနှစ်ကစ၍ ဘုရားရှိခိုး၊ တရားထိုင်သော အလေ့အကျင့်ကို တတ်ကျွမ်းနေပြီဖြစ်ပါသည်။ ထို့ကြောင့် အဖေ ...နှင့်အမေက မှတ်ချက်ပြုပါသည်။ ...ကျွန်

"ဩော် ... ငါတို့သားလေးက မိုလ်ဝင်စားဆိုပေမဲ့ ငါတို့...န်းမကိုတောင် သာပါလား။ အဖေထက် သားတစ်လကြီးဆိုတာ ဒါ...နော်" ...မထင်ပါဘူး

ကျွန်တော် (၂) နှစ်သားအရွယ်တွင် အငယ်ကောင်...လျှာကိုကြည့်တာ ထပ်မွေးပါသည်။ အသားနီတာရဲရဲ ကျွန်တော့်လိုပင် ...ရှိုးဖြစ်သော သူက ဘဝပေးကုသိုလ်ကံနည်းဟန်ဖြင့် စိတ် ပြန်လာတော့ ...တိုတိုပုပု သေးကွေးသူဖြစ်သည်။ သူ့အား နီတာဟု ...ပင်များအား ပေါင်းလည်း ရှေးဘဝကို မှတ်မိပုံရသည်။ ကျွန်တော်ကလည်း ...ရေး ...လာကြည့်စမ်း"

ယခင်ဘဝက မေရီပါးလ်၏မောင် ကျွန်တော်...ရးဆွဲထားသဖြင့် ကျွန်...ထဲ မေရီပါးလ်၏ယောကျ်ား ဖရန့်စစ် လူဝင်စားပင်...လသေနတ်ဝယ်လာခြင်း...တော် လေးငါးနှစ်သား ဘာသာရေးလုပ်နေစဉ်သူ၏...အမေ့ရင်ခွင်ထဲက မဆင်း။ အမေ့နို့ပိန်ကို ဆွဲတုန်း...SA လေသေနတ်ကြီး...ဆုံးကလေးဖြစ်ပြီး ချူချာသဖြင့် မိဘများက အလိုလိုက်...ရာသေနတ်အသစ်...ခဲ့သည်။ အစ်ကိုကြီးနှင့် အစ်မကြီးကတော့ ကျွန်တော့်ကို...သည်။

"အစ်ကို ... ဘိုနီက ဒီအရွယ်ကတည်းက ဘာ...၊ ပြောသည်...ကိုင်းရှိုင်းပြီး လိမ္မာရေးခြားရှိတယ်။ ဉာဏ်လည်း ကောင်းတယ်။ ...



www.burmeseclassic.com

www.burmeseclassic.com



ရှင် သရာဝန်ကြီးလား၊ အင်ဂျင်နီယာကြီးလား ဖြစ်မှာ။ ဟို အငယ်ကောင်ကတော့ မိုက်ရိုင်းတယ်၊ စိတ်တိုတယ်၊ မိဘတွေကိုပဲ ကပ်ချွဲနေတာ။ ညီမတော့ မချစ်ဘူး။ ဘိုနီ့ကိုပဲ ချစ်တယ်''

"ဟဲ့ . . . ညီမလေး၊ တိုးတိုးပြော။ အငယ်ကောင်နီတာက တော့အလွန်ပါးတယ် . . . လူလည်''

"ဟုတ်ပါ့တော်။ ငယ်ငယ်ရွယ်ရွယ်နဲ့ အလွန်လည်တယ်။ သူ သူဝင်စားပဲမဟုတ်လား။ ဒါပေမဲ့ ဘာဘုရားမှ မရှိခိုးဘူး''

"''ကလေးပဲကွယ် . . . ဘယ်သိဦးမှာလဲ''

ရပ်နေတယ်။ မဟုတ်ဘူး . . . အစ်ကိုကြီးရဲ့။ ဘိုနီ (၃) နှစ်သားအရွယ် လုပ်ပြီး ညစ်ပတ်ရားစင်ကို ဦးကုန်းကုန်းချတာ။ ဘယ်သူမှ သင်မပေးရ ဦးမယ်'' မတောင် အံ့သြကြတယ်။ အခု ကြည့်ပါလား။ ဘိုနီက

ဤသို့ဤ၁ (၃) နှစ်၊ အခုထိ အမေ့ရင်ခွင်ထဲက မဆင်းသေး ဝတ္ထုအစတွင် ဖော်ပြ

အဖေ အလုပ်အကိုင်အငယ်ဆုံးလေကွယ် . . . မိခင်ကို ကပ်မှာပေါ့''

တော် လေးငါးနှစ်သားနိုတော်က . . .

ကျွန်တော် ဘြိုးနဲ့ အစ်မကြီး . . . ကျွန်တော် ကျောင်းတက်ချင်ပြီ ဆိုင်းမှုနိဒီဗရစ်တိုဘာ‌ဇာ ပျင်းတယ်။ ဘုန်းကြီးနဲ့လည်း တွေ့ချင်တယ်။ ခေါင်မိုးအပေါ်၌ နေမယ်''

သင်ကြားပေးသည့် နှစ်မှ ကျောင်းတက်ရတာ . . . မောင်လေးရဲ့။ ဘုန်းကြီး ဗုဒ္ဓဘာသာဝင်နဲ့တွေ့ချင်ရတာလဲ''

ပါသည်။ 'ကျွန်တော်က လူဝင်စားပဲ။ နောက်တစ်နှစ် မစောင့်ချင်တော့ စာစောကျောင်းအပ်ပေးပါ။ အဖေ့ကို ပြောပေးပါ''



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ . . . မောင်လေးရယ်၊ မမတို့ ပြောပေးပါ့မယ်။ မမမေး တာ ပြောဦးလေးကွယ် . . . ဘာကိစ္စ ဘုန်းတော်ကြီးနဲ့ တွေ့ချင်ရတာ လဲ"

"ငါးပါးသီလထဲမှာပါတဲ့ သူများအသက်သတ်တာ၊ သူတစ်ပါး ပစ္စည်းခိုးတာ၊ လိမ်ပြောတာ၊ အရက်သောက်တာ မကောင်းမှန်း ကျွန် တော်သိပါတယ်။ ဒါပေမဲ့ ဟိုဘာ့ဝက ကျွန်တော်မသိလို့ နိတာ့မိန်းမကို ယူမိတယ်။ အဲ့ဒါ အပြစ်ရှိမရှိ မေးချင်လို့ပါ"

"ဟော့တော့ . . . မသိလို့ဆိုတော့ အပြစ်ရှိမယ် မထင်ပါဘူး မောင်လေးရယ်။ လပြည့်နေ့ ဘုန်းကြီးကျောင်းသွားမှ လျှောက်ကြည့် ပေါ့နော်"

နောက်တစ်နေ့ ညနေပိုင်း အဖေအလုပ်က ပြန်လာတော့ ကျွန်တော် အဘဦးစောကျော်လီနှင့် မြီထဲ၌ စိုက်ပျိုးပင်များအား ပေါင်း မြက်နုတ်ပေးနေကြစဉ် အဖေက လှမ်းခေါ်သည်။

"သားငယ် . . . ဘိုနီရေ၊ ဒီမှာဘာလဲ လာကြည့်စမ်း"

စက္ကူဘူးရှည်ရှည်တွင် သေနတ်ပုံစံရေးဆွဲထားသဖြင့် ကျွန် တော်သိပါသည်။ အဖေ ကျွန်တော့်အတွက် လေသေနတ်ဝယ်လာခြင်း ဖြစ်ပါသည်။

ကျွန်တော် ဆွဲယူပြီး ဖွင့်ကြည့်တော့ BSA လေသေနတ်ကြီး ဖြစ်သည်။ ကျွန်တော် စက္ကူဘူးထဲက ထုတ်၍ ခါးချိုးရာသေနတ်အသစ် ဖြစ်၍ မောင်းက အလွန်သန်သည်။

"နေဦး . . . သားရဲ့၊ စပရိန်ကို ဆီထည့်ရဦးမယ်။ ဟောဒီည မှာ ဆီဘူးကလေးပါတယ်။ အဲဒါကို ထည့်ခိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ထည့်တတ်ပါတယ် ... အဖေရာ"

"ပြီးသားကတော့ အကုန်တတ်နေတော့တာပဲနော်"

ကျွန်တော် ဆီထည့်ပြီးတော့ စပရိန်ပျော့သွားသဖြင့် ခြံကြီးထဲ၌ တဖွတ်ဖွတ်ပစ်နေတော့ အငယ်ကောင်နီတာ နေစရာမရှိအောင်ဖြစ်ပြီး ပုန်းနေကြောင်း သိရသည်။ အဖေက သူ့အတွက် သံပတ်ပေးသော ကားလေးတစ်စီး ဝယ်လာပေးသဖြင့် ဆော့နေရင်းက ကျွန်တော့်သေနတ်သံကြားသဖြင့် ပုန်းအောင်းနေခြင်းဖြစ်သည်။

ကြော် ... သူက အရင်ဘဝ ကျွန်တော် သေနတ်ဖြင့်ပစ်၍ သေခဲ့ခြင်းဖြစ်သည်။ ယခုဘဝ၌ပင် ရင်အုံ၌ သေနတ်ဒဏ်ရာရှိနေပါသည်။ သူ့အစ်မ မေရီပါးလ်ကတော့ ဘယ်ဘဝရောက်နေသည်မသိ။ ကျွန်တော်တရားထိုင်ပြီး အာရုံခံ၍ ကျွတ်လွတ်စေရန် အမျှဝေပေးရပါဦးမည်။

အဘဉီးစောရဲ့လီမှာ ကျွန်တော်တို့အိမ်ကြီးအား ပြန်ရောင်းသူဖြစ်သည်။ အဘက အိမ်ကြီးတစ်လုံးအား နှစ်ခါပြန်ရောင်းသူဖြစ်ကြောင်း မကြာခဏ ပြောတတ်သည်။ ရရှိသောငွေများအားလည်း အဖေ့အား အပ်ထားသဖြင့် အဖေက အတိုးပွားစေရန် 'ကေဘကြီး' ဆောက်လုပ်ရေးကုမ္ပဏီတွင် ရှယ်ယာထည့်ပေးထားပါသည်။

တကယ်တော့ အဘဉီးစောရဲ့လီသည် သူဌေးတစ်ဦးပင်ဖြစ်သည်။ အိမ်ကြီးနှင့်ခြံကြီးအပြင် ကျွန်တော့်ကိုမွေးလာတော့ သံယောဇဉ်ကြောင့် ခြံစောင့်ဉယျာဉ်မှူးအဖြစ် ဆက်လက်လုပ်ကိုင်နေခြင်းဖြစ်သည်။ သူက တစ်ကောင်ကြွက်။ ကိုစောလေး (ကားဆရာ) ကတော့ မြို့ထဲ၌ ရွှေဆိုင်ဖွင့်ထားသဖြင့် တစ်ခါတစ်ရံ လာတတ်သော်လည်း ကျွန်တော့်ကိုမွေးတော့ ဆိုင်းမွန်းဒီဗရစ်တို့မှန်းသိကတည်းက အပတ်စဉ် ဆိုင်ပိတ်ရက်တိုင်း လာလည်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူလာလည်သောနေ့များတွင် ကျွန်တော့်အတွက် ကစားစရာများ၊ စားစရာများမျိုးစုံ ဝယ်လာတတ်သည်။ ကျွန်တော်တို့အဘအိမ်တွင် အဘချက်သော သားငါးဟင်းဖြင့် ထမင်းစားရသည်မှာ အလွန်မြိန်၍ အလွန်ပျော်သည်။ ကျွန်တော်တို့ (၃) ဦးသိသော ရှေးဟောင်းနှောင်းဖြစ်များကို မမောနိုင်မပမ်းနိုင် ပြောဆိုကြသည်။ သူတို့တွင်ရှိသောပစ္စည်းများမှာ ကျွန်တော့်ပစ္စည်းများဖြစ်၍ အချိန်မရွေး ပြန်ယူနိုင်ကြောင်းလည်း ပြောကြသည်။ အဘကတော့ . . .

"လူကလေး . . . နီတွတ်၊ အရင်ဘဝက အဘရဲ့ကျေးဇူးရှင်၊ အလုပ်ရှင်။ အခုဘဝတော့ မင်းက အဘမြေးပေါ့။ တစ်ကောင်ကြွက် (၃)ယောက် စုစည်းမိချိန်ဟာ အလွန်ပျော်ဖို့ကောင်းတယ်။ မင်းမိန်းမ လည်း ယူကရော ပြဿနာတွေ ဖြစ်တော့တာပဲ။ အခု စောလေးက ပစ္စည်းလေး . စုဆောင်းမိလာတော့ အေးအေးမနေချင်ဘူး။ မိန်းမယူဖို့ နိုင်းပြင်းနေပြန်ပြီ"

"အဘကတော့ ရှင်းတယ်။ အဘမိန်းမ ကွယ်လွန်တော့ အဘအရွယ်ဟာ (၅၀) ကျော်ရုံကလေးပဲ ရှိသေးတယ်။ ကျန်းမာရေးလည်း ကောင်း။ ပစ္စည်းဥစ္စာလည်း အသင့်အတင့်ရှိတယ်။ အိမ်ထောင်ထပ်ပြုရင် ရတာပေါ့ကွာ။ ဒါပေမဲ့ အပူမရှာတော့ပါဘူး။ အဘက ဂရလေးတော့ ထိုချင်သား။ အခုတော့ အဘကျေးဇူးရှင်က ပြန်ဝင်စားပြီး အဘမြေး ဖြစ်နေပြီ။ ဒါကြောင့် အဘပိုင်ဆိုင်သမျှ ပစ္စည်းဥစ္စာတွေဟာ အဘမြေး အိုနီအတွက် အမွေတွေပဲ။ ငါ့မြေးအသက် (၁၆) နှစ်ပြည့်တာနဲ့ အကုန်လွှဲပေးမယ်"

"အဘရာ အဘဘာသာ စိတ်တိုင်းကျ သုံးစမ်း။ ဖြူးပယ်မိုးနဲ့ ကျွန်တော်တို့မှာ အတွင်းပစ္စည်းတွေ ရှိပါသေးတယ်။ မပူပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မလိုလည်းပေးရမှာပဲ . . . မောင်။ အဘအတွက်လည်း မလိုတော့ဘူး။ မင်းအဖေက အဘအပ်ထားတဲ့ ငွေတွေအတွက် လစဉ်ရှယ်ယာငွေတွေထုတ်ပေးလို့ သုံးလို့တောင် မကုန်ဘူး။ ရတနာပစ္စည်းတွေလည်း မင်းပေးထားတာ ရှိသေးတယ်လကွာ"

ထိုစဉ် ကိုစောလေးကလည်း အားကျမခံ။

"အဘ . . . ကျွန်တော်ကလည်း မစ္စတာဆိုင်းမွန် အခုဘိုနီပေါ့။ ကျွန်တော့်တူလေးအတွက် ကျွန်တော်ပိုင်ပစ္စည်းတွေကို တစ်ဝက်ဖိတိခွဲထားတယ်။ ခရစ်ယာန်ဘာသာအရ အမွေစားအမွေခံ စာချုပ်တောင် ရှေ့နေနဲ့တိုင်ပင်ပြီး လုပ်ထားတယ်။ ဘိုနီ အသက်(၁၆) နှစ်ပြည့်တာနဲ့ခွဲပေးမှာ။ မိန်းမရရင်လည်း တစ်ဝက်ပဲပိုင်ဆိုင်တယ်လို့ ကြေညာထားတယ်"

"ထားပါဗျာ . . . အဘနဲ့ဦးလေးရော။ ကျွန်တော့်မှာ ဒါထက်မက ရှိပါသေးတယ်။ ကျွန်တော့်အသက် (၁၆) နှစ်ပြည့်တာနဲ့ မြိတ်ကျွန်းစုဘက် ခရီးထွက်ကြမယ်။ အဲဒီမှာ ရတနာသိုက်ကြီးတစ်ခု ရှိသေးတယ်"

"နောက်ပြီး အရင်ဘဝက ကျွန်တော့်လူယုံ ကျွန်တော့်တပည့်ဖြစ်ခဲ့ပြီး ငှက်ဖျားရောဂါနဲ့ သေဆုံးသွားတဲ့ ဂျွန်စမစ်ကလည်း ကျွန်တော်သူ့ကိုခွဲဝေပေးခဲ့တဲ့ ရတနာတွေဟာ အလဟဿဖြစ်ကုန်မှာစိုးလို့ လာတွေ့ပြီးဆိုပြီး အိပ်မက်ပေးတာလည်း အခါခါပဲ"

ကျွန်တော်က အဘနှင့် ကိုစောလေးအား ယခင် ကျွန်တော့်ဘဝအကြောင်းကို လုံးစေ့ပတ်စေ့ ပြောပြလိုက်တော့သည်။

"ဟာ . . . ဒါဆို ငါ့မြေးရ . . .။ မင်း အသက် (၁၆) နှစ်ပြည့်ဖို့က (၁၀) နှစ်လောက် လိုသေးတယ်။ အခုပဲ အဘအသက်က (၇၀)



www.burmeseclassic.com

www.burmeseclassic.com



ဖြည့်တော့မယ်။ ကျွန်းမှာနေတုန်း စောစောစီးစီးသွားကြရင် မကောင်းဘူးလား။ ငါ့မြေးကိုယ်တိုင် လုပ်စရာမလိုပါဘူး။ နေရာပဲပြပါ။ အဘနဲ့ စောလေး လုပ်သွားမှာပေါ့"

"အင်း ... ဒါလည်း ကောင်းပါတယ်အဘ။ ကျွန်တော် အဖေနဲ့ တိုင်ပင်လိုက်ဦးမယ်"

"အေး ... အေး ... မင်း အဖေလည်း အရွယ်ကောင်းတုန်း ကျွန်းမှာတုန်းပြောတာ ကောင်းတာပေါ့"

"ဒါနဲ့ အဘနဲ့ ဦးစောလေး ကျွန်တော့်ကို ဘုန်းကြီးကျောင်း လိုက်ပို့ဗျာ။ ဘုန်းကြီးကို မေးစရာရှိလို့"

"လျှောက်တယ်လို့ပြောရတယ် ... ငါ့မြေးရဲ့"

"ဟုတ်ကဲ့ပါ အဘ"

"ဘာများလျှောက်ချင်တာလဲ ... ငါ့မြေးရဲ့"

"ဘာသာရေးကိစ္စပါ ... အဘရာ။ ကျွန်တော့်ရင်ထဲမှာ လိပ်ခဲတည်းလည်းနဲ့ မတင်မကျဖြစ်နေတာကို သိချင်တာပါ။ အရင်ဘဝက ကျွန်တော်က အဘတို့လိုပဲ ခရစ်ယာန်ဘာသာ ကိုးကွယ်တာ။ အခုဘဝကျတော့ ဗုဒ္ဓဘာသာဖြစ်လာတော့ သိချင်တာတွေ အများကြီးပဲ။ ဗုဒ္ဓဘာသာဟာ အလွန်ကျယ်ပြန့်တဲ့ ဘာသာကြီးတစ်ခုဗျ။

ခရစ်ယာန်ဘာသာမှာ မကောင်းမှုလုပ်မိရင် ဖာသာကြီးက တစ်ဆင့် ယေရှုခရစ်တော်ထံမှာ ဝန်ခံ၊ အာပတ်ဖြေရင် ပြေသတဲ့။ ဗုဒ္ဓဘာသာမှာတော့ အာပတ်ဖြေရုံနဲ့ မရဘူး။ တူသောအကျိုးပေးဆိုသလို အပြစ်ခံပြီးမှ ကျေတာ။ ကျွန်တော့်မှာ အရင်ဘဝက ပြဿနာတစ်ခုရှိတယ်။ အဲဒါ ဘယ်လိုဖြေနိုင်မလဲ။ အပြစ်ရှိသလားဆိုတာ ဘုန်းကြီးကို မေးလျှောက်ချင်တာ"

www.burmeseclassic.com



"အာပါးပါး ... အတော်လာတဲ့ ငါ့မြေးပါလား။ အခုမှ အသက်က (၅) နှစ်ကျော်ရုံရှိသေးတယ်။ စကားကြီးစကားကျယ်ကတော့ ပြောပါ့ကွား ကဲ ... စောလေးလည်း ရှိတုန်း ဘုန်းကြီးကျောင်းသွားကြတာပေါ့။ ဘုန်းကြီးကျောင်း သွားတယ်ဆိုတာ လက်ချည်းဗလာသွားလို့ကောင်း ဘူးကွ။ လှူဖွယ်ဝတ္ထုကလေးလည်း ပါရတယ်ကွ"

"ရပါတယ် အဘရယ် ... အဖေ ဝယ်လာတဲ့ ကိတ်မုန့်တွေနဲ့ ဦးစောလေးဝယ်လာတဲ့ မုန့်တွေရှိပါတယ်။ ယူသွားရုံပဲ"

"အေး ... အဲ့ဒါဆို မင်းမိဘတွေ သွားပြောလိုက်ဦး။ အဘတို့နဲ့ အတူသွားမှာလို့ ပြော"

"ဟုတ်ကဲ့ပါ ... အဘ"

"ကျွန်တော့်မိဘများအား ခွင့်တောင်းပြီး မုန့်ထုပ်များအား လင်ဗန်းဖြင့် အမေထည့်ပေးသည့်ကို ယူခဲ့ပါသည်။ ဦးစောလေး သူ့ကားဖြင့်သွားမည်ဆိုသဖြင့် ကားဖြင့် ထွက်ခဲ့ကြသည်။ ကျွန်တော်တို့ မြို့မှထွက်ပြီး ကတ္တရာလမ်းကိုကျော်ကာ သမိုင်းမြို့မကျောင်းဟူသော ဆိုင်းဘုတ်ကြီးအတွင်း လမ်းသို့ဝင်ရသည်။ အမိုးပါသည့် ချောင်းကူးတံတားကြီးကိုကျော်တော့ ကျယ်ပြန့်သည့် မြေနေရာတွင် ဆောက်လုပ်ထားသော အနီရောင်တိုက်ကျောင်းကြီးနှင့် ပျဉ်ထောင်သွပ်မိုးစားဆောင်၊ ရွှေရောင်ဝင်းနေသည့် စေတီတစ်ဆူကိုလည်း ဖူးတွေ့ရသည်။

ကျောင်းကြီးရှေ့တွင် ကားလေးရပ်ပြီး ဆရာတော်အား မေးတော့ ဆရာတော်ဦးစန္ဒိမာဘိဝံသမှာ သွပ်မိုးစားပျဉ်ထောင်ကျောင်းကြီးပေါ်၌ရှိကြောင်း ကိုရင်များက ညွှန်ပြကြသဖြင့် ကျွန်တော်တို့ သွပ်မိုးကျောင်းပေါ်သို့ တက်ခဲ့ကြပါသည်။ ဆရာတော်မှာ ဘုရားဆောင်ရှေ့၌ တရားထိုင်နေသဖြင့် ခေတ္တစောင့်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တရားအလုပ်ဖြုတ်တော့မှ ဆရာတော်က ကျွန်တော်တို့ဘက်သို့ လှည့်ပြီး . . .

"ဘယ်ကိစ္စများတုံး . . . ဒကာတို့"

"ဒီကလေးကိစ္စပါဘုရား"

"ဟဲ့ . . . ဒကာလေး ပြော၊ ဘာကိစ္စတုံး"

ကျွန်တော်က မှန့်ပဲ သရေစာများကပ်ပြီး လက်အုပ်ချီ၍ . .

"တပည့်တော်က လူဝင်စားပါဘုရား။ ကားလမ်းဟိုဘက်မြစ်ဝါးတောထဲမှာ အရပ်ကခေါ်ကြတဲ့ ပုလဲမြိုင်အိမ်ကြီးမှာ နေပါတယ်ဘုရား။ တပည့်တော် အရင်ဘဝက စပိန်လူမျိုး။ ဆိုင်းမွန်ဒီဗရစ်တိုလို့ ခေါ်ပါတယ်ဘုရား။ အခုတော့ အဖေဦးကြိုင်နဲ့ အမေဒေါ်မြတို့ရဲ့ သာ[illegible]ယ်ပါဘုရား"

"တပည့်တော် အရင်ဘဝက စစ်အတွင်းမှာ မောင်နှမယှာန်ဆောင်ထားတဲ့ မေရီပါးလ်နဲ့ ဖရန့်စစ်တို့လင်မယားနဲ့ တွေ့ပါတယ်ဘုရား။ စစ်ပြေးကြရင်း စီးပွားရေးလုပ်ကြရင်း တပည့်တော်ကမသိတော့ ဖရန့်စစ်ရဲ့ အစ်မယှာန်ဆောင်ထားတဲ့ မေရီပါးလ်နဲ့ လက်ထပ်ဖြစ်ပြီး ပုလဲမြိုင်အိမ်ကြီးမှာ အတူနေကြပါတယ်ဘုရား။ အရင်ဘဝဟောင်းက တပည့်တော်က ခရစ်ယာန်ဘာသာဝင်ပါ ဘုရား။

အခုဘဝတော့ တပည့်တော်ရဲ့ ကယ်တင်လမ်းညွှန်သူ ဘုရားသခင် ဘိုးသူတော်ကြီးကြောင့် ဗုဒ္ဓဘာသာဝင် ဖြစ်လာပါတယ်။ အဲ့ဒါကြောင့် ကံ–ကံ၏အကျိုးကို သိသလို၊ ငါးပါးသီလကိုလည်း သဘောပေါက်နားလည်ခဲ့ရပါတယ် ဘုရား။ အဲဒီ ငါးပါးသီလထဲမှာ ကာမေသုမိစ္ဆာစာရကံဆိုတာပါလေတော့ တပည့်တော် မသိလို့ သူများသားမယားကို ရက်စက်ခဲ့တာဟာ အပြစ်ဖြစ်မဖြစ် သိလိုပါတယ် ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ဒကာလေးအသက် ဘယ်လောက်ရှိပြီလဲ"

"အသက် (၅) နှစ်ကျော်ပါပြီ ဘုရား။ တပည့်တော်က မွေးကတည်းက ဇာတိဿရဉာဏ်လို့ ခေါ်ဆိုရမဲ့ အရင်ဘဝက အဖြစ်အပျက်တွေကို အိပ်မက်အတူအညီနဲ့ အကုန်ပြန်လည် အမှတ်ရနေပါတယ်ဘုရား။ အခါလည်း တပည့်တော်ကို လမ်းညွှန်သင်ကြားပေးတဲ့ အဘ။ ဘိုးသူတော်ကြီးကြောင့်ဖြစ်ပါတယ်။ အခုတပည့်တော် ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်ပြီး သမထနဲ့ ဝိပဿနာတရားအလုပ်ကို အတော်နှံ့စပ်ကျွမ်းဝင်နေပါပြီဘုရား"

"ဩော် . . . ငယ်ငယ်ရွယ်ရွယ်နဲ့ အတော်ပါရမီပြည့်တဲ့ကလေးပါလား။ အမေးရှိတော့လည်း အဖြေရှိရတာပေါ့ကွယ်။ ဒကာလေးသဘောပေါက်နားလည်လွယ်အောင် ဘုန်းကြီးက မဟာမွေပုံခေါ်ပြီး ဟောပြမယ်ကွယ့်။ မရှင်းတာရှိလည်း မေးလျှောက်ပေါ့ကွယ်"

"တင်ပါ့ဘုရား"

"ဟိုးရှေးရှေးတုန်းက မိတ္ထီလာပြည်ကြီးမှာ ဦးဇောနမင်းကြီးစိုးစံသတဲ့ ဦးဇောနဆိုတဲ့ဘုရင်ကြီးဟာ ဆင်နိုင်တဲ့ ဂါထာရွတ်ပြီး ဇောင်းကိုတီးရင် ဆင်ယဉ်ရော၊ ဆင်ရိုင်းရော အကုန်လာကြပြီး မင်းကြီးအမိန့်ကို နာခံရအောင် ဘုန်းတန်ခိုးအလွန်ကြီးတဲ့ မင်းကြီးပေါ့။

တိုင်းပြည်ကိုလည်း မင်းကျင့်တရား (၁၀) ပါးနဲ့အညီ အုပ်ချုပ်မင်းလုပ်လို့ မိတ္ထီလာပြည်ကြီး အလွန်သာယာဝပြောသတဲ့။ တိုင်းသူပြည်သားတွေလည်း (၅) ပါးသီလ မြဲကြသတဲ့။ တစ်နေ့ အခါကြီးရက်ကြီး လပြည့်နေ့ ဥပုသ်ရက်မှာ ဘုရင်နဲ့မိဖုရားဟာ မြို့စွန်က တောရကျောင်းတစ်ကျောင်းမှာ ဥပုသ်သီလ ထွက်စောင့်ကြသတဲ့"

ဘုရင်နဲ့ မိဖုရားဟာ အခြွေအရံတွေနဲ့ တောရကျောင်းဆရာ



www.burmeseclassic.com

www.burmeseclassic.com



တော်ထံက ဥပုသ်သီလယူအပြီး နားနေကြတုန်း အပျိုတော်တစ်သိုက်ဟာ တောရကျောင်းကန်ဘက်လမ်းလျှောက်ရင်း တောစပ်ရောက်သွားကြသတဲ့။ အဲဒီအချိန်မှာ ဖွတ်ကြီးတစ်ကောင်ဟာ အပျိုတွေတွေ့ကိုမြင်ထားနဲ့ လန့်ပြီးတော့ တောစပ်အနီးက ကိုင်းတောထဲကို ဝင်ပြေးသွားသတဲ့။

အဲဒါကို အပျိုတော်တွေက ဖွတ်ကြီးကြောက်လန့်သွားအောင် အပျော်သဘောမျိုးနဲ့ ကိုင်းတောကို မီးရှို့လိုက်ကြသတဲ့။ ကိုင်းတောကြီး မီးလောင်ပြီး မီးငြိမ်းသွားတော့ ကိုင်းတောထဲမှာ နိဗ္ဗာန်ဝင်စားပြီး တရားကျင့်ကြံနေတဲ့ ရဟန်း (၁) ပါးလည်း ပါသွားတာပေါ့။ ဒါပေမဲ့ ရဟန်းဟာ မီးလောင်ခံရပေမဲ့ ပျံလွန်တော်မမူဘူး။ မသေဘူးပေါ့ကွယ်"

"အဲဒီအချင်းအရာကို မြင်တော့ အပျိုတွေဟာ မသေမရှင်ဖြစ်နေတဲ့ ရဟန်းကို ဝင့်လိုက်မှာ စိုးတာရယ်၊ ဘုရင်သိရင် အပြစ်ပေးခံရမှာ ကြောက်တာရယ်တို့ကြောင့် ထပ်မံမီးရှို့ပြီး ရဟန်းကို သတ်လိုက်ကြသတဲ့"

"အဲဒီမှာ ဒကာကလေး ဆင်ခြင်နိုင်အောင် ဘုန်းကြီးက တရားပြရမယ်ဆိုရင်တော့ အပျိုတော်တွေဟာ ကိုင်းတောကို မီးရှို့ကြတုန်းက ကိုင်းတောထဲမှာ ရဟန်းတရားကျင့်နေမှန်းလည်းမသိဘူး၊ သေစေလိုတဲ့ အနလည်း မရှိကြဘူးကွယ့်။ မတော်တဆ တိုက်ဆိုင်တာမို့ အပြစ်မရှိဘူးကွယ့်။ ရဟန်းရဲ့ ယခင်ဘဝက ဝဋ်ကြွေးကြောင့် ခံရရှာတာ။

ကဲ ... သိသိကြီးနဲ့ မီးရှို့သတ်တော့မှ ပါဏာတိပါတကံ၊ အမှန်ထိုက်တော့တာပေါ့။ အခုလည်း ဒကာလေးမှာ အပြစ်မရှိ။ အကုသိုလ်ကံအတ် ကုသိုလ်ကံက အားကောင်းလို့ လူ့ဘဝ မြန်မြန်ပြန်ရတာ။ ဆို ခြင်း အတိတ်ကာလကို မှတ်မိသိရှိတဲ့ ဇာတိဿရဉာဏ်လည်း ရထား

www.burmeseclassic.com



တော့ ပဋ္ဌာန်းဆက်နီးတာပေါ့။ ဒကာလေး ကုသိုလ်အလုပ်ကို များများ လုပ်ပါ။

ကုသိုလ်အလုပ်ဆိုတာဟာ အသက်ငယ်တာကြီးတာနဲ့ မဆိုင်ဘူး။ စောစောလုပ်ရင် စောစောကုသိုလ်ရပြီး နိဗ္ဗာန်နဲ့ နီးတာပဲ။ နိဗ္ဗာန်ဆိုတာကိုလည်း အမတလို့ခေါ်တယ်။ အမြိုက်တရား ကျင့်ကြံအားထုတ်သူတွေချည်းသာ ရောက်ရှိနိုင်တဲ့ အေးချမ်းတဲ့နေရာ။ လောဘ၊ ဒေါသ၊ မောဟ၊ ကင်းမဲ့တဲ့နေရာ .ဒကာကလေး မရောက်ချင်ဘူးလား"

"ရောက်ချင်ပါတယ်ဘုရား"

"အိမ်း . . . ရောက်ချင်ရင် အစုကတည်းက တတ်နိုင်သမျှ ကျင့်ကြံအားထုတ်ပေရော့။ ဒကာလေးရဲ့ မိဘဖြစ်ကြတဲ့ ဦးကြိုင်၊ ဒေါ်မြ ဟာလည်း ဘုန်းကြီးရဲ့ ဒကာ၊ ဒကာမ အရင်းတွေပဲ။ နောင်လည်း မကြာမကြာလာ၊ မသိတာကိုလည်း ဘုန်းကြီးကို မေးလျှောက်နိုင်တယ်။ ဒါနဲ့ ကျောင်းမနေသေးဘူးလားကွယ့်"

"တင်ပါ့။ တပည့်တော်က ကျောင်းနေဖို့ အသက်မပြည့်သေးလို့ ကျောင်းမတက်ရသေးပါဘူးဘုရား"

"အိမ်း . . . အိမ်း . . . အသက်မပြည့်သေးလို့ အတန်းကျောင်း မနေရသေးရင်လည်း ဆရာတော်ကျောင်းလာ စာသင်ကွယ့်။ ဉာဏ်ရှိတဲ့ ကလေးအတွက် ဆရာတော်က စာသင်ပေးမယ်။ မှတ်ကြပေါ့ကွယ်။ ဒကာလေးမိဘတွေကို ပြန်ပြောလိုက်။ ကြားသလား"

"တင့်ပါဘုရား"

"အိမ်း . . . အိမ်း . . ."

ကျွန်တော့်စိတ်ထဲ သံသယရှင်းသွားသဖြင့် တက်ကြွလန်းဆန်းစွာ ဆရာတော့်ကျောင်းမှ ပုလဲမြိုင်အိမ်ကြီးသို့ ပြန်ခဲ့ပါတော့သည်။ အိမ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့လည်း မိဘများအား ပြန်လည်ပြောပြရာ မိဘများက လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်ကြသည်။ မူကြိုအဖြစ် ဘုန်းတော်ကြီးကျောင်း သွားတက်ရန်လည်း သဘောတူကြပါသည်။

သမိုင်းမြို့မကျောင်းဆရာတော် ဦးစန္ဒိမာဘိဝံသမှာ ပရဟိတ ကျောင်းဖွင့်ပြီး ချို့တဲ့သူ ကလေးများအား မြေတောင်မြှောက် ပညာသင် ကြားပေးခြင်း၊ ထူးချွန်သူများအား ပညာရည်ထူးချွန်ဆုပေးရန် ရန်ပုံငွေ ထူထောင်ထားခြင်းတို့ကြောင့် လွန်စွာ ထင်ရှားပါသည်။

ကျောင်းတိုက်ဝင်းကြီးအတွင်း၌ လောကုတ္တရာ စာပေသင်ကြား ရန် ရှင်သာမဏေများသာမက လောကီအတန်းကျောင်းစာတွေပါ သင် ကြားပေးနိုင်ရန် အလယ်တန်းကျောင်းလည်း ဖွင့်လှစ်ထားသည်။ (နောင် အခါတွင် မရမ်းကုန်း၊ အ . ထ . က (၁) ကျောင်းကြီးဖြစ်လာမည့် အခြေခံအလယ်တန်းကျောင်းဖြစ်သည်။ ကျွန်တော်၏ အစ်ကိုကြီးနှင့် အစ်မကြီးတို့နေကြသော ကျောင်းဖြစ်ပါသည်)

ကျွန်တော့်အား နောက်တစ်နှစ်ကစ၍ အဖေက ဆရာတော် ဘုရားကြီးကျောင်း၌ အခြားသော မူကြိုကလေးများနှင့်အတူ အခြေခံ ဘာသာရေးစာ သင်ကြားနိုင်ရန် အပ်နှံပေးပါသည်။ ထိုနှစ်ကစ၍ ကျွန် တော်၏ လေသေနတ်ကြီး၊ စတိုခန်းအတွင်း၌ ချောင်ထိုးခံထားရတော့ သည်။

တစ်နှစ်ခန့်ကြာတော့မှ ကျွန်တော့် လောကီစာသင်သည့် မူလ တန်းကျောင်းသို့ ပြောင်းရွှေ့သင်ကြားရရာ အဘဦးစောရဲလီက မနက် တိုင်း ကျောင်းကြိုကျောင်းပို့ လုပ်ပေးပါသည်။ မြန်မာစာ အရေး အဖတ် အတွက်သင်ရသဖြင့် ကျွန်တော် အလွန်ပျော်သည်။ အိမ်ရောက်တော့ လည်း အော်ဟစ်ပြီး 'စာကျက်ရသည်မှာ အားပါးတရပင်။



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်နီးသဖြင့် ကျွန်တော် အတန်းထဲ၌ ပထမရ၍ ဆရာ၊ ဆရာမများက အလွန်ချစ်ကြသည်။ အလယ်တန်း(၅)တန်းရောက်တော့ အင်္ဂလိပ်စာ စ၍သင်ကြားရရာ ကျွန်တော်တတ်ကျွမ်းပြီးသား ဖြစ်နေသဖြင့် ဆရာ၊ ဆရာမများက်ပင် ဩချရသည်။ ဘိုနီဟူသော ကျွန်တော် သူကောင်းသားကလေးမှာ လူဝင်စား၍ စာပေ၌သာမက ဘာသာရေး၌ပါ အလွန် ထူးချွန်ထက်မြက်သူကလေးတစ်ဦး ဖြစ်ခဲ့ရပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

ကျွန်တော် မူလတန်းအောင်၍ အလယ်တန်းတက်ရတော့ အစ်ကိုကြီးက တက္ကသိုလ်တက်ပြီး အစ်မကြီးက အမေ့တွင် ကိုယ်ရံမှု သဖြင့် အိမ်မှုကိစ္စများ ကူညီလုပ်ကိုင်ရန် ကျောင်းထွက်လိုက်ရလေပြီ။

ကျွန်တော် (၆) တန်းအောင်တော့ သမိုင်းမြို့မကျောင်းဝင်းကြီး အတွင်းမှ မရမ်းကုန်း အ . ထ . က (၁) ခေါ် အထက်တန်းကျောင်း ဆောင်သစ်သို့ ပြောင်းရွှေ့တက်ရသည်။ ယခင်ကျောင်းဟောင်းမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသူကျောင်းသားဟောင်းများသာ ဖြစ်ကြ၍ နယ်မြေစိမ်းသော်လည်း လူများမစိမ်းကြပါ။

ကျောင်းဆောင်သစ်၊ ကျောင်းဝင်းကြီးမှာ အလွန်ကျယ်ဝန်းသည်။ (L) ပုံစံ ကျောင်းဆောင်သစ်ကြီးမှ ပျဉ်ကာသွပ်မိုး မျက်နှာစာအား သံဆန်ခါ ကာထားသည်။ အနောက်ဘက်၌ ရေကန်ကြီးဖြင့် ရော်ဘာစက်ရုံများ။ ကျောင်းဆောင်အား စက်ရုံများအနီး မဆောက်ပေ။ ရေကန်ကြီးအားလည်း သွပ်ဆူးကြိုး ကာထားသင့်သည်။ ကျွန်တော်၏



www.burmeseclassic.com

www.burmeseclassic.com



ကလေးအတွေးဖြစ်ပါသည်။ ကျောင်းဆောင်များအလယ်တွင် ကွက်လပ်ဖြစ်နေပြီး (HALL) ခန်းကြီးဆောက်လုပ်ရန် လျာထားကြောင်း သိရသည်။

ကျောင်းဆောင်များ အရှေ့ဘက်အဝင်လမ်း၌ ဘောလုံးကွင်းကြီးက (၂) ကွင်းစာမျှ ကျယ်ဝန်းသည်။ လက်ယာဘက်ဘေးက လျှောက်လမ်း၊ လက်ဝဲဘက်ဘေးက ဘဲများမွေးသည့် ဘဲခြံတဲကြီးများရှိသဖြင့် အခြားကျောင်းများက ကျွန်တော်တို့ ကျောင်းကြီးအား ဘဲခြံကျောင်းဟု ခေါ်ကြသည်။

ကျွန်တော် (၁၀)တန်းရောက်တော့ အသက် (၁၆)နှစ်ထဲ ဝင်လာပြီဖြစ်သည်။ နွေရာသီစာမေးပွဲကြီးဖြေပြီးတော့ အသက် (၁၆)နှစ်ပြည့်ပါပြီ။ ကျောင်းကြီး နွေရာသီပိတ်တော့ ဦးစောလေးက သူ့ပိုင်ပစ္စည်းတစ်ဝက်ကို စာချုပ်စာတမ်းဖြင့် ကျွန်တော့်အား လွှဲပေးသည်။ ကျွန်တော့် သံယောဇဉ်ကြောင့် သူ မိန်းမမယူသေးပါ။ အဘဦးစော်ဂျော်လီကလည်း သူ့ပိုင်ပစ္စည်း ဥစ္စာရတနာများကို ကျွန်တော့်အား အကုန်လွှဲပေးပါသည်။ ညီငယ်ဖရန်စစ်ကတော့ (၈) တန်းသို့ တက်ရောက်နေပြီဖြစ်သည်။ ကျွန်တော်တို့ တိုင်ပင်ထားသည့်အတိုင်း ...

"ကဲ ... အဘနဲ့ ဦးစောလေး၊ ကျွန်တော် အသက်(၁၆)နှစ်ပြည့်ပြီ။ ငယ်ငယ်က ပြောထားတဲ့အတိုင်း 'နတ်ဆိုးကျိန်စာကျွန်း' ရတနာသိုက်ကို ဖော်ကြစို့လား"

"ခေတ်ကြီးကပြောင်းနေပြီ .. လူလေးရဲ့။ အခု မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ခေတ်တောင်ရောက်နေပြီ။ မင်းဟာတွေ ရှိပါဦးမလား"

"အဘကလည်းဗျာ ... ခေတ်စနစ်သာပြောင်းတာ၊ တိုင်းပြည်က တိုးမှမတိုးတက်ဘဲ။ ကျွန်တော် မျက်ခြည်မပြတ်ပါဘူး။ အမြဲတမ်း



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်စာတမ်းတွေဖတ်၊ သတင်းတွေနားထောင်ပြီး လေ့လာနေတာ ပါ။ မြိတ်မြို့ကြီးလည်း အရင်ကထက် နည်းနည်းပဲ စည်ကားလာတာပါ။ ဒါတောင် မှောင်ခိုပစ္စည်းတွေ၊ ယိုးဒယားကဝင်လာလို့ပါ။ မြိတ်ကျွန်းစု ကျွန်းပေါင်း (၈၀၀) ကျော်ကတော့ ဒီအတိုင်းပါပဲဗျာ"

"အေး . . . အဲဒါဆို ဘယ်သူတွေလိုက်ကြမှာလဲ။ လူလေးအဖေ ကတော့ အသက် (၇၀) နားနီးတော့ ကျန်းမာရေး မကောင်းတော့ဘူး။ အသက် (၈၀) ကျော် မင်းအဘကတော့ ဒေါင်ဒေါင်မြည်ပဲဟေ့"

"အဖေ မလိုက်နိုင်တော့လည်း အစ်ကိုကြီးကို ခေါ်မှာပေါ့ ဗျာ။ ကျွန်တော်ရယ်၊ အဘရယ်၊ ဦးစောလေးရယ်၊ အစ်ကိုကြီးရယ် လေးယောက်တောင်ရှိတာပဲ။ အင်အားကောင်းပါတယ်"

"အေး . . . အဲဒါဆို လူကလေးအဖေကို တိုင်ပင်ပြီး အစီအစဉ် ဆွဲ။ အဘ ကျန်းမာနေတုန်း ခပ်သွက်သွက်သွားကြတာပေါ့။ ဘာပစ္စည်း တွေ လိုဦးမလဲ။ ဝယ်ထားရအောင်"

"အလေးခံပြီး ဝယ်မနေနဲ့အဘ။ မြိတ်မြို့က မှောင်ခိုမြို့တော် ဖြစ်နေပြီ။ ဟိုမှာ နိုင်ငံခြားပစ္စည်း အကုန်ဝယ်လို့ရတယ်"

"ဒါဆို . . . မနက်ဖြန် သွားကြမလား"

"နေဦး . . . အဘရဲ့၊ ကျွန်းပတ်သင်္ဘောကြီးနဲ့ သွားမလား။ လေယာဉ်နဲ့ သွားကြမလား။ ပြောကြဦး"

"အဘကတော့ ကားပဲစီးဖူးတာ။ သင်္ဘောလည်း မစီးဖူးဘူး။ လေယာဉ်ဆို ဝေးရော့။ အနီးကပ်တောင် မမြင်ဖူးဘူး"

"ဒါဆို ဦးစော၊ မြန်မြန်ရောက်အောင် လေယာဉ်နဲ့ သွားကြ တာပေါ့။ အပြန်မှ သင်္ဘောကြီးစီးပြီး ပြန်ကြမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



အဘက ...

"အေး ... အဲဒီအစီအစဉ် ကောင်းတယ်။ နှစ်မျိုးစီးရတာ ပိုတန်တာပေါ့"

"ကဲ ... မှတ်ပုံတင်တွေ ပေးကြ။ ဒီနေ့ပဲ လေယာဉ်လက်မှတ် ရွှာဝယ်မယ်။ ဦးစောလေးက ကားနဲ့လိုက်ပို့၊ လေယာဉ်လက်မှတ်က ချက်ချင်းရမှာတော့ မဟုတ်ဘူး"

ဦးစောလေးက ...

" ငါ်အေးပါ ... ဘိုနီရယ်၊ ငါ လိုက်ပို့ပါမယ်။ ငါ့အသိတွေ လေဆိပ်မှာ ရှိပါတယ်။ လေယာဉ်လက်မှတ်က လွယ်မှာပါ။ လေယာဉ် တောင် (F 28 Fokker Jet) လေယာဉ် ဖြစ်စေရမယ်။ လာ ... သွားကြ စို့"

"ငါလည်း လိုက်မယ်လေကွာ"

"အဖေမရှိဘူးလေ ... အဘရဲ့၊ အလုပ်သွားနေတယ်။ အစ်ကို ကြီးလည်း ပါသွားတယ်။ အမေနဲ့နီတာပဲ ကျန်ခဲ့တာ။ အဘ မြဲစောင့်မှ ဖြစ်မှာပေါ့။ မဟုတ်လား ... ဦးစောရာ"

"ဟုတ်ပ ... နီတွတ်ရယ်"

"အေးလေ ... မင်းတို့နှစ်ယောက်ပေါင်းပြီး လုပ်ထားပေါ့ကွာ ရတာနာတွေရလာမှ ငါ မိန်းမထပ်ယူပြဦးမယ်"

"ဝါး ... ဟား ... ဟား ... ဟား ... နိုင်သေးလို့လား အဘရဲ့"

ကျွန်တော်တို့ ဝိုင်းပြီး ရယ်မောမိကြသည်။ အဘလည်း ခေသူမဟုတ်။ သူ၏ ဖျဉ်းတွဲကျနေသော ရင်အုံနှင့် လက်မောင်းအိုးအား လှုပ်ခါပြပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာတွေ့လား နိုင်ပါသေးတယ်ကွ။ ဆန်အိတ်တစ်အိတ်တောင် အသာကလေး မ,နိုင်သေးတယ်"

"ဟုတ်ရဲ့လား ... အဘရယ်"

ကျွန်တော်တို့က အဘအား ထပ်မံနောက်ပြောင်စကြရာ အဘက စွပ်ကျယ်အင်္ကျီလက်စကကို ချွတ်၍ မုဆိုးကို ခါးတောင်းကျိုက်လိုက်ပြီး ...

"ဒီမှာ မှတ်ထား ... လူကလေးတို့"

ပေါက်ကပ်ပြည်က ကျွန်စစ်သားမင်းကြီးဟာ အသက် ၆၀ ကျော် အိုမင်းလာတော့ လက်ပျဉ်းတွေကျ ရင်အုံတွေလျော့ ပါးရေသွေးတွေတွန့် ဆံပင်တွေ မုတ်ဆိတ်တွေဖြူလာတယ်။ အဲဒီအချိန်ကျလာတာနဲ့ မှူးမတ် စစ်သူကြီးတွေက မခန့်လေးစား ဖြစ်လာကြသတဲ့။

ဒါကိုသိတဲ့ စစ်ဘုရင်ကျွန်စစ်မင်းကြီးဟာ တစ်နေ့တော့ မှူးမတ်နဲ့ စစ်သူကြီးတွေကို ရှေ့ဝတီမြစ်ရဲ့ အလွန်မတ်စောက်မြင့်မားတဲ့ ချောင်ဦးကမ်းပါးကို ခေါ်ပြီး မြင်းနဲ့ဒုန်းစိုင်းပြီး တစ်ချီတည်း တက်ပြသတဲ့။ 'ငါမအိုသေးဘူး' လို့လည်း ကြိမ်းဝါးသတဲ့။ အခုလည်း ဒီအတိုင်းပဲ။ နွားပျိုသန်လှ၊ နွားအိုပေါင်ကျိုးသလောက်ပဲ ရှိတယ်ကွ။ မှတ်ထားကြ"

ထိုစဉ် ဦးစောလေးက ...

"ဦးလေး ... ကျွန်စစ်သားမင်းကြီးရဲ့ ငယ်နာမည် သိသလား"

"အဲဒါတော့ သိဘူးကွ"

"မှတ်ထားဦးလေ ... ငယ်နာမည် မောင်ရစ်တဲ့"

"ခွေးကောင် ... စောလေး။ ငါ့များ ပညာမတတ်တဲ့ ငတုံးအမှတ်နေတယ်ထင်ပါ့။ မောင်ရစ်ဆိုတာ ကျွန်စစ်မင်းကြီး ငယ်နာမည်မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးပေ့ါ။ မင်းအမေ စစ်ချီကြီး မဟာဗန္ဓုလင်ယ်နာမည်ဟ . . . မှတ်ထား။ ငါလည်း အလယ်တန်းအထိ အတန်းကျောင်းမှာ စာသင်ဖူးပါတယ်။ ဒါကြောင့် မီးရထားလက်မှတ်စစ် အလုပ်ရခဲ့တာ (၇) တန်းအောင်တယ် ပေ့”

“ဝါး . . . ဟား . . . ဟား . . . ဟား . . . ”

အဘကိုစရသည်မှာ အလွန် ပျော်စရာကောင်းသည်။ သွေးမတော် သားမစပ်သော်လည်း ကျွန်တော့်အား နှစ်ဦးစလုံး သားအဖလို ဆက်ဆံကြသည်။ ကျွန်တော်ပူဆာသည်နှင့် ချက်ချင်းရောက်လာတတ်သည်။ စားစရာ၊ ကစားစရာ စုံသည်။ နီတာကိုတော့ သူတို့က သိပ်ချစ်ခင်ပုံမရ။ မုန်းတမ်းပင်။ နီတာကလည်း သူတို့နှင့် ခပ်စိမ်းစိမ်း။ မိဘများကိုသာ ကပ်၍ခွဲနေတတ်သည်။ အဖေတို့ ပြန်လာသဖြင့် ကျွန်တော်တို့ မိဘများအား အကျိုးအကြောင်းပြောတော့ အမေက . . .

“သားရယ် . . . အမေတို့မှာလည်း ဥစ္စာပစ္စည်းတွေ ပြည့်စုံနေပါပြီ။ မလိုတော့ပါဘူးကွယ်။ မသွားပါနဲ့တော့”

အဖေက . . .

“မိန်းမရေ . . . ပစ္စည်းဥစ္စာဆိုတာ နောင်လာနောက်သားတွေအတွက် လိုအပ်တယ်ကွယ့်။ သားသမီးတွေ အရွယ်ရောက်လို့ ပညာစုံရင် ကြင်ယာရှာကြတော့မယ်။ ပစ္စည်းဥစ္စာဆိုတာ ခေတ်နဲ့အညီ လိုအပ်နေဦးမှာပဲ။

အခုကိစ္စကလည်း သားငယ်ဘိုနီ ငယ်စဉ်ကတည်းက အိပ်မက်မက်ခဲ့တဲ့ ရည်ရွယ်ချက်။ (၁၆) နှစ်တောင်ရှိပြီ သူစောင့်လာရတာ ယောက်ျားလေးပဲ။ သူ့အိပ်မက် သူ အကောင်အထည်ဖော်ပါစေကွယ်။



www.burmeseclassic.com

www.burmeseclassic.com



အရွယ်လည်း ရောက်ကြပြီ။ သားကြီးနဲ့ ကိုစော၊ အဘတို့လည်း ပါသွားပဲ။ သွားပါစေ''

''ရေခြား၊ မြေခြား သွားရမှာရှင့်။ ဘယ်လောက် အန္တရာယ်ရှိသလဲ။ တော်က ကျွေးရုံတင်၊ ကျွန်မက ဝမ်းနဲ့လွယ်ပြီး မွေးခဲ့ရတာ ရှင်သိရဲ့လား''

အမေ စစ်ရှုံးတော့မည်ဖြစ်သဖြင့် ကျွန်တော် ဝင်ရပါပြီ။ အဖေက အမေပြောသမျှ အလိုလိုက်တတ်ပါသည်။

''အမေ ... ရေလမ်းခရီးဆိုပေမဲ့ အရင်ကလို အန္တရာယ်ရှိတဲ့ စက်လှေနဲ့ သွားရမှာမဟုတ်ပါဘူး။ ဂျက်လေယာဉ်ကြီးနဲ့ မြိတ်မြို့အထိ သွားနိုင်ပါပြီ။ ဟိုကမှ ကျွန်းစုကို မော်တော်ငှားစီးရမှာ။ အနီးကလေးပါ။ သားက အဖေနဲ့ အမေတင်မက ညီအစ်ကို မောင်နှမတွေ တစ်သက်လုံး ချမ်းသာဖို့နဲ့ ဆရာတော်ဘုရားကျောင်းမှာ အလှူကြီး၊ အတန်းကြီး ပေးပြီး အစ်ကိုကြီး၊ ညီမလေးတို့နဲ့ အတူ သက်န်းဆီးချင်လို့ပါ အမေရာ''

အမေက မျက်ရည်သုတ်ရင်း ...

''အင်း ... အဲဒါဆိုရင်လည်း အမေ မတားသာတော့ဘူးပေါ့ တွယ်''

''သားကြီး ... ညီလေးကို ဂရုစိုက်နော်။ အဘနဲ့ စောလေးတတော့ လူကြီးတွေဖြစ်ကြလို့ မှာစရာ အထူးလိုမယ်မထင်ပါဘူး။ ကျွန်မတတော့ စိတ်မချဘူးရှင့်။ သားလေးဘိုနီဟာ မွေးကတည်းက ခရီးဝေးဝေး သွားဖူးတာမဟုတ်ဘူး။ ရန်ကုန်မြို့ထဲလောက်သာ ရောက်ဖူးတာ''

''အမေရယ် ... သားအရင်ဘဝကတည်းက ကျွန်းတော်သော



www.burmeseclassic.com

www.burmeseclassic.com



တာပါ။ သားတာ လှုဝင်စားဆိုတာလည်း သဘာဝိရှမ်းပါ ... အမေရှား ဘာမှမပူပါနဲ့"

ကျွန်တော် စစ်ကူဝင်၍ အနိုင်ရတော့ အမေ ပြန်ရောက်လာပြီ ဖြစ်သဖြင့် ရန်ကုန်မြို့တွင်း မရောက်တာကြာနေသော အဘကိုပါခေါ်၍ ကိုစောလေး ကားဖြင့် ထွက်ခဲ့ကြသည်။ အစ်ကိုကြီးလည်း လက်မှတ် ဝယ်ရန် ပါလာသည်။

နေ့လယ်စာကို ကိုစောလေးက မဂိုလမ်းမှ သူ့ဆိုင်သို့ဝင်၍ ကုလားအစားအစာများဖြင့် ကျွေးမည်ဆိုသော်လည်း အဘက ...

"စောလေးရေ့ ... ကုလားအစာလည်း ကောင်းပါတယ်။ ဒါ ပေမဲ့ ငါ့မြေးလေးနီတွတ်အတွက် စထရင်းဟိုတယ်ဝင်ပြီး တစ်ခါတလေ ပဲ ဗိုလ်စာစားရအောင်ကွာ။ မင်းမကျွေးရင်လည်း ငါကျွေးပါ့မယ်။ ငါ့မှာ ပိုက်ဆံတွေ ပါပါတယ်။ ပိုက်ဆံမသုံးရတာကြာလို့ ငွေစက္ကူတွေ မှိုတက် နေပြီ"

"အဘ ... ကျွန်တော် သိတယ်နော်။ အဘ နိုင်ငံခြားအရက် သောက်ပြီး ဗိုလ်စာစားချင်လို့မဟုတ်လား။ ကျွန်တော့်ကို အကြောင်းပြ ပြီးတော့လေ"

"အေး ... ငါ့မြေးဘိုနီက ဗိုလ်စာဆိုမှတော့ ဒါလည်း ပါတာ ပေါ့။ (UBA) ရုံးကလည်း ကမ်းနားလမ်းမှာဆိုတော့ စထရင်းမှာ စား စရာတွေ BOOKING လုပ်ပြီး UBA ရုံးသွားမယ်။ အချိန်က(၁၂) နာရီ ထိုးတော့မယ်။ အပြန်မှဝင်တော့ စားစရာတွေ READY ဖြစ်နေရော အေးအေးဆေးဆေး စားရတာပေါ့"

"အေး ... အေး ... အဲဒါကျတော့ စောလေးက လိုက်သွား ပြန်ကရော။ ငါ တစ်ခါမှ မရောက်ဖူးလို့ပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကားကလေးကို စထရင်းဟိုတယ်ရှေ့တွင် ရပ်၍ ကိုစောလေးက ကျွန်တော့်အားခေါ်ပြီး စားလိုရာ မှာစေသည်။ ပြီးမှ UBA ရုံးဘက်သို့ သွားကြသည်။ စထရင်းဟိုတယ်နှင့် UBA ရုံးမှာ ကပ်လျက် အနီးကလေး။

ဦးစောလေး၏ အသိမိတ်ဆွေနှင့်တိုးသဖြင့် လေယာဉ်လက်မှတ်အား အလွယ်တကူရပါသည်။ သန်ဘက်ခါ တနင်္ဂနွေနေ့ မနက် (၉း၃၀) လေယာဉ်ရသည်။ မနက် (၇း၃၀) ထွက်မည်။ လေယာဉ်က ရိုးရိုးပန်ကာ (၂) လုံးတပ်၊ FOKKER လေယာဉ်၊ ကျွန်တော်တို့စီးရမှာက F 28 FOKKER JET လေယာဉ်ဖြစ်သည်။ ထိုခေတ်က လေယာဉ်စီးရန် တစ်ပတ်ခန့် စောင့်ရသော်လည်း ကိုစောလေး၏ မိတ်ဆွေဝန်ထမ်းအရာရှိကြောင့် လက်မှတ်ရခြင်းဖြစ်သည်။ ခေတ်ကြီးက ငှမောင်ခိုခေတ်၊ ခရီးအသွားအလာ များကြသည်။

ကိုစောလေးက အပြန်တွင် ထိုမိတ်ဆွေအရာရှိကိုပါ ခေါ်၍ နေ့လယ်စာ (E UROPIAN FOOD) ဖြင့် စထရင်းဟိုတယ် သီးသန့်ခန်းတွင် ကျွေးမွေးပြုစုပါသည်။ Chicken Roast, marinko, Fried chicken, pork stewed grilled, pork chop, pork orlly နှင့် Butter, grilled fish, fish meumiore အပြင် အနောက်တိုင်းဟင်းချိုအဖြစ် green of ornion, green of mushroom အတော်စုံလင်ပါသည်။

ယခင်ဘဝက ကျွန်တော် အကြိုက်နှစ်သက်ဆုံး အစားအစာများ ဖြစ်ကြသော်လည်း မြန်မာ့ရေမြေမှာ မွေး၍ မွေးကတည်းက မြန်မာ့အစားအစာဖြင့် ယဉ်ပါးလာသောကြောင့် ဦးစောရော်လီ ချက်ပြုတ်ကျွေးသည့် သမိုင်းကန်ကြီးထဲမှ လတ်ဆတ်သောငါးဟင်းလောက် မမြိန်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့စားနေကျ ခဲဝိအစား၊ ထောပတ်ကို အဓိကသုံး ခြင်းဖြစ်သဖြင့် ဟင်းအားလုံး အချိုချည်းသာဖြစ်သည်။ ကျွန်တော်မွေး တတည်းက အချဉ်၊ အငန်၊ အစပ် စားလာရ၍ အရှေ့တိုင်းစာကိုပင် ကြိုက်တော့သည်။ ပေါင်မုန့်မှာ ထမင်းလိုမဟုတ်၊ ပယ်ပယ်နယ်နယ်စား လို့မရ၊ နောက်ဆုံးတော့ လတ်ဆတ်ပြီး သဘာဝကျသည့် အသာလက်ရာ တရုတ်ဟင်းကိုသာ တောင့်တမိပါတော့သည်။

ကျွန်တော်တို့ သမိုင်းအိမ်ပြန်ရောက်တော့ ပုလဲမြို့င်အိမ်ကြီး၌ ပြသနာတက်နေပါပြီ။ အမေ့အတွက် ကူဖော်လောင်ဖက်၊ အဝတ်လျှော် စီမှုတိုက်ပေးသော ကုလားမလေး ရေချိုးခန်းအတွင်း၌ အဝတ်လျှော်နေ စဉ် ခြင်ထောင်၊ စောင် စသော အဝတ်ကြီးများ လျှော်လျှင် သုံးသည့် အဝတ်ရိုက်တုတ်ကြီး နံရံတွင် ချိတ်ဆွဲထားရာမှ ပြုတ်ကျပြီး ခေါင်းကွဲ သွားသဖြင့် ကျွန်တော်တို့ ရောက်ရောက်ချင်း ကားဖြင့် ဆေးခန်းသွား ပြရသည်။ ကုလားမလေးကိုယ်တိုင်က ဝန်ခံပြောသဖြင့်သာ ,အမှုမဖြစ် ခြင်း ဖြစ်သည်။

ကုလားမကလေးကို ဆရာဝန်က ဆေးထည့် ပတ်တီးစီးရင်း စုံစမ်းမေးမြန်းတော့ ...

"ဆရာ ... ကျွန်မနေ့ ခါတိုင်းလိုပဲ ရေချိုးခန်းထဲမှာ အဝတ် လျှော်တယ်။ ဒီနေ့ အဝတ်ကြီးမပါတော့ လက်ရိုက်တုတ်မသုံးဘူး။ အုတ် ကန်ဘေးက သံချိတ်မှာ ကျွန်မကိုယ်တိုင် မနေ့ကအဝတ်ကြီး လျှော်ပြီး တာနဲ့ ချိတ်ထားတာ။ လက်ကိုင်တုတ်အဖျားမှ အပေါက်ဖောက်ပြီး နိုင်လွန် ကြိုး ကွင်းချည်ထားတယ်။

နေ့လယ်က ကျွန်မ ရေချိုးခန်းထဲမှာ လေမတိုက်ဘဲလက်ကိုင် တုတ်ကြီးက အလိုလိုလှုပ်ယမ်းနေတယ်။ နေ့စဉ် ရေချိုးခန်းထဲမှာ အဝတ်



www.burmeseclassic.com

www.burmeseclassic.com



လျှော်နေကျမို့ ကျွန်မ မကြောက်ပါဘူး။ ကျွန်မ အဝတ်လျှော်နေတုန်း အပုပ်နံ့ကြီး ရလာပြန်တယ်။ ရေကန်ထဲမျှား ကြွက်သေကျပြီး ပုပ်နေသလားလို့ ထကြည့်တော့လည်း ဘာမှမတွေ့ရဘူး။ ရေချိုးခန်းက အတွင်းသန့်တာပါ။ ကြွေပြားတွေ ကပ်ထားတယ်။

တုတ်ချိတ်ထားတဲ့ နံရံအောက်မှာတော့ ဆပ်ပြာမွှေးအမျိုးမျိုးနဲ့ ခေါင်းလျှော်ရည်ဘူးတွေ တင်ထားပါတယ်။ အဲ . . . မကြာဘူး။ ကျွန်မ ပြန်ထိုင်ပြီး လျှော်ဖို့အဝတ်ကို ကိုင်လိုက်တာနဲ့။ တုတ်ကြီးဟာ လွှပ်ယမ်းသွားပြီး ကျွန်မခေါင်းပေါ် ကျလာတော့တာပဲ"

"ကျွန်မ အားခနဲအော်ပြီး မေ့သွားတာ အဘနဲ့ ဒေါ်လေးတို့ ဝိုင်းဝန်းပြုစုမှ သတိရလာတာပါ"

"တခြားသူရိုက်တာ တကယ်မဟုတ်ဘူးနော်"

"လူရိုက်တာ မဟုတ်ဘူး။ တစ္ဆေရိုက်တာလို့ ထင်ပါတယ်"

"ဘာကြောင့် အဲဒီလိုပြောတာလဲ"

"ကျွန်မ သတိမေ့သွားတုန်း ဝတ်စုံအဖြူနဲ့ အင်္ဂလိပ်မတစ်ယောက်က အော်ရယ်နေတယ်။ သူ့အနောက်မှာလည်း ကရင်မကြီးတစ်ယောက်ကို တွေ့ရတယ်"

ကျွန်တော်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသည်။ အဘ ဦးစောဂျော်လီက . . .

"အင်း . . . ငါ့မိန်းမနဲ့ မေရီ မကျွတ်ကြသေးဘူးထင်တယ်။ အစောပိုင်းကလည်း ဒီလိုပဲ။ မကြာခဏ ဖြစ်ဖူးတယ်။ ခရစ်ယာန် ဓမ္မဆရာတွေကိုလည်း အိမ်ပေါ်မှာ ပင့်ဖိတ်ပြီး ရွတ်ဖတ်သရဇ္ဈာယ်ပြီးမှ ပျောက်သွားတာ။ ငါ့မြေးတစ်သက်ပဲ။ အခုမှ ဘာကြောင့် ပြန်ပေါ်လာရတာလည်း မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် … အဘရယ်၊ ကျွန်တော် မြို့မကျောင်းဆရာတော်ကို လျှောက်တင်ပြီး မနက်ဖြန်မနက် အရုဏ်ဆွမ်းကပ်၊ ကာမ္မဝါဖတ် အမှူးဝေလိုက်ပါ့မယ်"

"အကောင်းဆုံးပေါ့ … လူကလေးရယ်"

"ကဲ … စောလေး မင်းလည်း ဒီနေ့မပြန်နဲ့တော့။ အခုပဲ ဆရာတော်ကို သွားလျှောက်ပြီး မနက်ဖြန်မနက် အရုဏ်ဆွမ်းကပ်ဖို့ ဈေးဝယ်ရမယ်။ ဒီဟာမတွေ ငါကိုတော့ လာမခြောက်ဘူး။ ဟင်း … လာခြောက်လို့ကတော့ ထောပတ်နဲ့ လိမ့်မွှေကြော်ပြီး အရက်နဲ့မြည်းပစ်လိုက်မယ်။ ဟား … ဟား … ဟား … ဟား …"

အဘဦးစောဂျော်လီမှာ နေ့လယ်ကစားခဲ့ရသော စထရင်းတို ဓာယ်မှ အနောက်တိုင်းအစားအစာများကို ခံတွင်းတွေ့နေဟန်တူပါသည်။ ကျွန်တော်နှင့် ဦးစောလေး၊ အဖေနှင့်အမေ့အား တိုင်ပင်ပြီး အရေးပေါ် ဆွမ်းကျွေးအမှူးဝေရန်အတွက် မြို့မကျောင်းဆရာတော်အား သွားလျှောက်ပြီးသည်နှင့် အမေ ရေးပေးလိုက်သော ဈေးစာရင်းအတိုင်း သမိုင်း ဘူတာရုံဈေးသို့ သွားဝယ်ရပါသည်။ အဘကတော့ ချက်ပြုတ်ပြင်ဆင် ရန်အတွက် အိမ်၌ကျန်ခဲ့ပါသည်။

ကျွန်တော်တို့ အစားအသောက်သာ ဝယ်ပေးပြီး ဘုန်းကြီးမွဲ အတွက် သစ်သီးများ၊ မုန့်များ၊ သကာန်းပရိက္ခရာများ လိုသေး၍ သမိုင်း လမ်းဆုံဈေးသို့ ပြေးရပြန်သည်။ ညမိုးချုပ်မှ ပစ္စည်းများစုံသည်။ ဘုန်း တော်ကြီး (၅)ပါးအတွက်နှင့် ပတ်ဝန်းကျင်အတွက်သာဖြစ်သဖြင့် ခြေ နိုင်၊ လက်နိုင်ပါပင်။ အရုဏ်ဆွမ်းကပ်မည်ဖြစ်သည်။

ညဘက်ကျတော့လည်း အဘနှင့်ဦးစောလေးတို့ ခေါင်းဆောင် ပြီး ရပ်ကွက်လူငယ်များနှင့် ကျွန်တော်တို့ညီအစ်ကို ဝိုင်းဝန်းကူညီ ချက်



www.burmeseclassic.com

www.burmeseclassic.com



ပြုတ်ကြရာ သန်းခေါင်အချိန်ကျမှ ပြီးစီးပါသည်။ ကျွန်တော်တို့ညီအစ်ကို အိပ်ရာဝင်ခဲ့ကြသော်လည်း အဘနှင့်ကိုစောလေးက ရပ်ကွက်လူငယ်များအား ဧည့်ခံရင်း အရက်ဝိုင်းဖွဲ့ကြသဖြင့် ထိုညက မအိပ်ကြရပါ။

မနက်အရုဏ်ဆွမ်းအတွက် ဘုန်းတော်ကြီးများ သွားပင့်တော့လည်း ဦးစောလေးပင် ဘုန်းတော်ကြီး သွားပင့်ပါသည်။ အရုဏ်ဆွမ်းကပ်ခါနီးမှ အဖေက ကျွန်တော်တို့အား နိုးသဖြင့် ထရပြီး လိုအပ်သောဝေယျာဝစ္စများ ဝိုင်းကူလုပ်ရသည်။ ဆရာတော် ဦးစန္ဒာဘိဝံသကိုယ်တော်တိုင် ကြွလာခြင်းဖြစ်သည်။

ငါးပါးသီလယူ တရားဟောပြီး ပဋ္ဌာန်းဒေသနာတော်ကြီး ရွတ်ဖတ်၍ ကမ္မဝါဖတ်၊ ပရိတ်ရွတ်၊ ရေစက်ချပြီး အမျှအတန်းဝေသည်။ သက်ဆိုင်သူများကို နာမည်တပ်၍ ဖိတ်ခေါ်ပြီး အမျှဝေခြင်းဖြစ်ပါသည်။

အရုဏ်ဆွမ်းကပ်ပြီးမှ ဆရာတော်များအား ကိုစောလေးက ပြန်ပို့သည်။ ကျွန်တော်တို့ စားကြသောက်ကြသည်။ ပတ်ဝန်းကျင်ကို ဖိတ်ခေါ်၍ ကျွေးသည်။ ပြီးနောက် ကျွန်တော်တို့ အတုံးအရုံး အိပ်ကြပြန်သည်။

ထူးဆန်းသည်ကတော့ ကျွန်တော် အိပ်မက်မက်သည်။ အရုဏ်ဦးအိပ်မက်ဖြစ်သည်။ အဖြူရောင်ဝတ်စုံသန့်သန့်ဖြင့် မေရီက ကျွန်တော့်အား ပြုံးချိစွာ နှုတ်ဆက်ပြီး သူ့အား အပြစ်မှခွင့်လွှတ်ရန်နှင့် ဖရန်စစ်အား ချစ်ချစ်ခင်ခင် စောင့်ရှောက်ရန်မှာသည့်အပြင် သူတို့ ကျွတ်လွတ်ပြီဖြစ်ကြောင်း၊ ကျွန်တော်မသိအောင် ခိုးဝှက်ပြီး မြှုပ်နှံထားခဲ့သည့် ရတနာများမှာ ဖရန်စစ်မြှုပ်နှံထားခဲ့သည့် စိုင်သရက်ပင်ကြီး အရှေ့ဘက်၌ တူတံဆိပ်ထောပတ်ဘူးကြီးအတွင်း၌ အဝတ်ဖြင့် ပတ်၍ မြှုပ်နှံထားကြောင်း၊ တူးဖော်၍ ကျွန်တော်တို့လုပ်မည့် အလှူကြီးအတွင်း၌ ထည့်



www.burmeseclassic.com

www.burmeseclassic.com



သွင်းလှူဒါန်းပေးပါရန် တောင်းပန်ပါသည်။ မေရီ၏ နောက်၌လည်း အဝတ်အစားအသစ်များဖြင့် ကရင်မကြီးတစ်ဦးကို တွေ့ရသည်။ ကျွန်တော် မမြင်ဖူးပါ။ အဘဉီးစောဂျော်လီ၏ မိန်းမကြီး ဖြစ်ပါလိမ့်မည်။

ကျွန်တော် အိပ်ရာရနိုးထတော့ မနက်(၉)နာရီထိုးပါပြီ။ ဦးစောလေးက ...

"ဘိုနီရေ ... မင်း အိပ်ရာကအနိုးကို စောင့်နေတာကွ။ ငါတို့ သမိုင်းလမ်းဆုံဘက်သွားပြီး BREAKFAST စားကြမလို့။ လိုက်မယ် မဟုတ်လား။ အပြန်လည်း ငါ့ကားနဲ့ ပြန်ပို့မှာပါ"

"မနက်အစောကြီးက BREAKFAST စားပြီးပြီလေဗျာ"

"အေး ... အခု အိပ်လိုက်တော့ ပြန်ဆာလာတယ်ကွ။ မင်းရော မဆာဘူးလား"

"ဟုတ်ပါ့ဗျာ ... အခုမှ ပြန်ဆာလာတယ်။ ဒါနဲ့ အဘ ညက အိပ်မက်မက်သေးသလား"

"မက်သဟေ့ ... ငါ့မိန်းမကြီးနဲ့ ပြန်တွေ့တယ်။ အံ့မယ် ... အိပ်မက်ထဲမှာ ငါ့ကရင်မကြီးက အဝတ်သစ်၊ အစားသစ်တွေနဲ့ ချောလို့ လှလို့ဟ"

"ဘာပြောသေးသလဲ အဘ"

"ကောင်းကောင်းနေ ... ဘူးမကျနဲ့လို့ ပြောမသွားဘူးလား"

ဦးစောလေးက ဝင်နောက်ရာ အဘက ...

"ကောင်းကောင်းအတည်ပြောနေတုန်း ဒီဆေးရိုးသည်က ကန့်လန့်ကန့်လန့်နဲ့"

"ငါ့ပစ္စည်းအချို့ကို သူ့ဆွေမျိုးတွေပေးချင်လို့ ခိုးဝှက်ပြီး မြှုပ်



www.burmeseclassic.com

www.burmeseclassic.com



ထားမိသတဲ့။ ဒါကြောင့် သူ့ ဥစ္စာစောင့်ဘဝနဲ့ မကျွတ်ဘဲ ဖြစ်နေတာ တဲ့။ အဲဒါကို တူးဖော်ပြီး နိတ္တတ်တို့အလှူထဲမှာ ထည့်ပါတဲ့"

"ဘယ်နေရာမှာတဲ့ ဦးလေး"

ဦးစောလေးက မေးရော ...

"မင်း ပြောရမှာလား၊ ခြံအနောက်ထောင့် ဥနဲ့ပင်အောက် မှာ နီမှုန့်ဘူးနဲ့ မြှုပ်ထားသတဲ့"

"မပြောဘူးလည်း ဆိုသေး။ ပြောလည်း ပြောချင်တယ်"

"ဟ ... မင်း နေရာအတိအကျ သိလို့လား။ ငါ လျှို့ထားတာ အပင်ရင်းရှေ့ တစ်ပေကွာမှာတဲ့"

အဘက တစ်ဝက်ဖုံး တစ်ဝက်ဖော် လုပ်နေ၍ ကျွန်တော်တို့ ဝိုင်းရယ်မိကြသည်။

"ဟား ... ဟား ... ဟား ... ဟား ..."

ကျွန်တော်ကလည်း ခုနက အိပ်မက်ကို ပြန်ပြောပြရသည်။

"အေးကွယ် ... မင်းဦးဆောင်ပြီး လုပ်တဲ့ ဒါနအလှူအတွက် ဘာသာခြားတွေဖြစ်ပေမဲ့ ကောင်းမှုကုသိုလ် အမျှဝေတော့ အမျှရကြ ပြီး သာဓုအနုမောဒနာ ရကြတယ်ထင်ပါ့။ အဝတ်အသစ်တွေနဲ့ဆိုတော့ ကျွတ်လွတ်သွားကြပြီ ထင်ပါတယ်"

"အဘရယ် ... အရင်ကလည်း အမေတို့ ခဏခဏလုပ်တာ ဲ မဟုတ်လား"

"မတူလို့နေမှာပေါ့ ... လူကလေးရယ်။ ဒီကိစ္စမျိုးက ကျွတ် ချိန်တန်မှ လွတ်ရတာ။ အရင်လုပ်ခဲ့တယ်ဆိုတာက အားလုံးအတွက် အကြွမ်းဖျင်း။ အခုဟာက မေရီနဲ့ ငါ့မိန်းမကြီးအတွက် သီးသန့်ပြီး နာမည်တပ် အမျှဝေတော့ ပိုထိရောက်တာပေါ့။ ငါလည်း ပုံဘာသာနဲ့



www.burmeseclassic.com

www.burmeseclassic.com



[illegible] [illegible]လုပ်ခဲ့ပါတယ်။ အခုမှ အချိန်ကျလို့ အမှုရကြဟန် [illegible] ဖြတ်မှာ ရှင်းသွားတော့ နောက်ဆံမတင်းရဘဲ စိတ်အေး [illegible]ပေါ့ကွာ"

"ဒါဆို ဦးလေး အနှောင့်အယှက်ကင်းသွားတော့ နောက်မိန်းမ ထပ်ယူလို့ ရပြီပေါ့နော်"

"ငါလခွမ်းတဲ့မှပဲ။ စောလေးဆိုတဲ့ ကောင်ကလည်း မိန်းမ အကြောင်းချည်း ပြောနေတယ်။ ဘိုနီရေ ... မင်းဦးလေးကို မိန်းမ ပေးစားလိုက်စမ်းကွာ"

"ဘယ်သူနဲ့လဲ အဘ"

"မင်းတို့အိမ်က အဝတ်လျှော်တဲ့ ကုလားမနဲ့"

"ဟား ... ဟား ... ဟား ... ဟား ..."

"အဘရေ ... မလုပ်နဲ့ဗျူ။ ကုလားမလေးက ဦးစောနဲ့ရရင် သူဌေးကတော်ဖြစ်ပြီး အဝတ်မလျှော်တော့ရင် ကျွန်တော့်အမေ ပင်ပန်း လိမ့်မယ်"

"ဟား ... ဟား .... ဟား ... ဟား ..."

ကျွန်တော်နှင့် အဘ အတိုင်အဖောက်ညီစွာ နောက်ပြောင်ကြ သဖြင့် ဦးစောကြီး မျက်နှာပုပ်သိုးနေသည်။

"နီတွတ် ... မင်းက ငါ့ကိုများ အထင်သေးလို့၊ မိန်းမကို မလိုချင်လို့မယူတာ။ ဗိုင်းဗိုင်းကို လည်လို့"

"ကဲ ... ဦးစော ... မနက်ဖြန် လေဆိပ်ဆင်းဖို့ ဘယ်လို အစီအစဉ် လုပ်ထားသလဲ"

"ငါကားတော့ ယူလာမယ်လေ။ ဒါပေမဲ့ မင်းအဘကို လိုက်ပို့ နိုင်းမှ ဖြစ်မယ်"

www.burmeseclassic.com



"ဟုတ်ကဲ့ ... အဲဒီအစဉ်ကောင်းပါတယ်။ ကျွန်တော် အဖေ့ကို ပြောလိုက်ပါ့မယ်"

"အေး ... အေး ... အဲဒါဆို ငါ ပြန်မယ်။ ဆိုင်ကိစ္စကို စိတ်ချရအောင် လုပ်ခဲ့ရဦးမယ်။ မနက်အစောကြီး ငါပြန်လာမယ်"

"လောယာဉ်က (၉း၃၀) နာရီမှပါ ... ဦးစောရယ်၊ အချိန်ရပါတယ်။ ဖြည်းဖြည်းပေါ့"

"နီတွတ်ရေ ... မနက် (၉) နာရီအရောက် လေဆိပ်သွားရမှာကွ။ မအေးနဲ့၊ ငါ ဒီအိမ်ကို (၈) နာရီအရောက်လာမှ အဆင်ပြေမယ်"

"ကောင်းပါပြီ ... ဦးစော၊ ကျွန်တော်တို့ အဆင်သင့်လုပ်ထားပါ့မယ်"

ဦးစော မြို့ထဲပြန်သွားတော့ ကျွန်တော်တို့ ခရီးထွက်ရန်အတွက် ပြင်ဆင်ရတော့သည်။ ဤတစ်ခါတော့ အရေးပေါ်စားစရာနှင့် ဆေးဝါးများကို မမေ့ပါ။ အပြန်ပြန်အလှန်လှန် စစ်ပြီး ခရီးဆောင်အိတ်များထဲ ထည့်သွင်းရပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# အခန်း [၄]

❑

ကျွန်တော်တို့ မနက် (၈) နာရီအဆင်သင့်ပြင်ပြီး စောင့်နေတော့ ဦးစော အချိန်မှန် ရောက်လာပါသည်။ ကျွန်တော်နှင့် အစ်ကိုကြီးမိဘများအား ကန်တော့ပြီး ဦးစောလေးကားဖြင့်ပင် အဖေက လိုက်မောင်း၍ လေဆိပ်သို့ ပို့ပေးပါသည်။

ဂျက်လေယာဉ်ကို ကျွန်တော်လည်း တစ်ခါမှ မစီးဖူးပါ။ ရိုးရိုးလေယာဉ်သာ ယခင်ဘဝက စီးခဲ့ဖူးသည်။ ခေတ်မီတိုးတက်လာ၍ ခေတ်ကြီး ပြောင်းချေပြီ။ လေယာဉ်ကွင်းအတက်တွင်သာ စိုးရိမ်စရာရှိသော်လည်း ကောင်းကင်ယံရောက်တော့ လေယာဉ်စီးရသည်မှာ အလွန်ငြိမ့်ညောင်းပြီး ပြင်ပမြင်ကွင်းများအား ကြည့်ရသည်မှာ လွန်စွာ စိတ်ချမ်းသာစရာ ကောင်းသည်။

မကြာမီ ဘင်္ဂလာပင်လယ်အော်ပေါ်သို့ လေယာဉ်ကြီးရောက်လာသည်။ စိမ်းပြာပြာ ပင်လယ်ကြီးအတွင်း၌ စိမ်းလန်းညို့မှိုင်းသော

www.burmeseclassic.com



ကျွန်းစုများကို စတင်တွေ့ရသည်။ ကျွန်တော်တို့သွားမည့် ပုလဲကျွန်းကြီး ကို ကျွန်တော် ရှာဖွေကြည့်မိသည်။ လေယာဉ်ပေါ်ကဖြစ်သဖြင့် မမှန်းဆ တတ်ပါ။ မကြာပါ။ နာရီဝက်ခန့်သာ ကြာမည်။ စက်လှေဖြင့် တစ်ညအိပ် နှစ်ညသွားရသော ခရီးကို အချိန်တိုလေးအတွင်း ရောက်ရှိလာသည်မှာ အံ့သြစရာကောင်းသည်။ ကမ္ဘာကြီးက တိုးတက်လာချေပြီ။

ဂျက်လေယာဉ်ကြီးက ကွင်းအား (၂) ပတ်ခန့် ပျံဝဲပြီး မြိတ်လေယာဉ်ကွင်းသို့ဆင်းသည်။ ကွင်းအတက်တုန်းက အတွေ့အကြုံကြောင့် ကွင်းအဆင်းတွင် မစိုးရိမ်တော့ပါ။ မြိတ်လေယာဉ်ကွင်းမှာ မင်္ဂလာဒုံ လေယာဉ်ကွင်းလို့တော့ ကျယ်ဝန်းကြီးမားခြင်း မရှိပါ။ ပြည်တွင်းသွား လေယာဉ်သာ ဆိုက်ကပ်ခြင်းဖြစ်သည်။ မှောင်ခိုခေတ်ဖြစ်၍သာ အတန် အသင့် စည်ကားနေပါသည်။ လေယာဉ်အဆင်းအတက်က လွန်စွာ နည်းသည်။

ကျွန်တော်တို့ လေဆိပ်ရောက်တော့ ပစ္စည်းများအား ရွေးရန် စေတ္တစောင့်ဆိုင်းနေကြစဉ် လင်မယားနှစ်ဦး ရောက်လာသည်။ ဦးစော ၏ မိတ်ဆွေများဖြစ်၍ လာကြိုကြကြောင်း သိရသည်။

"ကိုစောလေး ... ကျွန်တော်တို့ နည်းနည်းနောက်ကျသွား တယ်ဗျာ။ ခင်ဗျားတို့ နေ့လယ်စာစားဖို့အတွက် မြိတ်ဟိုတယ်မှာ Booking လုပ်နေရလို့ပါ။ တည်းဖို့ခိုဖို့လည်း နှစ်ယောက်အိပ်ခန်း (၂)ခန်းလည်း မှာခဲ့ပြီးပြီ"

ဦးစောက ကျွန်တော်တို့အား ကြိုတင်အသိမပေးဘဲ ကြိုတ်၍ လုပ်ထားခြင်းဖြစ်သည်။

"ကဲ ... အဘနဲ့ ငါ့တူရေ၊ သူတို့ဇနီးမောင်နှံက ကျွန်တော့် မိတ်ဆွေဟောင်း ကိုလေးနွယ်နဲ့ မစုသဇင်၊ တက္ကသိုလ်ကတည်းက သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ။ အခုတော့ ရွှေဆိုင်လုပ်ငန်းလုပ်ကြတော့ စီးပွားဘက်တွေပေါ့"

"ကိုစောလေး ... ကျွန်တော်က အခု ရွှေဆိုင်လုပ်ငန်းတင်မကာ စတိုးဆိုင်နဲ့ ငှက်သိုက်မွေးမြူးရေလည်း လုပ်နေသဗျ။ အဲဒါ ကျွန်တော်တို့အိမ်မှာ ငှက်ချေးနဲ့ နံနေလို့ ဟိုတယ်မှာ တည်းဖို့မိုဖို့ စီစဉ်ပေးရတာ အားနာသဗျာ"

"ရပါတယ်ဗျာ ...။ ဒါက ကျွန်တော့်အသာ ဦးစောကျော်လီ၊ ဒါကတော့ ကျွန်တော့်တူတွေ။ ကေသာကြီးဆောက်လုပ်ရေးကုမ္ပဏီက သူဌေးဦးကြိုင်ရဲ့သားတွေ။ အကြီးကောင်က မောင်သန်း၊ အငယ်ကောင်က ကျွန်တော့်မွေးစားသား ဘိုနီတဲ့"

"ညီအစ်ကိုအရင်းလား"

"ဟုတ်ပါ့ဗျာ"

"ရုပ်မတူဘူးနော်"

"ဘယ်တူမလဲ၊ အငယ်ကောင်ဘိုနီက အင်္ဂလိပ်ဝင်စားတာ"

ထိုစဉ် ကိုလေးနွယ်ဇနီး မစုသဇင်က ကျွန်တော့်အား လက်ဆွဲပြီး ...

"သားငယ်က တကယ်ဗိုလ်ကလေးပဲနော်။ ဆံပင်က ရွှေဝါရောင်၊ အသားကနီပြီး နှာခေါင်းချွန်တယ်။ အင်္ဂလိပ်စကား တတ်သလား"

"ရက်စ်"

"မစုသဇင်ရေ ...နီတွတ်က အင်္ဂလိပ်စကားအပြင် စပိန်စကား၊ ပြင်သစ်စကားပါအလိုလို တတ်နေတာ။ သူက အရင်ဘဝက စပိန်လူမျိုး။ သင်္ဘောကပ္ပတိန်တဲ့။ အခုလည်း သူ့ကိစ္စနဲ့မြိတ်ကို လာကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"အသက် ဘယ်လောက်ရှိပြီလဲသား"

"(၁၆) နှစ်ပါ ... အန်တီ"

"ထွားလိုက်တာကွယ်၊ အတန်းကရောကွယ်"

"(၁၀) တန်းဖြေပြီးပါပြီ ... အန်တီ"

"အေးကွယ် ... ဟိုတယ်မှာ နေရာချ၊ နေ့လယ်စာစားပြီးတာနဲ့ အန်တီတို့အိမ် လိုက်လည်နော်။ ဟိုမှာ အန်တီ့သမီးရှိတယ်။ ဒေလီယာတဲ့။ သားထက်တော့ ငယ်မှာပေါ့။ အသက်က(၁၅) နှစ်။ ကိုးတန်းကျောင်းသူပေါ့"

"ဟုတ်ကဲ့ပါ ... အန်တီ"

ကိုစောလေးက ...

"ဟော့ ... မစုသဇင်၊ ငါ့သားနဲ့ နင်တို့သမီး ပေးစားကြရင်မကောင်းဘူးလား"

ထိုစဉ် ကိုစောလေးသူငယ်ချင်း ဦးလေးနွယ်က ...

"ဒါပေါ့ ... သူငယ်ချင်း စောလေးရယ်။ ဒါကြောင့်လည်း ငါ့ညီမနဲ့ မင်းကို ပေးစားမယ်ဆိုတာတောင် အင်တင်တင်လုပ်နေလို့ အခုအချိန်အထိ လူပျိုကြီးဖြစ်နေတာ။ အခုလည်း ငါ့မိန်းမက မောင်ဘိုနီကို သဘောကျနေတာ။ ငါတို့သမီးက တစ်ဦးတည်းသောသမီး။ ရွှေလိုဉထားတာ။ မြိတ်ကလူတွေနဲ့ တူတယ်တန်တယ်တောင် သဘောမထားဘူး။ ကဲ ... ဘယ်လိုလဲကွ"

"ကလေးတွေ တွေ့ကြပါစေဦး။ သူတို့ချင်း သဘောကျရင်ပေးစားမယ်ကွာ။ ဘိုနီ့မိဘတွေက ငါပြီးရင် ပြီးပါတယ်"

"ကဲ ... ဘိုနီ၊ ဘယ်လိုလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ ... ဦးလေးကလည်း ကျွန်တော်က ငယ်ငယ်ကလေး ရှိသေးတာ။ (၁၀) တန်းတောင် မအောင်သေးဘူးဗျ"

"ငါ့သားကလည်း အခုမဟုတ်သေးပါဘူးကွ။ သဘောကျမကျ ကြည့်ဦးပေါ့။ မင်းတို့အလှူကိုလည်း သူတို့မိသားစုကို ဖိတ်မှာ။ မင်း သဘောကျရင် အလှူမှာ နှစ်ဖက်မိဘတွေဆုံကြပြီး ရေစပ်ထားတာ ပေါ့။ မကောင်းဘူးလား"

ထိုစဉ် တစ်ချိန်လုံးငြိမ်နေသော အဘက ...

"ဟဲ့ကောင် ... စောလေးရဲ့ ငါ့မြေးကို အတင်းအကြပ်မလုပ် ပါနဲ့။ သူတို့ချင်းသဘောကျမှ မင်းကြိုက်တာလုပ်"

"အဲဒီလိုပဲ လုပ်မှာပါ ... ဦးလေးရာ။ ငယ်သူငယ်ချင်း အချင်း ချင်းမို့ ကျီစားနေတာပါ"

ထိုအခါမှ မိတ်ဆက်ပေးရန် မေ့နေဟန်ဖြင့် ဦးစောလေးက..

"ဒီဦးလေးကလည်း ဘိုနီကို အမွေစားအမွေခံ မွေးထားတဲ့ အဖေပဲ။ ဦးစောရဂျာ်လီလို့ ခေါ်တယ်။ လူပျိုကြီးအသက် (၈၀) ကျော်"

"စောလေးကတော့ လုပ်ပြန်ပြီ"

"ဟုတ်တယ်လေ ... ဦးလေးရဲ့ မိန်းမက သေသွားတော့ အခု မိန်းမ မရှိတော့ လူပျိုကြီးပေါ့"

"ငါ့လခွမ်းတဲ့မှ စောလေးဆိုတဲ့အကောင်"

"ဝါး ... ဟား ... ဟား ... ဟား ..."

အဘ စိတ်ဆိုးပုံကိုကြည့်ပြီး ဝိုင်းရယ်ကြသည်။ အဘ အတော် ကျွဲမြီးတိုနေပုံကို မြင်တော့ ဦးစောလေးက ပြန်ချော့သည်။

"ဦးလေးကလည်းဗျာ ... နီတွတ်ဟာ အရင်ဘဝဦးလေးတို့ ကျွန်တော်တို့ရဲ့ ကျေးဇူးရှင်။ အခုတော့ ကျွန်တော်တို့ရဲ့ မွေးစားသား



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ ကောင်းတာလုပ်ပေးတာပဲ ... ဦးလေးရယ်၊ နေနဲ့လ ရွှေနှံမြေ ဖြစ်အောင် ကျွန်တော်က ဖန်တီးပေးတာပါ"

"ကလေးတွေအကြောင်းပြောတာ ငါလက်ခံပါတယ်။ ငါတို့ကလည်း မွေးစားအဖေ၊ အုပ်ထိန်းသူတွေပဲ။ တစ်နေ့ ဒီစကားပြောရမှာပဲ။ အခုဟာက မင်းက ငါ့ကို စနေလို့ပေါ့"

"ဝါး ... ဟား ... ဟား ... ဟား ..."

အခုမှ သဘောပေါက်ကြသဖြင့် အားလုံး ဝိုင်းရယ်ကြသည်။ ပွင့်ပွင့်လင်းလင်း ပြောတတ်သော ကရင်လူမျိုး အဘ၏အကြောင်းကို အခုမှ သိကြဟန်တူသည်။

ထိုစဉ် ပစ္စည်းများစစ်ဆေးပြီး ရရှိသဖြင့် ကျွန်တော်တို့ လာကြိုသော SUNNY (pick up) ကားလေးဖြင့် မြိတ်ဟိုတယ်သို့ ထွက်ခဲ့ကြပါသည်။ ဟိုတယ်ခန်းအဆင်သင့်ရပြီး ပစ္စည်းများထား၍ မကြာမီ နေ့လယ်စာစားရန် အဆင်သင့်ဖြစ်ကြောင်း၊ ဝိတ်တာကလေးက လာရောက် သတင်းပို့သဖြင့် ကျွန်တော်တို့ အောက်ထပ်ဆင်းခဲ့ကြပါသည်။ အောက်ထပ်တွင် သီးသန့်ခန်း၌ ဦးလေးနွယ်နှင့် ဒေါ်စုသဇင်တို့က အဆင်သင့် စောင့်ကြိုနေကြသည်။

ကိုလေးနွယ်က ...

"ကဲ ... သားတို့က အချိုရည်သောက်။ ဦးတို့ကတော့ မတွေ့တာကြာတဲ့ သူငယ်ချင်းနဲ့ ပြန်လည်ဆုံဆည်းခြင်း အထိမ်းအမှတ် ဗီစကီ ရည်နည်းစီ သောက်ကြမယ်။ ဦးလေးစောဂျော်လီရော ရသေးတယ် မဟုတ်လား"

"ရပေါ့ ... မောင်ရာ၊ ဦးလေးက ကရင်လူမျိုး။ မသေမချင်း သောက်သွားမှာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သဘောကျ၍ ပြုံးမိသည်။ ဦးလေးစောကတော့ မဲ့ပြသည်။ သူတို့နှစ်ဦးက ပုလင်းတူ ဘူးဆို့လေ။ နေ့လယ်စာ စားတော့ မြိတ်အစားအစာများ အလွန်ကောင်းပါသည်။ ပင်လယ်နှင့် နီးသဖြင့် ထတ်ဆတ်သည်။

ပင်လယ်ကဏန်းအစာသွတ်၊ ကျောက်ပုစွန်ဟင်း၊ ကဏန်း လက်မကြော်၊ ကင်းမွန်ကြော်၊ ပုစွန်အစိမ်းသုတ်၊ ခရုနီသုပ်၊ ကျောက် ပွင့်သုပ်၊ ရေချူကြော်၊ ငမန်းတောင်ဟင်းချိုအပြင် လတ်ဆတ်သော အသီး အရွက်ကြော်ကအမျိုးမျိုး၊ ကျွန်တော်တို့ ကြိုက်သလို အဘလည်း အတော် ကြိုက်ပုံရသည်။ ဖွန်း၊ ခက်ရင်းဖြင့် စားရသဖြင့် အနှောင့်အယှက်တော့ ဖြစ်နေပုံရသည်။

စားသောက်ပြီးတော့လည်း အချိုပွဲအဖြစ် ဖရဲသီး၊ ငှက်ပျော သီး၊ ယိုးဒယားပန်းသီး၊ ကျွဲကောသီး၊ စပျစ်သီး အတော်စုံသည်။

ကျွန်တော် ယခင်ဘဝက တပည့်ကျော် ဝျွန်စမစ်ကို လွန်စွာ သတိရမိလိုက်သည်။ ယခုလို လက်ရာမကောင်းသော်လည်း ကျွန်တော် ထမင်းစားဝင်ရန် အမျိုးမျိုး ချက်ပြုတ်ပေးတတ်သည်။ စားသောက်ပြီး တော့ ဟိုတယ်တွင် ပြန်နားသည်။ နေ့လယ်တစ်ရေးနိုးတော့ ကော်ဖီနှင့် မုန့်များက အဆင်သင့်၊ ဟိုတယ်က ကျွေးသည်။ ဦးလေးနှယ်တို့ ပြန် သွားကြသဖြင့် ကျွန်တော်တို့ မနက်ဖြန်ထွက်မည့်ခရီးစဉ်ကို ဆွေးနွေး ညှိနှိုင်းကြသည်။

"ဦးစောလေး ... ကျွန်တော်တို့ မနက်ဖြန် ဘယ်လိုလုပ်ကြ မလဲ။ မော်တော်ဘုတ်ငှား ရမှာလား။ ကြိုတင်စီစဉ်ဦး"

"မြို့ခံပါမှ ဖြစ်မယ်ထင်တယ် ... ဘိုနီရဲ့ မော်တော်ကိစ္စက



www.burmeseclassic.com

www.burmeseclassic.com



တော့ မပူနဲ့။ ကိုလေးနွယ်မှာ မော်တော်ဘုတ် (၂) စီးတောင်ရှိတယ်။ ယူသွားလို့ရပါတယ်"

"မောင်တော်ကို ဘယ်သူမောင်းမလဲ။ ကျွန်တော်က သူစိမ်း မပါစေချင်ဘူး"

"ဦးလေးပဲ မောင်းမှာပါ။ ကိုလေးနွယ်ကို မခေါ်ချင်ဘူးလား။ သူက နယ်မြေကျွမ်းတယ်၊ နောက်ပြီး ဦးလေးရဲ့ ငယ်ပေါင်းသူငယ်ချင်း"

"အဲဒါဆို ရတနာသိုက်နေရာ သူသိသွားမှာပေါ့ ... ဦးလေး ရဲ့"

"ဘိုနီရယ် ... ကိုလေးနွယ်က မင်းယောက္ခမတောင် ဖြစ်ချင် ဖြစ်လာမှာ။ ရတနာသိုက်က အကြီးကြီးဟာပဲ။ ဦးလေးတို့လည်း ဒီ တစ်ခါလာပြီး နောက်တစ်ခေါက် ရောက်ဖြစ်ချင်မှ ရောက်တော့မှာပေ ကွာ။ သူနဲ့ထိုက်ရင်လည်း သူစားပါစေ"

ညနေ (၄) နာရီခန့်တွင် ဦးလေးနွယ် SUNNY ကားကလေး ဖြင့် ရောက်လာပြီး ...

"ကိုစောတို့ ... လာဗျို့၊ မြို့ထဲပတ်မယ်။ ဝယ်ချင်တာလည်း ဝယ်ကြရအောင်။ ညစာကိုတော့ ဟိုတယ်မှာမစားဘဲ ကျွန်တော့်အိမ်မှာ စားရအောင် ကျွန်တော့်မိန်းမနဲ့ သမီး စီစဉ်ချက်ပြုတ်နေကြပြီ"

"အကောင်းဆုံးအစီအစဉ်ပဲ ... သူငယ်ချင်းရေ့"

ကားထွက်တော့ ဦးစောလေးနှင့် ဦးလေးနွယ်က ရှေ့ခန်းက စီးကြပြီး ကျွန်တော်၊ အစ်ကိုကြီးနှင့် အဘဦးစောဂျော်လီက နောက်ခန်း ကစီးသည်။

"အဘ ... တူးစရာပစ္စည်းတွေ၊ ရေငုပ်ဝတ်စုံတွေ၊ စားစရာ သောက်စရာတွေ ဝယ်ရဦးမယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မပူနဲ့ ငါ့သား။ စောလေး သူ့သူငယ်ချင်းနဲ့တိုင်ပင်ပြီး အကုန် စီစဉ်လိမ့်မယ်။ ဒီလုပ်ငန်းက နယ်ခံပါပါတော့ ပိုကောင်းတာပေါ့"

"ကျွန်တော် လက်ခံပါတယ် ...ဦးလေး။ မှုဝေစားကြတာပေါ့။ လူခံပါတာ ကောင်းပါတယ်"

"ဦးစောလေးနှင့် ဦးလေးနွယ်တို့ တစ်ဆိုင်ပြီးတစ်ဆိုင် ဝင်၍ လိုအပ်သော ပစ္စည်းများ ဝယ်ကြသည်။ မြိတ်မြို့မှာ ပင်လယ်ဆိပ်ကမ်း မြို့ ရေလုပ်သားများ များစွာရှိသဖြင့် ရေလုပ်ငန်းသုံး ပစ္စည်းကိရိယာ များနှင့် ရေငုပ်ဝတ်စုံဝယ်သည်မှာ အခက်မဟုတ်တော့။

ညနေ (၆) နာရီခန့်မှ ဦးလေးနွယ်တို့အိမ်သို့ ရောက်သည်။ အိမ်ရှင် ဦးလေးနွယ်၏ဇနီးနှင့်သမီးက ထွက်၍ ကြိုကြသည်။ ကလေးမ ကလေးမှာ ကျွန်တော်တို့ကို မြင့်သည်နှင့် ရှက်ကိုးရှက်ကန်း ဖြစ်နေ သည်။ သူ့မိဘများက ပြောဆိုအသိပေးထားဟန်တူပါသည်။

အိမ်မှာ ခြံဝင်းတစ်ခုတည်း၌ နှစ်အိမ်ဖြစ်နေသည်။ ခေါင်းရင်း အိမ်၌ တံခါးမကြီးကို ပိတ်ထားသော်လည်း ပြတင်းတံခါးများကို ဖွင့်ထား သည်။ ထိုတံခါးများမှ ဇီဝစိုးငှက်ကလေးများ အုပ်စုလိုက် ဝင်ချည် ထွက်ချည် ပြုနေသည်။

ဦးလေးနွယ်က ...

"ခေါင်းရင်းအိမ်က ငှက်သိုက်မွေးမြူရေးအိမ်ပေါ့။ သူတို့တွေ ရောက်လာတာနဲ့ ကျွန်တော်တို့လည်း ခြေရင်းအိမ်ပြောင်းပြီး နေကြရ တာ"

ဦးစောလေးက ...

"ငှက်ကလေးတွေက အလိုလို ရောက်လာတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့ . . . သူငယ်ချင်းရယ်၊ စီးပွားဖြစ်ချင်လို့ နတ်သိုးကြား တွေ မ,တာလားတော့မသိဘူး။ ကျွန်တော်တို့ ရန်ကုန်သွားပြီး ဘိုးဘွား ရိပ်သာမှာ အလှူလုပ်တာ တစ်ပတ်လောက်ကြာတယ်။ ပြန်လာတော့ သူတို့တွေ ရောက်နေကြပြီ။ အိမ်အတွင်းနံရံမှန်သမျှနဲ့ မျက်နှာကျက်ပါ မကျန် ငှက်သိုက်တွေဖွဲ့ထားတာ အပြည့်ပဲ။ ဒါကြောင့် ခြေရင်းအိမ်ကို အမြန်ဆောက်ပြီး ပြောင်းပေးရတာ။ ကဲပဲ . . . သူငယ်ချင်းရေ၊ တစ်လ တစ်ခါ သိန်းနဲ့ချီပြီးရတယ်"

"ဟန်ကျတာပေါ့။ ဒါနဲ့ ဒီအိမ်မျိုး ဒီမြို့မှာ ဘယ်နှအိမ်ရှိသလဲ"

"အရင်တုန်းကတော့ လေးငါးခြောက်အိမ်ပဲ။ သဘာဝအိမ်ရှိ တယ်။ အခုတော့ အိမ်အတုတွေ ရာနဲ့ချီပြီး ရှိနေကြပြီ"

"ဘယ်လို အိမ်အတုတွေလဲ . . . သူငယ်ချင်း"

"ဒီလို . . . စောလေးရေ၊ ကိုယ်တို့အိမ်က ငှက်ကလေးတွေ သဘာဝအလျောက် သူ့ဘာသာ ဝင်စွဲတဲ့အိမ်။ အိမ်အတုဆိုတာက အိမ် အစစ်တွေကို လာအသိုက်ဆောက်တဲ့ ဇီဝစိုးငှက်ကလေးတွေရဲ့ မာဂဓ အသံကို ကက်ဆက်နဲ့ဖမ်းပြီး ဖွင့်ပေးတော့ ငှက်ကလေးတွေ လာပြီး အသိုက်ဆောက်၊ စီးပွားရှာတဲ့အိမ် ရှင်းပြီလား"

"ဩော် . . . လူတွေ၊ သူတွေ စီးပွားရှာရာမှာ အတော်ဉာဏ် ကောင်းကြတာပဲနော်။ ဒါနဲ့ ငှက်ကလေးတွေက အသိုက်တစ်ခါဆောက် ပြီး နောက်တစ်ခါ ပြန်ဆောက်သေးတာပဲလား"

"ဆောက်တယ်။ သူတို့အသိုက် သူတို့နေရာမှာ မတွေ့တာနဲ့ ထပ်တလဲလဲ ပြန်ဆောက်တာပဲ သနားစရာလည်း ကောင်းပါတယ်။ တကယ်တော့ ငှက်သိုက်ဆိုတာဟာ ငှက်ကလေးတွေရဲ့အနှဖတ်။ ခဏ



www.burmeseclassic.com

www.burmeseclassic.com



ခဏပြန်ဆောက်ရတော့ တချို့ငှက်သိုက်တွေဆိုရင် သွေးမျှင်တန်းတွေ တောင် ပါလာတယ်။

အဲဒါဆိုရင် ငှက်သိုက်ခွာသူတွေဟာ အဲဒီငှက်သိုက်မျိုးကို မခွာတော့ဘဲ ချန်ထားရတယ်။ ငှက်သိုက်ပိုင်ရှင် ငှက်ကလေးဟာ မကြာခင် သေတော့မယ်လေ။ အဲဒီသွေးပါတဲ့ ငှက်သိုက်ကို လူမကြိုက်ဘူး။ ဈေးလည်း အနိမ့်ခံရတယ်။ အဖြူနဲ့အဝါမျိုးကပဲ ရောင်းတန်းဝင်ပြီး ဈေးကောင်းရတာ။ ပိုက်ဆံရပေမဲ့ ငရဲတော့ကြီးတာပေါ့ဗျာ"

ညဉ့် (၇) နာရီခန့်တွင် ညစာစားကြသည်။ အဘနှင့် ဦးစောလေးတို့ကတော့ ထန်းလျက်အိုး တွေ့နေကြသည်။ BLACK & WHITE အရက်ပုလင်းနှင့် ဖိမ်ကျနေကြသည်။ ကျွန်တော်နှင့်အစ်ကိုကြီးက ဟင်းခွက် (၁၀) မျိုးကျော်သဖြင့် နီးရာဟင်းခွက်ကိုသာ နှိုက်ကြရာ ဦးလေးနွယ်ဇနီးနှင့်သမီးက စားပွဲခုံပိုင်းကို လှည့်၍ ဟင်းခတ်ပေးကြသည်။ ဟင်းများမှာ ဟိုတယ်ကအတိုင်း အတော်စုံသည်။

ဟိုတယ်လက်ရာကိုလည်း မီပါသည်။ အတော်လည်း စားကောင်းသည်။ ရေသတ္တဝါဟင်းများက အများစုဖြစ်သည်။ ကြက်သား၊ ဝက်သား၊ ဆိတ်သားဟင်းများအပြင် အသုပ်အမျိုးမျိုးနှင့် လတ်ဆတ်သော ကျောက်ပုစွန်ဟင်းချိုမှာ အလွန်ခံတွင်းတွေ့ပါသည်။ နာမည်ကြီးသော မြိတ်ငါးမိသုပ်နှင့် တို့စရာများလည်း စားရပါသေးသည်။

ထမင်းစားပြီးတော့ အချိုပွဲစားရင်း ကျွန်တော်တို့ စားပွဲပြောင်းထိုင်ကြတော့ အဘတို့ဝိုင်း မပြီးသေးပါ။ ရင်းနှီးနေပြီဖြစ်သဖြင့် ဒေါ်ငုသဇင်နှင့် သမီးဒေလီယာက ကျွန်တော်တို့ဝိုင်းပြောင်း၍ ဧည့်ခံပြန်သည်။ ဒေလီယာလေးမှာ အပျိုပေါက်ကလေးဖြစ်သော်လည်း ငိုးမလှတစ်ယောက်၏ အလှတရားများဖြင့် ပြည့်စုံပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အသားဖြူဖြူ၊ အရပ်မြင့်မြင့်သွယ်သွယ်၊ ဆံပင်အလွန်ကောင်းပြီး မျက်ခုံး၊ မျက်လုံး နှာတံ၊ နှုတ်ခမ်းကအစ ပြည့်စုံစွာ လှနေသည်။ မြစ်မျိုးမှည့်မထင် အလှမျိုးကို ပိုင်ဆိုင်သည်ဖြစ်သည်။ အသံကလည်း လွင်ပြီး အလွန်သာယာသည်။ ကျွန်တော် ငြင်းစရာမရှိပါ။ အသက် (၁၈)နှစ်ခန့်အပျိုကြီးလုံးလုံး ဖြစ်လျှင်တော့ ပြောစရာလိုတော့မည်မဟုတ်ပါ။ တကယ်တမ်းစဉ်းစားကြည့်တော့ နှစ်ဖက်မိဘများ သဘောတူပြီး ကျွန်တော်တို့ချင်းလည်း မေတ္တာမျှပါက ပြည့်စုံသူ အချင်းချင်းဖြစ်သဖြင့် နေနှင့်လ ရွှေနှင့်မြဘဝသာယာသော အိမ်ထောင်ဘက်ကောင်းများ ဖြစ်ကြပါလိမ့်မည်။ ကျွန်တော်တို့ စားသောက်ပြီး ဟိုတယ်ပြန်တော့ ည (၁၀) နာရီ ထိုးလုပြီ။ ဦးလေးနွယ်က ကားဖြင့် လိုက်ပို့ပါသည်။ ဟိုတယ် ရောက်မှ ရေချိုးကြသည်။

ည ( ၁၁) နာရီခန့်မှ အိပ်ရာဝင်ခဲ့ကြရာ အစားကောင်းစားပြီး ယနေ့ စိတ်ချမ်းသာသဖြင့် လွန်စွာအိပ်ကောင်းသည်။ ကျွန်တော့် အိပ်မက် မက်ပြန်ရာ ယခင်ဘဝ ကျွန်တော့်တပည့် ဠုန်စမစ်က ဝမ်းမြောက် ဝမ်းသာကြိုဆိုသည်။ သူ့ဟန်အသွင်မှာ ယခင်ဘဝက အဝတ်အစား အတိုင်း ညှိုးငယ်နေရှာသည်။

ကျွန်တော်က ...

"ဠုန်စမစ်ရေ ...မင်း အနေအထိုင် ကောင်းရဲ့လား"

"မကောင်းဘူး ...ကပ္ပတိန်၊ ကပ္ပတိန်ပေးခဲ့တဲ့ ပစ္စည်းတွေ ကြောင့် ကျွန်တော် ဥစ္စာစောင့်ဖြစ်နေတယ်။ ဟိုကပ်သည်ကပ် ကပ်နေရတယ်။ စားရတာကတော့ ပင်လယ်ကမ်းစပ်မှာမို့ ပေါများပါတယ်။ ရေထဲနာဂူထဲမှာ ငမန်းတွေ အောင်းနေတယ်။ သတိထားပါ။ ရေထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာရပြီး သွေးမထွက်စေနဲ့။ ကျွန်းပေါ်ရောက်ရင် ကျွန်းကြီးအရှင်ကို အရက်၊ ကြက်ကြော်တွေနဲ့ ပူဇော်ပသပါ။ သူကအလွန်ဆိုးတယ်။ မြို့ခံတွေကို သူ အလိုမရှိဘူး။ အံနေအထိုင်အပြောအဆို ဆင်ခြင်နိုင်ပါ"

"ဒါနဲ့ နတ်ဆိုးကျွန်းလို့ ဘာကြောင့်ခေါ်ကြတာလဲ"

"နတ်ဆိုးကျိန်စာကျွန်းပါ။ သူတို့ဘဝပုံပြင်ကလည်း အလွန်စိတ်ဝင်စားဖို့ကောင်းပြီး သနားစရာလည်း ကောင်းပါတယ်။ သူတို့ဓာတ်လမ်းကို မြိတ်မြို့ခံလူဟောင်းတွေ သိကြပါတယ်"

"အဲဒီကျွန်းအရှင်ကြီးတို့က အရင်ဘဝ ဆလုံရေလုပ်သားမျိုးနွယ်စုခေါင်းဆောင်၊ လှေထဲမှာနေ၊ ရေထဲမှာ လှေအိမ်လုပ်ပြီး နေကြတော့ သူတို့ဘာသာဓာဝအတိုင်း ယာဇ်နတ်ကို ကိုးကွယ်တယ်။ ငါးရှာတယ်။ ပုလဲငုပ်တယ်။ ငှက်သိုက်ရှာ၊ သစ်မွှေးရှာပေါ့။ သူတို့ အဝတ်အစားမလိုပါဘူး။ အောက်ပိုင်းလုံရင် ပြီးတာပဲ။

ယောက်ျားက ပုဆိုးတိုတို၊ ဒါမှမဟုတ် ရေလုပ်ငန်းသုံး စကောင်းဘီကို ဝတ်ကြတယ်။ အမျိုးသမီးတွေကတော့ ထဘီရင်ရှားနဲ့ နေကြတာပဲ။ မြို့ပေါ်တက်ပြီး ရိက္ခာဝယ်၊ ရေထွက်ပစ္စည်းရောင်းမှ အပေါ်အင်္ကျီ ဝတ်ကြတာ။ သဘာဝအတိုင်း နေထာက်ကြတဲ့ လူမျိုးစုတွေပဲ။ အင်္ကျီမဝတ်ပေမဲ့ ဖျားခဲနာခဲတယ်"

"တစ်နေ့မှာတော့ အဖေလုပ်သူက ပုလဲငုပ်ရာက ရွှေရောင်ပုလဲတွေရပြီး သားလုပ်သူက အမဲလိုက်ရင်း ကျွန်းတစ်ကျွန်းမှာ သစ်မွှေးရသွားတယ်။ အဲဒါတွေကို မြို့ပေါ်တက်ရောင်းတော့ သိန်းဂဏန်းတွေကျော် ငွေကြေးတွေ ရသွားတယ်။

ဒါကို မြို့ခံလူဆိုး၊ လူမိုက်အဖွဲ့တစ်ဖွဲ့က သိသွားတော့ ညဘက်မှာ ဝင်လုဖို့ မော်တော်နဲ့ ပုလဲကျွန်းကို ဆင်းတဲ့အခါ မိသားစုဖခင်လုပ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဆလုံကြီးက သိလို့ လှေနဲ့အပြေး အခု နတ်ဆိုးကျိန်စာကျွန်းလို့ခေါ်တဲ့ ကျောက်ဆောင်ကျွန်းမှာမိပြီး လူအားလုံးသတ်၊ ပစ္စည်းလုပြီး ထွက်ပြေးသွားကြတယ်။

ဆလုံကြီးတို့ သားအမိသားအဖအနက် ဓနီးလုပ်သူနဲ့ သားက အသတ်ခံရလို့ သေပေမဲ့ ဆလုံခေါင်းဆောင်ကြီးက ချက်ချင်းမသေဘူး။ ဒါကြောင့် သူမသေခင် ကျိန်စာတိုက်ခဲ့တယ်။ စိတ်ယုတ်မာမွေးသူ၊ သူ့တစ်ပါးပစ္စည်း လုယက်သူ၊ သူ့ကို ပသပူဇော်ခြင်းမပြုဘဲ သူ့ကျွန်းကို ရောက်လာသူမှန်သမျှ အသေဆိုးနဲ့ သေပါစေလို့ ကျိန်စာတိုက်ခဲ့တာ။ ကျိန်စာကြောင့်လား၊ တိုက်ဆိုင်တာကြောင့်လားတော့ မသိဘူး။ အဲဒီ ကျွန်းကို ရောက်သူမှန်သမျှ ကံဆိုးသူ တစ်စုံတစ်ယောက်ကတော့ သေတာချည်းပဲ။

နတ်ဆိုးကျိန်စာကျွန်းမှာ ရတနာသိုက် ရှိတယ်ဆိုတာ။ လူပေါင်းအတော်များများ သိကြတယ်။ ဒါပေမဲ့ ဘယ်နေရာမှန်း မသိကြဘူး။ ကျွန်တော်တို့ ကပ္ပတိန်တို့က ကံကောင်းပြီး တွေ့ကြတာ။ ခွင့်တောင်းပြီး ခွင့်ပြုမှတူးပါ။ ခွင့်မပြုရင် စားစရာသောက်စရာ ပူဇော်တာနဲ့ လိုက်ခေါင်းအထဲက ဒေါ်သံကြားရမယ်။ အဲဒါဆိုရင် ပြန်လှည့်ခဲ့ပါ။ လောဘမကြီးပါနဲ့။

ကျွန်တော့်ကို မြှုပ်နှံထားတဲ့နေရာက ရတနာထုပ်ကိုလည်း ထုတ်ယူပါ။ ကောင်းမှုကုသိုလ်၊ အလှူအတန်းလုပ်ပြီး အမျှဝေပါ။ ဒါမှ ကျွန်တော်လည်း လွတ်လပ်သွားမယ်။ ကပ္ပတိန် လိုးဝမမေ့ပါနဲ့နော်။ ကျွန်တော်နေရတဲ့ ဘဝ ဆင်းရဲလှပါပြီ။ လွတ်ကင်းချမ်းသာရာဘဝကို သွားချင်လှပါပြီ ...ကပ္ပတိန်ရယ်"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



ကျွန်တော်တို့ အလှူကြီးလုပ်ရန် ရည်ရွယ်ထားသဖြင့် ကျွန်တော်လျှန်စမင်အား ကတိပေးလိုက်ပါသည်။ ကျွန်တော့်အိပ်မက်မှာ ရှည်လျားလှသဖြင့် မနက် (၆) နာရီထိုးခါနီးမှ ကျွန်တော်နိုးသည်။ အဘနှင့် ကိုစောလေးတို့က နိုးနေကြပါပြီ။ ကျွန်တော်တို့ ရေချိုး၊ အဝတ်အစားလဲပြီး BREAKFAST စားရန် အောက်ထပ်ဆင်းလာတော့ ဦးလေးနွယ်တို့ ဇနီးမောင်နှံ အထုပ်အပိုးများ ကားပေါ်တင်၍ ရောက်လာသည်။

"ကဲ ... အသင့်ပဲမဟုတ်လား။ BREAKFAST ကို ဟိုတယ်မှာ မစားနဲ့တော့ဗျို့။ မြိတ်မြို့က နာမည်ကြီးဆိုင်မှာ မြိတ်ကတ်ကြေးကိုက်နဲ့ လက်ဖက်ရည်သောက်ကြမယ်"

ကျွန်တော်က ညက အိပ်မက်ကို သတိရသဖြင့် ...

"ဦးလေးနွယ် ... ကျွန်းမှာ ပူဇော်ပသဖို့ အရက်တစ်လုံးနဲ့ ကြက်ကြော်တစ်ကောင် လိုချင်တယ်။ ညက သတိမရဘူး။ အခု မနက်မှ သတိရလို့ပါ"

"အရက်ကတော့ အသင့်ပါလာတယ်။ ကြက်ကြော်ပဲ ရှာရမှာပါ။ ရလောက်ပါတယ်။ ကျွန်တော်တို့ အခုသွားစားကြမဲ့ 'ရွှေအိုးကြီး' စားသောက်ဆိုင်က အကုန်ရနိုင်ပါတယ်။ အသင့်မရှိရင်လည်း ဆိုင်ရှင်က ကျွန်တော့်မိတ်ဆွေပဲ။ ချက်ချင်း ကြပ်နိုင်းပြီး ကြော်ခိုင်းပေးပါ့မယ်"

မြို့လယ်ခေါင်လမ်းမပေါ်မှ 'ရွှေအိုးကြီး' စားသောက်ဆိုင်သို့ ဝင်ကြသည်။ ကျွန်တော်တို့ စားပွဲ၌ထိုင်နေကြစဉ် ဦးလေးနွယ်က ဆိုင်အနောက်ဘက် ဝင်သွားပြီး ပြန်ထွက်လာသည်။

"ကြက်ကြော်က အသင့်တော့ မရှိဘူး။ ဒါပေမဲ့ အခုကြော်ခိုင်းလုပ်နေပါပြီ။ စားသောက်ပြီးတာနဲ့ ပူပူနွေးနွေး အတော်ပါပဲ ကျွန်တော်နှစ်ကောင်မှာခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မြိတ်ကတ်ကြေးကိုက်ဆိုသည်မှာ နန်းကြီးသုပ်၊ နန်းပြားသုပ်လို ဂျုံခေါက်ဆွဲမဟုတ်။ ဆန်ခေါက်ဆွဲအပြားဖြစ်ပြီး ကြက်သား၊ ဝက်သားဖြင့် သို့မဟုတ် ပင်လယ်စာဖြင့်လုပ်ထားခြင်းဖြစ်၍ အရသာတစ်မူထူးသည်။ လတ်ဆတ်သော ပင်လယ်စာများဖြစ်သဖြင့် လွန်စွာ စား၍ကောင်းသည်။ မော်တော်ဘုတ်ဖြင့် သွားမည်။ နေ့ချင်းပြန်ခရီး ဖြစ်သဖြင့် အဝတ်အစားအပိုများ ယူမလာခဲ့ကြပါ။ အသုံးအဆောင်ပစ္စည်း စားစရာသောက်စရာနှင့် ဆေးဝါးပစ္စည်းများ စုံလင်အောင် ပါရှိပါသည်။

ကျွန်တော်တို့ စားသောက်ဆိုင်မှ ကားလေးပြန့်ထွက်လာတော့ ကားကလေးအား ဦးလေးနွယ်ဇနီး ဒေါ်စုသဇင်က မောင်းသည်။ အပြန်တွင် ကားကလေးအား ပြန်ယူသွားနိုင်ရန်ဖြစ်ပါသည်။ ဆိပ်ကမ်းတံတားဝဲဘက်စွန်းတွင် မော်တော်ဘုတ် အဖြူတစ်စီးနှင့် မော်တော်ဘုတ်အနီတစ်စင်း ဆိုက်ကပ်ထားသည်။ အခြားစက်လှေကလေးများမှာ ပွဲထောင်စက်တပ်ထားသည်။ ကျွန်းများသို့ကူးသည့် ပွဲထောင်လှေများ ဖြစ်ကြပါသည်။

ဦးလေးနွယ်က ...

"ဒါတွေဟာ ကျွန်တော့်မော်တော်ဘုတ် နှစ်စီးပဲ။ အင်အားကောင်းတဲ့ ဂျွန်ဆင်အင်ဂျင် တပ်ထားတယ်။ လက်ကိုင်ခွေပါတော့ ပွဲထောင်စက်လှေလို မဟုတ်ဘူး။ ထိန်းသိမ်းရ လွယ်တယ်။ ကားမောင်းသလိုပါပဲ။ အဖြူရောင်မော်တော်ဘုတ်က ထင်းထင်းကြီး ဖြစ်နေတော့ အနီရောင်ဘုတ်နဲ့ သွားကြမယ်။ အနီရောင်က ညဘက်ကျရင် အရောင်ပျောက်သွားတယ်။ အဖြူရောင်လို အရောင်မပြန်ဘူး။

နောက်ပြီး ဒီကျွန်းတွေပေါ်မှာက ဆလုံလူမျိုးတွေချည်း ရှိတာမဟုတ်ဘူး။ ကျွန်တော်က ရန်ဂျုန်ညှိုသည်တွေလာလို့ ကျွန်းတွေပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာ အမဲလိုက်မယ်လို့ သတင်းလွှင့်ထားတယ်။ လိုရမည်ရ အကာအကွယ် အဖြစ် ဗိုင်း (၅၀၀) နှစ်လုံးပြူး သေနတ်ကြီး (၂) လက်လည်း ယူလာခဲ့ တယ်။

ဒီကျွန်းစု ပတ်လည်တစ်ဝိုက်မှာက ပုလဲရှာ၊ ငှက်သိုက်ရှာ၊ သစ်မွှေးရှာ၊ သောင်းကျန်းသူတွေနဲ့ ပင်လယ်ဓားပြတွေလည်း ကျက်စား သွားလာနေကြတယ်။ ဒါကြောင့် အားလုံး သတိရှိကြပါ။ တိုက်ပွဲဖြစ်ရင် တော့ လှေဝမ်းထဲသာ ဝပ်နေ၊ ကျွန်တော် အမြန်နှုန်းနဲ့ မောင်းပြေးမယ်။ အနီးကပ် ရင်ဆိုင်ရရင်တော့ သူ့ပစ်ကိုယ်ပစ်ပဲ၊ ယောကျ်ားတွေပဲ။ ဘာမှ မကြောက်ကြနဲ့။ နှစ်လုံးပြူးသေနတ်ဆိုတာ ကိုးလုံးကျည်နဲ့ စရိတ်ကျည် တွေ ထည့်ထားတယ်။ တစ်တောင့်ချင်းမဟုတ်လို့ အနီးကပ်တိုက်ပွဲ အတွက်တော့ အလွန်အားကိုးရတယ်''

''ဒါနဲ့ ဘယ်သူ သေနတ်ပစ်တတ်သလဲ''

ကျွန်တော်နှင့် အဘက လက်ထောင်ပြလိုက်သည်။

''မောင်သန်းနဲ့ စောလေးက မပစ်တတ်ဘူးလား။ ထရစ်ဂါကို တစ်မောင်းစီလက်ကုပ်ရင် ကျည်ဆန်ထွက်တာပဲ။ ခါးချိုးကျည်ခွံထုတ်၊ ကျည်တစ်တောင့်စီထည့်ပြီး မောင်းပြန်တင်ရုံနဲ့ နောက်တစ်ခါပစ်ရုံ အသင့်မောင်းတင်ပြီးသားပဲ မခက်ပါဘူး''

''ကဲ ... ဒီလိုလုပ်ရအောင် ... ဦးလေးနွယ်။ ကျွန်တော်က မော်တော်မောင်းမယ်။ ရေကြောင်းတော့ ကျွန်တော် မကျွမ်းဘူးနော် ပြောပြပါ။ ဦးလေးက ဒီနောက်အဖွဲ့ကို သေနတ်ပစ်သင်ပေးပါ''

''ငါ့တူတော်မောင် မောင်းတတ်ရဲ့လား''

''ရပါတယ် ...။ ကျွန်တော် အရင်ဘဝက ယွန်ဆင်စက်တပ်



www.burmeseclassic.com

www.burmeseclassic.com



ပါးဖမ်းသဘော် မောင်းလာတာပါ။ လက်နက်မျိုးစုံလည်း ကျွမ်းကျင်ပါတယ်"

"ဒါဆို အားကိုးရတာပေ့ါ။ လာ . . . ငါ့တူ၊ ဒရိုင်ဘာခန်းမှာထိုင်။ ဒီက တည့်တည့်မောင်း။ ဟိုးရှေ့က ကျွန်းကြီးကို လက်ဝဲဘက်ကွေ့မောင်း။ အဲဒါ ပတော်ပတာတ်ကျွန်းလို့ခေါ်တယ်။ ဘုရားကြီးက အလွန်တန်ခိုးကြီးတယ်။ ဆုတောင်းပြည့်တယ်။ ကျွန်းကြီးကိုလွန်ရင် အော်ထဲကို ရောက်မယ်။ အဲဒီကမှ အနောက်တောင်ဘက်စူးစူးသာ မောင်းပြီး ကျွန်းကြီးတစ်ကျွန်းတွေ့ရင် ကျော်ပြီး ညာဘက်ချိုး၊ နောက်ကျွန်းတစ်ကျွန်းကျော်ရင် ပုလဲကျွန်းကြီးရောက်ပြီ။ ရွာကြီးဆိပ်ကမ်းကို မဝင်နဲ့။ ကျော်ပြီး လက်ယာဘက် မောင်းမယ်။ အဲဒါဆိုရင် ဦးတို့သွားမဲ့ ကျောက်ဆောင်ကျွန်းခေါ် နတ်ဆိုးကျွန်းကို ရောက်ပြီ"

"ဟုတ်ကဲ့ . . . ဦးလေး။ ပုလဲကျွန်းရောက်ရင် ကျွန်တော် မှတ်မိပါပြီ"

ဦးလေးနွယ်၊ နောက်အဖွဲ့အား သေနတ်ပစ်နည်း။ ကျည်ထုတ်၊ ကျည်ထည့်နည်း သင်ပေးနေစဉ် ကျွန်တော် မော်တော်ကလေးအား စက်နှိုး၍ မောင်းထွက်ခဲ့ပါသည်။ စက်အင်အားကောင်း၍ မော်တော်ကလေးမှာ ရေပေါ်၌ ရှပ်ပြေးနေသည်။ မကြာမီ ကျွန်းကြီးတစ်ကျွန်းတွေ့၍ ကျော်ပြီး လက်ယာဘက်က ပတ်ခဲ့သည်။

အတော်ကြာတော့ ပိုမိုကြီးမားသော ကျွန်းကြီးတစ်ကျွန်းကို တွေ့ရသည်။ ပုလဲကျွန်းကြီးဖြစ်သည်။ ဆိပ်ကမ်းနှင့် ရွာကြီးမှာ အတော်စည်ကားနေသည်။ ကျွန်တော် ကျွန်းကြီးအား ကျော်ပြီး လက်ယာဘက်ကပ်မောင်းစဉ် ကျွန်တော်တို့ မကြာခဏ ပုလဲကျွန်းရွာကြီးနှင့် သွား

www.burmeseclassic.com

www.burmeseclassic.com



ကြသည့် ပင်လယ်ကမ်းစပ်သောင်ပြင်ကို မှတ်မိပါသည်။ ဒီရေကျချိန်ဖြစ်သဖြင့် သောင်ပြင်ကြီးမှာ အတော်ကျယ်နေသည်။

ချက်ချင်းပင် တပည့်ဖြစ်သူ ဂျွန်စမစ်ကို အမှတ်ရမိပြီး ညက အိပ်မက်ကိုလည်း ပြန်သတိရလာသည်။ ကျွန်းပေါ် ဒီရေမရောက်သောနေရာဖြစ်သဖြင့် အချိန်မရွေး တူးဖော်နိုင်သည်။ နတ်ဆိုးကျွန်းက ရေအောက်တွင် သောင်ခုံပါမြုပ်သဖြင့် နတ်ဆိုးကျွန်းကို အရင်ဦးစားပေးရမည်ဖြစ်သည်။

ကျွန်းပေါ် ကျွန်တော်တို့ စတည်းချခဲ့သောနေရာကို ခန့်မှန်းပြီး လှမ်းမျှော်ကြည့်မိတော့ မမှတ်မိတော့။ မြေပုံကို ပြန်ကြည့်ပြီး ရှာဖွေရလေတော့သည်။ ရေ့တစ်မိုင်ခန့်အကွာတွင် ကျောက်ဆောင်ကျွန်း အားထီးထီးကြီး မြင်ရသည်။ ကျောက်ဆောင်ကျွန်းခေါ် နတ်ဆိုးကျွန်းကတော့ ပြောင်းလဲခြင်း မရှိသေးပါ။ ဦးလေးနွယ်က ကျောက်ဆောင်ကျွန်းအား မှန်ပြောင်းဖြင့် လှမ်းကြည့်ပြီး ...

"ငါ့တူရေ ... မော်တော်ကို ကျွန်းတွေဘက်ကကြည့်ရင် မမြင်ရတဲ့နေရာ အနောက်ဘက်မှာရပ်၊ ကမ်းစပ်ကျောက်ဆောင်တွေကို သတိထား။ စက်ရှိန်လျှော့"

"ဟုတ်ကဲ့ ... ဦးလေး"

ဦးစောက ...

"ကျွန်တော်တို့ ဒီကျွန်းမှာ စခန်းချ၊ ညအိပ်မှာလား"

ကျွန်တော်က ဝင်၍ ...

"ဦးစော ... ဒီကျွန်းက စခန်းချ ညအိပ်လို့ရတာ မဟုတ်ဘူးဗျ။ အခု ရေကျနေလို့၊ ညနေ (၅) နာရီလောက် ရေတက်လာရင် ကျွန်းမျက်နှာပြင်ကို ဒီရေဖုံးလွှမ်းသွားတာ။ လူနေလို့ မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ဒီလိုလား။ ဒါကြောင့်လည်း ကျွန်းပေါ်မှာ သစ်ပင်တောင်မပေါက်တာကိုး။ ဒါဆို ကျွန်တော်တို့ အချိန်နဲ့ အမြန်လုပ်မှ ဖြစ်မှာပေါ့နော်"

"စောလေး ... သဘောပေါက်ပြီလားကွ။ သဘောပေါက်လို့ကြောက်ရင် အပေါ်မှာ လှေမစောင့်ကျန်ခဲ့။ ရေငုပ်ဝတ်စုံက (၄) စုံတည်း"

"ဟာ ... ဘယ်ဖြစ်မလဲ ဦးလေးရဲ့၊ ကျွန်တော်က လိုဏ်ခေါင်းထဲကို ဝင်ကြည့်ချင်တာ"

ကျွန်တော်က ဦးစောလေးနှင့် အဘ အငြင်းမပွားစေရန် ဝင်ပြောရတော့သည်။

"ဒီလိုလုပ်ရအောင်။ အဘနဲ့ ဦးစောလေး အားလုံးရောက်မှု ချင်လို့ လာကြတာပဲ။ တစ်လဲစီ ငုပ်ကြတာပေါ့ဗျာ မကောင်းဘူးလား"

"အေး ... အဲလိုလုပ်စမ်းပါ။ ငါ့မြေးက အလွန်တော်တယ်။ စောလေးဆိုတဲ့အကောင် အထာကို မကျဘူး"

ကျွန်တော်တို့ ကမ်းကပ်၍ မော်တော်ဘုတ်အား ကျောက်ဆောင်တွင် ကြိုးချည်ပြီး အသုံးအဆောင်ပစ္စည်းများ ကမ်းပေါ်သို့ ချကြသည်။

"ကဲ ... အဦးဆုံး လုပ်ရမဲ့အလုပ်ကတော့ ကျွန်းပိုင်ရှင်ကို ပူဇော်ပသ ခွင့်တောင်းဖို့ပဲ။ အဘက အသက်အကြီးဆုံးဆိုတော့ ဦးဆောင်လုပ်ပေးပါနော် အဘ"

"အေးပါ ... ငါ့မြေးရယ်"

အဘက ကျောက်ဆောင်ကျွန်းပေါ်ရှိ မျက်နှာပြင်ညီသော ကျောက်တုံးတစ်ခုပေါ်တွင် ကြက်ကြော်အား လင်ဗန်းဖြင့် ထည့်၍ အရက်ပုလင်းကိုဖောက်ခါ ဖန်ခွက်ထဲထည့်ပြီး ကျွန်းပိုင်ရှင်အား ပင့်ဖိတ်



www.burmeseclassic.com

www.burmeseclassic.com



ပူဇော်ပသပါသည်။ ကျွန်တော်တို့အားလုံးလည်း ဂါရဝပြုကြသည်။ ဦးလေးနွယ်ကလည်း လှုပ်ငန်းသုံးပစ္စည်းများအား အနီးတွင် စုပုံချထားသည်။

အဘက ...။

"ကျွန်းစောင့်အရှင်ကြီးခင်ဗျား ... ညီတော်တို့ ပဌာန်းဆက်ကြောင့် ရောက်လာခဲ့ကြပြန်ပါပြီ။ ရတနာပစ္စည်းများ ရှာဖွေရန် ခွင့်ပြုတော်မူပါ။ ရှာဖွေရာတွင်လည်း အန္တရာယ်ရှင်း၊ ဘေးကင်းအောင် စောင့်မ,တော်မူပါ"

"အရှင်ကြီးအတွက် အရက်နှင့် ကြက်ကြော်ကို ရိုသေစွာဆက်သပါသည်။ နှစ်မြိုက်စွာ သုံးဆောင်တော်မူပါ ... အရှင်ကြီးခင်ဗျား"

ကျွန်တော်တို့ ခေတ္တစောင့်ကြပြီး အဝတ်အစားများချွတ်၍ ရေငုပ်ဝတ်စုံများ လဲလှယ်ကြသည်။

ပထမအသုတ်က ကျွန်တော်ဦးဆောင်ပြီး ဦးလေးနွယ်၊ အစ်ကိုကြီးနှင့် ကိုစောလေးတို့ ရေထဲဆင်းကြသည်။ အဘက ကုန်းပေါ်တွင် အစောင့်။ နှစ်လုံးပြူးသေနတ်ကြီးနှစ်လက်ကို မောင်းတင်ပြီး ဘေးတွင်ချထားသည်။

"မြန်မြန်ပြန်လာကြကွာ။ ငါလည်း ဆင်းချင်လှပြီ"

"အနည်းဆုံး နာရီဝက်တော့ကြာမယ် ... အဘရေ၊ နားနားနေနေ စောင့်ပါဦး။ ပတ်ဝန်းကျင်ကိုလည်း သတိမလွတ်စေနဲ့"

"စိတ်ချစမ်းပါ ... လူကလေးရယ်၊ အဘက စန္ဒရီလို သေနတ်ထမ်းပြီး ကင်းပတ်နေမှာပါ။ လူကလေးတို့ပဲ အန္တရာယ်ကင်းအောင် သတိထားကြပါ"

ထိုစဉ် ဦးစောလေးနှင့် ဦးလေးနွယ်က ...



www.burmeseclassic.com

www.burmeseclassic.com



"မပူပါနဲ့ . . . ဦးလေးရယ်၊ ဒီမှာ ရေအောက်ပစ်မိုန်း။ သေနတ်နဲ့ ဓားမြှောင်ကိုယ်စီပါ ပါတယ်။ စိတ်ချစမ်းပါဗျာ"

ကျွန်တော်တို့ ရေထဲဆင်းခဲ့ကြသည်။ အနောက်ဘက်အပိုင်းဖြစ်သဖြင့် ထောင်ထွတ်ကြီးအရိပ်ကြောင့် ပင်လယ်ရေမှာ အလွန်အေးမြနေသည်။ ကမ်းနှင့်ဝေးပြီး သန္တာကျောက်တန်းများကြောင့် ပင်လယ်ရေမှာ နက်ရှိုင်းပြီး အပြာရောင်ကြည်လင်နေသဖြင့် ရေအောက်ပတ်ဝန်းကျင်ရှုခင်းကို ရှင်းလင်းစွာ မြင်နေရသည်။

ကျောက်ဆောင်ကျွန်းနှင့်အကြား-ပင်လယ်ဘက်၌ ရေအောက်၊ ကျောက်တန်းကြီးရှိသဖြင့် ကျောက်ဆောင်တန်းကြီးအပေါ်၌ ပေါက်ရောက်နေသော ကျောက်ပွင့်ကျောက်ခက်များနှင့် ရောင်စုံငါးမျိုးစုံအား လှပစွာ မြင်ရသည်။ ပင်လယ်သတ္တဝါများအတွက် ရေအောက်ကမ္ဘာကလေး ဖြစ်ပါသည်။

ကျွန်တော်တို့ (၁၀)ပေကျော် ရေငုပ်ပြီး ကျွန်တော်က ဦးဆောင်သည်။ ယခုအချိန်ထိတော့ အန္တရာယ်ပေးမည့် ရေသတ္တဝါကြီးများကို မမြင်ရပါ။ ရေအောက်တိုင်းပြည်ကလေးက အလွန်သာယာအေးချမ်းနေသည်။

(၁၅) ပေခန့်အနက်တွင် ကျောက်ဆောင်ကျွန်း၏ ရေအောက်လိုဏ်ခေါင်းဘဝကို တွေ့ရသဖြင့် ကျွန်တော်က ရေအောက်သုံး ဓာတ်မီးဖြင့် ထိုးကြည့်သည်။ လိုဏ်ခေါင်းအတွင်း၌ ငါးလေးအုပ်မှလွဲ၍ သားကောင်ငါးကြီးများ မရှိပါ။ ရှင်းလင်းသဖြင့် ကျွန်တော်က ဦးဆောင်ပြီး ဝင်ရောက်၍ ဝင်သည်။

ရေအောက်လိုဏ်ခေါင်းမှာ အတော်ကျယ်သည်။ နှစ်ယောက်ရင်ဘောင်တန်းဝင်၍ ရသဖြင့် ဦးစောလေးက ကျွန်တော်နှင့် ပူးတောင်



www.burmeseclassic.com

www.burmeseclassic.com



တန်း၍ လိုက်လာသည်။ အနောက်ဘက်တွင် အစ်ကိုကြီးအား ဦးလေးနွယ်က ခေါင်ခေါ်လာသည်။

ယခုမှ သတိထားမိသည်မှာ ရေအောက်ဂူနံရံတွင် ရွှေရောင်ကမာကောင်များ ပြွတ်ခဲစွာ တွယ်ကပ်နေကြခြင်းဖြစ်သည်။ ကျွန်တော်က ယက်ပြီး ကမာကောင်တစ်ကောင်စီ ခွာနိုင်းသည်။ မြိတ်မြို့သား ဦးလေးနွယ်က တစ်ခဏအတွင်း ကမာကောင်ထစ်ကောင်မက လေးငါးကောင်ခွာနိုင်သည်။

ကျွန်တော်တို့ ဂူရေအောက်လိုဏ်ခေါင်းမှ အပေါ်သို့ တဖြည်းဖြည်းတက်လာကြရာ ပထမအဆင့်နှင့် ဒုတိယဆင့်တို့အား ကျော်လွန်ပြီး အလင်းရောင်ပျပျမြင်နေရသော တတိယအဆင့်အပေါ်သို့ ထိုးတက်လိုက်တော့ တတိယအပေါ်ထပ်တွင် လေဟာနယ်ဂူခန်းမကြီးအတွင်းသို့ ရောက်ရှိသွားသည်။ ဂူအတွင်း ရေမျက်နှာပြင်အပေါ်သို့ ရောက်ခြင်းဖြစ်သည်။ ဂူအတွင်း၌ အလင်းရောင်က ဝင်နေသည်။ မျက်နှာဖုံးကို ချွတ်လိုက်သည်နှင့် ငှက်ချေးနံ့များက ထောင်းထောင်းထနေသည်။

"ကဲ . . . ဦးလေးနွယ်၊ ဟောဟိုနံရံတွေနဲ့ မျက်နှာကျက်တွေပေါ်မှာ သဘာဝငှက်သိုက်တွေပဲ။ ဂူနံရံက ရွှေတုံးရွှေခဲတွေ၊ အခု ကျွန်တော်တို့ ခွာယူလာတာတွေက ရွှေပုလဲထွက်တဲ့ ကမာကောင်တွေ၊ ခွဲကြည့်ကြပါဦး"

အားလုံးကိုယ်စီပါလာသည့် ကမာကောင်ကြီးများအား အသင့်ယူဆောင်လာကြသည့် တူကလေး၊ ဆောက်ကလေးများဖြင့် ခွဲကြည့်ကြရာ ကိုယ်စီ ရွှေပုလဲများရကြသည်။ ဦးစောလေးမှာ အလွန် အားရဝမ်းသာစွာဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"စောလေးရေ ... ငါတို့တတွေ ရတနာသိုက်ကြီးပဲ ရောက်ပြီကွနော်"

"ဟုတ်ပါ့ ... သူငယ်ချင်းရယ်၊ ဝမ်းသာလိုက်တာ အလွန်ပဲ"

"ကဲ ... ဦးစော၊ ဟိုမှာ ကျွန်တော်ချွာထားတဲ့ ဂူနံရံ ဆောက်ကလေးနဲ့ တူးကြည့်ပါဦး"

ကျွန်တော်က ပြောရာ ...

ဦးစောက တူးကြည့်သဖြင့် ရွှေတုံးများ ထွက်ကျလာသည်။ အားလုံး ဝိုင်းတူးကြသည်။

ဦးလေးနွယ်က ...

"မောင်ဘိုနီရေ ... ရွှေစစ်ရဲ့လားကွယ့်"

"အစစ်တွေပဲ ... ဦးလေးရေ၊ အပေါ်ခွံက ယိပ်သဲကျောက်နဲ့ ရောနေပေမဲ့ အထဲက ရွှေသားအတိပဲ။ အရောအနှောတောင် မပါဘူး။ ကျွန်တော် ရန်ကုန်မှာ စစ်ဆေးပြီးပြီ။ အခေါက်ရွှေတွေပဲ။ ကဲ ... နိုင်သလောက် တူးကြမယ်။ ပြီးရင် ရွှေပုလဲငုပ်ရဦးမယ်။ ကြာကြာနေလို့ မဖြစ်ဘူး။ ကျွန်းပေါ်က အဘ စိတ်ပူနေလိမ့်ဦးမယ်။ သွက်သွက်လုပ်ကြပါ"

"မောင်ဘိုနီရေ ... ငှက်သိုက်တွေရော ခွာချင်တာကွာ"

"ဦးလေးနွယ် ... ငှက်သိုက်ထက် ရွှေက ပိုတန်ဖိုးကြီးမားပါတယ်။ သေးမဲ့ပေးလိုက်စမ်းပါဗျာ"

"အေး ... အေး ... ဟုတ်သားပဲ။ ငှက်သိုက်မြင်တော့လည်း မနေနိုင်ဘူးဟေ့။ ဝါသနာပေါ့ကွာ ... ဟား ... ဟား ... ဟား ..."

"ကဲ ... ကျွန်တော်တို့ တစ်နာရီပြည့်တော့မယ်။ အသက်ရှူ နေလောက်ပြီ။ ဦးလေးတို့နှစ်ယောက် နေခဲ့ကြပါ။ အံလုပ်သက်သုပ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နဲ့ အစ်ကိုကြီး ရွှေတုံးတွေ နိုင်သလောက်သယ်ပြီး အပေါ်ပြန်တက်မယ်။ နောက်တစ်ခေါက် အဘကို ခေါ်လာခဲ့မယ်"

ကျွန်တော် အစ်ကိုကြီးကိုခေါ်၍ ပုလဲငုပ်၊ ကမာကောင်ထည့်သော ခြင်းကြားအိတ်များထဲ ရွှေတုံးတွေ နိုင်သလောက်ထည့်၍ ရေပေါ်ပြန်တက်ခဲ့ကြသည်။ ရွှေတုံးများမှာ ရေထဲတွင်တော့ အလေးချိန်မစီးသော်လည်း ရေပေါ်ပြန်ရောက်တော့ အတော်အလေးချိန်စီးသည်။ အဘကို ခေါ်၍ ဆွဲတင်နိုင်းရသည်။

ခြင်းကြားအိတ်တစ်အိတ်စီတွင် (၅) ပိဿာခန့် လေးပေလိမ့်မည်။ အဘကလည်း အလွန်ပါးသည်။ ရွှေတုံးများအား ကျောက်ဆောင်တောင်ထွတ်ကြီး အခြေကပ်၍ သဲကျင်းတူးကာ ခြေရာလက်ရာမပျက်မြှုပ်ထားလိုက်ပါသည်။ အကယ်၍ ရန်သူနှင့်တွေ့လျှင် လုံခြုံစေရန်ဖြစ်ပါသည်။

"ကဲ ...အစ်ကိုကြီး နားတော့။ ဒီတစ်ခါ အဘအလှည့်။ ရတနာ့ရေအောက်ဂူကြီးကို ခေါ်သွားမယ်။ အလွန်သာယာလှပတဲ့ ရေအောက်ကမ္ဘာကြီး"

"အစ်ကိုကြီး ... ပတ်ဝန်းကျင်ကို သတိထားနော်။ ဒီကျွန်းက မြွေလည်း ပေါတယ်။ နတ်ကြီးတယ်။ ကျွန်းပေါ်မှာ အပေါ့အလေးမသွားမိစေနဲ့။ အောင့်ထားနော်"

"အေးပါကွာ ...ငါ ရေအောက်မှာကတည်းက မအောင့်နိုင်လို့ စွန့်ခဲ့ပြီးပါပြီ။ စိတ်ချစမ်းပါကွာ"

အဘနှင့် ကျွန်တော် ရေအောက်ငုပ်ခဲ့ကြပြန်သည်။ ဤတစ်ခါတော့ ရေအောက်ကမ္ဘာတွင် ငါးအုပ်များကို မတွေ့ရ။ ရွှေငါးကလေးအချို့သာရှိသည်။ ကျွန်တော်၏ ယခင်ဘဝက သဘော်သားအပေါင်းအကြံအရ



www.burmeseclassic.com

www.burmeseclassic.com



ငမန်းနှင့် သားစားငါးကြီးများ ရောက်နေပြီဖြစ်ကြောင်း ရိပ်မိသိရှိသဖြင့် အဘအား အချက်ပြပြီး ရေအောက်ဥမင်လိုဏ်ခေါင်းကို အလျင်အမြန် ကူးခဲ့ကြပါသည်။ ငါးကြီးများ အရိပ်အယောင်မမြင်ရသော်လည်း ရောက်ရှိနေပြီမှာ သေချာပါသည်။

တော်ပါသေးသည်။ ရေအောက်လိုဏ်ခေါင်းအတွင်း၌လည်း ငါးကြီးများကို မတွေ့ရပါ။ ကျွန်တော်နှင့် အဘ လိုဏ်ခေါင်းအတွင်း ရေပေါ်ပြန်ရောက်တော့ ဦးစောလေးနှင့် ဦးလေးနွယ်တူးထားသော ရွှေတုံးများမှာ (၁၀) ပိဿာမက ရှိနေပါပြီ။

"ကဲ . . . ဦးလေးတို့နှစ်ယောက် ရွှေတူးတာ ရပ်တော့။ အဘ ဆက်တူးလိမ့်မယ်။ ဦးလေးတို့က ရွှေပုလဲ ငုပ်ကြဦး။ ရွှေပုလဲက ရွှေ့တုံး ထက် တန်ဖိုးကြီးတယ်"

"အေး . . . အေး . . . မောင်ဘိုနီ . . ."

အဘက ကျွန်တော်တို့ စကားပြောနေစဉ် ဂူအတွင်း လှည့်ပတ်ကြည့်နေသည်။

"ဟာ . . . အလင်းရောင်က ခေါင်မိုးက လာတာပဲကွ။ တိုမှာ ငှက်ကလေးတွေ အဝင်အထွက် လုပ်နေတယ်။ ဟာ . . . ဒီမှာလည်း ငှက်သိုက်တွေ အများကြီးပါလား။ ဇီဝဖိုးငှက်ကလေးတွေဆိုတာ ပျံလွှား ငှက်ကလေးတွေနဲ့ တူတယ်နော်။ ဟော့ဟိုခေါင်မိုးက အကောင်လေး တွေက ဘာကောင်လေးတွေလဲ"

"အဲဒါ လင်းနို့တွေ . . . အဘ၊ အောက်က လင်းနို့ချေးပုံကြီး ယမ်းစိမ်းပါတော့ ဆေးလိပ်သောက်လို့ မရဘူးနော်"

"အေးပါ . . . လူကလေးရယ်။ အဘလည်း ရေစိုမှာစိုးလို့ မီး ခြစ်တောင် ယူမလာပါဘူး။ ကဲ . . . အဘက ရွှေဆက်တူးတော့မယ်။



www.burmeseclassic.com

www.burmeseclassic.com



တကယ့်အဖိုးတန်တဲ့ ရှားပါးဂူကြီးပါလားဟေ့။ ငါ့မြေးအလှူကိုတော့ အကြီးအကျယ် လုပ်ရတော့မှာပဲ”

အဘ ရွှေတူးနေစဉ် ကျွန်တော် ဂူကြီးအတွင်း လှည့်ပတ်ကြည့်ရှုသည်။ ခန်းမကြီးတစ်ဖက်တွင်လည်း ဂူအခန်းအသွယ်သွယ် ရှိသေးသည်။ အလင်းရောင်နှင့် လေဝင်ပေါက်ရှိသော ဂူခန်းမကျယ်ကြီး၌ ငှက်ချေးနံ့ နံသော်လည်း အသက်ရှူရသေးသည်။

အလင်းရောင်နည်းသော ဂူကလေးများထဲတွင်တော့ အောက်သိုးသိုးငှက်ချေးနံ့အပြင် ယမ်းစိမ်းနံ့က မွှန်ထူနေသဖြင့် အသက်ရှူမဝပါ။ ထို့ကြောင့် နောက်ကြောင်းပြန်လှည့်ပြီး အဘရွှေတူးသည်ကို ဝိုင်းကူရသည်။ ကျွန်တော် ဂူအတွင်းလှည့်ပတ်ကြည့်နေစဉ် ဦးစောလေးတို့က ကမာကောင်တစ်အိတ်စီ လာပို့သွားပြီးဖြစ်သည်။

ဤဂူကြီးမှာ ရေအောက်လိုဏ်ခေါင်းမှ ဝင်ရသဖြင့် လူသူအရောက်အပေါက် ရှိဟန်မတူပါ။ နတ်ဆိုးကျိန်စာကျွန်းဟူသော အမည်ကြောင့်လည်း ပုလဲငုတ်သမားများ၊ ငါးရှာသူများ လာရဲကြဟန်မတူ။ ဒီရေတက်လျှင် ကျွန်းပေါ်ရေမြုပ်သဖြင့် စတည်းချကြရန်လည်း မဖြစ်နိုင်ပါ။ ကျွန်တော် အတွေးကောင်းနေစဉ် ဦးစောနှင့် ဦးလေးနွယ်တို့ ရေထဲမှ အလျင်အမြန် ပြန်တက်လာကြသည်။

“မောင်ဘိုနီရေ ... အခြေအနေက မကောင်းဘူးကွ။ လိုဏ်ခေါင်းအဝမှာ မဲမဲမဲမဲနဲ့ အရိပ်တွေ မြင်ရတယ်”

“ဟုတ်တယ် ... ဦးလေးနွယ်၊ ကျွန်တော်တို့ ပြန်ဝင်လာကတည်းက ရေအောက်မှာ ငါးအုပ်ကြီး မမြင်ရတော့ဘူး။ အသားစားရေသတ္တဝါကြီးတွေနဲ့ ငါးမန်းတွေ ရောက်နေပြီထင်တယ်။ အပြန်တော့ အတော်သတိထားရလိမ့်မယ်”



www.burmeseclassic.com

www.burmeseclassic.com



"ရေတက်ချိန်တော့ လိုပါသေးတယ်။ နေ့လယ်မွန်းတည့်ချိန်တော့ ရောက်ပြီထင်တယ်။ ဗိုက်က ဆာလာပြီကွ"

"ဒါဆို ပြန်တက်ကြတာပေါ့ ... ဦးလေး။ ရတနာတွေလည်း အတော်ရနေပြီပဲ။ လောဘကြီးတိုင်းလည်း မကောင်းပါဘူး"

"အေး ... ဟုတ်တယ်၊ နိုင်သလောက်သယ်ပြီး ပြန်တက်ကြစို့နော်"

"ကဲ ... အဘ တော်ပြီ။ ရေပေါ် ပြန်တက်ကြစို့။ ဗိုက်လည်း အတော်ဆာလာပြီ"

"အေးပါကွ ... ခဏကလေးပါ။ ဒီအတုံးကြီးက ကြီးလွန်းလို့ နည်းတူးနေရတယ်"

ကျွန်တော်တို့ ပိုင်းတူးပေးကြတော့ (၁၀) ပိဿာခန့်ရွှေတုံးကြီး နံရံမှ ထွက်ကျလာသည်။

ကျွန်တော်က ရွှေရောင်ကမာကောင်များအား ခြင်းကြားအိတ်ကြီးထဲထည့်၍ သယ်သည်။ ဦးစောလေး၊ ဦးလေးနွယ်တို့က ရွှေတုံးများအား အိတ်များထဲထည့်၍ သယ်သည်။ အဘက နောက်ဆုံးရရှိသည့် ရွှေတုံးကြီးအား အိတ်ကြီးအတွင်းထည့်၍ မနိုင်မနင်းသယ်သည်။

အပြန်ခရီးတွင် ကျွန်တော်က ရှေ့ဆုံးက၊ အလယ်က ဦးစောလေးနှင့် ဦးလေးနွယ်က ရွှေအိတ်တစ်ဖက်။ မှိန်းသေနတ် တစ်ဖက်စီနှင့်။ အဘကတော့ ရွှေတုံးအိတ်ကြီးဖြင့် နောက်ဆုံးက။ ကျွန်တော် ရှေ့က မီးထိုးပြီး လမ်းရှင်းသည်။ ငါးမန်းများ၊ သားစားငါးကြီးများကို မမြင်ရပါ။ သို့သော် ငါးအုပ်ကြီးများကို မမြင်ရ။ အသားစားငါးကြီးများ ဘယ်ရှောင်တိမ်းနေသည်မသိ။ ကျွန်တော်တို့ ချောင်ပေါ်သို့ ဘေးကင်းစွာ ပြန်ရောက်ခဲ့ပါသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကမ်းပေါ်သို့ အရင်တက်ရာ အစ်ကိုကြီးက လှမ်းဆွဲတင်သည်။ ကျွန်တော်နှင့် အစ်ကိုကြီးဦးစောလေးနှင့် ဦးလေးနွယ်တို့ ရွှေတုံးအိတ်များအား လှမ်းဆွဲယူစဉ် နောက်ဆုံးမှ ရွှေတုံးအိတ်ကြီးဖြင့် ပေါ်လာသော အဘ၏အော်သံကို ကြားရသည်။

"အား ... အောင်မယ်လေး၊ လုပ်ကြပါဦး။ ငါ့ခြေထောက်ကို ကိုက်ထားတယ်"

ချက်ချင်းပင် ဦးလေးနွယ်က ရေငုပ်သွားပြီး မိုန်းသေနတ်ဖြင့် ပစ်သည်။ ဦးစောက အဘအား တွဲခေါ်၍ ကူးခဲ့သည်။ ငါးမန်းကြီးမှာ အဘခြေထောက်ကို ကိုက်ထားရာမှ ခေါင်းကြီးပေါ်လာရာ ဦးစောက အနီးကပ်တေ့၍ မိုန်းသေနတ်ဖြင့် ပစ်သည်။ ဦးလေးနွယ် ပြန်ပေါ်လာပြီး—

"မြန်မြန်တက် အဘ၊ သွေးညှီနံ့ရတော့ ငါးမန်းတွေ ဝိုင်းလာလိမ့်မယ်"

ငါးမန်းကြီး ရေအောက်မြုပ်သွားတော့ ရေထဲတွင် သွေးချောင်းများ လွှမ်းသွားသည်။ အဘအား ကျွန်တော်တို့ညီအစ်ကို ဆွဲတင်သလို ဦးလေးနှစ်ယောက်ကလည်း တွန်းတင်ပေးကြသည်။ တစ်ပြိုင်တည်း ဦးလေးတို့ ကုန်းပေါ်ရောက်သည်နှင့် ငါးမန်းအုပ်ကြီး ရေပြင်ပေါ် ခေါင်းဖော်လာပြီး အစာကို လုစားကြသည်။

သူတို့လုစားသော အစာမှာ လူ့ခြေထောက်ကြီးတစ်ဖက် ကြည့်တော့ အဘတွင် ဘယ်ခြေဖူးဆစ်မှ ပြတ်နေပြီး သွေးများ စိမ့်ထွက်သည်။ အဘမှ မျက်စိမှိတ်၍ မိန်းနေသော်လည်း သွေးပူနေသဖြင့် နာဟန်မတူ။ ကျွန်တော်တို့ ရေငုပ်ဝတ်စုံကိုပင် မလဲနိုင်ကြတော့ဘဲ အရှေ့ပေါ် ဆေးသေတ္တာယူ၍ ပြုစုကြရတော့သည်။ ဆေးမှူးလုပ်ခဲ့ဖူးသော

www.burmeseclassic.com



ဦးလေးနွယ်က အလွန် ကျွမ်းကျင်ပါသည်။ သွေးတိတ်ဆေးထိုးပေးပြီး ဒဏ်ရာကို ဆေးထည့်၍ ပတ်တီးစည်းပေးသည်။ အဘက အခုမှ ညည်း ညူသံ ထွက်လာသည်။

အဘက ညည်းညူရင်း ...

"ငါ ဘာဖြစ်သွားတာလဲ ... စောလေး"

"ဦးလေး ... ငါးမန်းကိုက်လို့ ဒဏ်ရာရသွားတာပါ"

ထိုအခါမှ အဘက မျက်စိဖွင့်ကြည့်ပြီး ...

"ဩော် ... ငါ့ခြေထောက်တစ်ဖက် ပါသွားတာကိုး။ တော်ပါ သေးရဲ့။ ငါ့မြေးအလှူကြီးအတွက် မွှေတုံးကြီး သယ်လာနိုင်သေးလို့"

"စောလေး ... ငါ့ကို အရက်တစ်ခွက်တိုက်စမ်းကွာ"

"ရမယ် ... ဦးလေး၊ ခဏစောင့်"

ကိုစောလေးမှာ လွန်စွာ ဒေါကန်သွားပြီး ...

"ငါတို့က အန္တရာယ်ကင်းအောင် အရှိအသေပြုပြီး ပူဇော် တယ်။ ကျွန်းစောင့်က အကာအကွယ်မပေးဘူး။ အလကားပဲ. လာစမ်း ကွာ"

ဟုပြောဆိုကာ နတ်ဆိုးကျိန်စာကျွန်းအစောင့်အား ပူဇော်ထား သည့် အရက်နှင့် ကြက်ကြော်ကိုယူ၍ အဘအား အရင်ဦးချကျွေးပြီး အရက်ပုလင်းကိုလည်း ဖောက်၍တိုက်သည်။ သူကိုယ်တိုင်လည်း ကြက် ကြော်ကိုစား၍ ရေပင်မရောဘဲ ပုလင်းလိုက် မော့သောက်သည်။

ထိုစဉ် ဒီရေတက်လာသော လှိုင်းသံကို ကြားရသည်။ ဦးလေး နွယ်က ...

"ဟ .... ဘယ့်နှယ်၊ ညနေ (၅) နာရီတောင် မထိုးသေး ဒီရေတက်တာ မြန်လှချည်လား။ ကဲ ... ဟော့ ... ဘုတ်ပေါ်ရောက်မှ



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်စာ စားကြမယ်။ မကြာခင် ဒီကျွန်းရေမြုပ်တော့မှာ။ အဘကို လည်း မြိတ်ဆေးရုံ အမြန်တင်မှဖြစ်မယ်။ သွားကြစို့ဟေ့"

ကျွန်တော်တို့ ကသုတ်ကရက် စက်လှေပေါ်တက်ပြီး အလျင် အမြန် မောင်းထွက်ခဲ့ပါသည်။ နတ်ဆိုးကျိန်စာကျွန်းကို လွန်ခဲ့ပြီး ပုလဲ ကျွန်းကြီးနားရောက်တော့ လှိုင်းလေက ငြိမ်နေသည်။ အချိန်က မွန်းလွဲ (၁) နာရီခန့်သာ ရှိပါသေးသည်။

နတ်ဆိုးကျိန်စာကျွန်း၏ ထူးဆန်းသော အဖြစ်အပျက်ဖြစ်ပါ သည်။ လူကြမ်းတော့ နတ်ကြမ်းမခံနိုင်ဆိုသလို ဦးစောလေးတော့ ဘာ မှုမဖြစ်ပါ။ ကောင်းကင်ကြီးက ပြာလဲ့လဲ့ကြည်လင်နေသလို ပင်လယ်ပြင် မှာ လှိုင်းကြက်ခွပ်ကလေးများသာရှိပါသည်။ ပင်လယ်ဒီရေလည်း မတက် သေးပါ။ နတ်ဆိုးကျိန်စာကျွန်းတစ်ပိုက်တွင် ထူးဆန်းစွာ ဖြစ်ပျက်ခဲ့ခြင်း ဖြစ်သည်။

ထိုစဉ် ကိုစောလေးက သတိရဟန်ဖြင့် ...

"နီတွက်ရေ .. မင်းတပည့်နဲ့ မင်းတို့ စတည်းချခဲ့တဲ့နေရာ ဘယ်နားမှာလဲကွ"

"လက်ဝဲဘက်ကမ်းစပ်၊ ဟိုးက တောင်ခြေအနားမှာ ဦးလေး။ ဒီနေ့တော့ အဘဒဏ်ရာကြောင့် မဝင်နိုင်တော့ဘူး။ မနက်ဖြန်မှ တစ် ခေါက်လာကြတာပေါ့"

အပြန်ခရီး စက်လှေမောင်းနေသော ဦးလေးနွယ်က ...

"အဲဒါ ကောင်းပါတယ်။ ကျွန်းကြီးပေါ်မှာ ဘာအန္တရာယ်မှ မရှိနိုင်ဘူး။ ရေငုပ်စရာလည်း မလိုဘူး။ မနက်ဖြန် နေရာရှာ၊ ကျောင်းတူး ပစ္စည်းယူ ဖြန်ရုံပဲ"



www.burmeseclassic.com

www.burmeseclassic.com



"စောလေးရေ ... ရွှေတုံးတွေကို ငါဆောင်လာခဲ့တဲ့ ဝီနံအိတ်တွေထဲ ထည့်ကွာ။ သေနတ်တွေကိုလည်း ဖုံးထားလိုက်၊ ပုလဲကျွန်းကြီးနဲ့ နီးနေပြီ။ ငါ့အသိတွေနဲ့တွေ့ရင် စပ်စုနေမှာ စိုးလို့ပော့"

အပြန်ခရီးကို မော်တော်အမြန်မောင်း၍ မကြာမီ မြိတ်ဆိပ်ကမ်းသို့ ရောက်သည်။ တော်ပါသေးသည်။ ဦးလေးနွယ်ဖနီးက စိတ်ပူဟန်ဖြင့် ကမ်းပါးပေါ်၌ ကြိုရောက်နေသည်။ ကျွန်တော်တို့ အဘအား ချီပိုးပြီး ကားပေါ်တင်တော့မှ ...

"အလို ... ဘယ်လိုဖြစ်ကြတာလဲ။ မထိတ်သာမလန့်သာ"

"အိမ်ရောက်မှ အကြောင်းစုံပြောပြမယ် ... အန်တီရေ"

အဘအား ကားပေါ်တွင် နေရာချထားပြီး ကျွန်တော်နှင့် အစ်ကိုကြီး ဘုတ်လေ့ပေါ်ဆင်း၍ ပစ္စည်းများနှင့်ရွှေတုံးများကို ဝိုင်းသယ်ရသေးသည်။ ဦးလေးနွယ်မှာ မြိတ်မြို့သားဖြစ်၍ အပေါင်းအသင်းက များသည်။ လှေဆိပ်၌ ဘာတွေပြောနေသည်မသိ။ ကျွန်တော်၊ အစ်ကိုကြီးနှင့် ဦးလေးစောတို့နှစ်ခေါက်သယ်မှ ပစ္စည်းများကုန်သည်။

ပစ္စည်းများအား ဦးလေးနွယ်တို့အိမ်တွင် ချထားခဲ့ပြီး ကျွန်တော်တို့ ကားလေးဖြင့် အဘအား မြိတ်ဆေးရုံကြီးသို့ ပို့သည်။ မြိတ်မြို့သား ဦးလေးနွယ်က အသိအကျွမ်းများသဖြင့် ဆေးရုံကြီး၌လည်း အဆင်ပြေသည်။ ဦးလေးနွယ်၏ ရှေးဦးသူနာပြုစုခြင်းပညာ (FIRST AID) ကြောင့် သွေးထွက်မလွန်သောကြောင့် ဒဏ်ရာအခြေအနေ ကောင်းမွန်သည်။ ထိုဆေးထိုး၍ အဘ၏ဘယ်ခြေထောက်အား ဒူးဆစ်က တိတိပြတ်လိုက်ရသည်။ အဘက အတော်သတ္တိကောင်းသည်။ ညည်းညူခြင်း မရှိပါ။ ဆေးရုံပေါ်တွင် လူရှင်းတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"အဘ ... ကျွန်းပေါ်မှာ ဘာများလုပ်ခဲ့သေးသလဲ။ အမှား အယွင်းကို ပြောတာပါ"

"တခြားတော့ မဟုတ်ပါဘူးကွာ။ အပေါ့အလေး သွားချင်တာနဲ့ ကျွန်းအနောက်ဘက်မှာ သဲကျင်းတူးပြီး သွားလိုက်ရတယ်။ ငါ သေသေချာချာ သဲနဲ့ ပြန်ဖုံးခဲ့ပါသေးတယ်"

"အဘ ... တစ်ယောက်တည်း ကျွန်းပေါ်မှာ ကျန်ခဲ့တုန်းက မဟုတ်လား"

"ဟုတ်ပါ့ ... လူကလေးရယ်"

"အဘ ... ဗောင်းပန်တိုးလျှိုးပြီး မလုပ်ဘူးလား"

"ဟ ... လူကလေးရဲ့ အဘက ခရစ်ယာန်ဘာသာဝင်၊ ကရင်လူမျိုးလေ။ ဒါတွေ အယုံအကြည်ရှိတာမဟုတ်ဘူး။ မင်းတို့တွေ ပါလာလို့သာ အလိုက်အထိုက် လုပ်ရတာ။ တိုက်ဆိုင်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့ကွာ။ အသက်မသေ ပြီးတာပါပဲ။ ခြေတုတ်ပြီး ချိုင်းထောက်နဲ့ လျှောက်လည်းရပါသေးတယ်။ အဘတို့က နေဝင်ချိန် ရောက်နေပါပြီ။ သိပ်မထူးတော့ပါဘူး။

ငါ့ခြေအလျှုကို တက်ရောက်နိုင်တာ တော်ပါသေးတယ်။ မင်းယောက္ခမလောင်း ကိုလေးနွယ် တော်တယ်ဟေ့။ သူပြုစုလို့ သွေးတိတ်သွားလို့ အသက်မဆုံးပါးတာ။ နို့မို့ ... သွေးလွန်သေမှာ။ ကျေးဇူးရှိတယ်ဟေ့"

"ဏဲ ... အဘရေ ... အထူးသူနာပြု ဌားထားတယ်။ အဘသက်သာတယ်မဟုတ်လား။ ကျွန်တော်တို့ အိမ်ပြန် ... အဲဒီ ... တိုတယ်ပြန်ပြီး ရေမိုးချိုး ပြန်လာခဲ့မယ်။ အဘ ဘာစားချင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အစာ မစားချင်သေးဘူး။ ကြက်သားဆန်ပြုတ်လောက်ဆိုရင် တော်ပါပြီ။ ရေနွေးကြမ်းကလေးတော့ သောက်ချင်တယ်ဟေ့"

ထိုစဉ် ဦးလေးနွယ်က . . .

"ဦးလေးရေ . . . ကြက်သားဆန်ပြုတ်ကို ဆိုင်က မဝယ်တော့ဘူး။ ကျွန်တော့်မိန်းမ ကောင်းကောင်းချက်တတ်တယ်။ ကြက်သားဆန်ပြုတ်ထဲမှာ ငှက်သိုက်ပါ ထည့်လာခဲ့မယ်။ ဒါမှ အဘအားရှိမှာ။ ကြက်သားနဲ့ ငှက်သိုက်က ဒဏ်ရာအနာကိုလည်း အမြန်ကျက်စေတယ်။ အရသာလည်း ရှိတယ်။ ဦးလေးကြိုက်တတ်တဲ့ ရေနွေးကြမ်းကျကျလည်း ဓာတ်ဘူးနဲ့ ထည့်ခဲ့မယ်။ အသီးအနှံတွေလည်း ဝယ်ခဲ့မယ်။ ဆေးရုံပေါ်ရောက်နေပြီ။ ဘာမှ အန္တရာယ်မရှိတော့ဘူး"

"အေးပါ . . . မောင်လေးနွယ်၊ ကျေးဇူးအထူးတင်ပါတယ်"

"ဒါတွေ ပြောနေစရာမလိုပါဘူး . . . ဦးလေးရယ်။ ကျွန်တော်တို့ပေါ့သွားမိလို့ ဖြစ်ရတာ။ ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်"

"ငါ့ကံပါ . . . ကိုလေးနွယ်ရယ်၊ ငါ့မြေးအတွက် ရွှေတုံးကြီးကို သယ်လာနိုင်တာပဲ အကျိုးအမြတ်ရှိပါတယ်။ လိုချင်ရင် ပေးဆပ်ရတာ မမှတာပါ။ ဦးလေးအသက်လည်း ကြီးပါပြီ။ လုပ်ချင်တာလုပ်ခဲ့ရလို့ သေပျော်ပါပြီ။ ဒါတွေဟာ ငါ့မြေးအတွက်ပါပဲ"

"သြော် . . . အဘက မောင်ဘိုနီကို အတော်ချစ်တာပဲနော်"

"မောင်လေးနွယ်ရဲ့ . . . မောင်ဘိုနီဆိုတာက ဒီဘဝ ငါ့မြေးဟိုဘဝက ငါ့ကျေးဇူးရှင်ကွယ့်။ ငါနဲ့စောလေးကို အမွေတွေ ခွဲပေးခဲ့လို့ ငါတို့ ချမ်းသာလာကြတာ"

"အဲ . . . အဘ ၊ ခဏ အနားယူပါ။ ဟိုမှာ အထူးကုဆရာဝန်လည်း လာပြီ။ ကျွန်တော်တို့ ခဏပြန် ရေမိုးချိုးပြီး ပြန်လာခဲ့ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးဟေ့ . . . အားရှိသွားအောင် ငါ ခဏအိပ်လိုက်ဦးမယ်"

"ဆရာမ ဘာလုပ်စရာရှိသေးသလဲ"

"အခု လောလောဆယ် လုပ်စရာမရှိသေးပါဘူး။ အဘကို အားဆေးသွင်းထားတာ စောင့်ကြည့်ရုံပါပဲ။ အဘ အိပ်ပါ။ ညနေကျမှ ဆရာဝန်ကြီး Round လှည့်လာရင် သူ ညွှန်ကြားသလို ပြုစုရမှာပါ။ အသက်အန္တရာယ် မရှိတော့တဲ့အတွက် အဘကောင်းကောင်းအနားယူပါ။ အခု အစာစားမရသေးလို့ ညနေကျမှ ကောင်းကောင်းစားပါနော် အဘ"

"အေးပါ . . . အဘလည်း မဆာသေးပါဘူး"

"အဘ . . . ကျွန်တော်တို့ ပြန်ဦးမယ်"

"အေး . . . အေး . . . အဘ သက်သာပါတယ်။ စားသောက်ပြီးမှ ပြန်လာခဲ့ကြပါ"

ထိုအခါမှ ကျွန်တော်တို့ သတိရကြသည်။ ကျွန်တော်တို့ နေ့လယ်စာ မစားကြရသေးပါ။ အပြန်တွင် ရွှေအိုးကြီးဆိုင်၌ ဝင်စားကြပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁၀]

❑

ဟိုတယ်ရောက်တော့ ဝိတ်တာများက နေ့လယ်စာစားချိန် လာခေါ်သည်။ ညစာကို နောက်ကျမှစားမည်ဖြစ်ကြောင်း ပြန်ကြား၍ ကျွန်တော်တို့ရေချိုးပြီး အနားယူကြသည်။

ညနေ (၅)နာရီတွင် ဦးလေးနွယ် ကားလေးဖြင့် လာခေါ်သည်။

"မောင်ဘိုနီရေ ... ရတနာတွေ ဘယ်လိုလုပ်ရမလဲ"

"လုံခြုံရာမှာသာ သိမ်းထားပါဗျာ။ ဦးလေးကို စိတ်ချပါတယ်"

"စိတ်ချပါ ...။ ဦးလည်း လုံခြုံတဲ့ မြေအောက်ခန်းမှာ အသေအချာ သိမ်းထားပါတယ်"

"ကဲ ... ဦးလေးဆီ သွားကြရအောင်။ မနက်ဖြန် အစီအစဉ်လည်း တိုင်ပင်ရဦးမယ်"

"ညစာစားရင်း တိုင်ပင်ကြတာပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ မြို့ပတ်ဆေးရုံကြီးသို့ ထွက်ခဲ့ကြပါသည်။

ဆေးရုံရောက်သော် အဘမှာ လန်းဆန်းစွာဖြင့် ကျွန်တော်တို့ကို နှုတ်ဆက်သည်။ ဆရာဝန်ကြီး ROUND လှည့်လာသည်နှင့် ကြုံသဖြင့် အဘ်ရာအား စစ်ဆေးရာ ...

"အခြေအနေ ကောင်းပါတယ်။ အနာအမြန်ကျက်အောင် ကြက်သားနဲ့ အရည်ရွှမ်းတဲ့ အသီးများများ ကျွေးပါ။ တစ်ပတ်လောက်ကြာရင် ဆေးရုံက ဆင်းလို့ရပါပြီ"

ဆရာဝန်ကြီးပြန်သွားမှ အဘအား ကြက်သားဆန်ပြုတ်တိုက်ရသည်။ အဘမှာ ဆာလောင်နေဟန်ဖြင့် အားရပါးရစားသည်။ စားရင်းလည်း ...

"စောလေးရေ ... ငါ မသေနိုင်သေးဘူးကွ။ စားလို့အတော်ဝင်သေးတယ်"

ကိုစောလေးက ...

"ဦးလေးရယ် ... ခြေထောက်ပဲ ဖြစ်တာ။ အသက်နဲ့ အဝေးကြီးပါဗျာ"

အဘတို့ တူဝရီး နောက်ပြောင်ပြောသဖြင့် ကျွန်တော်တို့ ဝမ်းသာရပါသည်။

အဘက ကျွန်တော့်အား ...

"မြေးလေးရေ ... မင်းအိမ်ကို ဖုန်းဆက်လိုက်ဦး။ အဘအကြောင်း မပြောနဲ့။ လေယာဉ်လက်မှတ်ခက်လို့ တစ်ပတ်လောက်ကြာမှ သင်္ဘောနဲ့ ပြန်လာမယ်ပြော။ အောင်မြင်တယ်လို့လည်း ပြော။ ကြားလား ... နောက်ပြီး အလှူအတွက်လည်း အားလုံးစီစဉ်ထားပြီလို့ ပြောနော်"



www.burmeseclassic.com

www.burmeseclassic.com



*"ဟုတ်ကဲ့ပါ အဘ"*

ကျွန်တော်တို့ ရှင်ပြုအလှူကို စိတ်စွဲနေသော အဘ၏ ငါးမင်းကိုက်၍ သေဆုံးလျှင်တောင် ကောင်းရာသုဂတိရောက်မည်မှာ အသေအချာပါပင်။

"မင်းတို့ မနက်ဖြန် သွားကြဦးမှာလား ... လူကလေး"

"အဘ ... ကျန်းမာရင် သွားသင့်သွားပါ့မယ်။ ပုလဲကျွန်းပေါ်တင်ဆိုတော့ အန္တရာယ်ကင်းပါတယ်။ အချိန်တစ်ပတ်တောင် ထပ်ရသေးတော့ အေးအေးဆေးဆေးပါ အဘ။ ကျွန်တော်တို့ ညစာစားရင်း တိုင်ပင်ကြမှာပါ"

"အေးကွယ် ... အဘမလိုက်နိုင်တာတော့ စိတ်မကောင်းပါဘူး။ ပတ်ဝန်းကျင်ကို သတိတော့ ထားကြနော်"

ထိုစဉ် ဦးလေးနွယ်က ...

"ကျွန်တော်တို့ သတိထားမှာပါ ... ဦးလေး။ နေ့လယ်ကမ်းပေါ် ပြန်ရောက်တော့လည်း ကျွန်တော် ဆိပ်ကမ်းမှာ စုံစမ်းခဲ့ပါသေးတယ်။ အခြေအနေ အေးချမ်းပါတယ်။ ဒီတစ်ခါ ကျွန်တော်တို့သွားရင် အမဲပစ်မုဆိုးဟန်ဆောင်သွားကြမှာပါ။ ပိုပြီး ယုတ္တိရှိအောင်လို့လေ"

"ဒါဆို တကယ်တောပစ်ကြဦးမှာပေါ့"

"သဘ္ဘာန်လုပ် သရုပ်တူအောင် လုပ်ရမှာပေါ့ ဦးလေးရယ်"

ကျွန်တော်တို့ ည (၇) နာရီခန့်အပြန် မြိတ်ဟိုတယ်တွင် ညစာစားနေတော့ ဦးလေးနွယ်က ...

"နတ်ဆိုးကျိန်စာကျွန်းဟာ အန္တရာယ်ရှိမှန်းလူတကာ ပြောတယ်။ ဦးလေးကတော့ မယုံပါဘူး။ ဒါကြောင့် ငါတို့တွေသွားကြမှာကို



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးက မတားတာ။ ဦးက လက်တွေ့မှ ယုံတာ။ အဲ ... ဒါပေမဲ့ အရင်က သွားဖူးသူ တော်တော်များများ တစ်ဖွဲ့သွားရင် ကံဆိုးတဲ့သူ တစ်ယောက် ခေါ်တတ်သတဲ့။ လူပြောသူပြောတော့ များတယ်။ အရင် လူတွေ သွားကြတာလည်း ရတနာသိုက်မှန်းသိလို့ သွားကြတာ မဟုတ်ပါဘူး။ ပုလဲငုပ်သူ၊ ငါးရှာသူ၊ ငှက်သိုက်ရှာသူတွေ သွားကြတာပါ။ ရတနာသိုက်ကြီးသာ ရှိမှန်းသိရင် အသေခံပြီး သွားကြမှာပါ။ သေရင် မြေကြီး၊ ရှင်ရင် ရွှေထီးဆိုတဲ့နေရာပဲ"

"ကျွန်တော်ကတော့ ကိုယ်တွေ့နှစ်ခါကြုံလို့ ယုံချင်တယ် ... ဦးလေးနွယ်ရေ"

ကျွန်တော်ကပြောရာ ဦးစောလေးက ...

"ဘိုနီပြောတာ မှန်တယ်။ ကျွန်တော်ကတော့ ယုံသွားပြီ။ အများမခံတာတော့ အမှန်ပဲ။ ကြည့်ပါလားဗျာ ... အရှိအသေ အလေးအစားနဲ့ ပူဇော်တာတောင်မှ ဦးလေးတစ်ချက်မှားတာနဲ့ အကိုင်ခံရတာပဲ။ တခြားသူတွေ ဘာမှမဖြစ်ကြဘူး။ ဦးလေးမှ ရွေးပြီးဖြစ်တာ"

"ဒါကတော့ တိုက်ဆိုင်မှုလည်း ဖြစ်နိုင်ပါတယ် ကိုစောလေးရာ။ အဘက ရွှေတုံးကြီးအလေးအပင်နဲ့ နောက်ကျနေတာကို။ ကျွန်တော်တို့လည်း အန္တရာယ်မရှိဘူးထင်လို့ ပေါ့သွားမိတယ်။ အမှန်က မြားသေနတ်ကိုင်ထားတဲ့ ကျွန်တော်တို့က နောက်ကလိုက်ပြီး စောင့်ရှောက်ပေးရမှာ။ ကျွန်တော်စိတ်ချရတဲ့ လူယုံတွေနဲ့ နောက်တစ်ခေါက်ထပ်သွားဦးမယ်။ မောင်ဘိုနီ ခွင့်ပြုမှာလား။ ဦးတို့က ရွှေတွေရခဲ့ရင်လည်း မောင်နီတွေ့တ်အတွက် တစ်ပုံပေးမှာပါ"

"ပင်လယ်ထဲက အများဆိုင်ကျွန်းပဲ ... ဦးလေးနွယ်ရာ၊ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော် ခွင့်ပြုပါတယ်။ ဒါပေမဲ့ ဦးလေးနှယ်တို့လည်း ပြည့်စုံနေပြီပဲ။ အန္တရာယ်ရှိတဲ့နေရာကို မသွားစေချင်ပါဘူး"

ကိုစောလေးက

"ပစ္စည်းတွေ ဘယ်လိုခွဲမလဲ"

"ဦးစောရာ လေးပုံပုံ တစ်ပုံစီပေါ့။ အဘကတော့ အသက်စွန့်ရတော့ သူ့ရွှေတုံးကြီး သူ့ပဲပေးလိုက်ပါ"

"အေး . . . မောင်ဘိုနီပြောတာ ဦး ထောက်ခံတယ်။ နောက်ပြီး မနက်ဖြန်သွားဖော်မဲ့ မောင်ဘိုနီရဲ့တပည့် ပစ္စည်းတွေကလည်း မောင်ဘိုနီကိုပဲ တပည့်က ပေးတာဆိုတော့ ဦးလေးတို့နဲ့ မဆိုင်ပါဘူး။ ဒါပေမဲ့ မေတ္တာ၊ စေတနာနဲ့ ပိုင်းကူဆောင်ရွက်ပေးကြတာပေါ့"

"အေး . . . ကိုယ်လည်း ထောက်ခံတယ်"

"အဲဒီပစ္စည်းတွေကိုလည်း ကျွန်တော် ကိုယ်ရေးကိုယ်တာ မသုံးပါဘူး။ ကျွန်တော့်တပည့် ဂျွန်စမစ်အတွက် ကုသိုလ်ရအောင် ဘုရားတည်မယ်၊ ကျောင်းဆောက်မယ်၊ ခရစ်ယာန်ဘာသာဘုရား ကျောင်းလှူပါမယ်"

"အကောင်းဆုံးပေါ့ . . . နီတွတ်ရာ၊ မင်းတို့အလှူထဲမှာလည်း ထည့်သုံးပါ။ ဒါမှ မင်းတပည့် ကုသိုလ်ကောင်းကောင်းရပြီး မြင့်မြတ်တဲ့ ဘဝရောက်မှာ"

"ဟုတ်ကဲ့ပါ . . . ဦးစောလေး၊ လှူပြီးတာနဲ့ ကျွန်တော် အမျှဝေမှာပါ"

"ကြိုတင် သာဓုခေါ်ပါတယ်ကွာ"

ထိုညက ကျွန်တော်တို့ အိပ်ကြတော့ ကျွန်တော် အိပ်မပျော်ဖြစ်နေသည်။ တပည့်ကျော် ဂျွန်စမစ်က အိပ်မက်ပေးခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကပ္ပတိန် . . . ကပ္ပတိန်တို့ ဆုံးဖြတ်ကြတာကို ကျွန်တော်သိပါတယ်။ အလွန်စိတ်ကောင်းရှိကြတဲ့ လူကောင်းတွေပါပဲ။ မနက်ဖြန် ကပ္ပတိန်တို့လာရင် ရတနာမြှုပ်ထားတဲ့နေရာကို မှတ်မိအောင် ကျွန်တော် အမှတ်အသားတစ်ခု ပြထားမယ်။ အရင် ကပ္ပတိန်မှတ်ထားတဲ့ ကနုစိုပင်ကြီးက အခုမရှိတော့ဘူး။ ကျွန်တော်တောင် ဘုံပျောက်သွားလို့ တခြားအပင်မှာ ပြောင်းနေရတယ်။

ပုလဲကျွန်းရွာသူကြီးက သူတို့ရွာအလှူအတွက် ထင်းလုပ်ပစ်လိုက်တာ။ ကုသိုလ်ရေးအတွက်ဖြစ်လို့ ကျွန်တော်လည်း အသာတကြည်ဖယ်ပေးလိုက်ပါတယ်။ ကျွန်တော်လည်း လွတ်တော့ ကျွတ်တော့မှာပါ။ ရတနာတွေရရင် ပထမဆုံးသုံးပုံတစ်ပုံကို မြိတ်မြို့တစ်ဖက်ကမ်းက ပတော်ပတက်ကျွန်းဘုရားကြီးကို လှူဒါန်းပေးပါ။

ဒုတိယအပုံက ကပ္ပတိန်တို့ ရှင်ပြုအလှူနဲ့ ကျောင်းဆောက်၊ ဘုရားတည်ရာမှာ သုံးပါ။ တတိယအပုံကတော့ ကပ္ပတိန်ရဲ့ ကိုယ်ရေးကိုယ်တာအတွက် သုံးပါ။ ကျွန်တော်လှူတန်းပါတယ်။ ကျွန်တော့်ဘဝကတော့ ကပ္ပတိန်တို့လို မဟုတ်ဘူး။ အရင်ဘဝက ကုသိုလ်ကံအားနည်းပြီး အကုသိုလ်များတော့ လူ့ဘဝပြန်ရဖို့တောင် မလွယ်ပါဘူး။

နောက်ဆုံးတော့ ဘယ်ဘာသာမဆို မကောင်းမှုလုပ်ရင် မကောင်းမှုဖြစ်တယ်၊ ကောင်းမှုလုပ်ရင် ကောင်းမှုဖြစ်တယ်ဆိုတာ ကျွန်တော်သိသွားပါပြီ။ မကောင်းမှုလုပ်ပြီး အာပတ်ဖြေရုံနဲ့ မရပါဘူး။ ငရဲမင်းကြီးဆီမှာ မကောင်းမှုမှတ်တမ်းက အလိုအလျောက်ရှိပြီးသား။ အခုခေတ်ပေါ် ကွန်ပျူတာထက်တောင် စနစ်ကျပါသေးတယ်"

"အေးပါကွာ . . . ငါရတနာထုပ်ရတာနဲ့ အမြန်ဆုံးပို့မယ်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ပြန်ရောက်ရင်လည်း အလှူလုပ်ရေစက်ချပြီးတာနဲ့ မင်းနာမည်ကို ခေါ်ပြီး အမျှဝေပါ့မယ်။ ဒါနဲ့ မင်း ဘာလိုအပ်သေးသလဲ"

ကျွန်တော် သားစိမ်း၊ ငါးစိမ်းပဲ စားနေရတာကြာပြီ။ ကပ္ပတိန် တို့လာကြရင် ကျွန်တော့်မြေပုံနားမှာ အရက်တစ်လုံးနဲ့ ကြက်ကြော် တစ်ကောင်လောက် ချထားပေးပါ။ နောက်ပြီး အော်လည်းပြောပါ။ ကွယ် လွန်သူသဘော်သား ဂျွန်စမစ်အတွက် သီးသန့်ကျွေးတာလို့ပြောမှ ကျွန် တော်စားရမှာ၊ မပြောရင် တခြားကောင်တွေ ဝိုင်းစားကြမှာ။ ကျွန်တော် တို့လောကက အလွန်စည်းကမ်းကြီးတယ် ...ကပ္ပတိန်"

"အေး ... မင်း ကောင်းကောင်းစားရစေမယ်။ ငါ ကတိပေး ပါတယ်။ ငါတို့ တူးဖော်နေတုန်း အနှောင့်အယှက်မဖြစ်အောင်တော့ မင်းစောင့်ရှောက်ပါ"

"ကျေးဇူးတင်ပါတယ် ... ကပ္ပတိန်၊ စိတ်ချပါ"

အိပ်မက်ပြီးတော့ ကျွန်တော် လန့်နိုးလာသည်။ ထင်ထင်ရှား ရှားမက်သော အိပ်မက်ဖြစ်ပါသည်။ မနက် (၅) နာရီခန့် ရှိပြီဖြစ်သဖြင့် ကျွန်တော် ပြန်မအိပ်တော့ပါ။ ဘုရားရှင်အား ရည်မှန်း၍ ကန်တော့ သည်။ မိဘများနှင့် သင်ဆရာ၊ မြင်ဆရာများအား ရှိခိုးသည်။ ကျေးဇူး ရှင်များအား အမျှဝေပါသည်။

မနက် (၆) နာရီတွင် အားလုံး နိုးကြသည်။ မျက်နှာသစ်ကြပြီး အောက်ထပ်ဆင်း၍ BREAKFAST စားကြပါသည်။ (၆း၃၀) နာရီတွင် ဦးလေးနွယ်လာခေါ်သဖြင့် ဆေးရုံကြီးသို့သွားကြပြီး အဘအား မနက်စာ ကျွေးပါသည်။

"စောလေး ... မင်းတို့ ပုလဲကျွန်းသွားကြမယ် မဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဦးလေး"

"အေး ... ငါ့မြေးတွေကို ဂရုစိုက်၊ နတ်ဆိုးကျိန်စာကျွန်း အကြောင်းကို မေ့ပျောက်လို့တောင်မသွားနဲ့။ ညက ငါအိပ်မက်မက်တယ်။ နတ်ဆိုးကျွန်းက အကောင်ကြီးကလည်း အတော်ကြီးတာပဲ။ ငါ့ကို အသက်ကြီးလို့ ညှာလိုက်တာတဲ့။ အသေလုပ်မလို့တဲ့။ သူ့ကိုပသတဲ့ကိစ္စကြောင့် စေတီ အသိပေးလိုက်တာတဲ့။ နောက်တစ်ခါ မလာခဲ့နဲ့။ လာရင်တော့ အသေပဲတဲ့။ ကျိန်းလိုက်တာလည်း ကြောက်ခမန်းလိလိပဲ။ ငါအိပ်မက် ကနိုးတော့ ချွေးကို ပြန်နေတာပဲ။ ချေးပါချင်သလို သေးပေါက်ချင် သလိုလိုနဲ့။ အတော်လန့်သွားလို့ ပြန်အိပ်မရဘူး။ မနက် (၃)နာရီလောက် ကတည်းက နိုးနေတာ"

"အဘရယ် ... မြို့ပေါ်ရောက်နေပြီပဲ မကြောက်ပါနဲ့တော့။ အစာစားပြီး ပြန်အိပ်ပါ။ ဆရာမလေးလည်း အစောင့်ရှိပါတယ်။ မြို့ပေါ် မှာ မီးတွေထိန်နေတာ ကြောက်စရာ လန့်စရာ မရှိပါဘူး"

"ငါ့မြေးရယ် ... အဘတို့ ရန်ကုန်က ပုလဲမြို့င်အိမ်ကြီးမှာ သရဲအခြောက်ခံရတာ အခါခါပါ။ အဘ မကြောက်ပါဘူး။ အခုဟာက ရှင်းရှင်းလင်းလင်းကြီးကွ။ ကျွန်းစောင့်က သရဲတစ္ဆေထက်တော့ အဆင့် မြင့်ပုံရတယ်။ အမွေးစုတ်ဖွားဖွားနဲ့ မဲမဲကောင်ကြီး မဟုတ်ဘူး။ အဝတ် အစားက အချွန်အတက်အတောင်တွေနဲ့ မျက်နှာက ရုပ်အလွန်ဆိုး တယ်"

"အဘရယ် ... အဲ့ဒါကြောင့်လည်း နတ်ဆိုးကျိန်စာကျွန်းလို့ ကင်ပွန်းတပ်ကြတာပေါ့။ တစ္ဆေ သရဲထက် အဆင့်မြင့်တဲ့ နတ်ဆိုးပေါ့"

"အေး ... အဲ့ဒါဟုတ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... အဘ၊ ကျွန်တော်တို့ စောစောသွားပြီး စောစောပြန်ခဲ့မယ်။ နေရာအသေအချာသိတော့ ကြာမယ်မထင်ပါဘူး။ နေ့လယ်စာ အမီလောက် ပြန်လာနိုင်အောင် ကြိုးစားမယ်။ နောက်ကျလည်း မပူနဲ့။ အဘ စိတ်အေးအေးထားပါ"

"အေး ... အေး ... ငါ့မြေးတို့ ဘေးရန်ကင်းပြီး ကျန်းမာချမ်းသာကြပါစေ"

"ဟုတ်ကဲ့ပါ အဘ"

ကျွန်တော်တို့ ကားကလေးဖြင့် ဦးလေးစွယ်တို့အိမ်ဝင်တော့ ဦးလေးနွယ်ဇနီးဖြင့် သမီးက မနက်စာအတင်းကျွေးကြပြန်သဖြင့် စိတ်ကျေနပ်အောင် စားရပြန်သည်။ ဆိပ်ကမ်းဆင်းတော့ ဦးလေးနွယ်ဇနီးက လိုက်ပို့ပြန်သည်။ ကျွန်တော်တို့ လက်နက်ကိရိယာများအား မော်တော်ဘုတ်အပေါ်သို့ ထုပ်ပိုးတင်ဆောင်ပြီး လမ်းမှ ခွာခဲ့ကြသည်။

ဦးလေးနွယ်က ဖြည်းဖြည်းမှန်မှန် မောင်းသဖြင့် ကျွန်တော်နှင့် ဌွန်စမစ်စခန်းချခဲ့သော နေရာအနီးသို့ (၂) နာရီခန့်ဖြင့် ရောက်သည်။

ဟုတ်ပါသည်။ ဌွန်စမစ် အိပ်မက်ပေးသလို ကျွန်တော်မှတ်ထားသော ကနစိုပင်ကြီးမှာမရှိတော့။ သို့သော် သစ်ငုတ်ကြီးတော့ ကျန်နေပါသေးသည်။ သစ်ငုတ်ကြီးအနီးရှိ မြေပြင်မှာ ရေစားထားသဖြင့် အတန်ငယ် ပြောင်းလွဲနေသည်။ သစ်ငုတ်ကြီးတစ်ဖက်စွန်း မြေပြင်ပေါ်မှာ အစာခွံ (၃) ခု ဖိုခုံလောက်ဆိုင် တည်ရှိနေသည်။ ဌွန်စမစ် အမှတ်အသားပေးခြင်းဖြစ်ပါလိမ့်မည်။

ကျွန်တော်တို့ မော်တော်ဘုတ်ပေါ်မှ ပစ္စည်းများချပြီး တဲတန်းချင်တို့ လေ့လာသည်။ အားလုံး ငြိမ်သက်အေးဆေးနေသည်။ ဦးလေး

www.burmeseclassic.com



နွယ်က အထုပ်များထဲမှ နှစ်လုံးပြူးသေနတ်ကြီး (၂) လက်ကို အရင် ထုတ်သည်။

ကျွန်တော်က ...၊

"ဦးလေးနွယ် ... ဒီသေနတ်ကြီးတွေက ဦးလေးနွယ် လိုင်စင်နဲ့ ကိုင်တာလား"

"မဟုတ်ပါဘူး ... မောင်ဘိုနီရယ်၊ ဦးသူငယ်ချင်းစခန်းမှူးဆီက အမဲလိုက်ဖို့ဆိုပြီး ခဏငှားလာတာပါ။ ဒါကြီးတွေက စခန်းမှာ မသုံးတော့ဘူးလေ။ အမဲလိုက်ဖို့တော့ အလွန်ကောင်းတယ်။ ပစ်မလွဲဘူး"

ကျွန်တော်နှင့် အစ်ကိုကြီးက ကနစိုင်တက်ကြီးအပေါ်တွင် ရှင်းလင်းပြီး ဝယ်လာခဲ့သော အရက်နှင့် ကြက်ကြော်ကိုတင်၍ ...

"ကဲ ... ဂွန်စမစ်ရေ၊ မင်းအတွက် ငါတို့ သီးသန့်ဝယ်လာခဲ့တဲ့ အရက်နဲ့ကြက်ကြော်ကို စိတ်တိုင်းကျစားသုံးပါ။ ငါတို့ ရတနာပစ္စည်းဖော်ဖို့ မင်း အချက်ပြထားတဲ့ ကမာခွံ (၃) ခုကို တွေ့ပါတယ်။ ရတနာ ဖော်ရာမှာလည်း အန္တရာယ်ကင်းအောင် စောင့်ရှောက်ကာကွယ်ပေးပါ။ မင်းဆန္ဒအတိုင်း ကောင်းမှုကုသိုလ် လုပ်ပေးပါ့မယ်။ မင်း စောင့်မျှော်ပြီး သာရခေါ်ပါတော့"

အစ်ကိုကြီးနှင့် ကိုစောလေးတို့က ကျွန်တော်ညွှန်ပြသောနေရာတွင် တူးကြသည်။ ဦးလေးနွယ်က သေနတ်ကြီးကိုင်၍ စောင့်ရှောက်သည်။ နှစ်ပေလောက်အနက်တွင် ဂွန်စမစ်၏ အရိုးစုကြီး ပေါ်လာသည်။ အသားများကျပြီး အရိုးများပင် ဆွေးနေချေပြီ။ ရတနာထက် အစောင့် ဆွေးသွားပြီဖြစ်သဖြင့် ကျွန်တော်တင်ထားသည့် ဂွန်စမစ်၏ ရင်ဘတ် ပေါ်တွင် ရတနာများ ပြန့်ကျဲနေသည်။

www.burmeseclassic.com



ရတနာများအား စုစည်းယူပြီး အိတ်တစ်လုံးထဲထည့်၍ ကျွန်တော် သိမ်းဆည်းလိုက်သည်။ ပြီးနောက် ဂျွန်စမစ်၏ မြေပုံအား စနစ်တကျ ပြန်လည်ဖို့လိုက်ပါတော့သည်။ အခြေအနေမှာ အေးအေးဆေးဆေးပါပင်။ ကျွန်တော် အမှတ်တရ ကျောက်ဆောင်ကျွန်းခေါ် နတ်ဆိုးကျွန်းဘက်သို့ လှမ်းမျှော်ကြည့်မိသည်။

ကောင်းကင်ကြီးက ပြာလွင်လွင်သာယာနေသလို နတ်ဆိုးကျွန်းကျောက်ဆောက်ကြီးကလည်း ဖြူလွလွတည်ငြိမ်စွာ ရပ်တည်နေပါသည်။ ကျွန်တော် ဘာရယ်မဟုတ် နတ်ဆိုးကျိန်စာကျွန်းစောင့်ကြီးအား မေတ္တာပို့ပြီး အမျှအတန်းဝေလိုက်ပါသည်။

"ကဲ ... မောင်ဘိုနီရေ၊ အချိန်ကလေးလည်းရတုန်း သဘာဝလည်းကျအောင် ဦးတို့ တောင်တန်းပေါ်တက်ပြီ အမဲလိုက်ကြရအောင်။ သေနတ်က (၂) လက်တောင်ပါတာပဲ။ စာလေးလည်း ပစ်တတ်တယ်မဟုတ်လား"

"ကိုယ်က ဒသမ ၃၀၃ ရိုင်ဖယ်ပစ်လာတာ။ အင်းစိန်၊ ခဲဖြူတိုက်ပွဲတုန်းက ဒီနှစ်လုံးပြူးသေနတ်လောက်တော့ ဖျင်းတောင်ဖျင်းသေးတယ်"

"ဒါဖြင့် တစ်ဖက်က ဘယ်နှယောက်ကျသွားသလဲ ကိုစောလေး"

"တစ်ယောက်မှ မမှန်ဘူး ... ကိုလေးနွယ်ရေ၊ ကျွန်တော်က ပစ်မှုတယ်ရှိအောင် ပစ်ကြည့်တာ"

"အတော် လက်ဖြောင့်တာပေါ့နော်။ ဒါဆို မောင်ဘိုနီပဲ ပစ်နိုင်းရမယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးနွယ် . . . သည်းခံပါ။ ကျွန်တော် ဒီဘဝမှာ အကုသိုလ်နည်းအောင် နေချင်လို့ပါ"

"အေးပါ . . . ဦး သဘောပေါက်ပါတယ်"

ကျွန်တော်တို့ တောစပ်မှ တောတန်းတောင်ကျောပေါ်သို့ တက်ခဲ့ကြပါသည်။ ကျွန်တော်တို့ စခန်းချစဉ်တုန်းကလောက် တောကောင်ကပေါ်များတော့ဟန်မထင်။ အသံနှင့် အရိပ်အယောင်တောင် မမြင်ရပါ။ သို့သော် တောင်ခြေရေချိုစမ်းတွင်း အနားရောက်တော့ လတ်ဆတ်သော ခြေရာများကိုတွေ့ရသည်။ ချေနှင့်တောဝက်ခြေရာအပြင် ကြောင်ခြေရာလို ဝိုင်းသော်လည်း အတော်ကြီးသောကြောင့် ကျား သို့မဟုတ် ကျားသစ်ဖြစ်နိုင်ပါသည်။

ကျားသစ်ဟူသောအသိကြောင့် ကျွန်တော့်မျက်လုံးများ မှဆိုးဗီဇဝင်လာပြီး မြေပြင်သာမက သစ်ပင်များအပေါ်ကိုလည်း သတိထား၍ ကြည့်မိလာသည်။ တောင်ကျောအလယ်တော တညင်းပင်ကြီးများအနီးရောက်တော့ တောဝက်အုပ်အသံကို ကြားရသဖြင့် ကျွန်တော် တောတညင်းပင်ကြီး ခွဆုံပေါ်၌လည်း တစ်စုံတစ်ရာ လှုပ်ရှားမှုကို မြင်လိုက်ရသည်။

ထို့ကြောင့် လေတင်လေအောက်ရွေးပြီး ဦးစောလေးနှင့်အစ်ကိုကြီးအား နီးစပ်ရာသစ်ပင် ပင်စည်များအနောက်တွင် ပုန်းခိုင်းပြီး ဦးစောလေးလက်မှ သေနတ်ကို လက်ပြောင်းယူ၍ ဦးလေးနွယ်နှင့်အတူ သစ်ပင်များကို အကာအကွယ်ယူပြီး ရှင်ပေါင်တန်း ချီတက်ခဲ့ကြပါသည်။

ဦးလေးနွယ်က ဝက်အုပ်ကိုသာ မဲနေသဖြင့် ကျွန်တော် သစ်ပင်ခွဆုံမှ လှုပ်ရှားမှုကို ဂရုစိုက်ကြည့်ရာ အနက်ရောင် ကျားသစ်ကွက်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



နေသော သစ်ဆင်ကြီးကို တွေ့ရသည်။ ဝက်အုပ်အား ချောင်းနေခြင်း ဖြစ်သည်။

ထို့ကြောင့် ဦးလေးနွယ်အား လက်ကာပြပြီး ချောင်းနေကြစဉ် သစ်ဆင်ကြီးက ဝက်ပျိုမတစ်ကောင်အား ခုန်အအုပ်၊ လည်ကုပ်ကိုခဲ၍ အလှဲ ဝက်သိုးကြီးကလည်း အနံ့ရဟန်ဖြင့် သစ်ဆင်ကြီးအား အစွယ်ဖြင့် ထိုးအပက်၊ ကျွန်တော် အချက်ပြသဖြင့် ဦးလေးနွယ်နှင့် ကျွန်တော်တို့ ဖြိုင်တူပစ်လိုက်ကြတော့သည်။

"ဒိန်း ... ဒိန်း ... ဒိန်း ..."

ဦးလေးနွယ်က နှစ်ချက်ဆင့်ပစ်သည်။ ကျွန်တော်က သစ်ဆင်ကြီးနှင့် တောဝက်အထာကိုသိသဖြင့် ကျည်တစ်တောင့် ချန်ထားခြင်းဖြစ်ပါသည်။ ထင်သည့်အတိုင်းပဲ သစ်ဆင်ကြီးက ဝက်ပျိုမအား ကိုက်ခဲရင်း ဘေးတိုက်လဲကျသွားသော်လည်း ဝက်သိုးကြီးက ယမ်းခိုးလျှောက်၍ ကျွန်တော်တို့ထံ ဒုန်းစိုင်းဝင်လာသည်။

"ဦးလေးနွယ် ... သစ်ပင် ပင်စည်ကြီးကို ... ကပ် ... ကပ်"

ကျွန်တော် ပြောပြောဆိုဆို ချန်ထားသော ကျည်တစ်တောင့်အား ပြေးဝင်လာသည့် ဝက်သိုးကြီးဦးခေါင်းတည့်တည့်သို့ အသေအချာချိန်၍ ပစ်လွှတ်လိုက်ပါသည်။

"ဒိန်း ..."

ဝက်သိုးကြီး'ဖင်ထိုင်ကျသွားသည်။ ကျွန်တော် ပင်စည်ကြီးအား အကာအကွယ်ယူ၍ မောင်းချိုးပြီး ကျည်ထည့်ရန်လုပ်တော့ ကျွန်တော်တွင် ကျည်အပိုမရှိ၊ ဦးလေးနွယ် ကျည်ထည့်ရန်ပြင်နေသော ကျည်နှစ်တောင့်အား အတင်းဆွဲယူ၍ ထည့်လိုက်ရသည်။ တော်ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝက်သိုးကြီးမှာ ချက်ကောင်းမှန်သဖြင့် မလှုပ်တော့။ ကျားသစ်ကြီးနှင့် ဝက်ပျိုမှာလည်း ကျွန်တော်တို့နှစ်ဦးပစ်သော နှစ်လုံးပြူးကျည်ဆန် (၃) တောင့်ကြောင့်လည်းကောင်း၊ ဝက်သိုးကြီးပြေးထိုးသော ဒဏ်ရာကြောင့်လည်းကောင်း၊ ဗိုဝိုန်ကြွေ၊ ငြိမ်သက်နေကြပါပြီ။

"တော်သေးတာပေါ့ ... မောင်ဘိုနီရယ်၊ ဦးက တောဝက်သိုး အကြောင်း မသိဘူးကွ။ တစ်ခါမှလည်း တောဝက်သိုးကို မပစ်ဖူးဘူး။ မင်း ကယ်ပေလို့သာပဲ။ နို့မို့ မလွယ်ဘူး"

"နှစ်လုံးပြူးက ရိုင်ဖယ်လို ကျည်ဖြည့်ရတာ မမြန်ဘူး။ ခါးချိုးပြီးမှ ထည့်ရတော့ အလေ့အကျင့်မရှိရင် လက်ဝင်တယ်။ တောဝက်သိုး ပစ်ရင်လည်း အလွန်သတိထားရမယ်။ ချက်ကောင်းထိပေမဲ့ အလွန်စိတ် ကြီးတဲ့ တောကောင်မျိုး။ တစ်ရှူးထိုးတော့ ဖြေးဆော်သေးတာပဲ။ ဒါကြောင့် ကျွန်တော် ဝက်အော်သံကြားကတည်းက မပစ်တော့ပါဘူးဆို ပေမဲ့ အန္တရာယ်ရှိလို့ စိတ်မချလို့ ဦးစောလေးဆီက သေနတ်ကို လုယူ ခဲ့တာ။ အရေးထဲ ကျည်ဆန်က အပိုမပါဘူး။ ချက်ကောင်းထိလို့ တော် ပါသေးတယ်"

"အေးကွာ ... မောင်ဘိုနီရာ၊ စောလေးနဲ့ငါသာ တွဲပစ်ရ ရင်တော့ စာစ်ယောက်တော့ ပွဲပြီပဲ။ ကံကောင်းလို့ပေါ့ ... အဲ ... ကံကောင်းတာမဟုတ်ဘူး။ မောင်ဘိုနီ တော်တာ။ မင်းက လူဝင်စားဆို တဲ့အတိုင်း အရင်ဘဝက အတွေ့အကြုံတွေက ဆက်လက်ရှင်သန်ဆဲ ပဲနော်"

"ပါရမီကံပေါ့ ... ဦးလေးရယ်၊ ကဲ ... နောက်တစ်ခုအရေး ကြီးတာ လုပ်ကြရအောင်။ ကျွန်တော့်ကို အမဲလိုက်ဓားမြှောင်ပေး ... ဦးလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ဦးမလို့လဲကွ"

"တောဝက်သိုးကို ပစ်ပြီးရင် (၁၅) မိနစ်အတွင်း သိုအုံကြီး လှီးထုတ်ရတယ်။ အဲလိုမှမလုပ်ရင် တစ်ကိုယ်လုံးဝက်သိုး သိုနံ့ပျံ့သွားပြီး စားမရတော့ဘူး၊ အလွန်နံတာ"

"အေးကွာ . . . မောင်ဘိုနီရာ။ ဦးက မျောက်နဲ့ ချေ၊ တောဝက်မလောက်ပဲ ပစ်ဖူးတာ။ မုဆိုး လုပ်ရတာ မလွယ်ဘူးနော်။ အတွေ့အကြုံအများကြီး လိုသေးတယ်ဆိုတာ အခုမှ သဘောပေါက်တော့တယ်"

"ကျားတို့ သစ်ဆင်တို့လည်း မလွယ်ဘူး . . . ဦးလေး။ အလွန်မာန်ကြီးလို့ အန္တရာယ်လည်း အလွန်ကြီးတာ။ အခုလည်း သစ်ဆင်ကြီးက ကျွန်တော်တို့နှစ်ဦးပစ်တာ ချက်ကောင်းထိပြီး ဝက်သိုးကြီးတောင်လည်း ပက်လို့ ဒဏ်ရာပြင်းပြီး သေတာ။ နို့မို့ မလွယ်ဘူး"

ကျွန်တော် ကျွမ်းကျင်စွာ ဝက်သိုးကြီးသိုအုံကြီးအား ဖိုက်လှီးပြီး စွန့်ပစ်လိုက်ရသည်။ သစ်ဆင်ကြီးနှင့် တောဝက်မပျိုနီးရောက်တော့ သစ်ဆင်ကြီးမှာ တောဝက်မအား ကိုက်ခဲဆုတ်ဖြဲထားသည်မှာ ရုပ်ရာပင် မရှိတော့။ သွေးအိုင်ရဲရဲဖြင့် စုတ်ပြတ်နေသည်။

ကျွန်တော်တို့ လက်မောင်းအရွယ် သစ်ကိုင်းဖြောင့်ဖြောင့်များအားခုတ်ပြီး တောကောင်များအား ဝက်တုပ်တုပ်၍ တစ်ကောင်ချင်း မော်တော်ဘုတ်ပေါ်သို့ သယ်သည်။ ကိုစောလေးမှာ ကျွန်တော်တို့အသယ်မခံ။ သူနှင့် အစ်ကိုကြီးတို့သာ ထပ်တလဲလဲ ဝမ်းသာအားရ သယ်ကြသည်။

ကျွန်တော်တို့ ကမ်းစပ်ရောက်တော့ ကျွန်တော် ရွှန်စမင်းအား နှုတ်ဆက်၍ တောကောင်များအား မော်တော်ပေါ်တင်၍ ပြန်ခဲ့ကြသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



"မောင်ဘိုနီရေ … ဒါတွေ ဘယ်လိုလုပ်မလဲ"

"သစ်ဆင်အသား စားမကောင်းဘူး။ ပုလဲကျွန်းက အဝယ်တော်သီမှာ ရောင်းခဲ့မယ်။ ဈေးကောင်းရတယ်။ မြိတ်မြို့ သယ်သွားရင်လည်း သစ်တောဥပဒေနဲ့ ငြိနေဦးမယ်။ တောဝက်သိုးကြီးလည်း ရောင်းချင်ရောင်းပေါ့။ တောဝက်အသားကတော့ စားကောင်းတယ်။ အိမ်မှာလည်း ချက်စား။ သေနတ်ငှားတဲ့ စခန်းမှူးကိုလည်း ပေးလိုက်၊ ကျန်တာအသိမိတ်ဆွေတွေ ဝေပေါ့။ ဆေးရုံတက်နေတဲ့ အဘအတွက်တော့ အားရှိအောင် ဝက်ဦးနှောက်ကြော်နဲ့ အသည်းကြော်လေး လုပ်ပေးလိုက်ပေါ့ဗျာ"

"လုပ်ပေးမယ်၊ လုပ်ပေးမယ် … စောလေးရယ် ငါတို့အတွက်ကတော့ အူမကြီးဟင်းနဲ့ ဝက်ခြေထောက်စွပ်ပြုတ်ကို စိစကီလေးနဲ့မြည်းကြတာပေါ့ကွာ"

"ကိုလေးနွယ် … ခင်ဗျားမိန်းမကို ဝက်ခေါင်းသုပ်ကလေးလည်း လုပ်ခိုင်းဦးဗျ။ ဒါမှ ပိုအဆင်ပြေမှာ။ အေးဗျာ … ဦးလေးစောသာ ဆေးရုံမတက်ရရင် သူ့လက်သို့ခြေချည်းနေမှာ ဦးလေးက အချက်အပြုတ် အလွန်ကောင်းတာဗျ"

ကျွန်တော်တို့ မော်တော်ဘုတ် ပုလဲကျွန်းရွာ၊ လှေဆိပ်သို့ ဝင်တော့ တောကောင်များမြင်သည့်နှင့် အဝယ်တော်များ ချက်ချင်း ဆင်းလာကြပါသည်။ လတ်ဆတ်သဖြင့် ဈေးကောင်းပေး၍ အလုအယက်တောင်းဝယ်ကြသည်။

နောက်ဆုံးဈေးကောင်းပေးသူက ကျွန်တော်တို့ ယခင်သိက ကျွန်းအပေါ်၌ စတည်းချစဥ် အမြဲတမ်း တောကောင်နှင့်ငှက်လိုက် ပုလဲများဝယ်တတ်သော ဖောက်သည်မိတ်ဆွေ တရုတ်ကြီး သစ်ဆင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အား အကောင်လိုက် ငွေတစ်သိန်းကျပ်ပေးသည်။ တောဝက်သိုးကြီးအား ငါးသောင်းပေးပြီး ကျွန်တော်တို့အား နေ့လယ်စာ အလကားကျွေးသေးသည်။ ကျွန်တော်က မှတ်မိသော်လည်း တရုတ်ကြီးကတော့ မမှတ်မိနိုင်တော့ပါ။

နေ့လယ်တွင် ကျွန်တော်တို့ မြိတ်မြို့ဆိပ်ကမ်းပြန်ရောက်၍ တောဝက်မကြီးအား ထမ်းတက်လာရာ ဆိပ်ကမ်းရှိလူများ စိတ်ဝင်တစားကြည့်၍ တောင်းဝယ်ကြသေးသည်။ ဦးလေးနွယ် အချိန်းအချက်ပြုထားသဖြင့် ဦးလေးနွယ်ဇနီးလည်း ကမ်းပေါ်၌ အဆင်သင့်စောင့်ကြို နေရာ ကျွန်တော်တို့ ဦးလေးနွယ်တို့အိမ်ဝင်၍ တောဝက်သေကြီးနှင့် ပစ္စည်းများချပြီး ဟိုတယ်သို့ ပြန်ခဲ့ကြပါသည်။ ရည်ရွယ်ရင်းအလုပ်တာ အောင်မြင်စွာ ပြီးချော့ပြီ။ အဘ ဆေးရုံကဆင်းသည်နှင့် ရန်ကုန်ပြန်ရုံသာ ရှိပါတော့သည်။ ထိုနေ့က ဟိုတယ်တွင်ရေမိုးချိုးပြီး ကျွန်တော်တို့ နားကြပါသည်။

အမဲလိုက်ခဲ့ရ၍ ပင်ပန်းသောကြောင့် ထိုနေ့က နေ့လယ်ခင်းဖြစ်သော်လည်း အလွန်အိပ်ပျော်ပါသည်။ ပုလဲကျွန်းရွာက တရုတ်ကြီးကျွေးမွေးလိုက်သော အစားအသောက်ကောင်းများကြောင့်လည်း ဖြစ်ပါလိမ့်မည်။ တရုတ်ကြီးမှာ အသက်အရွယ်ကြီးလာသော်လည်း ကျန်းမာရေးကကောင်းဆဲ၊ ဖော်ရွေသော စေတနာက ဖြူစင်ဆဲပါပင်။

ညနေ (၅) နာရီခန့် ဦးလေးနွယ် ကားကလေးဖြင့် ဆေးရုံသွားရန် လာခေါ်သည်။ လေးဆင့်ချိုင့်ကြီးကလည်း ပါလာသဖြင့် သူ့ဇနီးက ကိုင်လာသည်။

“မောင်ဘိုနီရေ ... အဘအတွက် ဝက်ဦးနှောက်ကြော်၊ အသည်းကြော်နဲ့ ဝက်ခေါင်းသုပ်၊ ဝက်ခြေထောက်စွပ်ပြုတ် အကုန်ယူ

www.burmeseclassic.com



[illegible] အများကြီးယူလာလို့ လူနာစောင့်ဆရာမလေးလည်း စားရ[illegible] နောက်ပြီး ဦးတို့ကိုယ်တိုင် ပစ်လာတာဖြစ်ကြောင်း ကြွားချင်[illegible]

ဦးလေးနွယ်အား သူ့ဇနီးက မျက်စောင်းထိုးသည်။

“ဒီကတော့ စိတ်ပူလိုက်ရတာ။ သူကတော့ ပျော်လို့”

ဆေးရုံခန်းအတွင်းရောက်တော့ အဘက ဦးလေးနွယ် ဝယ်[illegible]သော ချိုင်းထောက်နှင့် စမ်းလျှောက်နေသည်။ ဆရာမကလေး[illegible] တွဲကူညီသည်။

ဦးစောလေးက ...

“ဆရာမ ... ကလေးကို လမ်းလျှောက်သင်နေတာလား။ ဟဲ [illegible] ...”

အဘက ...

“အေး ... ဟုတ်တယ်ဟေ့။ ဒီနေ့ အခြေအနေ အတော်ကောင်းတယ်။ ဒဏ်ရာကလည်း မနာတော့ဘူး။ ဗိုက်လည်းဆာနေတယ်ဟေ့ ... ဘာဟင်းတွေ ပါသလဲ။ မင်းတို့ရော အဆင်ပြေကြရဲ့လား”

ဦးစောကပင် ...

“ပြေပါ့ ... အဘရယ်၊ ပြေလွန်းလို့ တောဝက်နှစ်ကောင်နဲ့ သစ်ဆင်ကြီးတစ်ကောင်ပါရခဲ့လို့ ရောင်းစားခဲ့တာ။ တစ်သိန်းခွဲတောင် ရခဲ့တယ်”

“ဟ ... ငါကတော့ ဝက်သားစားချင်တာ”

ဦးလေးနွယ်က ...

“ပါပါတယ် ... ဦးလေးရယ်၊ ဒီမှာ တောဝက်မြီသား ဦးနှောက်ကြော်၊ အသည်းကြော်နဲ့ ခေါင်းသုပ်၊ ဝက်ခြေထောက်စွပ်ပြုတ်”



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒါဆို ပြင်ကွာ၊ စားမယ်"

ထိုစဉ် ဆရာမကလေးက ...

"အဘ ... ခဏနေဦးနော်။ ကျွန်မ တည့်၊ မတည့် ဆရာဝန်ကြီးကို သွားမေးလိုက်ဦးမယ်"

"နေကောင်းနေပြီပဲ။ အဖျားလည်း မရှိဘူး။ တည့်တည့်၊ မတည့်တည့် စားမှာပဲဟေ့"

"အဘကတော့ ဖွတ်ချည်းပဲ"

ဆရာမလေးက ပြောပြောဆိုဆို ဆရာဝန်ခန်းသွားမေးပြီး ပြန်လာသည်။

"တည့်ပါတယ်တဲ့ ... အဘ၊ စားလို့ရပါပြီ"

"အေး ... အဲလိုပဲဖြစ်ရမှာပေါ့"

ထိုနေ့က အဘ အတော်စားနိုင်သဖြင့် ကျွန်တော်တို့ ဝမ်းသာရပါသည်။

"ငါတိုက်ကြီးမြို့မှာနေတုန်းကပဲ တောဝက်သားစားဖူးတာကွ။ အခု နှစ်ပေါင်းမနည်းတော့ဘူး။ မစားရတာကြာပြီ။ အိမ်ဝက်နဲ့တော့ တခြားစီပဲဟေ့။ အဆီကလေးကပါတယ်ဆိုရုံကလေး။အရသာ အလွန်ကောင်းတာပဲ"

"အချက်အပြုတ်လည်း တော်လို့ပါအဘရယ်"

"ဘယ်သူချက်တာလဲ"

"ကျွန်တော့်မိန်းမနဲ့သမီး ချက်တာပါ"

ဦးလေးနွယ်က နောက်ပြောင်ပြောတော့ ဦးလေးနွယ်ဇနီးက မျက်စောင်းထိုးပြန်သည်။ ကျွန်တော့်အမြင် ဤတစ်ခါမျက်စောင်းကတော့ ဝမ်းသာကြည်နူးအလိုကျသော မျက်စောင်းမျိုး။



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ပြီးတော့ အဘက ...

"ငါတို့ ဘယ်တော့လောက် ပြန်ကြရမှာလဲ။ ဘာနဲ့ ပြန်ကြမှာလဲ"

ဦးလေးနွယ်က ...

"အဘရေ ... ပစ္စည်းတွေပါတော့ လေယာဉ်နဲ့က အစစ်အဆေးများတယ်။ ကျွန်တော်နဲ့ ကိုစောလေး တိုင်ပင်ထားတာကတော့ မောင်ဘိုနီနဲ့ ကိုစောလေးတို့က သင်္ဘောကြီးနဲ့ ပြန်ကြမယ်။ အဘက အထ်ရာပျောက်ခါစဆိုတော့ သင်္ဘောကြီးက တစ်ညအိပ်ခရီး အဆင်မပြေနိုင်ဘူး။

ဒါကြောင့် ကျွန်တော်တို့မိသားစုလည်း ရန်ကုန်အလှူလိုက်မှာဆိုတော့ အဘနဲ့အတူ ဂျက်လေယာဉ်နဲ့ ပြန်ကြတာပေါ့။ မနက်ဖြန်သန်ဘက် ကိုစောလေးတို့ ကြိုပြန်ကြမယ်။ နောက် (၃) ရက်လောက်အကြာ ကျွန်တော်တို့သွားကြတော့ သူတို့ အသင့်လာကြိုနိုင်တာပေါ့။ အဲဒီအစီအစဉ် မကောင်းဘူးလား"

BURMESE CLASSIC

"အေး ... အဲဒါ ကောင်းတယ်။ စောလေးတို့ ကြိုပြန်တော့ အလှူအတွက်လည်း ကြိုလုပ်ထားနိုင်တာပေါ့။ ငါကတော့ မချက်နိုင်၊ မပြုတ်နိုင်တော့ဘူး ထင်ပါရဲ့"

"အဘရယ် ... အဘက ထိုင်ပြီး စီစဉ်ညွှန်ကြားပေးရင် ပြီးတာပဲ။ ကိုယ်တိုင် ဝင်ချက်ပြုတ်စရာမလိုပါဘူး။ ဟိုမှာ ချက်ပြုတ်လုပ်ကိုင်မဲ့သူတွေ အများကြီးပါ"

"အေးကွာ ... စိတ်လျှော့ရတော့မှာပေါ့။ ငါကတော့ မြေးအလှူမှာ ကိုယ်တိုင်ဝင်နွှဲချင်တာ"

---



www.burmeseclassic.com

www.burmeseclassic.com



အဘ မျက်ရည်ဝဲနေသည်။ ကျွန်တော်တို့လည်း စိတ်မကောင်း ဖြစ်ကြရသည်။

ထိုညက ကျွန်တော်တို့ အဘအား ကျွေးမွေးနှုတ်ဆက်ပြီး ဦးလေးနွယ်တို့အိမ်သို့လိုက်ပြီး ညစာစားရာ ဟင်းကောင်းသော်လည်း စိတ်မကောင်းကြ၍ ထင်သလောက် စားမဝင်ပါ။

ပစ္စည်းများခွဲသည်၊ အစီအစဉ်ခွဲသည်။ မနက်ဖြန် နေ့လယ်တွင် ကော့သောင်းမှ ပြန်လာမည့် ခရီးစဉ်အတွက် သင်္ဘောလက်မှတ်များကို ဦးလေးနွယ်က နယ်ခံဖြစ်၍ ဝယ်ပေးပြီး အိပ်ခန်းပါရအောင် စီစဉ်ပေးမည်ဖြစ်သည်။ ကျွန်တော်တို့က အဝတ်အစားများနှင့် ရွှေတုံးများကို အဝတ်အစားအိတ်များအတွင်း၌ ခွဲ၍ သယ်ကြရမည်ဖြစ်သည်။

အဘ၏ (ဝဝ)ပိဿာခန့်လေးသော ရွှေတုံးကြီးကတော့ အတော်လုံခြုံအောင် သယ်ဆောင်ရပေလိမ့်မည်။ ခရီးဆောင်လက်ဆွဲအိတ်ထဲ ထည့်သယ်ရမည်ဖြစ်သဖြင့် ပြဿနာတော့ သိပ်မရှိပါ။ ဦးစောလေးက တာဝန်ယူပါသည်။ ကျွန်တော်တို့တွင် မှောင်ခိုပစ္စည်းသယ်ဆောင်ရန် အပိုအိတ်လည်း မပါပါ။ လူတစ်ယောက်တစ်အိတ်စီသာဖြစ်သည်။

နောက်တစ်နေ့မနက်တွင် ဦးလေးနွယ်လာခေါ်သည်နှင့် ကျွန်တော်တို့အဘအား နှုတ်ဆက်ကန်တော့ပြီး ရွှေအိုးကြီးဆိုင်တွင် မနက်စာစားကြသည်။ နေ့လယ် (၁ဝ) နာရီခန့်တွင် ဟိုတယ်အခန်းအား ပြန်အပ်၊ ကျသင့်ငွေချေပြီး ဦးလေးနွယ်တို့အိမ်တွင် နေ့လယ်စာစား၍ သင်္ဘောဆိပ် ဆင်းကြသည်။ ဦးလေးနွယ်အပြင် ဒေါ်စုသဇင်နှင့် သမီးဖြစ်သူ အေလီယာတို့လည်း လိုက်ပို့ကြသည်။

အချိန်စောသေး၍ ကမ်းနားလက်ဖက်ရည်ဆိုင်တွင် ထိုင်ကာ သင်္ဘောစောင့်ကြရသည်။ 'မြစ်ကြီးနား'ဟူသော 'ကမ်းရိုးတန်းသွား



www.burmeseclassic.com

www.burmeseclassic.com



သဘော်ကြီးမှာ ယနေ့ နောက်ကျသဖြင့် မွန်းလွဲ (၁) နာရီခန့်မှ ဝင်လာသည်။ ဦးလေးနွယ် Booking လုပ်ထားသဖြင့် အခန်းရသော်လည်း နှစ်ယောက်ခန်း တစ်ခန်းတည်း၌ (၃)ယောက် နေရပေလိမ့်မည်။ အောက်ထပ်တွင် သဘော်ခရီးသည်က အတော်များသည်။ မှောင်ခိုပစ္စည်းများ ကလည်း အပြည့်။

သဘော်ကြီးက တစ်ညနေလုံး တစ်ညလုံး ခုတ်မောင်းသည်။ ကျွန်တော်တို့ အခန်းတံခါးပိတ်၍ ပွဲပိုင်းစင်ပေါ်တွင်ထိုင်၍ ညနေဆည်းဆာ ပင်လယ်ပြင်နေဝင်ချိန် (Sun Set) ကိုစောင့်ကြည့်ပြီး အပန်းဖြေကြသည်။ ပင်လယ်ပြင်မှာ နေဝင်ခါနီးဖြစ်၍ ရွှေဝါရောင်တောက်ပြောင်ပြီး လွန်စွာလှပနေပါသည်။ လေကလေးက အေးအေး၊ လှိုင်းကြက်ခွပ်ကလေးများနှင့် လွန်စွာသာယာသော ရွှေအိုရောင် ညနေခင်းဖြစ်သည်။

ကျွန်တော်၏ ဘဝသည်လည်း ဤကဲ့သို့ ရွှေရည်သမ်းသော သာယာလှပသော ရွှေအိုရောင် ညနေခင်းဖြစ်လိမ့်မည်ဟု မျှော်လင့်မိပါတော့သတည်း။

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com